# ရာဇကုမာရ

## ချစ်ဦးညို

ရတနာပုံစာအုပ် – ၂၈
[၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ]

စာမူခွင့်ပြုချက်အမှတ် - ၄၃၄/၂၀၀၂ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၂၇/၂၀၀၂ (၈)

| | | |
|---|---|---|
| စီစဉ်သူ | ■ | ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း |
| ပုံနှိပ်မှတ်တမ်း | ■ | (ဒုတိယအကြိမ်) |
| | | အုပ်ရေ–၁၀၀၀ |
| | | ၂၀၀၂ ခု၊ စက်တင်ဘာလ |
| ထုတ်ဝေသူ | ■ | ဦးသန်းဆွေ |
| | | (စစ်သည်တော်စာပေ) |
| | | ၁၁၃၁/က၊ |
| | | ဥယျာဉ်လမ်း၊ ဒဂုံတောင် |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်) |
| | | ၁၉၉၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင် |
| အတွင်းဖလင် | ■ | Quality |
| မျက်နှာဖုံးပုံနှိပ် | ■ | ကိုဆန်း |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၈၅၀ ကျပ် |

# ရတနာပုံစာအုပ်တိုက်မှထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့်
ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစုပြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေတစေ့တစောင်း
၆။ ဟိန်းလတ်၏ တဂိုးအတွေးတဂိုးအရေး
၇။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ အရဏ်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ
၁၀။ မင်းဆွေ၏ ဓါး
၁၁။ ချစ်ဦးညို၏ ဝိဇိတာဇီ
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏ တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရှုမငြီး
၁၈။ မောင်ခိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့မျိုးဆက်သစ်
၂၀။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ
၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ချစ်ဦးညို၏ ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ
၂၅။ နတ်နွယ်၏ ဒက်ဇယ်လာ

၂၆။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ ဆေးလိပ်နှင့်လူသား
၂၇။ လူထုစိန်ဝင်း၏ အတွေးအမြင်ဆောင်းပါးများ
* ချစ်ဦးညို၏ ရာဇကုမာရ

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၂၈။ တင့်ဆန်း၏ ငမိုးရိပ်မှ ငမိုးရိပ်သို့
၂၉။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အခုရေစက်နှင့် အခြားဝတ္ထုတိုများ
၃၀။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ အညိုတို့ ပတ္တမြားမြေ(အတွဲ-၁)
၃၁။ တက်တိုး၏ အညတရရှုခင်း
၃၂။ အထောက်တော်လှအောင်၏ မဟာဘီလူး
၃၃။ ဆူးငှက်၏ ၄၅ တာ၊ ၁၄ ခန်းဇရပ် နှင့် ၇ သံချိုညချမ်း
၃၄။ နတ်နွယ်၏ ဘဝဟူသည်
၃၅။ ဆူးငှက်၏ ခရမ်းရင့်ဆင်ဖိုနီ

# လေးစားအပ်သော စာဖတ်သူသို့ စာရေးသူမှ

## ( ၁ )

ရာဇဝင်၊ သမိုင်းဘာသာရပ်နှင့် စတင်ရင်းနှီးခွင့်ရခဲ့သည့် ကာလကတည်းပင် "မြစေတီကျောက်စာ" ဟူသော အမည်သည် အမှတ်ထင်ထင် ဖြစ်လာခဲ့ပေသည်။ "ရာဇကုမာရ" အမည်ရှိ ပုဂံခေတ်က မင်းသားတစ်ဦးကိုလည်း သမိုင်းစာမျက်နှာပေါ်၌ ဖျတ်ခနဲ တွေ့ရှိလိုက်ရသည်။ သို့သော် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ညောင်ဦးဖီး၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ငရမန်ကန်း၊ ကျွမ်းစစ်သည်၊ သမထီး၊ အရည်းကြီးများ စသော ရုပ်ပုံလွှာများနှင့် လှုပ်ရှားရှင်သန်နေကြသော ပုဂံခေတ် နိုင်ငံရေး၊ စစ်ရေးများ အကြားဝယ် ကုဇကုမာရနှင့် မြစေတီကျောက်စာတို့သည် ငြိမ်သက်နေခဲ့ကြသည်။ ထိုငြိမ်သက်မှု၊ ဣန္ဒြေကြီးရင့်မှုသည် အခြား အခြားသော လှုပ်ခတ်ရှန်းကြွနေသည့် ဖြစ်ရပ်များ ပုဂ္ဂိုလ်များလောက် အာရုံကို ဆွဲငင်နိုင်စွမ်း မရှိခဲ့ချေ။

**ရတနာပုံစာအုပ်တိုက်**

## (၂)

တစ်စတစ်စနှင့် မြစေတီကျောက်စာ၏ သမိုင်းတန်ဖိုး၊ စာပေတန်ဖိုးကို သုတေသီ ပညာရှင်များ၏ ကျေးဇူးကြောင့် ရိပ်စားနားလည်ခွင့်ရလာခဲ့လေသည်။ ဖခင်အပေါ်ကြီးစွာသော ပူဇော်မှုဖြင့် ကျေးဇူးဆပ်ခဲ့သည့် ရာဇကုမာရ၏ ကံသုံးပါးအမှုကို တစေ့တစောင်း တွေ့မြင်လာခဲ့သည်။ သို့သော် မိမိကိုယ်တိုင်က သမိုင်းပညာရှင် သုတေသီမဟုတ်သည်က တစ်ကြောင်း၊ ရာဇကုမာရ ဟူသော အမည်နှင့် အခန်းကဏ္ဍလည်း ပုဂံရာဇဝင်တွင် နည်းပါးလှစွာ ပါဝင်ခဲ့သည်က တစ်ကြောင်းတို့ကြောင့် ပြောပလောက်အောင် ရင်သို့ ထိခတ်စွဲဝင်ခြင်း မရှိခဲ့ပြန်ပါချေ။

## (၃)

၁၉၉၁ ခုနှစ် မိုးရာသီ ကာလဝယ် ကျွန်တော် မမျှော်လင့်ပါပဲ ပုဂံမြို့၊ မြင်းကပါရွာ၊ မြစေတီဘုရားထီးတော်၊ စိန်ဖူးတော် တင်လှူပွဲ၌ အတွင်းကျကျ ပါဝင်ပတ်သတ်ခဲ့ရလေသည်။ မန္တလေးမြို့မှ သာသနာ့ဒါယကာမိတ်ဆွေတစ်ဦး၏ ကြီးကျယ်လှစွာသော ထိုကောင်းမှု ကုသိုလ်ပွဲ၊ သာသနာပြုပွဲကြီး၌ ကျွန်တော်သည် မြစေတီ ဘုရားစိန်ဖူးတော်သစ်မှ အရံစိန်ဖူးတော် ဒါယကာအဖြစ် ခံယူခွင့် ရခဲ့ရုံသာမက...

"ပုဂံသာသနာ့အာဇာနည်မင်းများ၏ သာသနာ့အမွေ ဆက်ခံပွဲ"အမည်ရှိ နောက်ပိုင်း ဇာတ်ထုပ်ကြီး တစ်ထုပ်ကို စင်တင်ကပြဖြစ်ခဲ့ကြသည်။ ကျွမ်းကျင်လိမ္မာသော စာပေပညာရှင်များ၊ သဘင်အနုပညာရှင်များ၏ အထောက်အကူခံယူကာ ကျွန်တော်သည် လေးနာရီနီးပါး ပြရသော ထိုပုဂံဇာတ်လမ်း ဇာတ်ထုပ်ကြီး၏ ဇာတ်ညွှန်းဆရာ၊ဒါရိုက်တာ ဖြစ်ခဲ့ရလေသည်။

ထိုဇာတ်ထုပ်ကြီးမှာ အနော်ရထာ၊ ကျန်စစ်သား၊ ရာဇကုမာရ တို့၏ သာသနာရေးဆိုင်ရာ အဆင့်ဆင့် အမွေဆက်ခံ ကောင်းမှု ကုသိုလ်ပြုခြင်းကို အဓိကဖော်ကျူးသော ဘာသာရေးအခြေခံ ဇာတ်ကြီး ဖြစ်ပေသည်။ ဤဇာတ်ကြီးတွင် ကုဇကုမာရသည် ဇာတ်၏ အထွတ်အထိပ်၊ အမြင့်ဆုံး၊ ဇာတ်သိမ်းပိုင်း၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်

လှူပ်ရှားသွားခဲ့လေသည်။

ပုဂံမြေပေါ် ပုဂံဘုရားစေတီတို့၏ ခြေရင်း၏ ပုဂံဝတ်စားဆင်ယင်မှု၊ ပုဂံတီးလုံး၊ ပုဂံအကများဖြင့် ဖွဲ့စည်းခင်းကျင်းကပြအပ်သော ပုဂံဇာတ်ထုပ်ကြီးကို ပုဂံသူ၊ ပုဂံသား ပွဲကြည့်ပရိသတ်များသည် နှစ်ညတိုင်တိုင် ညွတ်နူးစူးစိုက်စွာ ကြည့်ရှုခဲ့ကြလေသည်။ ပုဂံအငွေ့များဖြင့် ထုံမွှမ်းရစ်ပတ်နေသော ထိုဇာတ်ကြီးကို ကပြခဲ့သည့် နှစ်ညလုံးလုံး ဇာတ်ဆရာ ကျွန်တော်သည် ရာဇကုမာရက ရေစက်ချ အမျှအတန်း ပေးဝေနေသော နောက်ဆုံး ဇာတ်သိမ်းခန်းကိုတိုင်ဖုံး ကားလိပ်ကြားထဲမှ ညွှန်ကြားပြသရင်း ကိုယ့်ဇာတ်လမ်း ကိုယ်ကြည့်ကာ ပီတိမျက်ရည်ဝေခဲ့ဖူးလေသည်။

ကျွန်တော်ကိုယ်တိုင်က သတိမထားမိလိုက်ဘဲ အားထုတ်ခြင်း မပြုလိုက်ရဘဲ ရာဇကုမာရသည် ကျွန်တော့်ရင်ထဲသို့ နက်ရှိုင်းစွာ စတင်ဝင်ရောက် တွယ်ငြိခဲ့ပြီဟု ဆိုရပါမည်။

**( ၄ )**

စင်စစ်မူ သမိုင်းစာမျက်နှာများပေါ်၌ ရာဇကုမာရ၏ အခန်းကဏ္ဍသည် ဖြစ်စဉ်ဖြစ်ရပ် မှတ်တမ်းအရ အလွန်နည်းပါးစွာသာ ပါဝင်ခဲ့ပေသည်။ သမိုင်းသုတေသီ ပညာရှင်တို့၏ ဖွင့်ဆိုမှုများကြောင့် မြစေတီကျောက်စာသည် သမိုင်းတန်ဖိုး၊ စာတန်ဖိုးအရ "လင်းကွက်အဝန်း" တစ်နေရာကိုရရှိခဲ့သော်လည်း တွဲစပ်နေသည့် ရာဇကုမာရ အကြောင်းမှာကား မှိန်တစ်မှိန်အမှောင်ဝန်း အနားသပ်တစ်ဝိုက်မှာ ရပ်တည် ကျက်စားခွင့် ရခဲ့လေသည်။

ပုဂံရာဇဝင်မှာလည်း ရာဇဝံသအရ အနော်ရထာမှသည် စောလူး၊ စောလူးမှသည် ကျန်စစ်သား၊ ကျန်စစ်သားမှသည် အလောင်းစည်သူသို့သာ ကူးပြောင်းခဲ့သည်။ ရာဇကုမာရသည် မင်းဆက်တို့ အကြား တံတားတစ်စင်း သဖွယ်မျှပင် မရှိခဲ့။ ဓညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင် စားရခဲ့သော်လည်း ရာဇကုမာရ အကြောင်းကို ဓညဝတီ ရာဇဝင်၊ ရခိုင်ရာဇဝင်တို့တွင် မတွေ့ရပြန်။ မြစေတီကျောက်စာ (ဂူပြောက်ကြီးကျောက်စာ)ကိုသာ မတွေ့ရှိခဲ့လျှင် ရာဇကုမာရ ဟူသော

အမည်သည် (သမ္ဘူလက ခုနစ်နှစ်သားအရွယ် သားကိုခေါ်ကာ ပုဂံသို့ လိုက်ခဲ့၊ ကျန်စစ်မင်းကြီး ဗိုလ်ရှုသဘင်သို့ရောက်ရှိ၊ သားကိုရင်ခွင်ထား၍ သားကား အဖျား၊ မြေးကား အရင်း ဖြစ်ချေပြီဟု မင်းကြီးဆိုမြည်၊ ဇေယျခေတ္တရာ ဘွဲ့မည်နှင့် (ဩဝတီ တောင်စဉ်ခုနစ်ခရိုင်ကို စားစေ) ဟူသော အခန်းများတွင်သာ ပါဝင်ခဲ့ပြီး စုပ်စမြုပ်စ ပျောက်သွားခဲ့လေသည်။

## ( ၅ )

ဝတ္ထုရေးဆရာတို့တွင် ပူးကပ်ဝင်စားမှု၊ ပါဝင်ခံစားမှု ရှိကြသည်ဟု ဆိုကြပါသည်။ သို့ဆိုလျှင် ဤဝတ္ထု၌ ကျွန်တော်သည် သမိုင်းခေတ်များ ခုနစ်သက္ကရာဇ်များကို ဖြတ်ကျော်ပျံသန်းကာ လွန်ခဲ့သော နှစ်တစ်ထောင်ခန့် ပုဂ္ဂိုလ်တစ်ယောက်ထံသို့ ပူးကပ်ဝင်စား၊ ပါဝင်ခံစားခဲ့ပြီဟု ဆိုရပါတော့မည်။

ဤနေရာတွင် ကျွန်တော်သည် အနုပညာဖန်တီးသူတို့၏ လွတ်လပ်ခွင့်ဟူသော အရာကို ရယူသုံးစွဲထားသလို တစ်ချိန်တည်းမှာပင် သမိုင်းနောက်ခံ ဝတ္ထုရေးသူတို့၏ စောင့်ထိန်းအပ်သော ကျင့်ဝတ်မှ မသွေဖည်ရအောင်လည်း အားထုတ်ရလေသည်။ တစ်နည်းဆိုရလျှင် သမိုင်းအကန့်အသတ်တည်းဟူသော နယ်နမိတ် ဧရိယာဝန်းအပေါ်၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟတည်း ဟူသော လူ့သဘာဝစရိုက် ခြယ်မှုန်းဖွဲ့ဆိုမှု တံခွန်ကို မြင့်နိုင်သမျှ မြင့်အောင် လွှင့်ထူချိတ်ဆွဲပြရန် အားထုတ်ပါသည်။

## ( ၆ )

ဤဝတ္ထုကို ရေးရာ၌ ပူဇော်သိမှတ်အပ်သော ကျေးဇူးတရားတို့သည်ကား အနန္တပင် ဖြစ်ပါတော့သည်။ ရတနာသုံးပါး အနန္တငါးပါး ကို ဦးထိပ်ရွက်လျက် ကြား၊ မြင်၊ သင်ဆရာတို့သည် လည်းကောင်း၊ ဤဝတ္ထုရေးဖြစ်စေရန် တိုက်ရိုက်၊ သွယ်ဝိုက် အနီးအဝေး လှူ့ဆော်ပေးရာ ရောက်ခဲ့သည့် မိတ်ဆွေ အပေါင်းအသင်းတို့သည် လည်းကောင်း ဝိသေသအားဖြင့် ဆင်ခြင်သုံးသပ်ဖွယ် စာများကို ရေးသားခဲ့ကြသည့် စာပေပညာရှင်များသည်လည်းကောင်း ကျွန်တော်၏ ကျေးဇူးရှင်များ

ဖြစ်ကြပေသည်။ ပြောကြစတမ်းဆိုလျှင် ဤဝတ္ထုထဲ၌ သုံးပါးသော ကံ အမှုတို့ဖြင့် ပါဝင်လှုပ်ရှားကြသည့် ဇာတ်ဆောင်များသည်ပင် ကျွန်တော်၏ ကျေးဇူးရှင်များ ဖြစ်ကြပါသည်။

## (၇)

ဤဝတ္ထုကိုရေးရာ၌ အောက်ပါတို့ကို ဖတ်ရှုကိုးကားလျက် အသိပညာနှင့် စေတနာတို့ကို ဆင့်ပွားကူးညှိပါကြောင်း ဖော်ပြအပ်ပါသည်။

- ခုဒ္ဒကနိကာယ်ဝင်၊ အဘိဓမ္မ ပိဋက ဓမ္မသင်္ဂဏီ ပါဠိတော်မြန်မာပြန်။
- မဟာဗုဒ္ဓဝင် (တတိယတွဲ) (စတုတ္ထတွဲ)
- ပါဠိသက် ဝေါဟာရ အဘိဓာန်
- သုခမှတ်စု
- မှန်နန်းရာဇဝင်တော်ကြီး (စတုတ္ထတွဲ)
- ကျောင်းသုံးမြန်မာရာဇဝင် (ဦးဘသန်း)
  မြန်မာရာဇဝင်မှတ်တမ်း (ဟံသာဝတီ–ဦးဘရင်)
- ပုဂံခေတ် ယဉ်ကျေးမှု ပုဂံခေတ် ပိသုကာလက်ရာများ (မင်းဘူးအောင်ကြိုင်)
- သမိုင်းဝင် ပုဂံစေတီပုထိုးများ (ဦးသန်းဆွေ)
- ရှေးခေတ် မြန်မာအဝတ်အထည်များ (မောင်ပုဆိုးကြမ်း)
- မြစေတီကျောက်စာ (ပါမောက္ခ ဦးဖေမောင်တင်)
- ကြည်ညိုဦးခိုက် ပူဇော်ထိုက်သူများ (ဆောင်းပါး၊ ဒေါက်တာ မတင်ဝင်း၊ သစ္စာ ဘာသာယဉ်ကျေးမှု မဂ္ဂဇင်း၊ ၁၉၉၃၊ ဧပြီ)

**လေးစားသော**

**ချစ်ဦးညို**

**၅၄၊ ပထမထပ်(ယာ)၊ ၄၄ လမ်း၊ ရန်ကုန်မြို့။**

## ( ၁ )

လျှို၏ တစ်ဘက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ မြင်းသည် ခြေလှမ်းများတုန့်ရပ်သွားသည်။ ဇက်ကိုပုံ၍ လွှတ်ပေးထားရင်းမှ သူ့အလိုအလျောက် တောင့်တင်းစွာရပ်သွားသည်မှာ ဇက်ချုပ်လိုက်သည့်နှယ်ပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မြင်းကြီး၏ နှာမှုတ်သံ တစ်ချက် ပေါ်လာသည်။ နားရွက်များမှာ စွင့်မတ်လျက်။ ဦးခေါင်းလည်း မော့လာသည်။

အန္တရာယ်၏ အငွေ့အသက်။

သက်စွန့်သည်းထိတ် စွန့်စားရခြင်း၏ အရသာသည် ကျွန်ုပ်ရင်တွင်း၌ တလှပ်လှပ်ဖြစ်တည်လာသည်။ အလိုလိုပင် သွေးလည်ပတ်မှုတို့မြန်လာကာ အာရုံများလည်း နိုးကြားစူးရှလာသည်။

သားကောင်သည် ဤအနီးတစ်ဝိုက်၌ အသေအချာ ရှိနေပြီ။

တောခြောက်အဖွဲ့၏ ဟေးဟားညာသံများကို သဲ့သဲ့မျှသာကြားရတော့သည်။ သူတို့အားလုံး ရေတံခွန်စခန်းနောက်ဘက်ရှိ တောအုပ်ထဲတွင် ကျန်ရစ်ခဲ့ကြလေပြီ။

လှံလျင်ကို ခပ်ဖွဖွဆုပ်ကိုင်ရင်း မြင်းဇက်ကို အသာတို့ပေးလိုက်သည်။ မည်သို့သော သားကောင်ပေနည်း။ ကျွန်ုပ်၏ မြင်းကြီးသည် အမဲလိုက်ခြင်း၏ အလေ့ကျွမ်းပြီးသား ဖြစ်သည်။ သူ၏ တုံ့ပြန်မှုကို အကဲခတ်ရဦးမည်။ သူတုန်လှုပ်နေသလား။ သတိကြီးစွာဖြင့် ဝန်းကျင်လေထဲမှ အနံ့အသက်များကို အကဲခတ်နေသလား။

တစ်ချက်နှစ်ချက် ခွာရှုပ်လိုက်ပြီး မြင်းကြီးသည် သူ့ခြေအစုံကို ရှေ့၌တွန်းကန်လျက် နောက်ခြေအစုံကို နောက်၌ ဖိနင်းလျက်နေရာမှ မရွေ့စတမ်း အစွဲအမြဲတည်တော့သည်။ လည်ဆံမွေးများ ပွယောင်းလာကာ မျက်လုံးအိမ်ကြီးများလည်း ပြူးကျယ်လာသည်။

သားကောင်သည် အန္တရာယ်ကြီးသည့်တောရဲတိရစ္ဆာန်တစ်ကောင်ပင် ဖြစ်လေမည်။ ပခုံးစလွယ်သိုင်းထားသော မြားကျည်တောက်ကို အသာအယာထိန်းရင်း မြင်းပေါ်မှ ကျွန်ုပ် ဆင်းလိုက်ရသည်။ သို့မဟုတ်လျှင် မြင်းကြီးအကြောက်လွန်ကာ ရုန်းကန် ခုန်ပေါက်လိုက်လျှင် တစ်ဘက်ချောင်းထဲသို့ ကျွန်ုပ် အချိန်မရွေး လွင့်စင် ကျသွားနိုင်သည်။

မြေပြင်ပေါ်သို့ ကျွန်ုပ် ခြေချမိချိန်မှာပင် လေပြင်းတစ်ချက် သုတ်သည်။ ဝါးရုံတောဆီမှ တရှဲရှဲမြည်သံများက တော၏ စိန်ခေါ်သံပင် ဖြစ်ပေမည်။ လေက ဤလျှိုတစ်ဝိုက်၌ လှည့်စား တိုက်ခတ်နေသည်။ လေညာလေအောက်ကို ကျွန်ုပ် မှန်းဆ၍မရ။ ကျွန်ုပ် မြင်းကြီး ထိတ်လန့်နေသော အန္တရာယ် သားကောင်သည် လေညာတွင် ရှိသလား၊ လေအောက်တွင် ရှိသလား ကျွန်ုပ် မသိနိုင်တော့။

လျှိုတစ်ဘက်တောင်စောင်းတွင် ဝါးတောများ ရှိသည်။ ဝါးတောဆီမှ ဖြုန်းဖြုန်းဖြင်းဖြင်းအသံများ မကြားရသည့်အတွက် ဆင်ရိုင်းအုပ်မဖြစ်နိုင်ဟု ကျွန်ုပ် မှတ်ချက်ချလိုက်သည်။ သို့မဟုတ်လျှင် ကျားရဲလား။ မဖြစ်နိုင်။ ဤပျက္ခယွေတောင်၏ တောနက်မှာ ကျားမရှိ။

ကျွန်ုပ်၏ မြင်းကြီးကား မျက်လုံးမျက်ဆံများ ပြူးကျယ်ကာ အမူအရာ ပျက်လှပေပြီ။ မည်သို့သော သားကောင်မှန်း မသိနိုင်သည့်အတွက် ကျွန်ုပ် ဒူးလေးကို မကိုင်စွဲသေးဘဲ လှံလျင်ကိုသာ အသင့်ပြင်ထားရသည်။ လိုအပ်လျှင် လွတ်လပ်စွာ လှုပ်ရှားနိုင်ရန် မြားကျည်

တောက်လည်း ရှေ့မှ ကျောက်တုံးပေါ် တင်ထားလိုက်သည်။

ဝဲယာရှေ့နောက် မြွေနောက် ဖော့ရမ်းနေသော လေရှူးတွင် မည်သည့် သားကောင်အနံ့ကိုမှ ကျွန်ုပ် မရနိုင်ဘဲ ရှိနေသည်။ မုဆိုးစေဥ္စသာပါလာလျှင် ယခုလောက်ဆိုအသင့်ဖြစ်လေပြီ တော၏သဘာဝခြင်းရာနှင့် ဆက်စပ်လျက် မည်သည့် သားကောင်မျိုးဖြစ်မည်ဟုလည်း မှန်းဆနိုင်လောက်ပြီ။

အတွေးများကို စုစည်းလျက် အာရုံကို အနိုးကြား အစူးရှဆုံး ဖြစ်အောင် နှိုးဆော်ထားလိုက်သည်။ ကညင်ပင်ကြီးတစ်ပင်ကို ကျောပေးဖိကပ်လိုက်ခြင်းဖြင့် နောက်ဘက်မှ အန္တရာယ်ကို အကာအကွယ်ယူရသည်။ ရန်မူလာနိုင်စရာ မျက်နှာသုံးဘက်သာ ရှိတော့သည်။ ရှေ့တည့်တည့် လက်ျာနှင့် လက်ဝဲ။

သစ်ရွက်များ လှုပ်ခတ်ပုံ။ ချုံပုတ်များ လှုပ်ရှားပုံတို့ကို အစွမ်းကုန်သတိထား၍ မျက်တောင်မခတ် စူးစမ်းသည်။ ထူးခြားမှု မတွေ့ရ။ ကောင်းကင်၌လည်း မြင့်မားစွာသောအရပ်၌ လေဟုန်စီးနေသည့် စွန်ရဲများသာ ရှိသည်။ အုပ်စုလိုက် အလန့်တကြား ထပျံသော သို့မဟုတ် တဝေါဝေါပြိုဆင်းသော ငှက်အုပ်တို့ မရှိ။

စောင့်ဆိုင်းရခြင်း၌ သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

လှံလျှင် အရိုးကိုဆုပ်ကိုင်ထားသော လက်ချောင်းများ၌ ချွေးစေးများ ပြန်ချင်လာသည်။

ကျွန်ုပ်၏ မြင်းကြီးကား နားရွက်များ ရှေ့သို့စွင့်နေဆဲ။ လည်ဆံမွေးများ ပွယောင်းရန်းကြွကာ မျက်လုံးမျက်ဆံများ ပြူးကျယ်နေဆဲ။ သူ့ကိုသာ အကဲခတ်၍ ရန်သူသားကောင်ကို ခန့်မှန်းရတော့မည်။

လေပြင်းတစ်ချက် တိုးဆောင့်ပြန်သည်။မြင်းကြီး ဆတ်ခနဲ လှုပ်သွားသည်။ လျှိုတစ်ဘက် မြင့်မားသော တောင်စောင်းနေရာဆီမှ အသံများကို သဲ့သဲ့ကြားလိုက်ရသည်။ ဆူးခက်ချုံနွယ်များအတွင်းသို့ ဝင်ရောက်တိုးဖော့သံမျိုး ဖြစ်သည်။ သားကောင်သည် လက်ဝဲဘက်ရှိ တောင်စောင်းအတိုင်း မုချ ဆင်းလာတော့မည်ဟု ခန့်မှန်းလိုက်သည်။

## ရတနာပုံစာအုပ်တိုက်

ကျွန်ုပ်၏ အတွေးမှန်လေပြီ။ မြင်းကြီးသည် တောင်စောင်းရှိရာသို့ ပြူးကျယ်သော မျက်လုံးကြီးများဖြင့်ကြည့်ရင်း တစ်ချက် ဟီလိုက်သည်။ ထိတ်လန့်တုန်လှုပ်သော ဟီသံဖြစ်သည်။

လုံလျှင်ကို အသင့်ပြင်ထားလိုက်သည်။ ဝါးရုံတောများ ရှုပ်ထွေးလှသည့် ထိုလက်ဝဲတောင်စောင်းအကြောတွင် ဒူးလေးနှင့် မြားတံသည် အချည်းနှီးသာ ဖြစ်ပေမည်။

ထိုအခိုက်မှာပင် ဝါးရုံတောဆီမှ တဝုန်းဝုန်းအသံများ အဆက်မပြတ်ပေါ်လာသည်။ တဖြောင်းဖြောင်း ကျိုးပဲ့သံများနှင့်အတူ ထူးခြားသော အော်မြည်သံက တောင်ကြောအတိုင်း နီးကပ်လာသည်။ ဘယ်လိုသားကောင်မျိုးလဲ။ ဆင်းရိုင်းအုပ် မဟုတ်။ ကျားမဟုတ်။ ဝံလည်းမဖြစ်နိုင်။ ဝံဆိုလျှင် အစဉ်တစိုက်နီးလာသော အရှိန်သည် ဤမျှမမြန်ဆန်ရာ။ ယခုကား တောင်ထိပ်ဆီမှသည် ကြီးစွာသော ကျောက်တုံးကြီးကို လိမ့်ချလိုက်သလို တဝေါဝေါ တဖြောင်းဖြောင်းနီးကပ် ဆူညံလာသောအသံ။

ထိပ်ဖျားများ လှုပ်ရှားလာနေသော ဝါးပင်များကို ကြည့်ရင်း သားကောင်သည် ကျွန်ုပ်ရှိရာသို့ တည့်တည့်ကြီး ထိုးဆင်းလာကြောင်း တွေ့လိုက်ရတော့သည်။ သွေးကြောများ တဖြန်းဖြန်း ဖြစ်လာကာ ကြောက်လန့်ခြင်းနှင့်အတူ အန္တရာယ်ကို ရင်ဆိုင်ရတော့မည်ဟူသော အသိဖြင့် တစ်ကိုယ်လုံးဆူပွက်လာသည်။ ကျွန်ုပ် အနှစ်ခြိုက်ဆုံး အရသာ။

ဖြောင်းကနဲ အသံကြီးတစ်သံ ပေါ်လာသည်။ တဝေါဝေါအသံများ ရပ်သွားသည်။ မြင်ကွင်းသည် ကောင်းစွာ ရှင်းလင်း ပြတ်သားလေပြီ။ တောမီးလောင်ထားရာမှ ကြွင်းကျန်နေသော သစ်ငုတ်ကြီးတစ်ခု မြေမှကျွတ်ထွက်သွားသောအသံ ဖြစ်သည်။ ထိုသစ်ငုတ်ကြီး ကျွတ်ထွက်သွားအောင် မိုက်မဲစွာ သို့မဟုတ် ပေါက်ကွဲစွာ ပြုလုပ်သင့် သားကောင်ကား ကြီးမားစွာသော တောဝက်ကြီးတစ်ကောင်ပင်။

မည်းနက်သော အမွေးကြမ်းများ ထိုးထိုးထောင်ထောင် ထနေသည်ကိုပင် အတိုင်းသားမြင်နေရပေပြီ။ ကြီးမားလှသော ဦးခေါင်းကြီး

သည် ကျွန်ုပ်ရှိရာသို့ ဦးတည်လျက် နှုတ်သီးအာခေါင်အတွင်းမှ ထိုးထွက်နေသော ချွန်မြဖြူဖွေးသည့် အစွယ်ကော့ကြီးများသည်လည်း ကျွန်ုပ်ကို ချိန်ရွယ်လျက်သား။

မီးလောင်သစ်ငုတ်သည် တောဝက်ကြီးနှင့် ကျွန်ုပ်အကြားတွင် ရှိနေခဲ့သည်။ ရူးသွပ်ခမန်း ဒေါသပေါက်ကွဲနေသော တောဝက်ကြီးသည် ရှေ့မှောက်ရှိ သစ်ငုတ်ကြီးကို အညှိုးကြီးစွာ ထိုးပက်လိုက်ခြင်း ဖြစ်သည်။ ကြက်သီးမွေးညှင်းများ သီးထလာသည်ကို သိသာစွာ ခံစားလိုက်ရသည်။ တောဝက်ကြီးအဖို့ ယခုအခါ နောက်ထပ်ရန်သူသည် ကျွန်ုပ် ဖြစ်သွားလေပြီ။

တောဝက်တို့၏ရူးသွပ်ပေါက်ကွဲမှုကား ကြောက်စရာ အကောင်းဆုံး အန္တရာယ်ပင် ဖြစ်လေသည်။ ဒဏ်ရာအနာတရကြောင့် သို့တည်းမဟုတ် အစာရှာမွှက်ကြောင့်၊ သို့တည်းမဟုတ် တစ်ခုခုကြောင့် ဒေါသလွင့်စင်လာသော တောဝက်သည် မိမိတရှူးထိုး တဟုန်တည်း ဦးတည်ပြေးရာ လမ်းကြောင်းရှိ မည်သည့်အရာကိုမဆို မရှောင်စတမ်း တိုက်ခိုက်ထိုးပက်တတ်သည်။ သူ့လမ်းကြောင်း၌ရှိသော အရာသည် သစ်ပင်ကြီးတစ်ပင် ဖြစ်ကောင်းဖြစ်မည်၊ သူ့ထက် အဆမတန်ကြီးမားသော အခြားတောဝက် တစ်ကောင် ဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် အခြားသော သားရဲတစ်ကောင် ဖြစ်ချင်ဖြစ်မည်။ မည်သည့်အကောင် ဖြစ်စေ တောဝက်သည် ရန်သူအဖြစ်သတ်မှတ်ကာ တဟုန်ထိုးပြေး ဆောင့်ထိုးပက်လိမ့်မည်သာပင် ဖြစ်သည်။ ထိုအရာကို ပြေးဝင်ထိုးဆောင့်ပြီး သူကိုယ်တိုင်သေကာမှ သေရော့။

ကြောက်စရာအကောင်းဆုံး ရန်သူကို ရင်ဆိုင်နေရပြီ။

တောဝက်ကြီးသည် ဟိုဟိုသည်သည် လှည့်ကြည့်နေရာမှ ကျွန်ုပ်ကို မြင်သွားသည်။ ကျွန်ုပ်၏မြင်းကြီးမှာလည်း အဆက်မပြတ် ဟီရင်းခုန်ပေါက်နေရာမှ သွေးရူးသွေးတန်းဖြင့် လျှိုကြောအတိုင်း ပြေးထွက်သွားသည်။ တောဝက်ကြီးအတွက် ကျွန်ုပ်သည် ဒုတိယ သစ်ငုတ်ဖြစ်သွားခဲ့လေပြီ။

**ရတနာပုံစာအုပ်တိုက်**

ထွက်ပြေးရောင်တိမ်းရန်မှာ လုံးဝမဖြစ်နိုင်သော အရာဖြစ်သည်။

ဒေါသပေါက်ကွဲနေသော တောဝက်တစ်ကောင်၏ ရှေ့မှနေ၍ ဤမျှ ချိုင့်ဝှမ်းလျှိုမြောင် ထူထပ်လှသော တောတောင်ထဲတွင် ကျွန်ုပ် ဘယ်သို့မျှ ပြေး၍ မလွတ်သာ။

ကညင်ပင်ကြီး၏ ပင်စည်တွင် ကျောဖြင့်ဖိကပ်ရင်း တောဝက်ကို မျက်နှာချင်းဆိုင်ရန် ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။ လှံလျှင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အသင့်ချိန်ရွယ်လိုက်သည်။ အချိန်မရွေး ခုန်၍ ရှောင်နိုင်စေရန် သစ်မြစ်ဆုံပေါ်သို့ ခြေတစ်ဘက် တင်ထားလိုက်သည်။ အထက် မလှမ်းမကမ်းရှိ သစ်ကိုင်းတစ်ခုကို မျက်မှန်းဖြင့် ချိန်ဆလိုက်ရသည်။ ကျွန်ုပ်ခုန်နိုင်သော အရှိန်၊ မြောက်သွားနိုင်သော အဟုန်နှင့် လက်တစ်ဖောင်ဆန့်တန်းလိုက်လျှင် ထိုသစ်ကိုင်းကို ဖမ်းဆုပ်နိုင်ပေမည်။ သို့သော် တရှိန်ထိုးပြေး ဝင်လာမည့် တောဝက်ကြီး၏ လျင်မြန်ခြင်း အလျဉ်နှင့် ချိန်သားကိုက်စေရန်မှာ အလွန်ခက်ခဲလှသော အရာ ဖြစ်သည်။

သစ်ကိုင်းကို ကျွန်ုပ် ခုန်မြောက်၍ ဖမ်းဆွဲနိုင်သည် ထားဦး အားယူရမည့် အရှိန်မှာ နည်းပါးလှသည်။ တောဝက်ကြီးမှာ ကြီးမားလှသည် ဖြစ်လေရာ၊ သူတိုးဝင်ပြေးဆောင့်လိုက်သော နေရာ၌ ကျွန်ုပ်၏ ကိုယ်ခန္ဓာအောက်ပိုင်းသည် လွတ်နိုင်မည် မဟုတ်။

နောက်ဆုံးတွင် ရူးမိုက်သော စိတ်ကူးဖြင့်ပင် ဆုံးဖြတ်လိုက်သည်။ နှစ်လံအကွာလောက်အထိ တောဝက်ကြီးအရောက်တွင်မှ လှံလျှင်ဖြင့် ထိုးစိုက်တစ်ဆက်တည် သစ်ကိုင်းကို ခုန်၍ဖမ်းဆွဲတတ်နိုင်သမျှ လေထဲတွင် မြောက်လွင့်သွားအောင် အားရှိသမျှ လွှဲယမ်း...။

ဆုံးဖြတ်ချက်ကို ပြန်၍ မှားမှန် သုံးသပ်ချိန်မပေးနိုင်တော့။

ဤအချိန်မှာပင် တောဝက်ကြီးကလည်း ကျွန်ုပ်ကို တိုက်ခိုက်ရန် ကျွန်ုပ်ရှိရာ ပြေးဝင်ရန် အသင့်ဖြစ်နေပေပြီ။ တောဝက်ကြီးနှင့် လူသားတို့၏ မိုက်မဲရူးသွပ်မှုခြင်း ပြိုင်သည့်ပွဲ ဖြစ်လာတော့မည်။

**ရတနာပုံစာအုပ်တိုက်**

ဝေါခနဲအသံကြီးနှင့်အတူ မည်းမည်းသဏ္ဌာန်ကြီးသာ အနီး ဆီသို့ တစ်ဟုန်ရိုး ပြေးဝင်လာသည်။ အပြင်းထန်ဆုံး အသက်တစ်ချက် ရှူရှိုက်လိုက်သည်။ လာခဲ့စမ်း... ငမိုက်သားကြီး...။ တဖြည်းဖြည်း နီးလာ...။ ကိုယ်လုံးကြီး ပို၍ ကြီးမားလာ...။ အစွယ်ကြီးများ ပို၍ ဖြူဖွေးချွန်မြလာ...။ ငါးလံ၊ လေးလံ၊ သုံးလံ၊ နှစ်လံအကွာ...

ရှိရှိသမျှ အင်အားကို လက်ရုံး လက်မောင်း လက်ဖျံဆီသို့ ပို့ကာ လှံလျင်ကို လွှတ်လိုက်သည်။ ဝေါင်းခနဲ အသံကြီးတစ်ချက်။ ဘာကိုမှ ကြည့်မနေနိုင် မြစ်ဆုံပေါ်တင်ထားသော ခြေထောက်ကို အားပြုကာ ခြေအစုံ ဆန့်ထုတ်ခုန်။ အစန့်ဆုံးဆန့်တန်းသော လက်က သစ်ကိုင်းကို ထိတွေ့လိုက်သည်နှင့် ဖမ်း၍ဆုပ်။ ကြွတက်လာသော တစ်ကိုယ်လုံးကို အပေါ်သို့ လွှဲယမ်းကွေးညွတ်ယူလိုက်...။

မိုက်မဲရူးသွပ်ခြင်း၏ အကျိုးတရားကို တောဝက်ကြီးရော ကျွန်ုပ်ပါ ခံစားလိုက်ကြရသည်။ သစ်ကိုင်းကို ဖမ်းဆွဲလွှဲမြှောက်လိုက် သော်လည်း ခြေအနုတ်မဆိုစလောက် နောက်ကျသဖြင့် ကျွန်ုပ်၏ ခြေသလုံးသားအချို့သည် တောဝက်ကြီး၏ အစွယ်တွင်ပါသွားသည်။

သို့သော် ကျွန်ုပ်၏ လှံလျင် ရည်ရွယ်သည့် ပစ်မှတ်သို့ ရောက် ခဲ့ပေသည်။ တောဝက်ကြီး၏ လည်ကုတ်နှင့် လက်ပြင်အကြား သွား တစ်ဆုံးနစ် ထိုးစိုက်မြုပ်ဝင်ခဲ့သော လှံလျင်သည် တန်းတန်းစွဲလျက်၊ ထို့အပြင်...

မိုက်မဲသော ထိုအကောင်ကြီးကား ကျွန်ုပ်ကို အောက်ခြေမှသည် ပွင့်ထွက်သွားအောင် ထိုးပက်ရန် ကြံရွယ်ခဲ့သည် ဖြစ်လေရာ အစွယ်နှင့် တကွသော နှုတ်သီးကို မြေနှင့်နီးကပ်အောင် နှိမ့်၍ ချိန်ရွယ်ပြေးဝင်လာ ခဲ့လေသည်။ သို့သော် သူတကယ်တမ်း ထိုးပက်လိုက်ရသည်မှာ အနှုတ် အသိမ်းနောက်ကျသွားခဲ့သော ကျွန်ုပ်၏ ခြေသလုံးသားအချို့နှင့် ကျွန်ုပ် ခြေတင်အားယူခုန်ခဲ့သော ကညင်ပင်မြစ်ဆုံ မြစ်ပျဉ်းကြီးပင် ဖြစ်သွားခဲ့ သည်။

တစ်တောလုံး သိမ့်သိမ့်ညံသွားသည်။ အဆက်မပြတ် အော် မြည်ရင်း အပေါက်ကွဲဆုံးအဆင့်ရောက်သွားကာ တောဝက်ကြီးသည်

အနီးတစ်ဝိုက်ရှိ မြစ်မွှာများ၊ ချုံပုတ်များ၊ သစ်ပင်များ ရှိရှိသမျှတို့ကို ထောင်းထောင်းညက်ညက် ကြေမွသွားအောင် သွေးရူးသွေးတမ်း ထိုးပက်ရင်း...

သွေးသံရဲရဲဖြင့် ဘုံးခနဲ ပစ်လဲကျသွားလေသည်။

ကျွန်ုပ်၏ လုံလျင်မှာ အတိုင်းသားစွဲဝင်လျက်။

တောဝက်ကြီး လုံးဝမလှုပ်ရှားနိုင်တော့သည်အထိ ငြိမ်သက်သွားပြီဟု သေချာတော့မှ ကျွန်ုပ် သစ်ကိုင်းကို လွှတ်လိုက်သည်။ သွေးခြင်းခြင်း နီနေသော ကျွန်ုပ်၏ ဝဲဘက်ခြေထောက်သည် ထောက်တည်၍ မရတော့။

တောဝက်ကြီး အနီးမှာပင် ကျွန်ုပ်လဲကျသွားလေသည်။

◆ ◆ ◆

## ( ၂ )

အဆမတန် နာကျင်ခြင်းက တစ်ကိုယ်လုံးသို့ ပျံ့နှံ့နေသော်လည်း ကျွန်ုပ်မှာ စိတ်လှုပ်ရှားတက်ကြွလွန်းသဖြင့် ထိုနာကျင်ခြင်းကိုပင် မြိန်ယှက်စွာ သိမှတ်ခံစားနေမိတော့သည်။

မွန်းတိမ်းနေဖြစ်စေကာမူ ပျက္ခယွေတောနက်အတွင်း အပူဓာတ် မပြင်းထန်။ သို့သော် ကျွန်ုပ်၏ ခြေသလုံးဒဏ်ရာမှ သွေးများ အလွန် ထွက်နေသည်။ စိတ်လှုပ်ရှားကာ သွေးဆူနေခြင်းကြောင့်ပင်ဖြစ်သည်။

ခြေဝတ်သိုင်းကြိုးနှင့်အတူ သားရေပတ်မှာလည်း အပိုင်းပိုင်း အစစ စုတ်ပြဲသွားခဲ့ပြီဖြစ်ရာ ကိုယ်ကြပ်သင်တိုင်း လက်အနားစကို ဆုတ်ဖြဲလျက် ခြေသလုံးဒဏ်ရာကို စည်းနှောင်ရသည်။ သို့သော် ထို အဝတ်သည်လည်း ချက်ချင်းပင် သွေးများဖြင့် ရွှဲနစ်သွားသည်။

အောင်ပွဲရလဒ်ဖြစ်သော တောဝက်ကြီးကို ကျွန်ုပ် လှည့်ပတ် စစ်ဆေးလိုက်သည်။ ထိုအကောင်ကြီးကား သူ၏မိုက်မဲခြင်း၊ ဒေါသကြီး ခြင်းကို မုဆိုးကောင်းတစ်ကောင်လိုပင် သေပွဲဝင်၍ ပေးဆပ်ခဲ့ပေပြီ။ သူကိုယ်တိုင် ရွေးချယ်ခဲ့သော လမ်းပင်ဖြစ်ပေမည်။

**ရတနာပုံစာအုပ်တိုက်**

ကျွန်ုပ်၏ လှံလျင်သည် ချက်ကောင်းတွင် စွဲဝင်လျက်သား ပင်ရှိသည်။ အသွားတစ်ဆုံးနစ်မြုပ်စိုက်ဝင်ကာ လှံရိုးသည် အောင်ပွဲတံခွန်အလား တောဝက်ကြီး၏လက်ပြင်ထက်၌ ထိုးထောင်စွင့်မတ်လျက်။

ထိုအခိုက်မှာပင်…

လျှို၏တစ်ဘက်တစ်ချက်ဆီမှ မြင်းခွာသံနှင့် လူသံများကို ကြားလိုက်ရသည်။ အရပ်မျက်နှာ နှစ်ခုဆီမှ ထွက်ပေါ်လာသော ထိုအသံများကို ကျွန်ုပ် မှန်းဆ၍မရ။ အဘယ်ကြောင့် နှစ်နေရာဆီမှ ထွက်ပေါ်လာသနည်း။ ကျွန်ုပ်၏ အမဲလိုက်အဖွဲ့ဝင်များ နှစ်စုနှစ်ကြောင်းခွဲ၍ လိုက်လာကြပြီ ထင်သည်။

နီးကပ်ဆူညံလာသော အသံများကို နားစွင့်နေရင်း ကျွန်ုပ် ခေါင်းထဲ၌ မူးဝေလာသည်။ သွေးထွက်လွန်၍ အားယုတ်လာပြီ ထင်သည်။ သို့သော် အားယူကာ ဝါးရုံတောစပ်နှင့် တောင်ကြော ချုံနွယ်များဆီသို့ လှမ်းကြည့်လိုက်သည်။

စိုးရိမ်တကြီး အော်သံခေါ်သံများနှင့် အတူ ကျွန်ုပ်ရှိနေရာ ကညင်ပင်ကြီးဆီသို့ ရောက်လာကြသည့် ကျွန်ုပ်၏ လူများ။

စိတ်မလျှော့လိုက်နဲ့၊ အားတင်းထားဟု မိမိကိုယ်မိမိ အားပေးနေရင်းမှပင် မူးနောက် မောပမ်းလာသည်။ သတိလစ်တော့မည်ဟု သိရင်းဖြင့် ထိန်းသိမ်း၍မရတော့။ ချုံကြီးတစ်ခုအတွင်းမှ ထွက်လာသော မုဆိုးစဉ့်ကို မြင်လိုက်ရပြီးနောက်တွင် ကျွန်ုပ်ခေါင်းထဲ၌ ရိပ်ခနဲ ဖြစ်သွားလေသည်။

စိမ်းရွှေရွှေ စူးဝါးဝါးအနံ့များနှင့်အတူ သတိပြန်ရလာခဲ့သည်။

လေးလံနေသော မျက်ခွံများကို အားယူပင့်တင်လိုက်သည်။ မုဆိုးစဉ့်၏မျက်နှာကို ဦးစွာမြင်ရသည်။ ထို့နောက် ကျွန်ုပ်ကို စိုးရိမ်တကြီး ဝိုင်းကြည့်နေကြသည့် ကျွန်ုပ်၏လူများ…။

အနီးတွင် လှံလျင်စွဲလျက်တန်းလန်း တောဝက် အသေကောင်။ ကညင်ပင်မြစ်ဆုံ၊ ဝါးရုံတော။ ကျွန်ုပ် သတိလစ်သွားသည်မှာ တစ်ခဏသာဖြစ်ကြောင်း ချက်ချင်း သိလိုက်သည်။ စဉ့်၏ ဆေးဝါးများဖြင့် ချက်ချင်းလိုလို ပြန်လည်သတိရလာခြင်း ဖြစ်သည်။

"ငါ့လုံလျှင်ဟာ ချက်ကောင်းကိုစွဲခဲ့တယ် မဟုတ်လား စေဥ့်"

စေဥ့်က ပြုံးရွှင်ခေါင်းညိတ်သည်။ သို့သော် သူ့အပြုံးတစ်မျိုး ဖြစ်နေသည်။ သူ့အရှင်သခင်၏ စွန့်စားမှုနှင့် အောင်ပွဲအတွက် ဂုဏ်ယူစွာ အားပါးတရပြုံးကာ သွက်သွက်ကြီး ခေါင်းညိတ်လိုက်ရမည့်အစား တစ်ခုခုကို အလိုမကျဟန်၊ စိတ်အနှောင့်အယှက် ဖြစ်ဟန်ဖြင့် သူ့မျက်နှာသည် အုံ့အုံ့မှိုင်းမှိုင်း ဖြစ်နေသည်။

ဘာဖြစ်နေကြတာလဲ၊ လုပ်စရာရှိတာ လုပ်ကြပါလား။တောဝက်ကိုထမ်း၊ လူတွေစု၊ ငါ့ကိုမြင်းပေါ်တင်။ ပြီးတော့ ဒီတောထဲကထွက်။ စိတ်ထဲမှ အော်ဟစ်ရင်း အနီးတစ်ဝိုက်ကို လှည့်ကြည့်လိုက်သည်။

အလို...ဒါဘာတွေလဲ။

တရိပ်ရိပ်မြင်ကွင်းထဲတွင် ကျွန်ုပ်၏အမဲလိုက်အဖွဲ့မှမဟုတ်သော လူစိမ်းများကို တွေ့လိုက်ရသည်။ သူတို့၏ တင်းမာသော မျက်နှာများ။

"သူတို့က ဘယ်သူတွေလဲ စေဥ့်။ ဒါဘာသဘောလဲ..."

စေဥ့်က ကျွန်ုပ်ကို ထူမတ်ပေးကာ တောဝက်အသေကောင်ကို ညွှန်ပြသည်။ ထိုအခါမှပင်...

သွေးပူနေသဖြင့် ကျွန်ုပ် မတွေ့ခဲ့သောအရာကို ယခုမှပင် တွေ့လိုက်ရတော့သည်။ တောဝက်၏ ကိုယ်ပေါ်တွင် စွဲဝင်နေသော မြားတံသုံးချောင်း။ မြားစိုက်ဒဏ်ရာများမှ သွေးများစို့လျက်...

"ဒါဟာ သူတို့ရဲ့ အမဲလို့ ပြောနေကြပါတယ် အရှင်"

စေဥ့်၏ အသံမှာ မကျေမချမ်းသံ ဖြစ်သည်။

"ဘာ..."

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

အမဲလိုက်နှစ်ဖွဲ့ဆုံကာ သားကောင်ကို သူရကိုယ်ရ ငြင်းခုံသည့် အဖြစ်မျိုးပင်။ ကျွန်ုပ်ကိုယ်တိုင် သက်စွန့်ဆံဖျား တောဝက်ကြီးနှင့်အတူ ရှုံးမိုက်မှုချင်းပြိုင်ကာ လက်ဝယ်ရရှိခဲ့သော ဤသားကောင်သည်ကို မည်သူတွေက မည်သည့်အဖွဲ့က ပိုင်ဆိုင်ရန် ကျူးလျော်လေသနည်း။

"ဟောဒီ မြားတွေဟာ သူတို့ပစ်စိုက်ခဲ့တဲ့ မြားတံတွေပါလို့

ပြောနေကြပါတယ်။ ပြီးတော့ ဒီတောဝက်ကို သူတို့စတွေ့ပြီး သူတို့ လိုက်ခဲ့ကြတာပါတဲ့”

“ဘာ...”

ဒဏ်ရာမှ စစ်ခနဲ နာကျင်ခြင်းကို မေ့ပျောက်ပစ်ကာ ကျွန်ုပ် ပြင်းပြင်းထန်ထန် အော်လိုက်တော့သည်။

“ပြီးတော့ အဲဒီ မြားသုံးစင်းစလုံးဟာလဲ...”

ငစဉ့်၏ ဆုတ်ဆုတ်ဆိုင်းဆိုင်း စကားကို ချုံကွယ်တစ်ခုအတွင်းမှ ထွက်လာသော အသံတစ်ခုက ဖုံးအုပ်သွားသည်။

“ဟုတ်ပါတယ် နောင်မင်း... အဲဒါ ညီမင်း ပစ်လွှတ်လိုက်တဲ့ မြားတွေပါ”

“ဟင်။ မင်း...”

“ဟုတ်ပါတယ်”

ပြောပြောဆိုဆို မြင်းပေါ်က ဆင်းကာ ကျွန်ုပ်ထံ လျှောက်လာသူမှာ “အလောင်းစည်သူ” ပေတကား။

ရုတ်ခြည်းပင် ကျွန်ုပ်သည် တောဝက်တစ်ကောင်ဖြစ်သွားကာ ရှေ့မှောက်ရှိ အရာအားလုံးကို ကမူးရှူးထိုး ပြေးဝင်ထိုးပက် လိုက်ရပါက ဘယ်လောက်ကောင်းမည်နည်းဟု တွေးလိုက်မိတော့သည်။

တောက်။ ငါပဲ တောဝက်တစ်ကောင်အဖြစ် ပြောင်းလဲသွား လိုက်စမ်းပါတော့။ ဒင်းနဲ့...ဒင်းရဲ့ လူတွေကို တစ်ချက်တည်း သုတ်သင် နိုင်အောင်။

ဤ လောက၌ မတွေ့ချင်၊ မမြင်ချင်ဆုံး သူကိုမှ ဤတော၊ ဤတောင်၊ ဤအခင်းအကျင်းမျိုးတွင် လာ၍ တွေ့ဆုံနေရပြန်ပြီ။

အလောင်းစည်သူ...။ ဤလောက၌ တစ်ဦးတည်းသော ကျွန်ုပ်၏ ရန်သူတော်။

“ဒါပေမယ့် ဒီသားကောင်ကို နောင်မင်း ပိုင်ဆိုင်ခွင့်ရှိပါတယ်။ တောဝက်ကြီးဟာ နောင်မင်းရဲ့ လှံလျှင်ချက်နဲ့ သေသွားတာပါ”

အလောင်းစည်သူက အပြုံးမပြယ်သေးသော မျက်နှာဖြင့် ပြော နေသည်။

**ရတနာပုံစာအုပ်တိုက်**

နောင်မင်း...။ သွားစမ်း မင်း ငါ့ကို အဲဒီလို ခေါ်ဝေါ်သုံးစွဲနေစရာ ဘာအကြောင်းမှ မရှိဘူး။ ငါဟာ မင်းရဲ့ နောင်မင်း မဟုတ်ဘူး။ မင်းနဲ့ငါဟာ နောင်ညီတွေလည်း မဟုတ်ဘူး။ တူဝရီးတွေသာ ဖြစ်တယ်။ အို... တူဝရီးတွေလဲ မဟုတ်ဘူးဟေ့၊ ရန်သူတွေ ရန်သူတွေပဲ။

"တောဝက်ကို ရှာဖွေခြောက်လန့်ခဲ့တာဟာ ကျွန်တော်မျိုးတို့အဖွဲ့ဖြစ်ပါတယ် သခင်။ ပြီးတော့ ဟိုဘက်တောအုပ်စပ်ထဲမှာ သခင်ကိုယ်တိုင် ဒူးလေးနဲ့ စတင်ပစ်ခဲ့တာ မဟုတ်လား။ မြားတံသုံးချောင်းဟာ အထင်အရှား သက်သေတွေပါ။ ဒီအမဲ သားကောင်ဟာ သခင့်ရဲ့ ပစ္စည်းပဲ ဖြစ်ရပါမယ်"

အလောင်းစည်သူ၏ နောက်ပါ တစ်ဦးထံမှ ထွက်လာသော အသံ။

"မြားဒဏ်ရာဟာ မသေလောက်ဘူး။ တကယ်လို့ မင်းတို့ရဲ့ သခင်လေးနဲ့ စပစ်ခဲ့တာဆိုရင်လဲ မုဆိုးတို့ရဲ့ အခြေခံကျင့်ဝတ်ကို ချိုးဖောက်တာပဲ"

ငစဉ့်၏ တင်းတင်းမာမာ တုံ့ပြန်သော စကားဖြစ်သည်။ ငစဉ့်စကားကြောင့် အားလုံး ရှုံ့ရှုံ့ရွဲ့ရွဲ့ ဖြစ်ကုန်ကြသည်။ ငစဉ့်ကမူ တောဝက်အသေကောင်ကိုကြည့်လျက် ဆက်ပြောသည်။

"ဒေါသအလွန်ကြီးပြီး ဒဏ်ရာအနာတရရတဲ့ အခါမျိုးမှာ မြင်မြင်သမျှကို ပြေးဝင်ထိုးပက်တတ်တဲ့ တောဝက်ဟာ အင်မတန် အန္တရာယ်ကြီးတယ်။ ဒီလိုသားကောင်မျိုး တစ်ချက်တည်း အသေ မသတ်နိုင်ဘဲ မြားလေးသုံးစင်းနဲ့ ဒဏ်ရာရအောင် လုပ်လိုက်တယ်ဆိုတာဟာ လူတွေရဲ့ အသက်ကို ရန်ရှာနှိုးဆွပေးလိုက်တာပဲ"

လှုပ်လှုပ်ရွရွဖြင့် တစ်ယောက်တစ်ပေါက် ပြောကြပြန်သည်။

"အားလုံးတိတ်စမ်း"

ဒဏ်ရာမှ စိမ့်ထွက်လာသော သွေးများကို ဖိကပ်ရင်း ကျွန်ုပ်ချုပ်တည်းမနိုင် အော်ပစ်လိုက်မိတော့သည်။

သည်းမခံနိုင်တော့။ တောဝက်တစ်ကောင်ကို သူရထိုက်၊ ကိုယ်ရ

ထိုက် ငြင်းခုံနေကြသည့်အဖြစ်။ အမဲလိုက် မုဆိုးနှစ်ဖွဲ့၏ ရင်ဆိုင် ထိပ်တိုက် တွေ့ဆုံမှု။

စင်စစ်မူ မြားတန်းလန်းဖြင့် ဒေါသတကြီး ပြေးထွက်သွားပြီးကတည်းက တောဝက်သည် သူတို့နှင့် မသက်ဆိုင်တော့ကြောင်း၊ ဤဒဏ်ရာများကြောင့် တောဝက်သည် သေဆုံးမသွားနိုင်ကြောင်း၊ ကျွန်ုပ်၏ လှံလျှင်သာလျှင် ချက်ကောင်းကို စွဲဝင်ခဲ့ပြီး ကျွန်ုပ်ထံရောက်မှသာလျှင် အဆုံးသတ်သွားခဲ့ကြောင်း ငြင်းခုန်နေကြသော ဤလူများ အားလုံးသိပြီး ဖြစ်သည်။

အမဲလိုက်မုဆိုးတို့၏ အလွန်လွယ်ကူ ရိုးစင်းသောပညာရပ်။

သို့သော် ကျွန်ုပ်စက်ဆုပ်မိသည်မှာ တကယ့်တကယ်အမဲကောင်ကို အကြောင်းပြု၍ ငြင်းခုန်နေကြသော အဖြစ်ထက်...

အလောင်းစည်သူနှင့်မှ လာ၍ဆုံနေသောအဖြစ်။

အမဲကောင်၏ ကိုယ်ထက်တွင် သင်း၏ မြားသုံးစင်းနှင့်အတူ ကျွန်ုပ်၏ လှံလျှင်တို့ အတူတကွ ဆုံစည်း စွဲဝင်နေသောအဖြစ်။

သူ့မျက်လုံးများကို စေ့စေ့ကြည့်၍ ကျွန်ုပ် ပြောလိုက်သည်။

"မင်းဘာလုပ်ချင်သလဲ အလောင်းစည်သူ"

ခက်ထန်လွန်းသော လေသံပင်ဖြစ်သည်။ သို့သော် ထိန်းသိမ်းရန် ကျွန်ုပ် မကြိုးစားတော့။ သူ့လူများမှာမူ ဦးခေါင်းကို အပုတ်ခတ်ခံလိုက်ရသော မြွေများနှယ် ရှုံ့ခနဲ ဖြစ်သွားကြသည်။

"ပြောပါ။ ဒီတောဝက်ကို မင်းသိပ်လိုချင်နေသလား။ မင်းရတဲ့သားကောင်လို့ မင်းယုံသလား"

အလောင်းစည်သူ၏ မျက်နှာမှာ ညို့သွားသည်ဟု ထင်သည်။

ရင်ခွင်ပိုက်ဘိသေကသဘင်ခံ ကျင်းပကာ အရိမဒ္ဒနပူရ ထီးနန်း၏ အရှင်သခင်အဖြစ်ကို ရယူထားသော "မင်းကြီးဖြစ်" ပေသော အလောင်းစည်သူကို သည်မျှလောက် ပြင်းထန်တင်းမာစွာ စေ့စေ့ကြည့်၍ မေးလိုက်ခြင်းကို ဘယ်သူမတုန်လှုပ်ပဲ နေမည်လဲ။

သူ့ထက် ခုနစ်နှစ် ပိုကြီးသော ကျွန်ုပ်။ ပြောကြစမ်းဆိုလျှင်

သူ့ထက်ပို၍ "သွေးစစ်"သော ကျွန်ုပ်အနေဖြင့်ကား သူသည် အရိမဒ္ဒနပူရ၏ ဘုရင်မင်းမြတ် မဆိုထားဘိ။ စကြဝတေးမင်းပင် ဖြစ်စေကာမူ ဤသို့သာ ရင်ဆိုင်ရန် ရှိသည်။ ကျွန်ုပ် သူ့ကို ဂရုမစိုက်။ ဦးမညွတ်နိုင်။ ထိုထက်မူ သူသည် ကျွန်ုပ်၏ ရန်သူ။

အလောင်းစည်သူသည် ကျွန်ုပ်၏ မုန်းတီးခါးသီးမှုနှင့် ပြင်းထန်စူးရဲမှုကို ကြိုးစားလွှဲဖယ်နေဟန်ဖြင့် အတန်ကြာ ငြိမ်သက်နေသည်။ သူ့ကိုယ်သူ ထိန်းသိမ်းဆောက်တည်နေဟန်လည်း ရှိသည်။

လာစမ်းပါ စည်သူရဲ့၊ မင်းဟာ ကျန်စစ်မင်းကြီးရဲ့ မြေးတော်ပဲ မဟုတ်လား။ မင်းဟာ ရင်ခွင်ပိုက်ဘိသေကနဲ့ ဘုရင်မင်းမြတ် ဖြစ်နေသူ မဟုတ်လား။ မင်း ငါ့ကို ရင်ဆိုင်လေ...။ ဟော့... ဒီပွဲမှာ ပရိမ္မသွေးနဲ့၊ အရိမဒ္ဒနသွေးတို့ ဘယ်သွေးပိုနီသလဲ သိရအောင်။

"တောရဲ့ ဥပဒေသ၊ မုဆိုးတို့ရဲ့ ကျင့်ဝတ်အရ၊ ဒီတောဝက်ဟာ နောင်မင်းရဲ့ သားကောင် ဖြစ်တယ်"

သူ့အသံ တိုးတိတ်လှသည်ဟု ထင်ရသည်။ ဤစကားကို ရေရွတ်ပြီး သူ မြင်းပေါ်လွှားခနဲတက်သည်။ ထို့နောက် မြင်းကိုမူ ဇက်လှည့်ပြီး ထွက်ခွာသွားသည်။ သူ့လူများလည်း သူ့နောက်မှ ချက်ချင်းလိုက်ပါသွားကြတော့သည်။

ကျွန်ုပ် ရင်ထဲမှာ လစ်ဟာ၍ ကျန်ရစ်ခဲ့သည်။

ဆတူ တန်ပြန် ရင်ဆိုင်ခြင်း မရှိခဲ့လေသော အလောင်းစည်သူ၏ အပြုအမူအကြောင့် ကျွန်ုပ်ဘာလုပ်ရမှန်းမိတော့...။ သင်း ရှောင်ထွက်သွားခဲ့ပြီ။

မုန်းတီးစက်ဆုပ်နာကြည်းစွာ ကျွန်ုပ်အော်ဟစ်လိုက်မိသည်။

တောဝက်ဆီက အဲဒီ ကျက်သရေမဲ့တဲ့မြားတွေကို ဆွဲနှုတ်ရိုက်ချိုးပစ်စမ်း...။ ပြီးတော့ အဲဒီမြားတံတွေနဲ့အတူ စွဲဝင်ခဲ့ရတဲ့ ငါနဲ့ လှံလျင်ကိုလဲ ဆွဲနှုတ်ပစ်လိုက်။ ပြီးတော့ တောဝက်ကိုလည်း ချောက်ထဲ ပစ်ချလိုက်ကြ။ ဒီသားကောင်ကို ငါမလိုချင်ဘူး"

မုဆိုးစေဥ့်က ကျွန်ုပ်၏မျက်နှာကိုစူးစူးရဲရဲကြည့်ကာ ရင်ခေါင်းသံကြီးဖြင့် ပြောလာသည်။

"မြားတံတွေကို ဖယ်ရှားပစ်ရမှာပါ အရှင်။ တောဝက်ကိုတော့ အောင်သေ အောင်သားစားဖို့ ကျွန်တော်တို့ ယူခဲ့မှ ဖြစ်မှာပေါ့။ တကယ်တော့ အရှင် လုံလျင်ကြောင့် တောဝက်သေဆုံးခဲ့တယ်ဆိုတာ အားလုံးအသိပါ။ သားကောင်ဟာ အရှင်ရဲ့ သားကောင်စစ်စစ် ဖြစ်ပါတယ်။ မြားတံတွေကိုသာ ဖယ်ရှားပစ်ရမှာပါ။ အလောင်းစည်သူရဲ့ မြားတံတွေကို ဖယ်ပစ်။ အရှင်ကုဇကုမာရရဲ့ လုံ့လျင်ကို သည်အတိုင်း ထိန်းသိမ်း...။ ဟုတ်ပါသလား အရှင်"

ငစဉ့်၏အကြည့်နှင့် အဓိပ္ပာယ်ရှိသော စကားလုံးများကို ကျွန်ုပ် ချက်ချင်း နားလည်လိုက်သည်။ တစ်ဝကြီး အသက်ရှူရှိုက်ကာ သူ့ကို ပြောလိုက်သည်။

"ဟုတ်တယ်၊ တောဝက်ကို အောင်သေစား။ အလောင်းစည်သူရဲ့ မြားတွေကို ဖယ်လိုက်၊ ရာဇကုမာရရဲ့ လုံ့လျင်ကို သည်အတိုင်းထား"

◆ ◆ ◆

# ( ၃ )

ပျက္ခယွေ့ တောင်ကြော တစ်ခုလုံးပေါ်သို့ အအေးဓာတ်က လွှန်လွှန်ကဲကဲ အုပ်စိုးထားသည်။ တောဝက်ကို အကောင်လိုက်ကင်နေကြသော သူတို့၏ မီးပုံသည် အနီးတစ်ဝိုက်ရှိ ညဥ့်အမှောင်ထုကို ဖောက်ထွင်းလင်းဖြာ စေနိုင်သော်လည်း လုံလောက်သော အပူဓာတ်ကို ကား မပေးနိုင်ချေ။ နီရဲသော မီးကျီခဲများပေါ်သို့ တောဝက်အဆီများ တစ်ပေါက်ပေါက် ကျသွားသောအခါ တရှဲရှဲမြည်သံများနှင့်အတူ စူးရှသော ညှော်နံ့ကိုရသည်။ မုဆိုးငစဥ့်သည် တောဝက်ကင်ကို တံစို့မှ ကိုင်လှည့်ရင်း စကားဟောင်ဖွာဟောင်ဖွာ ပြောနေသည်။ အမဲလိုက် အဖွဲ့သားများက ငစဥ့်၏ ပျက်လုံးများကို တဝါးဝါး ရယ်မောနေကြ လေသည်။

တဲဝရှိ သစ်မြစ်ဆုံပေါ်တွင်ထိုင်ရင်း သူတို့တတွေ၏ လွတ်လပ်ပျော်ရွှင်သော ဘဝကို ကျွန်ုပ် ငေးမောနေမိတော့သည်။ အမဲလိုက် အဖွဲ့သားများ အားလုံးလိုလို သေရည်များ မူးယစ်နေကြသည်။ သေကျည်တောက်များသည် မီးပုံအနီးတွင် ဖရိုဖရဲ တစ်ဘူးပြီး တစ်ဘူး

လဲကျသွားကြသည်။ ပျက္ခယွေ တောင်တန်းသားများကား သူတို့၏ဘဝ ကို အမဲလိုက်ခြင်းနှင့် သေရည်သောက်ခြင်း နှစ်ခုတွင်သာ မြုပ်နှံ ထားကြသူများပင်။

ကိုယ်တိုင်ပစ်ခတ်၍ ရလာသော အမဲလျာကို ကိုယ်တိုင်ချက် သော သေဖြင့် သူတို့ စားသောက်ကြသည်။ ထို့နောက် အမဲလိုက် အတွေ့အကြုံများကို အချင်းချင်း ဖလှယ်ကြကာ မဆုံးနိုင်သော တော၏ ပုံပြင်များ၌ သူတို့ထိတ်လန့်ကြ၊ အံ့သြကြ၊ ရယ်ပွဲဖွဲ့ကြ၊ နောက်ဆုံးတွင် ပုံပြင်များကို သူတို့၏ သေယစ်လွန်အိပ်မက်များဆီသို့ သယ်ဆောင်သွား ကြမည်။

များစွာသော အမဲလိုက်မုဆိုးများသည် တောလိုက်ရင်းဖြင့်ပင် သေဆုံးသွားကြသည်။ တောဝက်၊ ကျား၊ ဝံစသော ကြောက်စရာ သားရဲ ကြီးများနှင့် ရင်ဆိုင်တိုက်ခိုက်ရင်း မုဆိုးပီသစွာ သူတို့ အသက်စွန့် ကြသည်။ သူတို့သည် သည်တော သည်တောင်မှာပင် မွေးဖွား ရှင်သန် ကာ သေဆုံးသွားကြသည်။ တောသည်ပင် သူတို့၏ ကမ္ဘာလောကပင် ဖြစ်သည်။

မြေပြန့်လွင်ပြင်သို့ သူတို့မဆင်းကြ။ သူတို့၏ ဘိုးဘေးကြီးများ ဖြစ်ကြသော ကမ်းယံနှင့် သက်မျိုးနွယ်စုကြီးများကဲ့သို့ပင် သူတို့၏ တောနှင့်တောင်ကို စုံမက်တွယ်တာကြသူများပင်။ အမဲနှင့်သေမှအပ သူတို့ဘာကိုမှ မသိ။ အရိမဒ္ဒနပူရကိုလည်း သူတို့မသိ။ ထေရဝါဒကို လည်း သူတို့မသိ။ ယုတ်စွအဆုံး သူတို့ကို ငေးမောရင်း တဲဝသစ်မြစ်ဆုံ ၌ထိုင်နေသော ကျွန်ုပ်ကိုလည်း မသိ။ "ရာဇကုမာရ" ဟူသည်မှာ မုဆိုး ငစဥ့်ခေါ်လာသော မုဆိုးတစ်ယောက် သည်သို့ပင် သူတို့နားလည်ကြ သည်။

သို့သော် သူတို့လေးစားသော မုဆိုးငစဥ့်က "အရှင်" ဟု ခေါ် သောကြောင့် ကျွန်ုပ်ကို မင်းတစ်ပါးဟု သူတို့သိမှတ်ကြသည်။ "မင်း လုလင်ဟူ၍ တစ်ခါတစ်ရံ ကျွန်ုပ်ကို ခေါ်ကြသည်။

မီးရောင်တွင် သေငွေ့တို့ဖြင့် အဆီပြန်ကာ နီရဲနေသော သူတို့၏ မျက်နှာများကိုကြည့်ရင်း ကမ္ဘာလောကအတွင်းရှိ ပျော်ရွှင်မှုဟူသော

အရာကို ကျွန်ုပ် စဉ်းစားနေမိတော့သည်။ အမဲနှင့် သေကိုမှအပ ဘာကိုမှ မသိ။ သိလည်း မသိချင်။ သိရကောင်းမှန်းပင် မသိသော သူတို့တစ်တွေ၏ မသိကြခြင်းအရာကို ကျွန်ုပ် စောကြောနေမိသည်။ ပျော်ရွှင်လွတ်လပ်မှုဟူသည် မသိခြင်းမှ ပေါက်ဖွားသလော။ သိခြင်းသည် ပျော်ရွှင်လွတ်လပ်မှုများကို ပိတ်ဆို့တတ်လေသလော။

ဤအခြင်းအရာ၏ အဖြေကို ကျွန်ုပ် မတွေးတောတတ်သော်လည်း၊ သေချာခြင်း တစ်ခုကတော့ သူတို့တစ်တွေကဲ့သို့ ကျွန်ုပ် ပျော်ရွှင်လွတ်လပ်မှုကို မရရှိခြင်းပင် ဖြစ်ချေသည်။

ထိုအခါ တောဝက်ကို ကင်နေသော မီးပုံနှင့် မီးကျည်းခဲတို့သည် ကျွန်ုပ် ရင်တွင်းသို့ ရောက်ရှိလာကြသည်။ မီးညွန့်များထက်မှ တံစို့တပ်လျက် လှည့်ပတ်နေသော အရာသည် တောဝက်အမဲ မဟုတ်၊ ကျွန်ုပ်ကိုယ်တိုင်။

မီးတောက်များထဲတွင် မျက်နှာတစ်ခု ပေါ်လာပြန်သည်။

ထိုမျက်နှာသည် အပြုံးတစ်ခုကို ဆင်ယင်ထားပြီး ကျွန်ုပ်ကို စေ့စေ့ကြည့်နေသည်။ ငယ်ရွယ်သော ယောကျ်ားတစ်ယောက်၏ မျက်နှာပေါ်မှ ထိုအပြုံးသည် ကျွန်ုပ်အတွက် အဆိပ်လူးသော မြားတစ်စင်းနှယ်ပင်။

ထိုအရာသည် အလောင်းစည်သူ၏ မျက်နှာဖြစ်သည်။ သူ့ဦးခေါင်းထက်၌ မကိုင်ဋ္ဌသရဖူကို ဆင်မြန်းထားသည်။ မကိုဋ္ဌ်မှ ပတ္တမြားသည် သူ့ခေါင်းအငဲ့တွင် လက်ခနဲတစ်ချက် ပြိုးပြက်သွားပြီး စူးစူးရဲရဲအလင်းတန်းက ကျွန်ုပ်၏ နဖူးပြင်ဆီသို့ ထိမှန် ထိုးဖောက်သွားသည်။

ပြုံးရယ်လျက် အလောင်းစည်သူသည် ကျွန်ုပ်ကို တစ်ခုခု လှမ်းပြောလိုက်သလိုလို။ နှုတ်ခမ်းများ အလှုပ်အရှားကို ကြည့်လျက် ထိုစကားလုံးကို ကျွန်ုပ် သိလိုက်သည်၊ နောင်မင်း...တဲ့။

သွားစမ်း ငါဟာ မင်းရဲ့ နောင်မင်း မဟုတ်ဘူး။ မင်းနဲ့ငါဟာ နောင်ညီတွေ မဟုတ်ဘူးဟေ့။

"အရှင့်အတွက် ဝက်ပေါင်ပါ"

**ရတနာပုံစာအုပ်တိုက်**

ငစဥ့်၏အသံနှင့်အတူ သူ ကမ်းပေးနေသော ဝက်ပေါင်ကင်က ကျွန်ုပ်ရှေ့ရောက်လာသည်။ အရေခွံများ ကြွပ်ရွနီရဲနေကာ အသားများ အမြှောင်းလိုက်ထနေသော တောဝက်ပေါင်သားကို အငိုင်သား ကြည့်နေမိသည်။

"သုံးနှစ်လောက် ရှိမယ်အရှင်။ ဒီကောင်ကြီးဟာ သူ့သက်တမ်းအတွင်းမှာ ဘယ်လောက်များ မနားတမ်း ပြေးလွှားလှုပ်ရှားနေခဲ့သလဲ မသိဘူး။ တောဝက်များဟာ အဆီပြင် မရှိသလောက်နည်းကြပါရဲ့။ ဒီကောင်ကြီးကတော့ ကျွန်ုပ် ရခဲ့ဖူးတဲ့ တောဝက်တွေထဲမှာ အဆီအနည်းဆုံးပါပဲ။ အဲအကျွန်ရတာ မဟုတ်ပါဘူးလေ။ အရှင့် လှံလျှင်ချက်နဲ့ ရခဲ့တာပါ"

မွှေးကြိုင်သော အညှော်နံ့က တူးတူးခါးခါး ဝင်လာသည်။ သို့သော် ငစဥ့်ကို ကျွန်ုပ် ခေါင်းယမ်းပြလိုက်သည်။

"ငါမစားပါဘူး၊ မင်းတို့အားလုံး ခွဲဝေစားလိုက်ကြ"

"ဟင်... ဘာဖြစ်လို့လဲ အရှင်" ငစဥ့် အံ့သြသွားသည်။

စင်စစ် အောင်သေစားသောက်ခြင်းဟူရာတွင် အမဲကို ပတ်ခတ်နိုင်ခဲ့သူသည် အူအသည်းကလီစာများကို အစိမ်းလိုက် တောတောင်စောင့်နတ်များအား ပသပြီးနောက် အကောင်းဆုံးဖြစ်သော ပေါင်သားကို ဦးဦးဖျားဖျား စားရလေသည်။

ကမ်းယံနှင့် သက်ရှေးဟောင်းမျိုးစုမုဆိုးတို့ အယူအရမူ ထိုသို့မိမိပစ်ခတ်ရရှိခဲ့သော အမဲ၏အကောင်းဆုံးအသားကို တမင်ပင် တဦးတဖျား စားရသည်။ သို့မှသာ အမဲကို အစအဆုံး အောင်မြင်ရာ နိမ်နင်းရာရောက်သည်။ ထိုသို့မစားပါက သေဆုံးသွားသော အမဲ၏ ဝိညာဉ်သည် တစ်ချိန်ချိန်တွင် မိမိအား ခြောက်လှန့်တတ်သည်ဟု သူတို့အယူရှိကြသည်။

အံ့သြရာမှ တုန်လှုပ်သွားသော ငစဥ့်၏ မျက်နှာကိုကြည့်၍ သူတို့၏ မုဆိုးအစဥ်အလာအယူကို မပယ်ကောင်းဟု ကျွန်ုပ် နားလည်လိုက်သည်။

"ငါ မဆာလို့ပါကွာ ဒါပေမယ့် ပေး ပေး"

သူကမ်းနေသော တံစို့မှ အသားတစ်ဖဲ့ကို ကျွန်ုပ်ယူ၍ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။ ထို့နောက် ပြန်ယူသွားရန် လက်ပြလိုက်သည်။ ထိုအခါမှ ငစဉ့် ကျေနပ်သွားဟန်ဖြင့် ကျွန်ုပ်စွန့်သော ဝက်ပေါင်ကို ဝမ်းသာအားရပြန်ယူသွားသည်။

ငစဉ့် လှည့်ထွက်သွားသည်နှင့် ပါးစပ်ထဲမှ ဝက်ပေါင်သားကို ကျွန်ုပ် ထွေးထုတ်လိုက်သည်။ ကျွန်ုပ် လုံလျှင်ချက်ဖြင့်ရခဲ့သော အမဲမှန်သော်လည်း ဤတောဝက်၏ ကိုယ်ပေါ်၌ လုံလျှင်ထက် အဦးကျခဲ့သော မြားသုံးစင်း ရှိနေခဲ့ချေသည်။ ထိုမြားတံတို့သည် အလောင်းစည်သူ၏ ညို့မှလွှတ်ခဲ့သော မြားတံများပင်။

ဘာကြောင့် သူ့မြားတံထိစိုက်ခဲ့သောတောဝက်အမဲကို ကျွန်ုပ်က စားရမည်လဲ။ ထွေးထုတ်ပစ်လိုက်သော အသားတုံးများနှင့် အတူ နာကြည်းစရာတွေအားလုံး ပါသွားပါက ဘယ်လောက် ကောင်းလိုက်မည်နည်း။

"အရှင့် အတွက်ပါ"

မုဆိုး ငစဉ့်ရောက်လာပြန်ပေပြီ။ သူ့လက်ထဲတွင် ဖြူဖွေးနေသော တောဝက်အစွယ်နှစ်ချောင်းနှင့် ဝါးဆစ်ဘူးသေခွက်ကို ကိုင်ထားသည်။

"ဝက်စွယ်ကို အကျွန်ဆေးကြော သုတ်သင်ခဲ့ပါတယ်"

နောက်တစ်မျိုးလာပြန်ပြီ ဖြစ်သည်။ မုဆိုးတို့သည် ပစ်ခတ်ရရှိသော ဝက်စွယ်ကို အမြတ်တနိုးဂုဏ်ယူ၍ လည်တွင် ချိတ်ဆွဲတတ်ကြသည်။ သို့တည်းမဟုတ် တောင်တန်းသားများဆိုလျှင် ဦးပေါင်းရစ်တွင် တပ်ဆင်ကြသည်။ ဝက်ဆွယ်ဆင်ယင်နိုင်ခြင်းသည် မုဆိုး၏ ဂုဏ်သိက္ခာနှင့် သူရသတ္တိ အထိမ်းအမှတ်...

"အဲဒါကို မင်းယူလိုက်တော့၊ မင်းလက်ထဲက သေခွက်ပဲပေး"

ဝါးဆစ်ဘူး သေခွက်ကိုသူမကမ်းခင် ကျွန်ုပ်လှမ်းယူလိုက်သည်။ ထို့နောက် တအံ့တသြ ဖြစ်နေဦးမည့် ငစဉ့်ကို မသိကျိုးကျွံပြုကာ သေရည်များကို ကျွန်ုပ်မော့ချလိုက်ပြီး ဝါးဆစ်ဘူးကို အမှောင်ထဲသို့ လွှင့်ပစ်လိုက်သည်။

"ငါသိပ်ပင်ပန်းနေတယ် စေဥ့်။ မင်းတို့ဘာသာ မင်းတို့ နေကြ တော့။ ငါ့ဆီကို နောက်ထပ် ဘာမှယူမလာနဲ့။ လာမပြနဲ့ ဟုတ်လား"

"ဟို အရှင့် ခြေထောက်ဒဏ်ရာ"

"သွေးတိတ်သွားပြီပဲ။ မကြာခင် အနာလည်း ကျက်မှာပဲ။ ကဲ ကဲ သွားတော့ စေဥ့်၊ ငါ အနားယူချင်တယ်"

တစ်ခါမှ မမြင်ဘူးသည့် ပုံမျိုးဖြင့် စေဥ့်က ကြည့်သည်။ ကျွန်ုပ် ပြန်ပြုံးပြလိုက်ရသည်။ ထိုအခါ စေဥ့်သည် ခေါင်းကို ယမ်းခါလျက် လှည့်ထွက်သွားလေသည်။

ကိုယ်တိုင်ပစ်ခတ်ခဲ့သော တောဝက်၏ အစွယ်ကို ဂုဏ်ယူ မဆင်မြန်းခြင်းအတွက် သူအံ့သြပေမည်။ ထိုထက် ဝက်စွယ်ကို သူ့အား ပေးလိုက်ခြင်းကြောင့် သူ ပို၍ အံ့သြဝမ်းသာ ဖြစ်မည်။ ထို့ထက်မူ သေရည်၌ အသောက်မလေ့သော ကျွန်ုပ်က သူ့သေခွက်ကို လှမ်းယူကာ တစ်ခွက်တည်း မော့ချလိုက်ခြင်းကြောင့် သူ ပို၍ပို၍အံ့သြကာ နားမလည် နိုင် ဖြစ်သွားခဲ့ပေမည်။

မင်းနားမလည်တာပဲ ကောင်းပါတယ် စေဥ့်ရယ်။ နားလည်ခြင်း ဟာ ရှုပ်ထွေးခြင်းတွေကိုပါ တစ်ခါတည်း သယ်ဆောင်လာ တတ်တယ် ကွ။ စိတ်ထဲမှာ ရေရွတ်ရင်း တဲထဲသို့ ကျွန်ုပ် ဝင်ခဲ့သည်။

ခြေထောက်မှ ဒဏ်ရာထက် အဆများစွာ ပို၍ပြင်းသော ဒဏ်ရာ တစ်ခုက ဤညအဖို့ ကိုက်ခဲနှိပ်စက်ပေဦးတော့မည်။

◆ ◆◆

# ( ၄ )

အရိမဒ္ဒနပူရနန်းမြို့တွင် မနေလို၍ တမ္ဗဒီပနိုင်ငံတော် တစ်ဝိုက် တောတောင်များဆီသို့ ကျွန်ုပ်ခရီးလှည့်နေခဲ့သည်မှာ သုံးလခန့်မျှ ရှိခဲ့ပေပြီ။ ကျွန်ုပ် ပိုင်ဆိုင်သော ဧည့ဝတီ တောင်စဉ်ခုနစ်ခရိုင်တွင်လည်း မိုးရာသီကျရောက်နေသောကြောင့် ခြေခင်းလက်ခင်း မသာရှိနေခဲ့သည်။ ပြီးခဲ့သည့် တစ်လလုံးလုံးကလည်း မဇ္ဈဂိရိဒေသမှ တောင်တန်းများသို့ ရောက်ခဲ့သည်။

ခရိုင်များက ကျွန်ုပ်ရောက်လာသည်ဟု သတင်းကြားသောအခါ "မင်း"တစ်ပါးအဖြစ် အဆောင်အယောင်ဖြင့် ကြိုဆိုကြရန် စီစဉ်ကြသေးသည်။ ထို့ကြောင့် ခရိုင်များသို့ ရှောင်ကွင်းကာ တောတောင် ဒေသများဆီသို့သာ ခရီးလှည့်ခဲ့လေသည်။ ဖြစ်နိုင်လျှင် နတ်ထိပ် တောင်ကြားလမ်းအတိုင်း မြင့်မားစွာသော တောင်ကြီးများဆီတက်ကာ မြင်းတစ်စီးဖြင့် ဝေးလံသော ကုန်းမြင့်များသို့ ထွက်ခွာသွားချင်သည်။ တမ္ဗဒီပသို့ မပြန်စတမ်း။ အရိမဒ္ဒနန်း မြို့သို့ ခြေဦး ပြန်မလှည့်စတမ်း။

နတ်ထိပ်တောင်ကြားလမ်းအတိုင်း ကုန်းနှီးမပါသော မြင်းများ

စီးကာ ဝင်ရောက်လာခဲ့ကြသည့် ကျွန်ုပ်တို့၏ ဘိုးကြီး ဘေးကြီးများ ကဲ့သို့ပင် ရေကြည်မြက်နုရာ လှည့်လည်ရင်း အရိုင်းဘဝဖြင့် နေလိုက်ချင်စမ်းသည်။

သို့သော် တမ္ဗဒီပကို အပြီးတိုင် မစွန့်ခွာနိုင်သည့်အကြောင်း တစ်ချက်ရှိနေသည်။ ကြီးမားသော စွမ်းပကားနှင့် ခွန်အားပြင်းသော ထိုသံယောဇဉ်ကြိုးကြောင့်သာ ကျွန်ုပ် တမ္ဗဒီပကို မစွန့်ခွာနိုင်ဖြစ်နေရခြင်းပင်။ ထိုသံယောဇဉ်ကား မယ်မယ်။

ကျွန်ုပ်အတွက် ဤလောကတွင်တစ်ဦးတည်းသော မိခိုအားထားရာ၊ လဲလျောင်းရာနေရာ တစ်ခုတည်းသော မေတ္တာရင်ခွင်။

ကညင်ဆီမီးတိုင်၏ မီးရောင်ဖျော့ဖြင့် ခပ်မှိန်မှိန်လင်းနေသော တဲအမိုးကို ကြည့်ရင်း... ကျွန်ုပ် သက်ပြင်းအခါခါ ချမိတော့သည်။

"သား သိပါတယ်ကွယ်။ ဒီလောကကြီးထဲမှာ သားနဲ့မယ်မယ် နှစ်ယောက်တည်းပဲ ရှိကြတာပါ။ အပြန်အလှန် တွယ်မှီရတဲ့ ရှင်သန်ခြင်းနှစ်ခုပါ။ မယ်မယ့်ကို စွန့်ပစ်ပြီး သား ဘယ်ကိုမှ ထွက်မသွားပါနဲ့။ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ပေါ့ကွယ်"

မယ်မယ်၏ တဖွဖွ မှာကြားစကားကို ကြားယောင်သည်... ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့...။

ဤစကားလုံးကို တရားခံမှု၌ မွေ့လျော်ပျော်ဝင်ခဲ့ပြီ ဖြစ်လေသော မယ်မယ်က ပေါ့ပါးသက်သာစွာ ထုတ်ဖော်ပြောဆိုနိုင်သော်ငြား၊ ကျွန်ုပ်အတွက်မှာမူ "ဖြစ်ခဲ့"သော ထိုအတိတ်တို့သည် အချိန်နှင့်အမျှ ပင် ရင်ထဲ၌ အစိုင်အခဲ ဖြစ်တည်ပွားများ ထုထည်ကြီးမားလာနေကြချေသည်။

အံသွားတို့ကျိုးကြေမတတ်ပင်။ လက်သီးဆုပ်မှ လက်ချောင်းတို့သည် လက်ဖဝါးပြင်ထဲသို့ နစ်မြုပ်စိုက်ဝင်သွားကြတော့ မတတ်။

နန်းမြို့နှင့်တမ္ဗဒီပမြေကိုရှောင်ကွင်းလျက် တောနက်တောင်တန်းဒေသဆီသို့ ထွက်ခွာခဲ့သည့်တိုင် "သင်း"နှင့် မလွတ်ကင်းပါတကား။ ကြုံရလေသော ကံကြမ္မာသည် ကျွန်ုပ်အား တစ်ဖက်သတ် နိုပ်စက်လွန်းပြီ ထင်သည်။ ဖိစီးထုထောင်းနိုင်လွန်းသော လောကဓံသည် နှစ်ရှည်လ

များ တည်နေနိုင်ရက်လှသည်။ ဤတော ဤတောင်ထဲမှာပင် မဆုံ စကောင်း၊ ဆုံစကောင်းလာရောက်ဆုံစည်း နေရသည့်အဖြစ်။

တဲဝတွင် မီးရောင်တစ်ချက် လင်းသွားသည်။ မုဆိုးငစဥ့်၏ သဏ္ဍာန်ကို အပြင်မှ မီးပုံအလင်းနောက်ခံဖြင့် မြင်လိုက်ရသည်။ ငစဥ့် သည် ခြေသံကို ဖော့နင်းလျက် ကျွန်ုပ်၏ အိပ်ယာဆီသို့ လျှောက်လာ သည်။ ကျွန်ုပ်၏ ဒဏ်ရာကို လာရောက်စစ်ဆေး ကြည့်ရှုခြင်း ဖြစ်သည်။ ကျွန်ုပ် အိပ်ပျော်နေပြီ အမှတ်ဖြင့် ငစဥ့်သည် အသံမပြုမိအောင် သတိကြီးစွာ ထားနေဟန်ပင်။

"ငစဥ့်လား"

"ဟင် အရှင် မအိပ်သေးဘူးလား၊ ခြေထောက်က ဒဏ်ရာက ကိုက်နေသလားဟင်"

"ဒဏ်ရာက သက်သာပါတယ်ကွာ၊ မင့်လူတွေကော"

"တောဝက်သားနဲ့ သေကို အလွန်အကျွံ စားသောက်ပြီး အတုံး အရုံး ဖြစ်ကုန်ကြပြီလေ။ ခုနေဆင်ရိုင်းတစ်အုပ်က သူတို့ကို နင်းသွား တောင်မှ တစ္ဆေသရဲဘဝကနေ ငါတို့ ဘာဖြစ်လို့ ပြားကပ် သွားရပါလိမ့် လို့ စဉ်းစားယူကြရမယ့် အဖြစ်မျိုး"

အမှောင်ထဲတွင် ကျွန်ုပ်ပြုံးလိုက်မိသည်။ သူလည်း သေယစ်နေပေ ပြီ။ ငစဥ့် သေယစ်ပြီဆိုလျှင် စကားတန်ဆာတွေ ဆင်ပြောလာတတ် သည်။ ကျွန်ုပ်ကို "အရှင်" သူ့ကိုယ်သူ "အကျွန်"ဟု သုံးနှုန်း ခေါ်ဝေါ် တတ်သည်မှတစ်ပါး ငစဥ့်သည် ကျွန်ုပ်ကို တရင်းတနှီးပင် ဆက်ဆံပေ သည်။ စင်စစ် ဤသို့ဆက်ဆံရဲအောင် ကျွန်ုပ်ကပင် အမိန့်ပေးခိုင်းစေခဲ့ ရခြင်း ဖြစ်သည်။

သူ၏ ရိုးသားပွင့်လင်းမှုနှင့် မုဆိုးကောင်းပီသမှုတို့ကြောင့် သူ့ကို ကျွန်ုပ် သဘောကျမိရိုး အမှန်ပင်။ သူ့နာမည် ဘာကြောင့် ငစဥ့်ဖြစ်ရ သနည်းဟု ကျွန်ုပ် မေးကြည့်ဖူးသည်။

"ငစဥ့်ဆိုတဲ့ အမည်ဟာ အရိမဒ္ဒနပူရ ထီးနန်းအရေးတော်နဲ့ ဆက်စပ်နေတဲ့ နာမည်ပဲကွ၊ မင်းက ဘာကြောင့် ဒီနာမည်ကို မှည့်ထား တာလဲ"

"အကျွန် သိပါတယ် အရှင်။ တမင်မှည့်ထားတာပါ။ ဟို... အရေးတော်တွေ ရှုပ်ထွေးပြီး စစ်ပွဲတွေဖြစ်နေကြတုန်းက ဧရာဝတီအတိုင်း ဖောင်နဲ့စုန်ပြေးတဲ့ ဟို–သူပုန်မင်း ရှိပါရော့လား။ မျက်စိတစ်ဘက် လပ်နေတဲ့သူ"

"ငရမန် လား..."

"ဟုတ်တယ်...ဟုတ်တယ်။ သူ့ကို ဖောင်စုန်တဲ့အတိုင်း မြစ်ကြောင်း မြစ်ကမ်း သစ်ပင်တွေပေါ်ကနေ လိုက်ခြေရာခံပြီး သစ်ပင်ပေါ်ကနေ ဒူးလေးနဲ့ပစ်ရှင်းလိုက်တဲ့ မုဆိုးကြီးနဲ့ နာမည်က ငစဉ့်ဖြစ်ကြောင်း အကျွန် ကြားဖူးပါတယ်။ အဲဒီ မုဆိုးကြီး ငစဉ့်က မြစ်ကမ်းသစ်ပင်ပေါ်ကနေ ငှက်လိုအော်မြည်ပြသတဲ့။ ငရမန်က ဖောင်တဲကကဲလားကိုဖွင့်အကြည့်မှာ ဒူးလေးနဲ့ပစ်စိုက်လိုက်တော့ ငရမန်နဲ့ ကျန်တဲ့မျက်လုံး အကောင်းတစ်ဖက်ပါပျက်ပြီး တစ်ခါတည်း သေသွားသတဲ့။ အဲဒီ မုဆိုးကြီး ငစဉ့်ကို သဘောကျလွန်းလို့ အကျွန့်ကိုယ် အကျွန် ငစဉ့်လို့ နာမည် မှည့်လိုက်တာပါ အရှင်"

"ဩော် ဒီလိုလား...။ နေပါဦး မင့် အရင်နာမည်ကကော"

"အရင် နာမည် မရှိဘူး အရှင်။ မုဆိုးလို့ပဲ အကျွန့်ပ်ကို ခေါ်ကြတာ"

ငစဉ့်အား ထိုအမည်ကိုပြောင်း၍ အခြား အမည်တစ်ခုပေးရန် ကျွန့်ပ် ကြိုးစားခဲ့သည်။ ငစဉ့်က လက်မခံ။ တွင်တွင်ငြင်းကာ ဘာကြောင့် သူ့အမည်ကို ပြောင်းပစ်ခိုင်းရပါသလဲဟု မေးသည်။

ထိုမေးခွန်းကို ကျွန့်ပ် မဖြေနိုင်တော့ပေ။ ငစဉ့် နားလည်သဘောပေါက်အောင်လည်း ကျွန့်ပ် မရှင်းပြတတ်တော့။ မုဆိုးကြီး ငစဉ့်ဆိုသည်မှာ ကျန်စစ်မင်းကြီး ထီးနန်းရမိ ထီးနန်းရေးရာများ ရှုပ်ထွေးကာ စစ်ပွဲများ ဖြစ်ခဲ့စဉ်က ကျန်စစ်မင်း၏ လက်ရုံးကြီးတစ်ယောက်အဖြစ် သစ္စာရှိစွာ အမှုတော်ထမ်းခဲ့သူဖြစ်ကြောင်း ကျွန့်ပ် ရှင်းပြလျှင်...

"ဟာ ဒီလိုဆိုရင် ပိုပြီး ကောင်းသွားတာပေါ့အရှင်...။ မုဆိုးကြီး ငစဉ့်ဟာ မင်းကြီးရဲ့ သစ္စာရှိ သူရဲကောင်းကြီး။ သူ့ နာမည် ယူထားတဲ့ အကျွန်ကလည်း သားတော်ဖြစ်တဲ့ အရှင့်ရဲ့ လက်ရွေးစင် မုဆိုး။

ခမည်းတော်တုန်းကလည်း ငစဉ့်။ သားတော်ကျတော့လည်း ငစဉ့်"ဟု ဝမ်းသာ အားရပြောတော့သည်။

ထိုအခါ ငစဉ့်ကို ကျွန်ုပ် ပြန်ပြောစရာ စကားမရှိတော့။ ပြောပြသည့်တိုင် ငစဉ့် နားမလည်နိုင်တော့။ နားလည်သည်ထားဦး။ ငစဉ့်သည် ရိုင်းစိုင်းလွတ်လပ်၍ ရိုးသားသော သူ၏ မုဆိုးဘဝကို ဆုံးရှုံးချေတော့မည်။ နာကြည်းဖွယ်၊ စက်ဆုပ်ဖွယ် ဖြစ်ရပ်များနှင့် အတိပြွမ်းနေသော အရှုပ်အထွေးထဲသို့ သူရောက်လာတော့မည်။ ထို့ကြောင့် သူ့ အမည် ငစဉ့်ကို ငစဉ့်အတိုင်း သူ နှစ်သက်သလို ရှိပါစေတော့ဟု ကျွန်ုပ် ခွင့်ပြုလိုက်လျှောခဲ့ရလေသည်။

"ငစဉ့်"

"ပြောပါ အရှင်"

"ငါတို့ နက်ဖြန် ကယွတ်တောင်ဆီ ရွေ့ကြစို့"

"ဟင် ဘာဖြစ်လို့လဲ အရှင်။ အကျွန့်လူတွေ ဆားတွင်းတစ်တွင်း တွေ့ထားပြီ။ သူတို့ တောနင်းထားချက်အရဆိုလျှင် နောက် နှစ်ရက် လောက်ဆိုရင် ဒီဆားတွင်းကို တောကောင်တွေ လာကြတော့မယ်"

"ဘာပဲဖြစ်ဖြစ် ငါ ကယွတ်တောင်က တောတွေဆီ ပြောင်းမယ် ငစဉ့်"

"ကယွတ်တောင်ဟာ အမဲလိုက်လို့ မကောင်းဘူး အရှင်"ခုချိန်ဆို တောင်ကျရေတွေ ဆင်းစပြုနေပြီ။ ပြီးတော့ လျှို့တွေ၊ ကမ်းပါးတွေ သိပ်ပေါတာမို့ ချောင်းတွေဟာ တစ်တောင်လုံးလုံးမှာ လက်ဖမိုးပေါ်က အကြောမြွှာတွေလို ဖြစ်နေတာ"

"ငစဉ့် နက်ဖြန် ငါ ကယွတ်တောင်ကို ကူးမယ်။ မင်းလူတွေ ပြောထား။ မနက်လင်းအားကြီးထွက်မယ်"

ငစဉ့် ခေါင်းခါ၍ ထွက်သွားသည်။ ယနေ့အဖို့ ကျွန်ုပ်နှင့် ပတ်သက်ပြီး သူနားမလည်နိုင်သောအရာတွေ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေပေလိမ့်မည်။

ကယွတ်တောင်၏ တောနက်များသည် အမဲလိုက်၍ မကောင်းကြောင်း ကျွန်ုပ် သိပြီးသားပင်။ တောင်ကျ ချောင်းများ၊ ရေတံခွန်စိမ့်များ

ပေါ်များ၍ ကယွတ်တောင်မှ ကျသောရေကို အတန့်တန့်ဆည်ကာ ရေသောက်ကန် ပန်လောင်မြစ်နားအထိ ဆည်များဖောက်ခဲ့သည်မှာ မဟာအနိရုဒ္ဓဒေဝမင်းကြီး လက်ထပ်ကပင် ဖြစ်သည်။

သို့သော် ကယွတ်တောင်ကိုပင် သွားရန် ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။

အမဲလိုက်ရန် မသင့်သော ထိုတောတောင်ကို အလောင်းစည်သူနှင့် သူ၏မုဆိုးများ ဘယ်လိုနည်းနှင့်မျှ ရောက်မလာနိုင်။ ဤအချက်သည်ပင် ကယွတ်တောင်ကို ကျွန်ုပ် ရွေးချယ်လိုက်ခြင်း၏ အခြေခံ အကြောင်း ဖြစ်လေသည်။

◆ ◆ ◆

## ( ၅ )

အရုဏ်၏ နေခြည်ဦးတို့သည် ပျက္ခယွေတောင်ကြောသို့ စောစီး စွာပင် ကျရောက်လာကြသည်။ အရှေ့ကမ်းပါး ကောင်းကင်၌ ရောင်နီ ပျို့ချိန်တွင် ကျွန်ုပ်တို့အားလုံး ပျက္ခယွေတောင်ကြောအတိုင်း ဆင်းလာ ခဲ့ကြသည်။

အထပ်ထပ်သော တောင်တန်းများ၌ မြူတို့ဆို့ ဆီးနေကြသည်။ တောအုပ်များ၏ ထိပ်ပိုင်းတွင် မြူတန်းကြီးသည် တစ်မျှော် တစ်ခေါ် ရှည်လျား ဖြောင့်စင်းနေသည်။ ထိုအခါ မှိုင်းညို့စိမ်းပြတောင်တန်းများ သည် ဖြူလွသော ခါးစည်းကြိုးကြီးဖြင့် မိမိတို့ကိုယ်ကို တုပ်ချည်ထားကြ သည်ဟု ထင်ရတော့သည်။

ချမ်းအေးလှသော တောနက်၏ အရုဏ်အအေးဓာတ်ကြောင့် ကျွန်ုပ်၏ ခြေထောက်မှ ဒဏ်ရာသည် ကိုက်ခဲချင်လာသည်။ သို့သော် တောနှင့် တောင်၏ ဖမ်းစားနိုင်လွန်းသော နံနက်ခင်း မြင်ကွင်းများ ကြောင့် ကျွန်ုပ်၏စိတ်မှာ ကြည်လင်လျက် ရှိနေလေသည်။ ယမန်နေ့က ကြုံခဲ့ရသော မနှစ်မြို့ဖွယ် ဖြစ်ရပ်များသည်လည်း အေးမြလတ်ဆတ်

သော တောင်ကြော လေပြည်ကြောင့် ရှင်းသန့်ကင်းစင်သွားကြဟန်တူသည်။

ကမ်းပါးယံတစ်ခုကိုကွေ့၍ဆင်းလိုက်ချိန်တွင် တစ်ဘက်တောင်စောင်းဆီမှ ထူးဆန်းသော ငှက်မြည်သံတစ်ခုကို ကြားလိုက်ရသည်။ ငှက်မြည်သံသည် ဤတောရှိ သဘာဝ ငှက်သံများနှင့်မတူဘဲ သုံးချက်ဆင့်၍ စူးရှစွာထွက်ပေါ်လာသည်။ ကျွန်ုပ်၏ မြင်းနှင့် ဘေးချင်းယှဉ်လျက် လိုက်လာသော ငစဉ့်ခြေလှမ်းများ တုံ့ရပ်သွားလေသည်။

ထူးဆန်းသော ငှက်မြည်သံက နောက်ထပ်သုံးချက် ဆင့်ပေါ်လာပြန်သည်။ ငစဉ့်က ကျွန်ုပ်ကို မော့ကြည့်၍...

"ဒါတောင်ခြေစခန်းမှာ အကျွန်ထားခဲ့တဲ့ လူပဲအရှင်၊ ဘာဖြစ်လို့လိုက်လာသလဲမသိဘူး။ အရေးကြီးတယ်ဆိုတဲ့ အချက်ပေးသံနဲ့ သူအော်နေတာ"ဟု ပြောကာ ထိုအသံအတိုင်း သုံးချက်ဆင့်၍ ငှက်မြည်သံပြုသည်။

မကြာမီမှာပင် ကမ်းပါးအတိုင်း ချုံနွယ်များကို ဖယ်ရှားလျက်တက်လာသော လူတစ်ယောက်ကို တွေ့ရလေသည်။ အေးမြသောနံနက်ခင်းနှင့် ဆန့်ကျင်စွာ သူ့မှာ မောဟိုက်နေသည်။

"ငစဉ့်...။ အမလေး ရှာလိုက်ရတာ ဟလူရာ...။ ညကမှမီးရောင်မြင်လိုက်လို့ ဒီဘက်တောင်ကြောမှာ နင်တို့ရှိမှန်း သိတယ်"

"နင်ဘာတွေ အရေးကြီးလာသလဲ"

"ငါအရေးကြီးတာ မဟုတ်ဘူး။ နင့်ရဲ့...ဟို"

မြင်းပေါ်ရှိ အကျွန်ုပ်ကို လှမ်းကြည့်ကာ ထိုသူ၏ စကားရပ်သွားသည်။

"အဲ...နင့်အရှင် မုဆိုးကြီးအတွက် အရေးကြီးလို့"

တောင်ခြေစခန်း တောသူတောင်သားများက ကျွန်ုပ်အား ငစဉ့်၏အရှင် မုဆိုးကြီးဟုသာ သိထားကြလေသည်။

"စခန်းကို မင်းနေပြည်က ကလန်စစ်သားတွေ ရောက်လာကြတယ်။ သူတို့အခု လိုက်လာကြတယ်။ ဟိုဘက်တောင်စောင်းမှာ မြင်းရော လူပါဆက်မတတ်နိုင်တော့လို့ ကျန်ရစ်ခဲ့တယ်။ နင့် အချက်ပေး

သံကြောင့် ငါရောက်လာတာ။ နင်တို့ဒီမှာ ရှိနေပြီဆိုတာလဲသိရော ကလန်တွေက ငါ့ကို ဟောဒါတွေ ထည့်ပေးလိုက်တယ်။ နင့်အရှင် မုဆိုးကြီးအတွက်တဲ့ ရော့ရော့”

အရိမဒ္ဒနပူရမှ ရဲမက်ကလန်အဖွဲ့ ဘာကြောင့် ကျွန်ုပ်ကို ရှာကြလေသနည်း။ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားပြီး ထိုသူလက်လှမ်းနေသော အရာများကို ကြည့်လိုက်သည်။

သားရေပြားဖြင့် ပတ်ထားသော အရာနှစ်ခု။ ငစဉ့်က သားရေပြားကို ဖြေလိုက်ရာ အထဲမှ သဝဏ်ဘူးနှစ်ခု ထွက်လာလေသည်။ တစ်ခုမှ ဟင်္သပဒါးရောင်နှင့် ရွှေရေးနှစ်ရစ်။ အခြားတစ်ခုမှာ ရေညှိစိမ်းရောင်နှင့် ရွှေရေးနှစ်ရစ်။

နန်းတော်မှ ပို့လိုက်သော သဝဏ်များဖြစ်သည်။ ဟင်္သပြဒါးရောင်နှင့် ရွှေရေးနှစ်ခုပါသော ဘူးမှာ မယ်မယ်၏ အထိမ်းအမှတ်။ တြိလောကဝဋံသကာဒေဝီဘွဲ့ အဆောင်အယောင်သုံး အမှတ်အသားဖြစ်သည်။ ရေညှိစိမ်းနှင့် ရွှေရေးတစ်ရစ်ဘူးကား ကျွန်ုပ်၏ ဗေယျခေတ္တရာဘွဲ့။ ခညဝတီ အဆောင်အယောင် ဖြစ်သည်။

ငစဉ့်ဆီမှ လှမ်းယူလိုက်ပြီးနောက် မယ်မယ့်ထံမှ သဝဏ်ဘူးကို ကျွန်ုပ် စိတ်လှုပ်ရှားစွာ ဖွင့်လိုက်သည်။

**အရီးတော်ဖုရား အမှာတော်အရ သဝဏ်စေသည်။**
**အရီးတော်ဖုရား နာမကျန်း ရှိသည်။**
**နန်းမြို့သို့ အမြန်ဆုံး ပြန်လှည့်စေချင်ပါသည်။**
**အစ်မတော် ရွှေအိမ်သည်**

ကျွန်ုပ် ခညဝတီဘူးထဲမှ သဝဏ်မှာ...

“မြို့၊ ရွာ၊ ကျေး၊ ခရိုင် လက်အောက်ခံစားတို့ နှစ်စဉ် အဖူးမြော်ဝင်၊ အခွန်ဘဏ္ဍာထုတ် ဆက်သွင်းကြမည့် သစ္စာတော်ပေးသဘင်၌ ဘုန်းရိပ်ဖြန့်ကျက် အခါတော်တတ်ရန် အချိန်ကျရောက်ပါကြောင်း အရှင်ဗေယျခေတ္တရာမင်းအား အသနားတော်မြတ်ခံပါသည်”

ဟု ရေးထားကာ သဝဏ်ထောင့် အောက်ခြေတွင် တောင်စဉ်

**ရတနာပုံစာအုပ်တိုက်**

ခုနစ်ခရိုင် မှူးမတ်သန်ပျင်အဖွဲ့၏ တံဆိပ်ခတ်နှိပ်ထားသည်။

ကယွတ်တောင်သို့ ဆက်မည့်ခရီးကို ဖျက်သိမ်းရန် ချက်ချင်းဆုံးဖြတ်လိုက်တော့သည်။ တောတောင်ဒေသများသို့ ကျွန်ုပ် ထွက်ခဲ့သည်မှာ သုံးလခန့်ရှိပေပြီ။ ဤသဝဏ်များသည် ဘယ်အချိန် ဘယ်ကာလကတည်းက ကျွန်ုပ်ကို ရှာဖွေနေကြသလဲ မသိ။ သဝဏ်ဘူးများပင် အနည်းငယ် နွမ်းကြေနေကြပြီ။

အထူးသဖြင့် မယ်မယ် နာမကျန်းရှိသည်ဆိုသည့် သတင်း။

ဓညဝတီ အခွန်ဘဏ္ဍာ လက်ခံသိမ်းယူရမည့် ညီလာခံကို ခေါင်းထဲမှ ထုတ်ပယ်လိုက်ကာ မယ်မယ့်ထံပြန်ရန်သာ ဆုံးဖြတ်သည်။ သဝဏ်ကို နောက်တစ်ကြိမ် ပြန်ဖတ်ကာ ပင့်သက်ရှိုက်မိသည်။

သဝဏ်စေသူမှာ အစ်မတော် ရွှေအိမ်သည် ကိုယ်တိုင်ဖြစ်သည်။ အစ်မတော် ရွှေအိမ်သည်သည် ကျွန်ုပ်၏ မယ်မယ်ကို အရိုးတော်ဟု အမြတ်တနိုး ခေါ်ဝေါ်သုံးစွဲသည်။ အကယ်လည်း ဝရီးတူမများနှယ် မယ်မယ်နှင့် အစ်မတော်တို့ ချစ်ခင်ရင်းနှီးကြသည်။ ပြောကြစတမ်းဆိုလျှင် အစ်မတော်သည် သူ့မယ်တော် အပယ်ရတနာ မိဖုရားကြီးထက်ပင် ကျွန်ုပ်၏ မယ်မယ်အပေါ်တွင် ပို၍ခင်တွယ်သည်။ အရိမဒ္ဒနပူရ တစ်နန်းတော်လုံးတွင် မယ်မယ်အား အနီးကပ် ဂရုစိုက်နိုင်ဆုံးမှာလည်း အစ်မတော် ရွှေအိမ်သည် ဖြစ်လေသည်။

ဆွေးရိပ်သမ်းသော်လည်း အမြဲတမ်း ကြင်နာငွေ့များရှိနေတတ်သည့် အစ်မတော် ရွှေအိမ်သည်၏ မျက်နှာကို မြင်ယောင်လိုက်သည်။ ကျွန်ုပ်ရင်ထဲတွင် နာကျင်သွားသည်။ မထွေးနိုင် မအန်နိုင် ဝေဒနာတစ်ခု ခံစားရသည်။ အစ်မတော် ရွှေအိမ်သည် အမိကွဲများ ဖြစ်သော်လည်း တစ်အူထုံ့ဆင်း မောင်နှမအရင်းများကဲ့သို့ တွယ်တာချစ်ခင်ကြသည့် ကျွန်ုပ်နှင့် အစ်မတော်။ ကျွန်ုပ်အပေါ်၌ သံယောဇဉ်ကြီးသလို မယ်မယ့်အပေါ်မှာလည်း တွယ်တာနိုင်လွန်းသော အစ်မတော်။

ထိုသို့သော အစ်မတော် ရွှေအိမ်သည်မှာပင် အလောင်းစည်သူ၏ မယ်တော်ဖြစ်နေခြင်း။ အို ဒါတွေ မတွေးနဲ့။

"ခရီးစဉ်ကို ဖျက်သိမ်း။ တောင်ခြေစခန်းကို အခုဆင်းမယ်"

**ရတနာပုံစာအုပ်တိုက်**

တောတောင်ကို စွန့်လျက် ထီးရိပ်မြို့ပြသို့ ဝင်ရဦးတော့မည်။

အေးချမ်းတိတ်ဆိတ်သော ပျက္ခယွေတောင်မှသည် ရှုပ်ထွေးဆူညံ၍ သောသောပူသော တတ္တဒေသ၊ တမ္ဗဒီပမြေသို့...

သွေးနံ့ ချွေးနံ့သင်းသော မုဆိုးဖျဉ်သင်တိုင်းကို ချွတ်ကာ ပန်းပေါင်းဆီနံ့၊ ရွှေငွေနံ့တို့ဖြင့် ထုံအီမွှန်းကျပ်စဖွယ် ဇေယျခေတ္တရာ ဝတ်ရုံလွှာကို ဆင်မြန်းရပေဦးတော့မည်။

◆ ◆ ◆

( ၆ )

"ကြည့်စမ်း တကယ့်ကိုတောင်တန်းသားမုဆိုးကြီးတစ်ယောက်ပုံ ပေါက်နေပါရောလား အမောင်ငယ်။ အသားတွေကလည်း နီရဲပြီး ကြေးနီရောင်ထလို့။ မုတ်ဆိတ်ပါးမြိုင်းတွေကလဲ ထူလပြစ်နဲ့"

အစ်မတော် ရွှေအိမ်သည်က အထောက်အကြိုအဖွဲ့နှင့် အတူ သရပါမုခ်ဝသို့ ရောက်နေနှင့်သည်။ တွေ့တွေ့ချင်ပင် ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ တအံ့တသြ ရေရွတ်သည်။ အစ်မတော်၏ အမူ အရာ ပေါ့ပါးရွှင်ပျနေသည်ဖြစ်၍ ကျွန်ုပ်၏ စိုးရိမ်သောကများ အတန်ငယ် ပြေလျော့သွားကြသည်။

"မယ်မယ် သိပ်နာမကျန်း ဖြစ်နေသလား။ အခုကော... အစ်မတော်"

"တူးရှင်းတောင်ခြေက အထောက်အကြိုမြင်းစုတပ် ပြန်ရောက် လာပြီး အမောင်ငယ် ပြန်လာနေပြီဆိုတဲ့ သတင်းကြားကတည်းက အရှိန်တော် ရောဂါဟာ သိသိသာသာကြီး သက်သာသွားခဲ့တယ်။ အရင် ရက်တွေတုန်းကတော့ ရောဂါသည်းခဲ့တယ်လေ"

**ရတနာပုံစာအုပ်တိုက်**

"မယ်မယ် ဘာရောဂါ ကပ်ငြိသလဲ၊ ဟင် အစ်မတော်"

သောသောပူသော ဝတ္ထုဒေသဟု ကျော်ကြားနေသည့် ဤ အရိမဒ္ဒပူရတွင် အပူကဲသော နွေရာသီသမယများ၌ သက်ကြီးရွယ်အို များ အပူလွန်ကဲခြင်းဒဏ်ကို မခံနိုင်သဖြင့် အားအင်များ ဆုတ်ယုတ် ချည့်နဲ့တတ်ကြပေသည်။

"ဇရာပေါ့ကွယ်"

အစ်မတော်၏ လေသံမှာတွေးတွေးဆဆ ရှိလှသည်။ သံဝေဂ ယှဉ်သည့် သုံးသပ်သံမျိုး ဖြစ်သည်။

ဇရာ...ရောဂါဝေဒနာ တစ်ရပ်အဖြစ် အမည်မသတ်မှတ်နိုင် သော်ငြား မည်သည့် ရောဂါဝေဒနာမဆို အချိန်မရွေး ကပ်ငြိနိုင်သည့် ဇရာတည်းဟူသော ယိုယွင်း အိုမင်းခြင်း သဘော။

"အခု မယ်မယ် နန်းဆောင်မှာပဲနော်"

"နန်းဆောင်မှာပါပဲကွယ်။ ဒါပေမယ့် ဒီအတိုင်း အမောင်ငယ် သွားလို့ မရသေးဘူး"

"ဟင် ဘာဖြစ်လို့လဲ အစ်မတော်"

"ကိုယ့်ကိုယ်ကိုယ်လဲ ပြန်ကြည့်ဦးလေ။ ဒီအတိုင်း ဝင်သွားရင် အရှိးတော်ဟာ မထိတ်သာ မလန့်သာနဲ့ သမထီးဒေသမှာ အရည်းရှင် ကြီးတွေ ပြန်ပေါ်နေပြီလားလို့ ထင်သွားလိမ့်မယ်"

အစ်မတော်အား ကျေးဇူးတင်စွာဖြင့် ပြုံးပြလိုက်မိသည်။ သြော် အစ်မတော် ရွှေအိမ်သည်သည် ကျွန်ုပ်တို့ သားအမိ နှစ်ယောက်အပေါ် တကယ်ပင် ဂရုတစိုက် ရှိလွန်းသူပါပေ။

တစ်ချိန်တည်းမှာပင် စိတ်ထဲမှာ မသိုးမသန့် ခံစားလာရပြန် သည်။ အစ်မတော်နှင့် ပတ်သက်၍ ကျွန်ုပ်၏ အပြစ်မကင်း ခံစားမှု ဝေဒနာ။ နှလုံးတွင် သံဆူးကောက်တစ်ချောင်း စွဲဝင်နေသည့်နှယ်။ နာကျင်ပင်ပန်းရသည့် ဝေဒနာမျိုး။

"ကဲ ကဲ သွား၊ အမောင်ငယ့် အမှုထမ်းတွေ အသင့်စောင့် နေကြလေရဲ့။ ရေမိုးသန့်စင်ပြီး ဖြူဖြူဖွေးဖွေး သန့်သန့်ရှင်းရှင်းဝတ်။ ပြီးရင် တစ်ယောက်ယောက်ဆီမှာ စပယ်ပန်းကုံးတွေ တောင်းယူ။

အစ်မတော် စပယ်ပန်းကုံးတွေ အပ်ထားတယ်”

တော်ပါတော့ အစ်မတော်ရယ်ဟု စိတ်ထဲက ဆို့ဆို့နစ်နစ် ပြောမိတော့သည်။ မယ်မယ် စပယ်ကြိုက်မှန်းလည်း အစ်မတော် သိတတ်လှစွာ အဆင်သင့် ပြင်ဆင်ပေးထားချေသည်။

မြင်းဇက်ကို ကလန်တစ်ယောက်ထံပေးလိုက်ရင်း တစ်စုံတစ်ခုကို သတိရလာသဖြင့် အစ်မတော်ကို မေးဖြစ်သည်။

“အမောင်ငယ် ပျက္ခယွေ တောထဲရောက်နေတာ အစ်မတော် ဘယ်လိုလုပ်သိလဲ။ သဝဏ်ယူလာတဲ့ ကလန်အဖွဲ့ဟာ ပျက္ခယွေတောင်ခြေစခန်းကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတယ်”

အစ်မတော်က ပြုံး၍ ဖြေသည်။

“ဘယ်လိုလုပ် သိရမလဲ။ သားစည်သူ သတင်းပေးတာပေါ့ကွဲ့”

မျက်စိမျက်နှာ ပျက်မသွားရအောင် ကျွန်ုပ် မနည်းကြီး ဣန္ဒြေဆည်လိုက်ရတော့သည်။ မလုံမလဲစိတ်ဖြင့် မျက်နှာကို တစ်ဘက်လွှဲလိုက်ရသည်။ ဘုရား ဘုရား။ ကျွန်ုပ်သည် လေညာအရပ်သို့ မျက်နှာမူကာ မြူမှုန့်များကို ဆုပ်ကြဲလွှင့်ပက်လိုက်သော မြူမှုန်တို့သည် အခြားတစ်ပါးသူအား မထိပါးဘဲ ကျွန်ုပ် မျက်နှာ မျက်လုံးများ ဆီသို့သာ လွင့်ဝဲကျရောက်...

“ကဲ သွားတော့ အမောင်ငယ်။ အရီးတော် စောင့်နေရှာတယ်။ သည်သားကို မြင်မှ သူ့ရောဂါ လုံးလုံးလျားလျား ပျောက်မယ်တဲ့လေ”

သရပါမုခ်အတွင်းဘက်မှာ အသင့်စောင့်နေသည့် မြင်းပေါ်သို့ ကျွန်ုပ် တက်လိုက်သည်။ ကျွန်ုပ် မုန်းတီးသော နန်းတော်အဆောင်အယောင်များကို ယခုအချိန်မှစ၍ ပြန်လည် ထိတွေ့ရဦးတော့မည်။ သို့သော် မယ်မယ့်အတွက်ဟု သဘောပိုက်ပြီး လေးလံမှုမှန်သမျှကို တတ်နိုင်သမျှ ခါထုတ်ပစ်ရမည်သာပင်။

◆ ◆ ◆

# ( ၇ )

ကျွန်ုပ်နှင့် ကွဲကွာနေခဲ့သော သုံးလအတွင်း မယ်မယ့်ရုပ်သွင်မှာ မယုံနိုင်လောက်အောင် အိုမင်းသွားချေသည်။ ဇရာသည် မယ်မယ့် မျက်နှာ၊ မယ်မယ့် လက်ဖမိုးများပေါ်တွင် အတိအလင်း တံခွန်လွှင့်ထူထားလေသည်။

စက်ရာပေါ်တွင် လှဲလျောင်းမှေးစက်နေသော မယ်မယ့်ကို ကြည့်၍ ကြေကြေကွဲကွဲ ငေးငိုင်နေမိသည်။ ထူထဲသော ကမ္ဗလာဖုံထက်တွင် မယ်မယ် မှေးစက်နေပုံမှာ နေလောင်ထားသော ရော်ရွက်ခြောက်လေး တစ်ရွက် တင်ထားသည့် အလားပင် စက်ရာခုတင်၏ ရွှေရေးခံပွတ်တိုင် ခြေထောက်များအနီး ထိုင်ချလိုက်ပြီး မယ်မယ့်ကို မနှိုးရက်နိုင် ဖြစ်ရသည်။

"သားသား"

မယ်မယ့် မျက်လုံးများ ဖြည်းညှင်းစွာ ပွင့်လာကြသည်။ လျော့ရဲသော မျက်ခွံတို့ အပွင့်တွင် မှိုင်းဝေသော မျက်ဝန်းအိမ်တို့ ပေါ်လာသည်။

"သားပါ မယ်မယ်"

မယ်မယ့်လက်ကို ကိုင်ကာ ဖွဖွဆုပ်နယ်မိသည်။ ထိုအခါမှပင် မယ်မယ့် လက်ကောက်ဝတ်၌ မည်းနက်သော စိပ်ပုတီးတစ်ကုံး ရှိနေကြောင်း သိရလေသည်။

သွေးရောင်မရှိတော့သော ဖြူလျော့နူတ်ခမ်းများ ပြုံးလာသည်။ ထိုအခါ တောက်ပခြင်းကင်းသော မယ်မယ့် မျက်လုံးများသည် မေတ္တာဓာတ်ဖြင့် ရွှန်းရွှန်းမြမြ ဖြစ်လာကြပြန်လေသည်။

"အဝေးကြီးကို ရောက်နေတာပါပဲလား သားရယ်။ ပြီးတော့ ကြာလည်း အကြာကြီးပါလား၊ ဘာကြောင့်များ တောတွေ တောင်တွေထဲကို ဒီလောက် အစွန်အဖျားသွားရတာလဲ"

"သား ခရီးကျွဲသွားတာပါ မယ်မယ်"

ကျွန်ုပ်၏အဖြေ မလုံလောက်ကြောင်းနှင့် အမှန်မဟုတ်ကြောင်း မယ်မယ် သိဟန်ဖြင့် ခွင့်လွှတ်ပြုံးပြုံးသည်။

"တောင်စဉ်ခုနစ်ခရိုင် သံပျင်မှူးအဖွဲ့ကပင့်တဲ့ သဝဏ်လဲ ရောက်နေတယ်ဆို၊ ညေဝတီမှာ ဘာအရေးများ ပေါ်နေသလဲ...သား"

"အရေးအရာမရှိပါဘူး မယ်မယ်။ အခွန်အတုပ်သိမ်းပွဲနဲ့ သစ္စာတော်ပေး ညီလာခံပါ။ သား မသွားတော့ပါဘူး သံပျင်အဖွဲ့ကို ကိုယ်စားအာဏာသက်ရောက်ဖို့ အမိန့်စာချွန် လွှတ်လိုက်ပါပြီ။ သား... မယ်မယ် နားမှာပဲ နေမှာပါ"

ကျွန်ုပ်၏ လက်ပေါ်သို့ မယ်မယ်က ထပ်၍ အုပ်မိုးဆုပ်နယ်သည်။ မယ်မယ့်လက်များ နွေးထွေးခြင်း ကင်းလှချေသည်။

"သား...ကြီးထွားကြံ့ခိုင်လာလိုက်တာ။ တကယ့်ကို မင်းယောကျာ်းကြီး ဖြစ်နေပါရောလား။ တောတောင်နဲ့ တည့်တယ်ထင်တယ်...ဟုတ်လား။ ကဲ ပြောစမ်း။ သားရဲ့ အမဲလိုက် အတွေ့အကြုံတွေ...

"တခြားအရာတွေ ပြောကြတာပေါ့ မယ်မယ်ရယ်၊ အမဲလိုက် အတွေ့အကြုံဆိုတာဟာလဲ မယ်မယ့်အတွက် အထူးအခန်း ဟုတ်မှာမဟုတ်ဘူး။ မယ်မယ့် အတွေ့အကြုံတွေက ပိုပြီးတော့တောင် သားထက်

ကြွယ်ဝနေတာ မဟုတ်လား”

နှစ်နှစ်ခြိုက်ခြိုက်ပြုံးကာ ကျွန်ုပ်၏ လက်ကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်သည်။ ထို့နောက် မျက်နှာကျက်ဆီသို့ ငေးကြည့်ရင်း...

“အမဲလိုက် အတွေ့အကြုံ။ တောတွင်းဘဝ။ အင်း...ကြာခဲ့ပြီပဲ။ အခုလဲ မယ်မယ်ဟာ အမဲလိုက်နေရတာပဲလေ။ လောကကြီးမှာ အခက်အခဲ အပင်ပန်းဆုံးနဲ့ အကြီးမားဆုံး ခွန်အားအရှိဆုံး။ ပရိယာယ် အကြွယ်ဆုံး သားကောင်ကို မယ်မယ် လိုက်နေရတယ်”

“မယ်မယ် ဘာကို ပြောနေတာလဲဟင်”

“မယ်မယ် အမဲလိုက်နေရတာလေ။ အမဲတောကောင်ကတော့ မယ်မယ် ကိုယ်တိုင်ပဲပေါ့။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး လိုက်လံ ပစ်ခတ်ရတယ်။ အဝိဇ္ဇာ တောနက်ကြီးထဲက သားကောင် မယ်မယ်။ သူ့ကို အမိအရ ပစ်ခွင်းဖို့ ကြိုးစားနေရတာ သိပ်ခက်ခဲတယ်”

“မယ်မယ်ပြောနေတာတွေ သားနားမလည်ပါဘူး၊ ကဲ အခု မယ်မယ် ဘယ်လိုနေသလဲ။ ဘယ်လိုဆေးဝါး ဓာတ်စာမျိုးလိုချင်သလဲ”

“မယ်မယ့်ကို ထူပေးစမ်းသား”

မှီအုံးနှင့် ကမ္ဗလာများကို နောက်ကျောတွင် အခုအခံပြုကာ ထိုင်လျက်သား ရှိစေရသည်။ မယ်မယ့် ခေါင်းအုံးများအောက်တွင် နွမ်းကြေနေသော စပယ်ပွင့်များကို တွေ့လိုက်ရသည်။

“မယ်မယ် အခုသက်သာသွားပါပြီ။အထွေအထူး အမည်တပ်လို့ မရတဲ့ ရောဂါပေါ့ကွယ်။ အသက်ကလဲ ကြီးပြီ မဟုတ်လား။ ဇရာပေါ့”

ဇရာ ကြားရပြန်ပြီ။ ကြောက်စရာကောင်းသော ထိုစကားလုံးမှ ဆင့်ပွားလာမည့် နောက်ဆက်တွဲ ဝေါဟာရများကို ကျွန်ုပ် ဆက် မတွေးရဲ။

“ရွှေအိမ်သည်လေးဟာ သိပ်ကိုမေတ္တာဓာတ်နဲ့ ပြည့်ဝရှာတယ်။ သူတစ်ချိန်လုံး မယ်မယ့်အနားက မခွာဘူး။ သားရဲ့ ခမည်းတော်လဲ လာကြည့်ရှာတယ်။ ခမြာလဲ ခုအချိန်အထိ သူ့ရဲ့ တိုင်းရေးပြည်ရာတွေနဲ့ မအားလပ်ရှာပါဘူး။ အင်း... လူတွေဟာ သူ့အကြောင်းနဲ့သူ ခွင့်လွှတ်နားလည်စရာတွေချည်းပါပဲ သားရယ်”

နာမကျန်းဖြစ်နေသူသည် ကျွန်ုပ်များ ဖြစ်နေသလားဟု အတွေး ရောက်မိလေသည်။ မယ်မယ်သည် ဇရာကြောင့် မအီမသာ ဖြစ်နေရာမှ ကိုယ်လက်နာမကျန်း ရှိခဲ့သော်လည်း ပကတိ နေကောင်းနေသူပင်။

သူ့အကြောင်းနဲ့သူ ခွင့်လွှတ်နားလည်စရာ တွေချည်းပါပဲတဲ့။ မယ်မယ်ကတော့ ပြောနိုင်ပေမည်။ ခွင့်မလွှတ် နားမလည်နိုင်တော့ ကော မယ်မယ် ဘာလုပ်နိုင်မည်နည်း။ မယ်မယ်သည် အသက်အရွယ် ကြီးရင့်ကာ အိုမင်းနေရှာသော မိန်းမကြီးတစ်ဦးပင်။ လောကကြီးကို သူတုံ့ပြန်သော လက်နက်မှာ ခွင့်လွှတ်ခြင်းလက်နက်၊ နားလည်ခြင်း လက်နက်သာ ဖြစ်ရပေမည်။ အို… လက်နက်ပင် မဟုတ်တော့။ မယ်မယ့် ခွင့်လွှတ်နားလည်ခြင်းသည် လွှားကာ တစ်ခုသာ ဖြစ်လေ မည်။

ရွှံ့စေးမြေပျော့တစ်ခုရဲ့ အလုပ်ဟာ ဖိနင်းလာတဲ့အရာ မှန်သမျှ ကို အလိုက်သင့် စင်းခံရင်း အဲဒီဖိနင်းသမျှတွေရဲ့ ခြေရာ လက်ရာများ ထင်ကျန်စေဖို့ တုံ့ပြန်တာသက်သက်ပဲ။ ကျောက်တောင်စွယ်တစ်ခု ကတော့ အဲဒီလို မဟုတ်ဘူး မယ်မယ်ရေ။ သူတို့ ထိခိုက်လာသမျှတိုင်း မီးပွင့်တဖွားဖွား ထုတ်လွှတ်ပြီး ထိခတ်တဲ့ အရာတွေနဲ့အတူ တန်ပြန် တွန်းကန် တိုက်ခိုက်တတ်ကြတယ်။ ရွှံ့စေးမြေပျော့လို မယ်မယ် နေနိုင် ပေမယ့် သားက ကျောက်တောင်စွယ်တစ်ခု။ မယ်မယ့်လို သားမနေနိုင် ဘူး။ နေလည်းမနေအပ်ဘူး။

စိတ်ထဲမှ ပြောနေမိစဉ် မယ်မယ်သည် ကျွန်ုပ်အတွေးကို မျက်စိ တပ်အပ် မြင်သည့်အလား…

"သား ဘာတွေမှ မတွေးနဲ့။ အတိတ်ဆိုတာ အကျဉ်းထောင်နဲ့ တူတယ်။ အတိတ်ကိုတွေးရင်း တွေးသူဟာ အနှောင်အဖွဲ့ထဲ ကိုယ့်ကိုယ် ကိုယ် ထည့်သွင်းလိုက်တာပဲ"

"ကဲ ဒါဖြင့် အနာဂတ်ကို တွေးမယ်ဆိုရင်ကော မယ်မယ်"

"သား တွေးမယ့် အနာဂတ်ထဲမှာ ဘာတွေပါမှာလဲဆိုတာ ပြောဦး လေ"

ကျွန်ုပ်၏ စိတ်ကူးတစ်ခုကို ပြောပြရန် အချိန်သင့်ပြီဟု

သဘောရသည်။

"တောင်စဉ်ခုနစ်ခရိုင်ဒေသမှာပဲ သားနန်းစိုက်မယ်။ ဧဉဝတီမှာ သား မြို့သစ်နန်းသစ်တည်မယ်"

"အေးလေ။ ဒါက သား လုပ်မယ်ဆိုရင် လုပ်နိုင်တဲ့အရာတွေပဲ။ သားဟာ မင်းမဟုတ်လား။ ဇေယျခေတ္တရာဘွဲ့ခံ မင်းပဲလေ။ ကဲပြောစမ်း ဆက်ပြောစမ်း သား"

ကျွန်ုပ်တို့ သားအမိ၏ စကားဝိုင်း အသက်ဝင်လာသဖြင့် ကျွန်ုပ် စိတ်တက်ကြွလာသည်။

"ရက္ခိုင်မျိုးနွယ်တို့ရဲ့ ဓလေ့သဘာဝတွေ၊ ယဉ်ကျေးမှုတွေနဲ့ သား ကိုယ်သား တစ်ထပ်တည်း ဖြစ်အောင်လုပ်မယ်။ ဧဉဝတီ ဖွံ့ဖြိုးစည်ပင်လာအောင် လုပ်မယ်။ ဧဉဝတီ ဘိသေက သဘင် ထပ်ခံမယ်"

"ဟုတ်ပြီ။ သားလုပ်သင့်တဲ့ အရာတွေပဲ။ ဆက်ပြောစမ်း သား"

"အဲဒီလို ဖွံ့ဖြိုးစည်ပင်လာပြီးနောက်မှာ..."

ရှေ့ဆက်ရမည့်စကားအတွက် ကျွန်ုပ် တုံ့ဆိုင်းဆွံ့အသွားရသည်။ စင်စစ်ရှေ့ဆက်ရမည့် အစီအမံတစ်ရပ်ကို ကျွန်ုပ်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း မတည်ဖွဲ့ရသေး။ ထိုအရာသည် လျှို့ဝှက်၍ ကြောက်ဖွယ်ကောင်းသည်။ ပြင်းထန်သည်။ ကြီးမားကျယ်ပြန့်၍ ရှုပ်ထွေးသော အစီအမံများဖြင့် အတိပြီးသည်။ ဆင်၊ မြင်း၊ ရထား၊ လူသူလက်နက်၊ သေနင်္ဂ...

"ပြောလေ သား၊ သားရဲ့ ဧဉဝတီ တောင်စဉ်ခုနစ်ခရိုင်ဒေသကြီး ဖွံ့ဖြိုးစည်ပင်လာပြီးနောက်မှာ ဘာဖြစ်မလဲ။ ဘာဆက်လုပ်မလဲ"

မယ်မယ့်ကို ပြန်မကြည့်ရဲသဖြင့် မျက်နှာလွှဲကာ အသင့်ရှိနေသော စကားတစ်ခွန်းကို ပြောလိုက်ရလေသည်။

"မယ်မယ်လဲ သားနဲ့အတူ ဧဉဝတီမှာ လိုက်နေဖို့ပါ"

ခေါင်းယမ်းလေသည်။ အပြုံးမှာ လေးနက်လွန်းလှသည်။

"မဖြစ်နိုင်ဘူး သားရယ်။ အဲဒီလောက် ခရီးဝေး ခရီးကြမ်းကြီးကို သွားနိုင်လောက်အောင် မယ်မယ့်မှာ ကျန်းမာရေး မပြည့်စုံလှပါဘူး။ တောင်တန်းတွေ၊ မြစ်ချောင်းတွေ အထပ်ထပ်ဖြတ်သွားနိုင်ဖို့ မယ်မယ့်

မှာ ခွန်အား မရှိတော့ဘူး။ မယ်မယ်ဟာ ကြောင်းဖြူတောထဲက သမ္ဘူလ မဟုတ်တော့ဘူး သားရဲ့”

ကျွန်ုပ် ဘာမှ ဆက်မပြောနိုင်။

“အဲဒါက တစ်ကြောင်း။နောက်တစ်ကြောင်းက မယ်မယ်ဒီမှာပဲ အခြေစိုက်နေချင်တယ်။ သက်ရွယ်အိုမင်းသူများဟာ မိမိ ကြီးပြင်းရှင်သန်ရာ ရေမြေဒေသမှာပဲ အသက်ထက်ဆုံး နေသွားချင်တတ်ကြတယ်။ မယ်မယ်လည်း ဒီသဘောပေါ့ကွယ်”

တမ္ဗဒီပမြေပေါ်မှ မယ်မယ် ဘယ်သောအခါမှ ခွာလိမ့်မည် မဟုတ်ဟု ကျွန်ုပ် သဘောပေါက်လိုက်သည်။

“အဲ နောက်တစ်ခုလည်း ရှိသေးရဲ့”

ကျွန်ုပ် နဖူးဆံစပ်ကို ဖွဖွပွတ်သပ်ခါ မယ်မယ်ပြောသည်။

“မယ်မယ် လိုက်ပါနေထိုင်ဖို့ဆိုတာ ထားဦး။ သား ကိုယ်တိုင်ပဲ ဧဝတီမှာ နန်းမြို့သစ် တည်ထောင်နေဖို့ဆိုတာကိုက သိပ်ကို ခက်ခဲတဲ့ ကိစ္စဖြစ်နေတယ်။ ဧဝတီဟာ သားအပိုင်စားရတဲ့ ဒေသ။ တောင်စဉ်ခုနစ်ခရိုင်ဟာ သားရဲ့ အာဏာသက်ပျံ့တဲ့ ဒေသ။ သားဟာ ဧဝတီဆိုင်ရာ မင်းတစ်ပါးပဲ။ ဒါပေမယ့် သားရဲ့ မင်းအဖြစ်ဟာ တမ္ဗဒီပ ဘုန်းရိပ်နဲ့ သီးခြားကင်းလို့ မရဘူး။ မယ်မယ်ပြောတာ နားလည်လား သား။ သားရဲ့ ဧဝတီတောင်စဉ်ခုနစ်ခရိုင်ကို ဖွံ့ဖြိုးစည်ပင်အောင် သားလုပ်ရမယ်။ ဒါပေမယ့် နန်းမြို့စိုက်ပြီး မင်းပြုစိုးစံလို့ မဖြစ်နိုင်ဘူး”

ပြောရင်းဖြင့် မယ်မယ့် လေသံမှာ တက်ကြွလာသည်။ မယ်မယ့် လက်ဖဝါးများလည်း သွေးလှည့် နွေးထွေးလာသည်။ မယ်မယ်သည် ကျွန်ုပ်ထင်သလို စက်ရာထက်မှ သစ်ရွက်ရော်ခြောက်ကလေးတစ်ခု မဟုတ်ချေ။ ကြောင်းဖြူတောထဲမှ သမ္ဘူလသည် မယ်မယ့်သန္တာန်၌ မပျောက်မပျက် ရှိနေဆဲ...

“သား သိပါတယ်ကွယ်။ သံတောင်နဲ့ သေုံးပင်လယ်ဒေသမှာ ဘာဖြစ်ခဲ့သလဲ။ ကျေးကုလားမျိုးစုတွေ ထကြွခဲ့ကြလို့ ကလန်ကြီးငဖီးတို့တစ်တွေ သွားတိုက်ခဲ့ကြရပါရောလား။ အခုစဉ့်ငူဒေသမှာ စစ်ပွဲရ သံ့လွတ်ကျွန်အဖြစ် နေရာချပေးထားတဲ့ သူတွေလေ”

ဇရာကြောင့် မယ်မယ့်အပေါ် အတွေးဖော့မိခဲ့သည်များကို ကျွန်ုပ် တုန်လှုပ်စွာ နောင်တရမိသွားသည်။ မယ်မယ်သည် ကျွန်ုပ် စိတ်ထဲမှ အတွေးများအား ရွှေရေးနံရံပေါ်မှ ကနုတ်ပန်းများကို တပ်အပ်မြင်သလို အထင်အရှား မြင်နိုင်စွမ်းချေသည်တကား။

ကြုံလိုဖျော့တော့ကာ စက်ရာထက်တွင် သစ်ရွက်ခြောက်လေးလို နေသော မယ်မယ့်ရှေ့၌ ကျွန်ုပ်ကလေးသူငယ် ဖြစ်သွားပေပြီ။

“ပြီးတော့ အခုလည်း သတင်းတစ်ခုကြားနေရတယ်။ ရက္ခိုင် ဒေသမှာ သက်မျိုးစုတွေရဲ့ အနွယ်ဖြစ်တဲ့ မင်းကတုံဟာ ပုန်းစားခြားနား ဖို့ လှုပ်ရှားနေသတဲ့။ မင်းကတုံသာ သားလို နန်းတော်ရောက် ဘွဲ့ခံ အာဏာစိုး မင်းတစ်ပါး မဟုတ်ပေမယ့် သက်တွေရဲ့ ခေါင်းဆောင် မဟုတ်လား”

ဘုရား...ဘုရား။ မယ်မယ်သည် ကျွန်ုပ်၏စိတ်ကို ဒိုးယိုပေါက် ဖောက်ထွင်းမြင်နေလေရော့သလား...။

“နယ်စွန်ဒေသ အာဏာစက်ပျံ့ရာ မင်းတစ်ပါးပါး အင်အားကြီး လာပြီဆိုရင် အင်း နန်းတော်ကလဲ ပုန်စားမဲ့သူများလားလို့ မြင်ချင် တတ်တာကွယ့် ဟင်း...ဟင်း”

မယ်မယ်သည် မိဖုရားအိုကြီးတစ်ပါး၊ မိခင်အိုကြီး တစ်ယောက် သာ မဟုတ်။ တိုင်းရေးပြည်ရာ သုခမိန်ကြီးတစ်ပါး ဖြစ်နေပါလား။

မယ်မယ်ရှေ့တွင် ကျွန်ုပ် သေးငယ်သွားနေပြီ ထင်ရသည်။

“ဒီတော့ သားရယ် တို့များ သားအမိနှစ်ယောက် အတူတူ နေနိုင် ကြဖို့ဆိုရာမှာ မယ်မယ့်စိတ်ကူးထဲမှာတော့ အကောင်းဆုံး တစ်နေရာပဲ ရှိတယ်”

“ပြောပါ မယ်မယ်”

“ကြောင်းဖြူတောလေ...။ တို့များရဲ့ နေရာဟောင်းလေ...”

ကြောင်းဖြူတော၊ ရေတံခွန်စခန်း။ လျှိုမြောင် ခင်တန်းများ။ စမ်းအိုင် ချောင်းသွယ်များ။ ပြန့်ပြောစိမ်းမြတောင်ကုန်းနှင့် မြက်ခင်း လွင်ပြင်များ...။ တကယ်ပင် ကျွန်ုပ်သည် ဆယ်နှစ်ကျော် ငယ်ရွယ်သွား သည်ဟု ခံစားလိုက်ရသည်။ ရွှင်ပျမြူးတူးစိတ်က တစ်ကိုယ်လုံးအနှံ့

ပျံ့ရိုက်သွားသည်။

"အို မယ်မယ် တကယ်ပြောတာလား...။ ကြောင်းဖြူတော မှာ တကယ်သွားနေကြမလား ဟင် မယ်မယ်"

"အား...သားရဲ့ မုဆိုးခွန်အားကြီးနဲ့ မညစ်ပါနဲ့။ မယ်မယ်ဟာ ပိန်ချိနေတဲ့ အဖွားကြီး။ မယ်မယ့်အရိုးတွေ ကျိုးကြေကုန်ပါ့မယ်ကွယ်"

မယ်မယ့် လက်မောင်းနှင့် ပခုံးတို့ကို ကျွန်ုပ် လွှတ်ပေးလိုက် ရသည်။

"မယ်မယ် ခုထက်ပိုပြီး ကြံ့ခိုင်လာအောင် ဂရုစိုက်မွေးမြူလိုက် ဦးမယ်။ မယ်မယ်ကောင်းကောင်း ကျန်းမာလာတော့ သွားကြတာပေါ့။ နေရာဟောင်းလေးတွေလေ။ ရေတံခွန်စခန်းမှာ သားကို ရေကူးသင်ပေး တဲ့ နေရာ။ ဥဒေါင်းတွေ မြူးတွန်တဲ့တောစပ်။ ပြီးတော့ ဝရီးဖပုပ္ပားရဲ့ ကျောက်ဂူ၊ သားကို လေးအတတ် စသင်ခဲ့တဲ့ ခင်တန်းတောအုပ်..."

ကျွန်ုပ်၏အတွေးထဲ၌ ပေါ်လာသော ရုပ်ပုံများကို မယ်မယ် က အတိအကျ စကားလုံးတပ်ကာ ရွတ်ဖတ်နေသည်။

ပျော်ရွှင်ပေါ့ပါးစွာဖြင့် မယ်မယ့်ကို ကျွန်ုပ်ကျီစယ်ချင်လာသည်။

"စောစောက မယ်မယ်ပြောတော့ ကိုယ့်ကိုယ်ကိုယ် အတိတ် ဆိုတာ အကျဉ်းထောင်ဆို။ အတိတ်အကြောင်းတွေးရင်း ကိုယ့်ကိုယ်ကို အနှောင်အဖွဲ့ထဲ ထည့်လိုက်တာပဲဆို။ အခု မယ်မယ်က အတိတ်ဆီကိုမှ တည့်တည့်ကြီး ပြန်သွားနေပါရောလား...ဟင်"

မယ်မယ် ပြုံးလျက် ပြန်ဖြေသည်။

"အတိတ်နှောင်အိမ်မျိုးရှိတယ် သားရဲ့၊ ကြမ်းတမ်းနိုပ်စက်တဲ့ သံနှောင်အိမ် အတိတ်မျိုးတစ်ခု။ နူးညံ့လွတ်လပ်တဲ့ ပိုးချည်နှောင်အိမ် အတိတ်မျိုးကတစ်ခု။ အခု မယ်မယ်တို့ရဲ့ ကြောင်းဖြူတောက ဒုတိယ အမျိုးအစား။ ရုန်းမထွက်သာသေးချိန်မှာတော့ သက်သာပေါ့ပါးတဲ့ နှောင်အိမ်မျိုးပဲ ရွေးရမှာပေါ့သားရယ်...ဟုတ်လား"

တင်းမာနေသော ကျွန်ုပ်၏ အကြောအချဉ်များသည် ပြေလျော့ သွားသည်။ ကာလအတန်ကြာ ပျောက်ဆုံးနေခဲ့သော အရာတစ်ခု ဝင်ရောက်လာသည်။ ထိုအရာမှာ နှစ်ခြိုက်ရွှင်ပျစွာ ရယ်မောခြင်း

ဖြစ်သည်။

ကျွန်ုပ် ပျော်ရွှင်စွာရယ်ရင်း ပြောလိုက်သည်။

"မယ်မယ် နေကောင်းအောင်ကြိုးစား။ သရပါမုခ်က ထွက်တာနဲ့ မယ်မယ့်ကို သားပခုံးပေါ်ထမ်းပြီး ကြောင်းဖြူတောအထိ အရောက် ပြေးသွားမယ်"

"အေးပေါ့။ ဒီတစ်ခါ သားအလှည့် ဖြစ်ရမှာပေါ့။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ဆယ်ငါးနှစ်တုန်းက မယ်မယ်က သားကို ခါးထစ်ခွင် ချီလိုက် ကျောပိုးဖျင်ထဲမှာ ထည့်လိုက်နဲ့ ခေါ်ခဲ့ရတာ မဟုတ်လား"

"အို မယ်မယ်ရယ်"

အတော်ပင် ကျွန်ုပ် ကလေးငယ် ဖြစ်သွားတော့သည်။

◆ ◆ ◆

## ( ၈ )

တဝေါဝေါကျသောရေတံခွန်ကြီးတစ်ခုကို မြင်ရသည်။ ရေတံခွန်အောက်ခြေတွင် ရေစက်ရေမှုန်တွေ ခြောင်းခြောင်းကျလို့နေကြသည်။ ထိုနေရာမှာ လေးကိုင်း သက်တန့်တစ်ခု လှပစွာ ရောက်ရှိနေသည်။ လှလိုက်တဲ့ သက်တန့်။ ရေတံခွန် အနီးတစ်ဝိုက်က ရောင်စုံပန်းတွေနှင့် သက်တန့်ကိုင်းကြီးတို့ ဘယ်သူ့ဘယ်သူမှ မနိုင်ကြ။

ရေတံခွန်အောက်ခြေတစ်ဝိုက်က ကျောက်တုံးကျောက်ဆောင်တွေလည်း လှနေကြသည်။ ရေညှိမတက်။ နီညိုရောင်။ ပြာနုရောင်။ ဖြူဝါရောင်။ ချောချောမွတ်မွတ် ကျောက်တုံးတွေမှာ ဗလုံထိုး ငွေ့ဝိုက်စီးပတ်နေသည့် ရေကြည်ကြည်တိမ်တိမ်တွေထဲ၌ အရွယ်ရွယ်အစားစားလိပ်တွေ ဝပ်နေကြသကဲ့သို့ပင်။

ကျောက်ဆောင်လေးတစ်ခုဘေးမှာ မျက်နှာပြင် ပြန့်ပြူးသောကျောက်ဖျာကြီး တစ်ချပ်ရှိသည်။ ကျောက်ဖျာကြီးက တစ်ဘက်နိမ့်တစ်ဘက်မြင့် ခပ်စောင်းစောင်းကလေးဖြစ်သည်။ မြင့်တက်နေသောခေါင်းရင်းပိုင်းမှာ နေရောင်ထိုးချိန်တွင် အရောင်တွေ တောက်နေသည်။

နိမ့်လျှောသွားသော ဟိုဘက်ပိုင်းက ရေထဲမှာ တစ်ပိုင်းတစ်စ မြုပ်နေသည်။ ထိုကျောက်ဖျာကြီးသည် နေပူစာလှုံဖို့ အကောင်းဆုံးနေရာ...။

ကောင်လေးတစ်ယောက် ထိုကျောက်ဖျာကြီးပေါ်မှာ နေပူစာလှုံနေသည်။

ကောင်လေးမှာ တကယ့် ငယ်ငယ်သေးသေးကလေး ဖြစ်သည်။

သို့သော် ဆံပင်နီကြန်ကြန်တွေက ရှည်လျားကြမ်းတမ်းသည်။ နဖူးပေါ်မှာ အုပ်မကျစေရန် ဆံပင်တွေကို ကြိုးနီစလေးဖြင့် စည်းထားသည်။ သူကိုယ်ကြပ် ဝတ်မထား။ နက်ပြာရောင် ဖျင်သင်တိုင်းတို အောက်မှာ ဗလာကိုယ်ထီး ရှိသည်။ ဒူးဆစ်အောက် ရောက်သော ခါးစည်းအနားမှာ ရေတွေစိုနေသည်။ ကောင်လေးမှာ ခြေဝတ်လည်း မပါ။

ကောင်လေးအနားမှာ ပလိုင်း မပြည့်တပြည့် ငါးတွေ ရှိသည်။

ကောင်လေးလက်ထဲမှာ သေးငယ်လှပသော လေးတစ်စင်း ကိုင်ထားသည်။ သူ့လက်ထဲ လေးကိုတစ်လှည့်၊ ရေတံခွန်အောက်ခြေက သက်တန့်ကွေးကြီးကို တစ်လှည့် ကြည့်ရင်း ကောင်လေးသည် လေးကို တဆဆလုပ်နေသည်။

မြားကျည်တောက်ကလေးကလည်း တကယ့်ကို သေးသေးလေး ဖြစ်သည်။ သို့သော် ကျည်တောက်ထဲက မြားသုံးလေးစင်းမှာတော့ အမြီးငှက်မွေး လှပစွာ။

လေးကို ကိုယ်တွင်လွယ်လိုက်ပြီး ကောင်လေးသည် မလှမ်းမကမ်းရှိ ရေစင် ကျောက်တုံးတစ်ခုဆီသို့ လှမ်းကြည့်သည်။ သူ့မျက်လုံးများမှာ ထက်သန်ခြင်း၊ တက်ကြွခြင်း၊ စိတ်ဝင်စားခြင်းများဖြင့် တောက်ပနေသည်။

ကောင်လေးလှမ်းကြည့်လိုက်သော ကျောက်တုံးပေါ်မှာ မိန်းမတစ်ယောက်။

ကောင်လေးလိုပင် ဆံပင်တွေက ရှည်လျားနီကြန် သန်မာလှသည်။ ခါးနေရာထိ ဖရိုဖရဲ ပြန့်ကျနေသော ဆံပင်ဖျားမှာ ရေစိုနေသည်။ ရွှေကွဲ သင်တိုင်းရင်ဝတ်မှာ အညိုရောင်ဖြစ်ပြီး ခပ်ပွပွ

ရှိသည်။ ထဲနှီး ကိုယ်ကြပ်အတွင်းခံက ရေညှိရောင် တောက်နေသည်။ ခါးစည်း ထဘီနှီးမှာ ရေတွေစိုရွှဲကာ ကိုယ်တွင် ကပ်နေသည်။ သင်တိုင်း လက်အနားတို့ လေအဖေ့တွင် ဖြတ်ဖြတ်လှုပ်သွားသည်။

လှုပ်ရှားမှုဆို၍ ထိုတစ်နေရာတည်းသာ ရှိသည်။ မိန်းမသည် ကျောက်တုံးပေါ်တွင် ခြေကုပ်ရပ်လျက် မလှုပ်မရှား တည်နေသည်။ မိန်းမလက်ထဲမှာ မိန်းတစ်ချောင်း စွဲကိုင်ကာ ထိုးအံ့အနေအထားဖြင့် ရေထဲသို့ ချိန်ရွယ်လျက် ပကတိ မလှုပ်မယှက်ရှိသည်။ ကျောက်ဆောင်တွေအလယ်၊ ကျောက်တုံးတွေပေါ်က ကျက်သရေရှိသော ကျောက်ရုပ်တစ်ရုပ် အလားပင် ဖြစ်သည်။

တစ်အောင့်တမောအကြာတွင် မိန်းမ၏ လက်ထဲမှ မိုန်းသည် ရေထဲသို့ စွပ်ခနဲ ကျသွားသည်။ ဖလပ်ဖလပ် မြည်သံပေါ်လာသည်။ ရေထဲမှ ပြန်နှုတ်ဆယ်လိုက်သော မိုန်းဖျားတွင် ငါးတစ်ကောင်ပါလာသည်။ မိန်းမသည် မိုန်းသွားမှ ငါးကို ဆွဲမဖြုတ်ဘဲ မလှမ်းမကမ်းရှိ ကျောက်ဖျာပေါ်မှ ကောင်လေးသေးသေးလေးထံသို့ မိုန်းကို လွှဲလျက် ပစ်ပေးလိုက်သည်။ ငါးသည် ရေမှုန်တို့ လွင့်နေသော လေထဲ၌ဝဲကာ ကျောက်ဖျာထက်သို့ ကျသွားသည်။ ကောင်လေးက ငါးကို ကောက်၍ ပလိုင်းထဲထည့်လိုက်သည်။ မိန်းမကား နောက်ကျောက်တုံးတစ်ခုပေါ် ကူးသွားပြီး မလှုပ်မယှက် တည်နေပြန်သည်။

ကောင်လေးသည် ကျောက်တုံးပေါ်မှ မိန်းမကြီးကို လှမ်းကြည့်ရင်း သူပါ မလှုပ်မယှက် တည်ငြိမ်သွားသည်။ သူ မြင်တွေ့နေရသော သဏ္ဌာန်သည် လောကတွင် ကျက်သရေအရှိဆုံးဖြစ်သည်။

လေးကိုင်းကွေးသက်တန့်ကြီးကိုနောက်ခံပြုလျက်ခြောင်းခြောင်းထ ရေမှုန်ရေမွှားတွေ အလယ်မှာ ထိုးထွက်လျက်။ ဆံပင်တွေ ရေရွှဲစိုလျက်၊ နေခြည်အကျတွင် လက်မောင်းအိုးများ၊ လက်ဖျံများက ကြေးနီရောင်တောက်လျက် မိုန်းကိုကိုင်စွဲ ချိန်ရွယ်ရင်း ရေပြင်ဆီမှ မခွာစတမ်း မလှုပ်စတမ်း အစွဲအမြဲ ရပ်တည်စူးစိုက် ကြည့်လျက်...

ကျက်သရေအရှိဆုံး၊ အကြီးကျယ်ဆုံး၊ အလှပဆုံး၊ အားကိုးအားထားဖွယ် အကောင်းဆုံး၊ မိန်းမကြီး၏သဏ္ဌာန်...။ မယ်မယ်။

**ရတနာပုံစာအုပ်တိုက်**

မယ်မယ့်၏ ထိုရုပ်သွင်ကို ကျွန်ုပ် အမြဲလိုလို ပြန်မြင်ယောင်သည်။ ကြောင်ဖြူတော ရေတံခွန်စခန်းအကြောင်း အတိတ်ကာလကို တွေးမိသည့်အခါတိုင်း မှိန်းဆွဲကာ ငါးထိုးရန် ချောင်းမြောင်းချိန်ရွယ်နေသော မယ်မယ့်အသွင်သည် ကျွန်ုပ်၏ သန္တာန်ထဲ၌ ထင်ရှားစွာ ပေါ်လာတတ်သည်။ မမေ့မပျောက် စကောင်းသော မြင်ကွင်း…

"သားက ငယ်ငယ်ကလေးကတည်းက သိပ်အမှတ်သညာကြီးတာ"

မယ်မယ် ပြောပြတိုင်း ဤဝိသေသသည် အမြဲပါတတ်သည်။

"မယ်မယ် ငါ ချောင်းနေချိန်မှာ ဟိုဘက်ကျောက်ဖျာပေါ် သားကို နေစာလှုံရင်း စောင့်ခိုင်းထားရမယ်။ အစကတော့ ကလေးပီပီ သားက အော်ဟစ်ပျော်ရွှင်နေတာပေ့ါ။ ရေတံခွန်စခန်းကို သားက သိပ်သဘောကျတာကလား။ ရေတံခွန်စခန်းရောက်ရင် သားဟာ ထိန်းမနိုင်သိမ်းမရ ပျော်ပြီးဆော့တော့တာပဲ။ ကမ်းပါးချောက်တောထဲက ချောက်တွေကို ခဲနဲ့ လှမ်းပစ်လိုက် ရေထဲမှာ တဝုန်းဝုန်း ကူးခတ်လိုက် ကျောက်တုံးတွေပေါ် ခုန်ကျော်ပြေးလိုက် လိပ်ပြာတွေ ဖမ်းလိုက်နဲ့ ဘယ်လိုမှ ထိန်းမရဘူး"

ခုန်ပေါက်မြူးတူးနေသော ကလေးငယ်ကို ကျွန်ုပ်ပြန်မြင်သည်။

"သား ဆူဆူညံညံ လုပ်နေတော့ ငါးက မရတော့ဘူးလေ။ ဒါကြောင့် တတိယအခေါက်မှာ သားကို မယ်မယ်က သားဟာ မယ်မယ့်အလုပ်ကို ဖျက်ဆီးရာ ရောက်နေပြီ။ သားဒီကိုလုပ်နေရင် မယ်မယ် ဘာမှ လုပ်လို့မရတော့ဘူး။ ငါးလည်း တစ်ကောင်မှရမှာ မဟုတ်ဘူး။ မယ်မယ့်ကို ကူညီတဲ့အနေနဲ့ သား ငြိမ်ငြိမ်လေးနေပါလို့ ငေါက်လိုက်ရတယ်"

လောကတွင် တုယှဉ်နိုင်းဖက်မဲ့ အကောင်းဆုံး ပုံပြင်တစ်ပုဒ်ကို ကျွန်ုပ် နားထောင်နေရသည်နှယ်။

"အဲဒီလို အငေါက်ခံလိုက်ရတဲ့ အချိန်မှာ သားမျက်လုံးတွေ ဝိုင်းသွားတယ်။ မယ်မယ် စိတ်တိုနေတာကို သိသွားတဲ့ သားဟာလည်း မျက်နှာလေးညှိုးသွားတယ်။ ဒီနောက်မှာ ဘာမှ မပြောတော့ဘဲ

ကျောက်ဖျာပေါ် သွားထိုင်နေတယ်။ ကျောက်တုံးတစ်တုံး ချထားတဲ့ အတိုင်းပဲ။ တကယ့်ကို မလှုပ်မရှား။ အသံလည်း မပြုဘူး။ လိပ်ပြာလေး တွေ သားခေါင်းပေါ် ပခုံးပေါ် လာနားတာတောင် သား မောင်းမထုတ် ဘူး။ အတင့်ရဲတဲ့ မျောက်အချို့က ကမ်းပါးချုံနွယ်ကနေ ဆင်းလာပြီး သားကို သဖန်းသီးတွေနဲ့ ပေါက်တယ်။ သားကပေခံတယ်။ ပြန်လှုပ်ဖို့ ဝေးရော ခြေတွေ လက်တွေကို တုပ်ထားတဲ့အတိုင်း မလှုပ်မခြောက်နေခဲ့ တယ်။ မယ်မယ်က သားအသံမပြုရင် မဆူရင် တော်ပါပြီကွယ်။ အဲဒီ လောက်ကြီး မတုန်မလှုပ် ကျောက်တုံးလို နေစရာမလိုပါဘူး။ ပြောတာ တောင် မရဘူး။ သားက အဲဒီလောက်အမှတ်သညာကြီးတာ"

"မယ်မယ့်ကိုချစ်လို့ မယ်မယ့်ကို ကြောက်လို့ မယ်မယ့်စကား နားထောင်တာနေမှာပေါ့ မယ်မယ်ရယ်"ဟု ကျွန်ုပ်က ပြန်ပြောမိ သည်။

မယ်မယ်က ခေါင်းယမ်း၍...

"မဟုတ်ဘူး သားရဲ့ သားကအမှတ်သညာကို ကြီးတာ။ တစ်ခုခု သားစိတ်ထဲမှာ စွဲဝင်သွားပြီဆိုရင် အဲဒီအတိုင်း မရွေ့မတိမ်းမှတ်တော့ တာ။ ဘယ်တော့မှ မသွေဖီတော့ဘူး။ သားဟာ အရွယ်နဲ့ မလိုက်အောင် အဲဒီလိုအခါမျိုးတွေမှာ ဣန္ဒြေကြီးနဲ့ ဖြစ်သွားတာ။ ရေတံခွန်စခန်းမှာ ငါးထိုးတဲ့ ဖြစ်ရပ်လို အလားတူဖြစ်ရပ်တွေ အများကြီး။ အင်း...တစ်ခု မယ်မယ့် ခေါင်းထဲပေါ်လာပြီ။ ဝရီး ဖပုပ္ပားက သားကိုလေးပစ်သင်ပေး တုန်းကလည်း တစ်ခါ မှတ်မှတ်ရရပဲ"

သဉ္ဇာလီခန်း၏ လေသာပြတင်းကျယ်ကြီးမှ တစ်ဆင့်လှမ်းမြင် နေရသည့် အရိမဒ္ဒနပူရ ကောင်းကင်ပြာကြီးနှင့် ရွေ့လျားစီးမျောနေ သော တိမ်မျှင်စများသည့် ကြောင်းဖြူတောမှ ရှင်းပြန့်သော တောင်ကုန်း ဆင်ခြေလျှော မြက်ခင်းပြင်အဖြစ်သို့ ကူးပြောင်းသွားလေသည်။

လေတဟူးဟူးတိုက်နေသော ထိုမြက်ခင်းပြင်ပေါ်တွင် ရှည်လျား သော ဆံပင်နီကြန်ကြန် ကောင်လေးရပ်နေသည်။ ကောင်လေး၏ လက်ထဲမှာ လေးတစ်စင်းကိုင်ထားသည်။ ညို့မှာလည်း မြားတစ်စင်း အသင်းတပ်ထားသည်။ လေးကိုင်းသည် ကောင်လေးနှင့် စာလျှင်

အနည်းငယ်ကြီးနေသည်။ ကောင်လေး၏ ဆံပင်များက လေထဲမှာ ဖရိုဖရဲ လွင့်နေသည်။

ကောင်လေးအနီးတွင် အိုမင်းသော လူကြီးတစ်ယောက် ရပ်နေသည်။ အရပ်ရှည်ရှည် ခါးကိုင်းကိုင်း ထိုအဘိုးအိုသည် သစ်ခေါက်ဆိုးသင်တိုင်းကို ဝတ်ထားသည်။ ပခုံးပြတ် ဖျင်ကိုယ်ကြပ်မှာလည်း သစ်ခေါက်ဆိုးပင်ဖြစ်သည်။ အဘိုးအို၏ ငွေရောင်ဆံပင်များသည်ထိပ်အလယ်တွင် ဆံထုံးပုံ့ပုံ့ရှိနေပြီး နဖူးစပ်၊ နားထင်စပ်များတွင် ဆံဖြူများ ဖွာရရာကျဲနေသည်။

ကောင်လေးက မြားတပ်ပြီး လေးကို မြှောက်ချိန်လိုက်သည်။ မလှမ်းမကမ်းတွင် စက်ကွင်းတစ်ခုရှိသည်။ ညို့ကို ပါးပြင်အနားကပ်၍ ငင်ပြီး မြားလွှတ်လိုက်သည်။ မြားတံသည် တဟူးဟူး တိုက်နေသော လေအဟုန်ထဲတွင် ဒယီးဒယိုင် ပျံသန်းသွားကာ စက်ကွင်း၏ အနားရေးတွင် ဝင်စိုက်တော့သည်။ ကောင်လေး စိတ်ပျက် လက်ပျက် ဖြစ်သွားစဉ် အဘိုးအိုက ရယ်မော၍ လေထဲသို့ လက်ညှိုးထိုးပြလိုက်၊ လက်ကို ဇော့ယမ်းပြလိုက်ဖြင့် တစ်စုံတစ်ခု ပြောနေသည်။ ကောင်လေး၏ မျက်နှာမှာ မကြည်မလင်။

"သား မှတ်မိပြီ မယ်မယ်။ ဘိုးက အဲဒီတုန်းက လေတိုက်နှုန်းအကြောင်းရှင်းပြတယ်။ လေအရှိန်နှုန်းကို တွက်ဆပြီး မြားကို လွှတ်ရမယ်။ သားဟာ စက်ကွင်းဗဟိုကိုချိန်ပြီး ဒီအတိုင်း ညို့လွှတ်တာဆိုတော့ လေအဟုန်ကြောင့် လမ်းခုလပ်မှာပဲ မြားတံဟာ လမ်းကြောင်း တိမ်းသွားတယ်။ ဟုတ်တယ်။အဲဒီလိုပြောပြီး ဘိုးက သားလက်ထဲက လေးကို ယူ သူကိုယ်တိုင် ပစ်ပြတယ်"

အဘိုးအိုက စက်ကွင်းသို့ မချိန်ရွယ်ဘဲ လေညာဘက်ဆီ ခပ်စွေစွေ မြှောက်ချိန်သည်ကို ကလေးငယ်က စူးစိုက်ကြည့်နေသည်။ အဘိုးအို ညို့ကို လွှတ်သည်။ မြားသည် လေဆန်ထက် ပြန်သွားပြီးမှ လေစုန်ပြန်စီးလာကာ စက်ကွင်းဗဟိုကို စက်ဝိုင်းထဲသို့ လှပစွာ စွဲဝင်သွားလေသည်။

အဘိုးအိုက ပြုံးလျက် လေးကို ကလေးငယ် လက်ထဲပြန်ထည့်

သည်။ ပါးစပ်မှလည်း တတွတ်တွတ်ပြောသည်။ ကလေးငယ်၏မျက်နှာမှာ သုန်မှုန်နေသည်။ စိတ်ရှုပ်ထွေးသော သည်းခံအောင့်အည်းနေရသော အသွင်မျိုး။

ခဏအကြာတွင် ကလေးသည် ညှို့တွင် မြားတစ်စင်းတပ်ပြန်သည်။ မြှောက်ချိကာ ချိန်ရွယ်သည်။ အဘိုးအိုက မနားတမ်း ပြောနေသည်။ သို့သော်...

"မှတ်မိတယ် မယ်မယ်။ ဘိုးက လေတိုက်နှုန်းနဲ့ လေအရှိန်ကိုတွက်။ မြက်ပင်ဖျားတွေ လေထဲမှာ လွင့်ခါနေတာကို ကြည့်လို့ တတွတ်တွတ် ပြောနေပေမယ့် သားစိတ်ထဲမှာ စက်ကွင်းကိုပစ်တာ၊ စက်ကွင်းမချိန်ရဘဲ လေညာဆီ စွေစောင်းချိန်ရွယ်ရမယ်ဆိုတာကြီးကို ဘဝင်မကျနိုင်ဘူး။ သားရဲ့လက်နဲ့၊ မျက်စိဟာ စက်ကွင်းဆီကိုပဲ ရောက်ရောက်သွားတယ်...။ ပစ်မှတ်ရှိရာကိုပဲ တည့်တည့် ချိန်ရွယ်ချင်တယ်။ ဘိုးဘယ်လောက်ပဲ အနားကနေ ကပ်ပြောပြော သားဟာ သူပြောသလိုမဟုတ်ဘဲ စက်ကွင်းဆီကိုသာ တည့်တည့် ချိန်ရွယ်ပြီး လွှင့်ခဲ့တယ်"

မြားသည် ပထမမြားထက် ပို၍ပင် ဆိုးသွားသည်။ ညှို့အလွှတ်တွင်မှ ပို၍ အရှိန်ပြင်းလာသော လေပြင်းတစ်ချက်ကြောင့် မြားတံသည် ဖရိုဖရဲပျံသန်းကာ စက်ကွင်းအနားရေးသို့ စောင်းစောင်းရွဲ့ရွဲ့ သွား၍ စိုက်သည်။

အဘိုးအိုက တဟားဟား ရယ်သည်။ ကလေး၏မျက်နှာမှာပို၍ စူစူဆောင့်ဆောင့်ဖြစ်သွားသည်။ နောက်ထပ် မြားတစ်စင်း လွှတ်ပြန်သည်။ လေအဟုန်တွင် ဖရိုဖရဲဝဲလျက် စက်ကွင်းအပြင် ဝန်းတွင် အရုပ်ဆိုးစွာ စွဲပြန်သည်။ နောက်ထပ် တစ်စင်း၊ နောက် တစ်စင်း။

"အဲဒီတုန်းကတော့ သားဘယ်သိမလဲ မယ်မယ်။ စက်ကွင်းကို ပစ်စိုက်တာဟာ စက်ကွင်းကိုပဲ ချိန်ရွယ်ရမှာပေါ့လို့ ဇွတ်ပေခံပြီး ခေါင်းမာခဲ့တယ်။ သားရဲ့ မြားတံတွေဟာ ပိုပိုပြီး လွဲချော်ကုန်တယ်။ စက်ကွင်းကိုတောင် မထိတော့ဘဲ အောက်ကို စိုက်ဝင်သွားတာတွေရှိတယ်။ အင်း ဟုတ်တယ် မယ်မယ်။ မိမိရည်ရွယ်ရာ ပစ်မှတ်ကို ပစ်လွှတ်တာဆိုပေမယ့် လေတိုက်နှုန်း၊ လေအဟုန်၊ စက်ကွင်းနဲ့ အကွာ

အဝေး၊ မြားတံ တိမ်းစောင်းသွားမယ့် အရှိန်အလျဉ်။ ဒါတွေကို သား ဘယ်တွက်တတ်မလဲ။ ဘိုး ပြောပြနေပေမယ့်လဲ သားစိတ်ထဲက အဲဒီ လိုကို မတွက်ချင်ဘူး။ မြားတံကို မလွှတ်ချင်ဘူး…”

မယ်မယ်က ကျွန်ုပ်၏ ဆံစများကို အသာအယာ ပွတ်သပ်လျက် ပြောသည်။

“အဲဒါဟာ သေနင်္ဂ သဘောတွေပေါ့ကွယ်။ ဒါပေမယ့် အဲဒီညဉ့် က နံနက်လင်းအားကြီးမှာ မယ်မယ် ရေခပ်ဖို့ထတော့ သားကို စက်ရာ ထဲမှာ မတွေ့ဘူး။စိတ်ပူပြီး သားကို ဝရီးဖပုပ္ပားနဲ့ မယ်မယ်တို့ လိုက်ရှာကြ တယ်။ သားမှတ်မိရဲ့လား…။ သားကို စက်ကွင်းလေ့ကျင့်တဲ့ မြက်ခင်း ပြင်မှာ တွေ့ခဲ့ကြတယ်။ သားတစ်ကိုယ်လုံး နှင်းတွေရွှဲရွှဲစိုလို့။ စက်ကွင်း အနီးနားတစ်ဝိုက်နဲ့ စက်ကွင်းပေါ်မှာလဲ မြားတွေ အစင်းပေါင်းများစွာနဲ့။ သားမခံချင်စိတ်နဲ့ တစ်ညလုံးလုံး လေ့ကျင့်နေခဲ့တာကလား။ မယ်မယ် မသိအောင် စက်ယာထဲက ထသွားပြီး မြက်ခင်းပြင်ထဲ သွားလေ့ကျင့်နေ တာလေ။ ခိုက်ခိုက်တုန်နေတဲ့ သားကို မယ်မယ် အတင်းပွေ့ပြီး ခေါ်ခဲ့ရ တယ်။ သားရဲ့ ဘိုးကတော့ တအံ့တသြနဲ့ ရယ်လို့ပေါ့။ သားဟာ အဲဒီ လောက် သညာကြီးတယ်။ မခံချင်စိတ်များတယ်။ အရှုံးနဲ့ လွဲချော်မှု ဆိုတာကို တစ်စက်ကလေးမှ လက်မခံနိုင်တဲ့ သားရဲ့ စိတ်ဓာတ်”

သညာကြီးတယ်။ မခံချင် စိတ်များတယ်။ အရှုံးနဲ့ လွဲချော်မှု ကို တစ်စက်ကလေးမှ လက်မခံနိုင်တဲ့ သားရဲ့ စိတ်ဓာတ်… မယ်မယ့် စကားလုံးများသည် ကျွန်ုပ် နားထဲတွင် အထပ်ထပ် မြည်နေသည်။ ဟေ့… ရာဇကုမာရ်… မင်းဟာ ငယ်ငယ်ကလေး ကတည်းက အဲဒီလို သန္ဓေဗီဇ ရှိခဲ့တဲ့ သူလေ။ မင်းကိုယ်မင်း သိရဲ့လား…ဟူသော အသံတစ်သံကိုလည်း ကြားရသည်။ ထိုအသံသည် ပြင်ပမှလာသော အသံမဟုတ်။ ကျွန်ုပ်၏ ရင်ထဲမှ အသံ။

ကြည်စင်သော ကောင်းကင်ပြင်တွင် တိမ်မဲတစ်အုပ် ဖြတ်သွား သလို ငယ်စဉ်တောင်ကျေးဘဝကို မယ်မယ်နှင့်အတူ လွမ်းတကြည်နူးစွာ မြင်မက်နေသော ငယ်အိပ်မက် ကြည်နူးမှုသည် ညှို့ခနဲ ဖြစ်သွားသည်။

မှိုင်းမှုန်အုံ့ဆိုင်းသွားသော ဝေဒနာကို မခံယူချင်။ မကျန်းမာလှ

သော မယ်မယ့်အနီးမှာနေရင်း မယ်မယ်နှင့်အတူ အတိတ်လွမ်းစကား တွေကိုသာ ပြောဆိုနေချင်သည်။ ထို့ကြောင့် ထိုအတွေးများကို ခေါင်းထဲမှ ဖယ်ထုတ်လိုက်ရသည်။

မယ်မယ့်အဆောင်တွင်းရံရွေအချို့က ကညင်ဆီမီးတိုင်များကို ယူလာကြသည်။ သစ်စေးနံ့နှင့် ပန်းပေါင်းနံ့ကြိုင်လှောက်သော မယ်မယ့် နန်းဆောင်အတွင်းမှာ အမှောင်သမ်းနေပေပြီ။ ညနေခင်းသည် တစ်စ တစ်စ အိုမင်းလာပေပြီ။ အပြင်ဘက်၌ အိပ်တန်းပြန် ဗျိုင်းတို့ကိုပင် တွေ့နေရပေပြီ။

"သား ဒီမှာပဲ ညနေစာစား။ ငါ့အတွက်တော့ ယာဂုပဲ ယူခဲ့ကြ ကွယ်"

မယ်မယ်က ရံရွေများကို လှမ်းအမိန့်ပေးရင်း ကျွန်ုပ်ဘက်လှည့်၍ ယဲ့ယဲ့ပြုံးပြသည်။

"အသက်အရွယ် ကြီးရင့်အိုမင်းလာတော့ ဝမ်းတွင်း မီးအား မကောင်းတော့ဘူး သားရဲ့။ မယ်မယ် ညနေဘက်ဆိုရင် ယာဂုပဲ သောက် တော့တယ်။

မီးတိုင်အလင်းများကြောင့် နန်းဆောင်ထဲမှာ အမှောင်ရိပ်တို့ ပျောက်သွားကြသည်။ မီးရောင်တွင် တွေ့နေရသော မယ်မယ့် မျက်နှာ မှာ အမှောက်တစ်ဝက် အလင်းတစ်ဝက်ဖြင့် ပိုမို အိုမင်းသွားသယောင် ပင်။ သို့သော် မယ်မယ့် မျက်လုံးများသည် ကျွန်ုပ်ရောက်ခါစ အချိန်က နှင့်မတူဘဲ ရွှန်းစိုလင်းလက်လာသည်ဟု ထင်သည်။

"ကဲ ... သားရဲ့ ပျက္ခယွေတောက အမဲလိုက်ခန်းတွေ အကြောင်းပြောပါဦး"

"မပြောပါဘူး မယ်မယ်။သားအတွေ့အကြုံတွေက ခြောက်သွေ့ ပါတယ်။ မယ်မယ်ပဲ ဆက်ပြောပါ"

"မယ်မယ်က ဘာပြောရမှာလဲ။ မယ်မယ့်မှာ ဘာများပြောစရာ ရှိလို့လဲ"

"ဘိုးအကြောင်း မယ်မယ်ငယ်စဉ်ဘဝအကြောင်း၊ ပြီးတော့ ဒူးလေးတစ်လက်နဲ့ အမဲလိုက်ထွက်ခဲ့ရာမှာ ထူးဆန်းတဲ့ သားကောင်

တစ်ကောင်နဲ့ တွေ့ခဲ့ရပုံ အကြောင်းတွေပေါ့”

“ဟင်...ဒါတွေ မယ်မယ် ပြောခဲ့ဖူးသားပဲ၊ သားအကြိမ်ကြိမ် နားထောင်ခဲ့ရပြီးပြီပဲ”

“ဘယ်တော့မှ ရိုးအီမသွားနိုင်တဲ့ အကြောင်းတွေပါ မယ်မယ်။ သားအတွက် အကြိမ်တိုင်းမှာ နားထောင်လို့လတ်ဆတ်နေတဲ့ အကြောင်းတွေပါ”

“သား တကယ်နားထောင်ချင်လို့လား”

ပစ္စုပ္ပန်မှာ နေရတာ မွန်းကြပ်တယ်။ အနာဂတ်ဆိုတာကလည်း ရင်မောစရာကောင်းတယ်။ အတိတ်မှာ ခိုလှုံရတာပဲ လွတ်လပ်တယ် မယ်မယ်ရဲ့ ပြောမည်ကြံသော်လည်း ထိုစကားများကို မြိုသိပ်လိုက်သည်။

မယ်မယ့်လက်ကို အမြတ်တနိုးဆုပ်ကိုင်ကာ ခေါင်းညိတ်ပြလိုက်တော့သည်။

◆ ◆ ◆

( ၉ )

အကယ်ပင် လွမ်းမောဖွယ် ပုံပြင်တစ်ပုဒ်။

လူ့လောကထဲသို့ ကျွန်ုပ်ရောက်ရှိ မလာမီက ဖြစ်ပျက်ခဲ့သော ထိုဖြစ်ရပ်များသည် မယ်မယ်၏ ပြောပြချက်ဖြင့် ကျွန်ုပ် စိတ်သဏ္ဌာန်တွင် ရုပ်လုံးကြွနေကြသည်။ မယ်မယ်သည် ပုံပြောကောင်းသော တေးလင်္ကာသည်ကြီး တစ်ယောက်လည်း ဖြစ်ချေသည်။

မယ်မယ်ဆောင်သော အတိတ်ကြောင်းများတွင် ပထမဆုံး အရေးပါ အရာထင်ရှားသူကား "ရှင်ကြီးပုပ္ပ"အမည်ရသည့် အရည်းရဟန်းကြီးတစ်ပါး ဖြစ်သည်။

လျှို့ဝှက်သော ဂမ္ဘီရကျင့်စဉ်များနှင့် မွေ့လျော်သည့် ရှင်ကြီးပုပ္ပသည် စွမ်းပကားများကို ပိုင်ဆိုင်သည့် အရည်းရဟန်းကြီးဖြစ်သည်။ အဲမောင်း လုံ့ရေးတွင် ထူးချွန်သလို ယဇ်တေးလင်္ကာများကိုလည်း ကြက်သီးမွေးညှင်းထဖွယ် ရွတ်ဆိုနိုင်သူ ဖြစ်သည်။ တောတောင်သစ်ပင်များ၏ လျှို့ဝှက်ချက်ကို သိနိုင်စွမ်းသည့်အလျောက် ကျွမ်းကျင်ထက်မြက်သော ဆေးဆရာကြီး တစ်ဦးလည်း ဖြစ်သည်။

**ရတနာပုံစာအုပ်တိုက်**

"သမထီးဒေသ"တွင် အခြားသော အရည်းရှင်ကြီးများနှင့်အတူ မနေနိုင်ဘဲ သမထီးနှင့် တစ်တောင်ကျော် သင်တောင်တောအုပ် အရှေ့စွန်းတွင် တစ်ကိုယ်တည်း နေထိုင်တတ်သောကြောင့် သူ့ကိုအရှေ့ဘက်သား ရှင်ကြီးပြုဗ္ဗာဟုလည်းကောင်း၊ ရှင်ကြီးပုပ္ပဟု လည်းကောင်း ခေါ်ဝေါ်ကြသည်။

သို့သော် ရှင်ကြီးပုပ္ပသည် သမထီးဒေသ အရည်းရှင်ကြီးတို့၏ ဂိုဏ်းသစ်တက်ပွဲ အခမ်းအနား၊ ကျင့်စဉ်စစ်ဆေးပွဲ အခမ်းအနား စသည့် သဘင်ကြီးများကိုတော့ မှန်မှန်တက်ရောက်ဖို့ လာတတ်သည်ဟု ဆိုသည်။ ရှင်ကြီးပုပ္ပ၏ တစ်သီးတစ်ခြား နေထိုင်မှုအပြင် လျှို့ဝှက်နက်နဲသော စွမ်းပကားများဖြင့်လည်း ပြည့်စုံ၊ ကျင့်စဉ်အရလည်း ထူးခြားမြင့်မားကာ ဣန္ဒြေသမ္ပတ္တိလည်း ရင့်ကျက်ကြီးမားသော ရှင်ကြီးပုပ္ပအား သမထီးမှ အရည်းရှင်ကြီးများက လေးစားခန့်ညားကြသည်။

ထိုရှင်ကြီးပုပ္ပတွင်နှမအရင်းမှဖွားမြင်သောတူမငယ်တစ်ယောက်ရှိရာ ထိုတူမငယ်၏အမည်မှာ "သမ္ဘုလ"ဖြစ်လေသည်။ သမ္ဘုလ၏ မိဘများမှာ ငယ်စဉ်ကတည်းက ဆုံးပါးသွားကြသဖြင့် ရှင်ကြီးပုပ္ပသည် တူမလေးအပေါ်၌ကား သံယောဇဉ်ကြီးမားခဲ့လေရာ ထိုသံယောဇဉ်သည်ပင် ရှင်ကြီးပုပ္ပ၏ လောကလူမှု ကမ္ဘာမှ တစ်ခုတည်းသော ထောက်ထားငဲ့ညှာစရာပင် ဖြစ်ခဲ့လေသည်။

"သမထီးဆိုတာအရည်းရှင်ကြီးတွေရဲ့နိုင်ငံတော်ကြီးတစ်ခုပေါ့။ ပယ်ပေါင်းများစွာ ကျယ်ပြောတဲ့ သစ်တပ်ဝင်းကြီးထဲမှာ အဆောင်တွေ၊ ယဇ်နန်းတွေ၊ တင်းကုပ်ကြီးတွေနဲ့ နေကြတာ။ အမှန်တော့ သစ်တပ်ဝင်းရဲ့အပြင်မှာလဲ အရည်းရှင်ကြီးတွေရဲ့ ဩဇာတိက္ကမဟာ မြစ်ရိုးချောင်းဖျား၊ တောင်တန်းလွင်ပြင်များအထိ ပျံ့နှံ့ကြီးမားခဲ့တယ်။ သူတို့ရဲ့ လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရပညာတွေ၊ ဂန္ဓာရီ အတတ်တွေ၊ အင်အားကြီးမားတဲ့ အုပ်ချုပ်မှုတွေ၊ တပည့်လက်သား ကျေးကျွန်တွေကြောင့် သမထီးဟာ ထူးခြားတဲ့ ဘုံကြီးတစ်ခုလို တည်ခဲ့တာပေါ့"

"မယ်မယ်ကတော့ အဲဒီတုန်းက ရှင်ကြီးပုပ္ပနဲ့အတူ သင်တောင်တောအုပ် အရှေ့ဖျားမှာ နေတာပဲလား..."

**ရတနာပုံစာအုပ်တိုက်**

"ဟင့်အင်း…။ မယ်မယ်က သမထီးရဲ့ မြောက်ဘက်က ဇနပုဒ်ကလေးမှာ အဆွေအမျိုးလို စောင့်ရှောက်ခဲ့တဲ့ လူကြီးသူမတွေနဲ့ နေရတာ။ ဝရီးက သမထီးဂိုဏ်းရဲ့ သခင်အခမ်းအနားတွေ လာတက်တော့မှ မယ်မယ့်ဆီ ဝင်ဝင် လာတတ်တာ။ အတူမနေပေမယ့် အရှေ့ဘက်သား ရှင်ကြီးပုပ္ပရဲ့ တူမဆိုတဲ့ ဘဝကပဲ မယ်မယ့်ကို ကောင်းကောင်းကြီး လုံခြုံမှု ပေးနိုင်ခဲ့တာပေါ့"

သမထီးမှ အရည်းရှင်ကြီးတို့၏ ဩဇာတိက္ကမနှင့် ဘုန်းအာဏာစက်သည် လပြည့် လကွယ်နေ့များ၌ ဒီတက်သော ဧရာဝတီရေပြင်ကဲ့သို့ လျင်မြန်စွာ ကြီးထွားအားကောင်းလာခဲ့သည်။ သမထီးဂိုဏ်းသား အရေအတွက်များလည်း တစ်စတစ်စ များပြားလာသည်။ သမထီးသစ်တပ်ဝင်းကြီးမှာလည်း အရည်းရှင်ကြီးတို့၏ ကျောင်းသခ်မ်းအဖြစ်မှသည် ခေါဘဏ်ဳတပ်ကြီးများ စခန်းချရာ ဒေသအဖြစ်သို့ ရောက်ရှိလာခဲ့လေသည်။

"အရည်းရှင်ကြီးတွေဟာ လောကမှာသူတို့မသိတာမတတ်တာ မရှိသလောက်ပါဘဲ။ ထူးဆန်းတဲ့ ကျင့်စဉ်တွေ ကျင့်တယ်။ ဆေးဝါးကုသတယ်၊ ဆင်၊ မြင်း၊ ဓား၊ လှံ၊ လေး၊ မြား၊ လက်ရုံး အတတ်တွေကို ပို့ချပေးတယ်။ တေးလင်္ကာတွေ သီကုံးရွတ်ဆိုကြတယ်။ ဝိဉာဉ်တွေကို စိုးမိုးနိုင်တဲ့အတွက် သေဆုံးသူတွေမှန်သမျှနဲ့ အမြဲဆက်သွယ်နေကြတယ်လို့လဲ တချို့က ဆိုကြတယ်။ ကောင်းကင်၊ မြေပြင်၊ ရေပြင်တွေရဲ့ လျှို့ဝှက်ချက်တွေကိုလဲ သိတယ်။ လူတွေရဲ့ ဖြစ်စဉ်ဘဝတွေကိုလဲ နိမိတ်ဖတ် ဟောပြော နိုင်ကြတယ်။ သူတို့ရဲ့ ဘုန်းအာဏာစက်ဟာ နတ်ဒေဝတာများဆီ ဆင်းသက်လာတာမို့ သူတို့ရဲ့ အမိန့်မှန်သမျှဟာလဲ အဲမောင်းသွားလို ထက်မြက်စူးရှလှတယ်။ သူတို့ရဲ့ ဒေါသဟာအဂ္ဂိဒေဝတာရဲ့ မီးလျှံတွေလို ကြောက်စရာကောင်းတာမို့ သူတို့အလိုဆန္ဒနဲ့ အမိန့်မှန်သမျှကို ဘယ်သူမှ ဆန့်ကျင်ဘက် မပြုရဲကြဘူး။ ဒါပေမယ့် ကောက်ပဲသီးနှံတွေ ဖွံ့ဖြိုးအောင်၊ မိုးလေဝသမှန်အောင် လယ်ရေတွေပေါများအောင် အနာရောဂါတွေ ပျောက်ကင်းအောင် သူတို့က လုပ်ပေးနိုင်ကြတဲ့အတွက် သူတို့ဟာ နတ်ဒေဝတာရဲ့ တမန်တွေလဲ ဖြစ်လာကြ

တယ်။ သမထီးဒေသနဲ့တကွ တမ္ပဒီပသားတွေက အရည်းရဟန်းတွေ ဟာ သုခဘုံရဲ့ မုခ်တံခါးများကို ဖွင့်ပေးနိုင်သူ၊ ငရဲဘုံရဲ့ တံခါးများကို ပိတ်ဆို့ပေးနိုင်သူတွေအဖြစ် ယုံကြည်ကြတယ်။

အရှေ့ဘက်သား ရှင်ကြီး ပုပ္ပအား သမထီးသို့ လာရောက်နေ ထိုင်ရန်နှင့် သမထီးဂိုဏ်းကြီး၏ အရေးပါအရာရောက်သော အရာ ဌာနန္တရတစ်ခုခုကို လက်ခံရန် ဂိုဏ်းအကြီးအကဲများက ဖိတ်ခေါ်ကြ သည်။ သို့သော် ရှင်ကြီးပုပ္ပသည် မိမိ၏ ကျင့်စဉ်မှာ အစုအဝေးအသိုင်း အဝန်းနှင့် မသင့်မြတ်။ တစ်ကိုယ်တည်း နေခြင်းဖြင့်သာ ကျင့်စဉ် တိုးတက်ထက်မြက်မည်ဟုဆိုကာ ထိုဖိတ်ခေါ်ချက်ကို ငြင်းပယ်ခဲ့လေ သည်။

ဤသို့ဖြင့်ပင် ရှင်ကြီးပုပ္ပနှင့် သမထီးဂိုဏ်းမှာ တစ်စတစ်စ ကင်းကွာလာခဲ့သည်။ သမဏီးဂိုဏ်းကြီး၏ ဖွံ့ထွားအားကောင်းလာမှု၊ တန်ခိုးသြဇာတိက္ကမကြီးမားလှမှုတို့မှာလည်း ရှင်ကြီးပုပ္ပနှင့် ဘာမှဆိုင် သလို ဖြစ်လာခဲ့သည်။

ဒါပေမယ့် သမထီးဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဂိုဏ်းအုပ် အဆက်ဆက် ဟာ ဝရီးပုပ္ပရဲ့ ကျင့်စဉ်နဲ့ သမာဓိကို အစဉ်တစိုက် လေးစားခဲ့ကြတယ်။ ကျင့်စဉ်ရဲ့ လျှို့ဝှက်ချက်တွေ ဂန္ဓာရီပညာတွေနဲ့ ပတ်သက်တဲ့ အခါတွေ မှာ သမထီးဟာ ဝရီးရဲ့ သြဝါဒကို အမြဲလိုလို ဆက်သွယ်တောင်းခံခဲ့ကြ တယ်။ ဒါကြောင့် ဝရီးပုပ္ပဟာ သမထီးဂိုဏ်းဆရာတွေအပေါ်မှာတော့ လူမသိသူမသိ သြဇာညောင်းခဲ့တယ်လို့ ဆိုရပေတယ်”

ရှင်ကြီးပုပ္ပ အကြောင်းများကို ပြောပြနေစဉ်ဝယ် မယ်မယ်၏ မျက်လုံးအိမ်များမှာ လွမ်းရိပ်နှင့် တက်ကြွမှုများ တစ်လှည့်စီ ရိုက်ခတ် ကာ တောက်ပနေကြလေသည်။

“ဒီလိုနဲ့နေလာခဲ့ကြပြီး တစ်ခုသော ကာလမှာတော့ အင်မတန် ကို ကြီးမြတ်တဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်ဖို့ အစပြုလာခဲ့တယ်။ အဲဒီ ကာလဟာ အရိမဒ္ဒနပူရထီးနန်း အပြောင်းအလဲနဲ့ တိုက်ရိုက်ဆက်စပ် နေတယ်။ အရိမဒ္ဒနပူရမှာ စုက္ကတေးဘုရင် နန်းကျပြီး အနိရုဒ္ဓဒေဝ ဆိုတဲ့ ဘုရင်သစ် နန်းတက်တဲ့ ကာလ”

လွမ်းမော ဆွတ်ပျံ့ဖွယ် အတိတ်ပုံပြင်တွင် ထီးနန်းရေးရာများ ဘုရင်များကဏ္ဍပါဝင်လာသောကြောင့် ကျွန်ုပ် နားထောင်ရင်း နှလုံး နောက်ကျိလာသည်မှာ အမှန်ပင်။ သို့သော် ဤပုံပြင်တွင် ဤအခန်း ကဏ္ဍကို ကျော်လွှား၍ မရ။ မလွဲမသွေပင် ဖြစ်သန်းရပေမည်။

အနိရုဒ္ဓဒေဝ။ လှပပြီး အားရှိသော ထိုအမည်သည် အတိတ် ဇာတ်၏ အခန်းသစ်ခေါင်းစဉ်ပင် ဖြစ်ချေသည်။

"ပြဿနာ။ အင်း ပြဿနာလို့ဆိုရမှာပဲ သားရဲ့။ ပြဿနာရဲ့ အစကတော့ ဘုရင်သစ် အနိရုဒ္ဓဒေဝရဲ့ အတွေးအခေါ်ပဲ၊ အရိမဒ္ဒနပူရ နန်းပလ္လင်ပေါ်တက်လာတဲ့ ဘုရင်သစ်ဟာ စိတ်ကူး အတွေးသစ်တစ်ခု ကိုပါ တစ်ပါတည်း သယ်လာခဲ့တယ်လို့ ဆိုရမှာပဲ"

အနိရုဒ္ဓဒေဝသည် သူ၏ နောင်တော် ဘုရင်ဟောင်း စုက္ကတေး နှင့် စီးချင်းထိုးကာ စုက္ကတေးကို မြင်းကပါချောက်ကမ်းပါးမှ ထိုးချ သုတ်သင် အနိုင်ယူခဲ့သူ။

"အနိရုဒ္ဓဒေဝဟာ သူ့လက်မှာ သူ့နောင်တော်ရဲ့ သွေးတွေ ချွတ်မရအောင် စွန်းထင်းနေတယ်လို့ ယုံကြည်ခဲ့တာကလား"

နားထောင်နေရင်းဖြင့်ပင် သွေးညှီနံ့များကို ရှူရှိုက်မိသည်ဟု ခံစားမိရလေသည်။ ဤဇာတ်ကြောင်းကို ပြောပြချိန်၌ မယ်မယ့် အသွင် မှာလည်း လှုပ်လှုပ်ခတ်ခတ် ရှိလွန်းလှသည်။

"နောင်တော်ကို သတ်ပြီး နန်းရလာတဲ့ အနိရုဒ္ဓဒေဝဟာ သူ့ရဲ့ ပလ္လင်ကို သွေးတွေစင်ကြယ်သွားအောင် ဆေးကြောပစ်ရမယ်လို့ ခံစား နေရတယ်။ ဒီကိစ္စအတွက် သူဟာ သမထီးဒေသက အရည်းရှင်ကြီးတွေ ရဲ့ အကူအညီကို ယူခဲ့ရတယ်။ အရည်းရှင်ကြီးတွေက အနိရုဒ္ဓဒေဝရဲ့ နှလုံးအိမ်မှာ စွန်းထင်းနေတဲ့ သွေးတွေကို လုံးဝ စင်ကြယ်သွားအောင် ဆေးကြောပေးမယ်လို့ တာဝန်ယူခဲ့ကြသတဲ့"

ထက်သန်ဝင်စားမှုများဖြင့် ပြောပြနေသော မယ်မယ့်စကားလုံး များထဲတွင် ကျွန်ုပ်သည် ပီဘိကလေးငယ်တစ်ဦး ဖြစ်သွားတော့သည်။ ရင်ဖိုသည်းလှိုက် တစ္ဆေပုံပြင်တစ်ခုကို အိပ်ရာဝင် နားထောင်သော ကလေးလေးလို။

## ရတနာပုံစာအုပ်တိုက်

ထီးနန်းအရေးမှာ မတရားတဲ့ နောင်တော်ကို သတ်ပစ်လိုက်ခြင်းဟာ အပြစ်မဟုတ်ဘူး။ သို့သော် ဒါကို အပြစ်လို့ခံယူပြီး သွေးတွေမစင်ဘူးလို့ ခံစားနေရတဲ့ အနိရုဒ္ဓဒေဝအတွက် အပြစ်ဆိုတာတွေ လုံးဝကင်းစင်သွားအောင် ငါတို့လုပ်ပေးနိုင်ပါတယ်လို့ အရည်းရှင်ကြီးတွေက တာဝန်ယူလိုက်ကြတယ်။ အပြစ်ကို ဘယ်လိုနည်းနဲ့ ဆေးကြောမလဲ။ သမထီးအရည်းတို့ရဲ့ နည်းလမ်းကတော့ တခြားမဟုတ်ဘူး... ယဇ်"

ကလ္လိကမဟာဒေဝီ နတ်ဘုရားမရုပ်ထုကို ကျွန်ုပ် ပြက်ထင်မြင်ယောင်လာသည်။ ဒုတ္တာတို့ဖြင့် လိမ်းခြယ်ထားသော မျက်နှာစိမ်းစိမ်း၊ ဟင်္သပဒါးသုတ်ထားသော နှုတ်ခမ်းခံတွင်း နီရဲရဲ။ ထိုနှုတ်ခမ်းခံတွင်းတွင် လူသေအလောင်း အရုပ်သေးသေးနှစ်ခုကို ကိုက်ခဲထားသည်။ သစ်နက်သားဖြင့် ထုလုပ်ထားသော ကလ္လိကမဟာဒေဝီ ရုပ်ထုကြီးသည် ဘယ်လက်ကိုမြှောက်လျက် ယာလက်တွင် ဆင်မျှားထိုးသီထားသော လုံတံကိုစွဲလျက်။ ဦးခေါင်းထိပ်တွင် လခြမ်းပုံ သဏ္ဍာန်၊ ရုပ်ထု၏ ဆံပင်များသည် မြေပေါ်အထိ ဖားလျားကျနေသည်။ နားရွက်တစ်ဖက်ကိုသာ မြင်ရပြီး ထိုနားရွက်၏နားပေါက်တွင် နားဋောင်းမရှိဘဲ လူသေအလောင်းပုံ အရုပ်တစ်ခုကို ထိုးထည့်ထားသည်။ ခါးတွင် လူခေါင်းပုံများကို ချိတ်ဆွဲထားသည်။

စိတ်ကူးအာရုံပုံကားချပ်ထဲတွင် နန်းတက်ကာစ ဘုရင်သစ် အနိရုဒ္ဓဒေဝသည် ကလ္လိကမဟာဒေဝီနတ်ဘုရားမ ရုပ်တုကြီးရှေ့၌ ကတုန်ကယင်ဖြစ်နေသည်ကို တွေ့ရသည်။ အရည်းရှင်ကြီးတို့သည် သေရောစပ်သော ယဇ် အင်တုံခွက်ကြီးများ၊ တကောင်းကြီးများကို ကိုင်မြှောက်ထားကြသည်။

ယဇ်ပွဲကြီး ကျင်းပရာ စည်းရိုးခြံ၏ အပြင်တွင်ကား ကျွဲတွေ နွားတွေ သိုးတွေ ဆိတ်တွေ သားသတ်သမားများက ဓားကောက်များကို မြှောက်ကာ အရည်းရှင်ကြီး၏ မန္တာန်ရွတ်သံကို စောင့်နေကြသည်။ အချက်ပေး တံပိုးသံအဆုံးဝယ် သူတို့လက်ထဲမှ ဓားကောက်သွားများက ယဇ်ကောင်များ၏ လည်ပေါ်သို့ တိခနဲ ကျရောက်သွား

တော့မည်။

"သူ့အသက်သတ်ခြင်းဆိုတာ မကောင်းမှု။ လူတစ်ယောက်အသက်ဆိုရင် ပိုပြီး ကြီးကျယ်တဲ့ အပြစ်။ အဲဘုရင်တစ်ပါးရဲ့ အသက်ဆိုရင်တော့ အကြီးကျယ်ဆုံး အပြစ်ပေါ့။ ဒါပေမယ့် ဒီအပြစ်ကို ပပျောက်သွားအောင် အကြီးကျယ်ဆုံးယဇ်ပူဇော်ပွဲနဲ့ ချေဖျက်ပေးမယ့် ကလ္လိကမဟာဒေဝီနတ်ဘုရားထံမှာ မဟာယဇ်ကိုပေးရင် မကောင်းမှုဟူသမျှ ပပျောက်စေတယ်လို့ အရည်းရှင်ကြီးတွေက တာဝန်ယူလိုက်ကြတယ်လေ။ အနိရုဒ္ဓဒေဝလဲ မဟာယဇ်ကို ကျင်းပရတာပေါ့"

စိတ်မသက်မသာဖြင့်ပင် နားစွင့်ဖြစ်နေသည်။ ပြောပြသူမယ်မယ်ကိုယ်တိုင်ကလည်း အိပ်မက်ဆိုးတစ်ခုအတွင်း နစ်မွန်းနေသူပမာပင်။

"ယဇ်ပွဲကြီးနဲ့အတူ နန်းတက်ပွဲပျော်ရွှင်ပွဲ သဘင်တွေခံကြတယ်။ ဒါပေမယ့် အနိရုဒ္ဓဒေဝအတွက်တော့ ညဥ့်တွေဟာ အိပ်မပျော်တဲ့ ညဥ့်တွေပဲ ဆက်ဖြစ်ခဲ့တယ်။ နောင်တော်ကို သတ်ခဲ့တဲ့ အပြစ်ကင်းစင်သွားတယ်လို့ မခံစားရရုံတင်မကဘူး ယဇ်ပွဲကြီးအတွက် နောက်ထပ် ကျွဲနွားတိရစ္ဆာန်တွေကို သတ်ရတာ အဲဒီကျွဲနွားတွေကို ယဇ်ကောင်အဖြစ်ဆက်သပို့ဆောင်ပေးရတဲ့ အရိမဒ္ဒန ပြည်သား ပြည်သူတွေရဲ့ ဝမ်းနည်းကြေကွဲမှု မင်းမိန့်နဲ့ သမထီး ဘုန်းအာဏာတို့အောက်မှာ ခေါင်းငုံ့ပျပ်ဝပ်ကြရတဲ့အဖြစ်။ ဒါတွေက အနိရုဒ္ဓဒေဝရဲ့ နှလုံးသားကို ဖိညှစ်ဆုပ်ချေနေကြပြန်သတဲ့"

အနိရုဒ္ဓဒေဝ၏ ခံစားရချက်များကို သရုပ်ဖော်ရာ၌ မယ်မယ်သည် သူကိုယ်တိုင် ခံစားရဘိသကဲ့သို့ နှိုက်နှိုက်နဲ့နဲ့ ရှိလွန်းလှပေသည်။

"ဒီအချိန်ကစပြီး အနိရုဒ္ဓဒေဝရဲ့ ရင်ထဲမှာ အတွေးတစ်ခုဝင်လာခဲ့တယ်။ အဲဒါကတော့ သမထီး အရည်းရှင်ကြီးတွေရဲ့ အယူဝါဒနဲ့ ယဇ်ပွဲတွေဟာ ကောင်းမှုနဲ့ မကောင်းမှုကို ဘယ်လိုမှ ခွဲခြားမပေးနိုင်ဘူး။ အေးငြိမ်းတဲ့ နေထိုင်မှု၊ အပြစ်ကင်းတဲ့ ရှင်သန်မှုကိုလည်း လုံးဝမပေးနိုင်ဘူးဆိုတဲ့ အတွေးပဲ"

အနိရုဒ္ဓဒေဝနှင့် သမထီးအရည်းရှင်ကြီးတို့အကြောင်းကို ကျွန်ုပ်

ဆက်နားမထောင်ချင်တော့လောက်အောင် မွန်းကြပ်လာသည်။

ထို့ကြောင့်...

"မယ်မယ်ရယ် ရှင်ကြီးပုပ္ပနဲ့ သူ့တူမ သမ္ဗူလတို့ အကြောင်းကိုသာ ဆက်ပြောပါတော့"ဟု ဝင်ထောက်လိုက်ရသည်။ မယ်မယ်က ပြုံးလျက်...

"အခုပဲ အဲဒီအကြောင်း ရောက်လာမှာပါ သား။ နေဦး အနိရုဒ္ဓဒေဝရဲ့ အခန်းကို နည်းနည်းဆက်ရဦးမယ်။ ဒီလိုလေ ... သမထီး အယူဝါဒကို သံသယဖြစ်လာတဲ့ အချိန်ကစပြီး အနိရုဒ္ဓဒေဝဟာ အယူဝါဒသစ်တစ်ခုကို တောင့်တလာတယ်။ အဲဒီ အယူဝါဒသစ်ဟာ ဘယ်ကလာပြီး ဘယ်လိုရှိမယ်ဆိုတာကို မသိသေးပေမယ့် အနိရုဒ္ဓဒေဝရဲ့ သဘောထားကတော့ အရည်းရှင်ကြီးတို့ရဲ့ အယူဝါဒနဲ့တကွ သမထီးဒေသ သမထီးဂိုဏ်းအပေါ်မှာ အေးစက်မာကျောလာခဲ့ပြီပေါ့"

သမထီးနှင့်ဘုရင်တို့အကြား ကွဲလွဲခြားနားမှု၊ သမထီး၏ ဩဇာကို နန်းတော်က ပယ်ရှားမှုများနှင့်အတူ အရည်းရှင်ကြီးတို့နှင့် အနိရုဒ္ဓဒေဝအကြားတွင် ပဋိပက္ခများ ပေါ်လာသည်။

မယ်မယ်က အလေးအနက် ရှိသွားသော လေသံဖြင့်...

"ကြီးမားတဲ့ ပြောင်းလဲမှုဟာ သန္ဓေတည်ပြီလို့ ဆိုရမယ်။ အနိရုဒ္ဓဒေဝဟာ သူကိုယ်တိုင် ဘာမှန်းမသိသေးတဲ့ အယူဝါဒသစ်တစ်ခုခုကို တောင့်တရှာဖွေရင်းနဲ့ သမထီးဒေသကို ဖယ်ထုတ်ဆန့်ကျင်လာတယ်။ သူ့ကိုယ်သူ အရိမဒ္ဒနပူရရဲ့ ကြီးပွားတိုးတက်ရေး လုပ်ငန်းတွေထဲမှာ နှစ်မြှုပ်ထားတယ်။ အချိန်နဲ့အမျှ ခရီးထွက်တယ်။ ဒီအချိန်မှာ အစဉ်အဆက် တန်ခိုးဩဇာ ကြီးထွားခဲ့တဲ့ သမထီးရှင်ကြီးတွေကလဲ သူတို့ကို ဘုရင်မခန့်ရကောင်းလားဆိုပြီး အကြီးအကျယ် ဒေါသူပုန်ထလာကြပြီပေါ့ နောက်ဆုံးတစ်နေ့မှာတော့ ဓမ္မဒဿီရဟန်းတော်ဟာ အနိရုဒ္ဓဒေဝဆီ ရောက်လာခဲ့တယ်။ အဲဒီနေ့ဟာ ပြောင်းလဲမှုကြီးရဲ့ ကန့်လန့်ကာ ဆွဲတင်လိုက်တဲ့ နေ့ပဲ"

ဓမ္မဒဿီဘွဲ့ခံ အရှင်အရဟံကိုယ်တော်၊ ဗုဒ္ဓဝါဒ၊ အနိရုဒ္ဓဒေဝ၏ ဆောက်တည်မှု၊ မိမိဘာသာ မသိဘဲ ရှာဖွေနေခဲ့သော အယူဝါဒသစ်။

**ရတနာပုံစာအုပ်တိုက်**

"ဒီအချိန်မှာ ဝရီးပုပ္ပရဲ့ မှတ်ချက်အရ ပြောရရင်တော့ သမထီးဟာ အရည်းရှင်ကြီးတို့ရဲ့ ကျင့်စဉ်စခန်းရိပ်မြုံကြီးအဖြစ်သာ မကတော့ဘဲ ထီးပြိုင်နန်းပြိုင် လက်နက်နိုင်ငံငယ်တစ်ခုလိုတောင် ဖြစ်နေပြီတဲ့သားရဲ့။ အရည်းရှင်ကြီးတွေဟာ ဘုန်းအာဏာ သိပ်ကို ကြီးမားနေကြတယ်။ ဝရီးပြောပြချက်အရတော့ လောကီချမ်းသာ ဘုံကို တည်ထောင်မိနေကြတဲ့ အရည်းတွေဟာ သူတို့ရဲ့ ပထမမူလ ကျင့်စဉ်တွေ၊ စရဏတွေ၊ အယူဝါဒတွေကနေ သွေဖီနေကြပြီ၊ ဖောက်ပြန်နေကြပြီလို့ ဆိုတယ်။ ဒီလိုနဲ့တစ်နေ့မှာတော့ ဝရီးပုပ္ပကိုယ်တိုင် သမထီးစခန်းကို သွားခဲ့သေးသတဲ့"

မယ်တော်၏ အသွင်မှာ ရာဇဝင် လက်ာရှည်ကြီး တစ်ပုဒ်ကို ရွတ်ဖတ်နေသော ပုရာဏ်ဆရာကြီးတစ်ယောက်လို ဖြစ်လာပြန်သည်။

"ဝရီးက သူတို့ကို သတိပေးဆုံးမသတဲ့။ သမထီးဟာ ကျင့်စဉ်လွဲချော်စပြုနေပြီ၊ အယူဝါဒ တိမ်းပါးလာနေပြီ။ မကောင်းမှု ဒုစရိုက်တွေကို ဆေးကြောရမယ့်အစား မကောင်းမှု ဒုစရိုက်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်းသပ်နစ်မျောနေပြီလို့ ဝေဖန်ခဲ့တယ်။ ဒီအခါ အရှေ့ဘက်သားကြီး ရှင်ပြုဗ္ဗာ–သင်တောင်တောကြီးထဲမှာ ရှင်ကြီးပုပ္ပရယ်လို့ အစဉ်တစိုက် လေးစားအရာထားခဲ့ကြတဲ့ ဝရီးကို သမထီးက ပျက်ရယ်ပြုခြင်း၊ မထီလေးစား မခန့်ညားခြင်းတွေနဲ့ တုံ့ပြန်လိုက်ကြသတဲ့။ ဒီတော့ ဝရီးနဲ့သမထီးတို့ကြားမှာလည်း အကြီးအကျယ် ပဋိပက္ခဖြစ်ပွားခဲ့ရတယ်။ သွေးဆူတဲ့ အရည်းရှင်ကြီးခေါင်းဆောင်သစ် တချို့ကဆိုရင် ဝရီးရဲ့ အပြန်လမ်းမှာတောင် တိုက်ခိုက်ဖို့ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် ဝရီးက အနိုင်ယူခဲ့ပြီး သူ့ရဲ့ အရှေ့ဘက် သင်တောင်တောကြီးကို ပြန်ခဲ့သတဲ့။ ထူးခြားချက်ကတော့ ရှင်ကြီးပုပ္ပဟာ ဒီတစ်ခေါက်မှာတော့ သမထီးက သူ့ တူမလေး သမ္ဘုလကို ဖောက်ပြန်တဲ့ လောကဘုံကြီးထဲ ထားခဲ့ဖို့ စိတ်မချနိုင်တော့ဘူးဆိုပြီး သူနဲ့အတူ အရှေ့ဘက်တောကို အပြီးတိုင် ခေါ်သွားခဲ့တာပဲ"

"အဲဒီတုန်းက မယ်မယ် အသက်ဘယ်လောက်ရှိပြီလဲ ဟင်"

"ဆယ့်လေးနှစ်လေ..."

"ဆက်ပြောပါဦး မယ်မယ်"

"သမထီးကတော့ ဝရီးစကားလုံးနဲ့ ပြောရရင် နေရာတင်မှာပဲ ငရဲဘုံအဖြစ် ပြောင်းလဲသွားခဲ့တာပေါ့။ အနိရုဒ္ဓဒေဝရဲ့ တပ်နဲ့ သမထီးတပ်တွေ တိုက်ပွဲဖြစ်ကြတယ်။ အံ့သြစရာကောင်းတာက သမထီးအရည်းရှင်ကြီးတွေကို ဆွေစဉ်မျိုးဆက် ပြားပြားဝပ် ကြောက်ခဲ့ရတဲ့ သမထီးနောက်လိုက် ဇနပုဒ်သားတွေဟာ အနိရုဒ္ဓဒေဝရဲ့ တပ်တွေဘက်ကနေပြီး အရည်းရှင်ကြီးတွေကို ပုန်ကန် တိုက်ခိုက်ခဲ့ကြတာပဲ။ နောက်ဆုံးတော့ သမထီးဟာ ကျဆုံးသွားတယ်။ အရည်းရှင်ကြီးတွေရဲ့ လက်ရုံးတပည့် ရာပေါင်းများစွာတို့ဟာ အနိရုဒ္ဓဒေဝရဲ့ စစ်သုံ့တွေဖြစ်လာကြတယ်။ အနိရုဒ္ဓဒေဝအဖို့ သမထီးအောင်ပွဲဟာ သစ်လုံးတပ်တွေ၊ ဆင်ကျုံးတွေ၊ မြင်းဖောင်းတွေ၊ ရိက္ခာလက်နက်တွေကို ရလိုက်တဲ့ အောင်ပွဲသာမက လွဲမှားတဲ့ အယူဝါဒအပေါ် မှန်ကန်တဲ့ အယူဝါဒရဲ့ အောင်ပွဲအဖြစ်နဲ့ပါ အောင်မြင်ခဲ့တာပေါ့။ ကဲ သား ရာဇကုမာရ်။ သမထီးပုံပြင်ကို ဒီနေရာမှာ တစ်ပိုင်းရပ်လိုက်ကြဦးစို့"

"မယ်မယ် မောသွားပြီလားဟင်"

မယ်မယ်က ယဲ့ယဲ့အပြုံးဖြင့် အသာအယာ ခေါင်းညိတ်ပြသည်။

အမှန်တော့ အရှေ့ဘက်တောကြီးထဲ ရောက်သွားသော သမ္ဗူလလေးအကြောင်းကို ကျွန်ုပ် နားထောင်ချင်သေးသည်။

အရိမဒ္ဒနပူရ ကောင်းကင်အမြင့်ဝယ် ကြယ်စုံတွေ ထွန်းပနေကြပြီ။ မယ်မယ့်အား စက်ရာတွင် သိပ်ပေးကာ လွှာခြုံထည် လွှမ်းပေးပြီး သဋ္ဌလီထဲမှ ကျွန်ုပ်ထွက်ခဲ့သည်။ အတိတ်၏ ဖမ်းစားညို့ယူချက်များဖြင့် ကျွန်ုပ်၏ ရင်သည် ငြိမ်သက်စွာ မှိုင်းညို့နေတော့သည်။

◆◆◆

## ( ၁၀ )

တောက်ပသော နေခြည်က ရဲတင်းစွာ နွှတ်ဆက်သည်။ သည် သရုပါမုခ်တံခါးမှ ထွက်လာခဲ့ပြီးသည့်တိုင် ဘယ်ဆီသို့ မြင်းဇက်လှည့်ရမှန်း မသိ။ သစ်စေးနှင့် ရွှေရေးနံ့များကို မရှူရှိုက်လိုသဖြင့် နန်းတော်မှ ထွက်ခွာလာခဲ့သော်လည်း ကျွန်ုပ်မှာ ရည်ရွယ်ဦးတည်ရာမဲ့ ဖြစ်နေသည်။ ပုပ္ပားတောင်ဘက်ဆီ သွားရမလား။ အရှေ့တောင်ဘက်ဆီ ထန်းတောတွေဆီ သွားရမလား ဝေခွဲမရ ဖြစ်နေသည်။

ယမန်နေ့ညဦးက မယ်မယ့်အဆောင်မှာ နားထောင်ခဲ့ရသော အတိတ်ဇာတ်ကြောင်း၏ အဆက်ကို ဆက်လက်နားထောင်ဖို့လည်း အချိန်မရောက်သေး။ မယ်မယ်သည် ယခုအချိန်လောက်ဆိုလျှင် နန်းဦးဘုရားဆောင်သို့ ဝင်နေလောက်ပြီ။ ပူပြင်းသော နေ့ခင်းကာလများတွင် မယ်မယ့်ကို အနားရစေချင်သည်။

ထပ်တလဲလဲ နားဆင်ခဲ့ပြီး ဖြစ်သော်လည်း ဘယ်တော့မှမရိုးနိုင်သည့် အတိတ်ဇာတ်ကြောင်းတွေကို ထပ်မံပြောပြနိုင်ခြင်းဖြင့် မယ်မယ့်အစား မပင်ပန်းစေချင်။ သို့သော် မယ်မယ့်အနားမှ ခွာလာ

ခဲ့သော အချိန်များကား ကျွန်ုပ်အတွက် မည်သို့အသုံးချရမှန်းမသိသော အချိန်များ ဖြစ်နေသည်။

အရိမဒ္ဒနပူရကား ပူနွေးသော နေရောင်အောက်တွင် အသက်ဝင်နေပေပြီ။ ထနောင်းပင်တန်း အရိပ်အောက်တွင် ဈေးပြန်သမားများ အုပ်စုဖွဲ့ အနားယူနေကြသည်။ ထနောင်းရွက်တို့၏ အစိမ်းရောင်နှင့် အပြိုင် သူတို့၏ ကိုယ်ဝတ်သင်တိုင်းများသည် စူးရဲ တောက်ပြောင်နေသည်။

မလှမ်းမကမ်းရှိ မန်ကျည်းရိပ်အောက်တွင် လှည်းဝိုင်းတစ်ခုကို တွေ့နေရသည်။ ဆူညံစွာ ရယ်မောနေကြသော လှည်းသမားအစုတို့၏ လွတ်လပ်ခြင်းကား အားကျစရာပင်။

လမ်းမအတိုင်း မြင်းများကို လေးဘက်ကျုနှင်ကာ သရပါတံခါးမှ တစ်ဆင့် နန်းမြို့ထဲ ဝင်သွားကြသော ရဲမက်အစုတို့ကိုလည်း မြင်ရသည်။ ရဲမက်တို့၏ မျက်နှာမှာ ထမ်းရွက်အံ့ အမှုတော်ဆီသို့ စိတ်ညွှတ်ထားဟန်ဖြင့် လေးနက်တည်ကြည်နေကြလေသည်။

ဇက်ကြိုးကိုပုံပေးထားသောကြောင့် ကျွန်ုပ်၏ မြင်းမှာလည်း ပျင်းရိစွာဖြင့် လမ်းဦးတည်ရာအတိုင်း သွားနေသည်။ ဂန္ဓာလရာဇ် ကုန်သည်တို့၏ လှည်းဆွဲမြင်းပိန်များက မျက်နှာချင်းဆိုင်မှ ဖြတ်သွားနေကြသည်။ သူတို့၏ လှည်းများပေါ်တွင် အသွေးအရောင်စုံ ပိတ်ဖျဉ်စများကို အစုလိုက် အပုံလိုက် သယ်ယူလာကြသည်။

ခွာသံလေးတွဲ့စွာဖြင့် တအိအိ သွားနေသော ကျွန်ုပ်၏ မြင်းရှေ့တွင် ကိုယ်ကြပ်မဲ့ဗလာ ကိုယ်လုံးတီးဖြင့် ကလေးသူငယ်များက ပြေးလွှား ဖြတ်ကူးသွားကြသည်။ သူတို့သည် မြင်းကို လည်းကောင်း၊ မြင်းပေါ်မှ ကျွန်ုပ်ကိုလည်းကောင်း စိုးစဉ်းမျှ ဂရုမစိုက်ကြ။ ပျော်ရွှင်စွာ အော်ဟစ် ပြေးလွှားနေကြသော ကလေးငယ်တို့အနေဖြင့် ဤမြင်းပေါ်မှ ရာဇကုမာရ်သည် နည်းနည်းလေးမှ စိတ်ဝင်စားဖွယ်ကောင်းမည် မဟုတ်ချေ။

ထနောင်းပင်တန်းရိပ်မှ ဈေးပြန်သမား၊ မန်ကျည်းရိပ်အောက်မှ လှည်းသမားအစုများ၊ လမ်းမပေါ်မှ မြင်းစီးရဲမက်များ၊ ဂန္ဓာလရာဇ် ကုန်သည်များ၊ ကလေးသူငယ်များ၊ သူတို့အားလုံး လွတ်လပ်ပျော်ရွှင်

ကြဘိခြင်း။ စိတ်ဝင်စားဖွယ် စူးစိုက်မှု အာရုံအသီးသီးတို့ဖြင့် သူတို့သည် အသက်ဝင် လှုပ်ရှားနေကြချေသည်။ အရိမဒ္ဒပူရ ပန်းချီကားချပ်ကြီး ထဲမှ အဓိပ္ပာယ်ရှိသော ဆေးစက်များ၊ ဆေးရောင်များ...

ပူနွေးသော ဤနေရောင်အောက်ဝယ် တက်ကြွလန်းဆန်းမှု အလျဉ်းကင်းစွာ ဇက်ပုံထားသော မြင်း၏ ခြေဦးတည့်ရာအတိုင်း ရည်ရွယ်ချက်မဲ့စွာ လိုက်ပါနေသူ ကျွန်ုပ်။ အဓိပ္ပာယ်မဲ့သော၊ စူးစိုက်မှု ကင်းသော၊ လွတ်လပ်မှု မရှိသော၊ ပျော်ရွှင်ခြင်း မရှိသော ကျွန်ုပ် ရာဇကုမာရ် တစ်ဦးတည်း။

လွတ်လပ်စွာပျော်ရွှင်နေကြသူများကို အားကျခြင်း မရှိဘဲ မနာလို မရှုဆိတ် ဖြစ်နေမိပါလား။ လွတ်လပ်မှု၊ အချုပ်အနှောင် ကင်းမဲ့မှု။

ငါဟာ အချုပ်အနှောင်မိနေသူလား။

တံလှပ်များ ပျံတက်လွင့်မြောနေသည်ကို ကြည့်ရင်း ရင်ထဲမှ ရေရွတ်မိတော့သည်။ ရယ်စရာကောင်းသော စိတ်ကူးရူးတစ်ခု ဖြစ်ပေမည်။ ဧည၀တီ တောင်စဉ်ခုနစ်ခရိုင်စား "မင်း" တစ်ပါးဖြစ်သူ၊ ဇေယျခေတ္တရာဘွဲ့ ခံယူထားသူ တစ်ယောက်သည် အချုပ်အနှောင် မိနေသူတဲ့လား။

ကျွန်ုပ်သည် အရှင်သခင် ဖြစ်သည်။ ကျေးကျွန်မဟုတ်။

သစ္စာပေးသူသာ ဖြစ်သည်။ သစ္စာခံရသူ မဟုတ်။

အခွန်အတုတ်စားသူသာ ဖြစ်သည်။ အခွန်အတုတ် ပေးရသူ မဟုတ်။

သို့သော် ထိုသို့သော လူတစ်ယောက်သည် ဘာကြောင့် လွတ်လပ်မှုကို မခံစားရဘဲ အချုပ်အနှောင်မိသူလို ခံစားနေရသလဲ။ ရာဇကုမာရကို ဘာက တုပ်နှောင်ချည်ဖွဲ့ထားသလဲ။ ရာဇကုမာရ အပေါ်တွင် မည်သို့သော အလေးအပင် တစ်ခု ပိကျနေသလဲ။

"ဇေယျခေတ္တရာ အရှင်ပါလား။ အစောင့်ရဲမက်မပါ။ အခြွေအရံ မပါဘဲ ဘယ်ကိုများ သွားမလို့ပါလိမ့် အရှင်"

မျက်နှာချင်းဆိုင်မှ ဖြတ်အသွား၊ မြင်းချင်းယှဉ်မိချိန်တွင် မြင်းကိုတုံ့လျက် ပြောလိုက်သော စကားသံတစ်ခုကြောင့် ကျွန်ုပ်

အတွေးမှ လန့်နိုးထဖြစ်သည်။

ထိုသူ့ကို ကျွန်ုပ် မမှတ်မိချင်။ ကလန်မှူးဝတ်စုံနှင့် ထိုသူက ရိုကျိုးသော အမူအရာဖြင့် မြင်းပေါ်မှ ဆင်းသည်။ ကျွန်ုပ်ကို ကြည့်နေသော သူ့မျက်နှာမှာ ရင်းနှီးသော အပြုံးတစ်ခု ရှိသည်။

"ကျွန်တော် ဘာများ အမှုတော် ဆောင်ပေးရပါမလဲ အရှင်"

ထိုအခါမှပင် သူ၏ကိုယ်ကြပ်အညိုရောင်ကို သတိထားမိသည်။ သူကား ဘုရင့်လေ့တပ်မှ ကလန်မှူးတစ်ယောက်။ ကလန်မှူးကြီး အမတ်ဦးဖိုး၏ အမှုထမ်းတစ်ယောက်။

"အို... ဘာမှဆောင်ပေးစရာ မရှိပါဘူး၊ ဦးဖိုးတစ်ယောက် ကော"

"ဆိပ်ကမ်းမှာရှိနေပါတယ်အရှင်။ ကလန်မှူးကြီးဆီကိုကျွန်တော် လိုက်ပို့ပေးရမလား"

"နေပါစေ။ ကျုပ်ဘာသာ ကျုပ်ပဲ သွားလိုက်ပါမယ်"

အလိုအလျောက်ပင် ပြောထွက်သွားသည်။ ထိုသူက ကျွန်ုပ်ကို ဦးညွှတ်ကာ မြင်းပေါ်တက်လျက် ထွက်ခွာသွားသည်။ မည်သို့ဆိုစေ သူ့ကို ကျွန်ုပ် ကျေးဇူးတင်မိပေသည်။ ဦးဖိုးရှိရာ ဆိပ်ကမ်းသို့ ကျွန်ုပ် မြင်းကို နှင်ခဲ့သည်။ တစ်နေရာရာ ဦးတည်၍ တစ်ယောက်ယောက်နှင့် တွေ့ဆုံဖို့ဆိုသော အဓိပ္ပာယ်လေးတစ်ခုတော့ ရှိလာသည်ပင်။

ညောင်ဦးငဖိုးဟု ခေါ်ကြသော ဦးဖိုးကား ခင်မင်လေးစားဖွယ် ကလန်မှူးကြီး ဖြစ်လေသည်။

◆ ◆ ◆

## ( ၁၁ )

ယိုယီးဟစ်သံများ ကြားရသည်။ ကမ်းပါးစောက်အတိုင်း သောင်ပြန့်ကို ဖြတ်လာပြီးနောက်တွင် မြစ်ပြင်လေက ကျွန်ုပ်ထံသို့ တိုးဝင်လာသည်။ မြစ်ဆိပ်တွင် လှေတပ်တော် ရဲမက်အစု ငါးဆယ်ခန့်ကို တွေ့ရသည်။ သောင်စပ်မှ မြစ်ထဲသို့ သစ်လုံးများချရင်း ညာသံပေးနေကြခြင်း ဖြစ်လေသည်။

လှေတပ်ရဲမက်အစုများ ဖြစ်သော်လည်း ရေပြင်လှေပေါ်တွင် ရှိမနေကြဘဲ သောင်စပ်မှ သစ်လုံးများအကြား လှုပ်ရှားနေသောကြောင့် မြင်ကွင်းမှာ တစ်မျိုးဖြစ်နေသည်။ သူတို့ဟစ်နေသော ယိုယီးသံမှာလည်း လှေလှော်ညာသံ မဟုတ်ကြောင်း သိလာရသည်။

ရဲမက်များနှင့် သစ်လုံးများအလယ်တွင် ထွားကြိုင်းလှသော ဦးဖီးကို မားမားကြီး မြင်နေရသည်။ သူ့ရဲမက်များလိုပင် ဦးဖီးမှာလည်း ကိုယ်ကြပ်မပါ ဗလာကျောပြင်ကြီးဖြင့်။ သူတို့အားလုံး၏ ကျောနှင့် ပခုံးလက်ရုံးများမှာ ကြွက်သားများမှာ နေပူသောင်ပြင်တွင် ချွေးများဖြင့် ဖုထစ် ရှန်းကြွနေကြသည်။

ဦးဖိုးက ကျွန်ုပ်ကိုမြင်သွားသည်နှင့် လက်ကိုဝှေ့ရမ်းပြပြီး ကျွန်ုပ်ရှိရာ လျှောက်လာသည်။ ထို့နောက် မြင်းဇက်ကို လှမ်းယူ၍ နဖူးပြင်မှ ချွေးများကို သုတ်ကာ ပြောလေသည်။

"နေပြင်းလှတယ် အရှင့်သား"

အရှင့်သားဟူသော အခေါ်အဝေါ်မှာ ဦးဖိုး နှုတ်ကျိုးနေသော စကားလုံး ဖြစ်သည်။

"ဟောဟို သစ်ပင်ရိပ်ကြီးဆီ သွားကြရအောင်။ အရှင့်သားမှာ အစောင့်ရဲမက်လည်း တစ်ယောက်မှ မပါပါလား"

"ဒီနေရာမှာ အစောင့်ရဲမက်လိုသေးလို့လား ဦးဖိုး"

သူ၏ နှစ်လိုဖွယ်အသံကြောင့် ကျွန်ုပ် ပေါ့ပါးလန်းဆန်းစပြုလာသည်။ မြင်းပေါ်မှဆင်းပြီး သူနှင့်ယှဉ်ကာ သောင်ပြင်ကို ဖြတ်ခဲ့သည်။

"သစ်လုံးတွေနဲ့ ဘာလုပ်နေကြတာလဲ ဦးဖိုး"

"ဖောင်ဖွဲ့တဲ့ လေ့ကျင့်ခန်းလေ။ အကောင်တွေက ညောင်ဦးငဖိုးရဲ့ လှေတပ်ထဲဝင် အမှုထမ်းရရင် လှေတပ်သား ဝတ်စုံလေးဝတ်၊ လှေပေါ်ထိုင်၊ တက်ကိုင်ရမယ် ထင်နေကြတာ။ အခုလို သောင်ပြင် နေပူကြဲကြဲမှာ ဖောင်ဖွဲ့လေ့ကျင့်မှု လုပ်ရမယ်လို့ ဘယ်ထင်ကြမလဲ။ တွေ့လား သကောင့်သားတွေ"

သောင်ပြင်ပေါ်တွင် ရထားသော သစ်လုံးကြီးများကို ဆွဲထုတ်ယူပုံ၊ ရေထဲသို့ လှိမ့်ချကြပုံ၊ တွန်းရွှေ့ကြပုံ၊ ရေထဲအရောက်တွင် သစ်လုံးကို ထိန်းသိမ်းကိုင်တွယ်ပုံ၊ ကြိုးဖြင့် ဖွဲ့ချည်ပုံတို့ကို တိုင်သံဖောက်သံ ညာသံပေးလျက် အဆက်မပြတ် လှုပ်ရှားသွားကြသည်မှာ ကြည့်ကောင်းလှပေသည်။

"သစ်ခုတ်သမား၊ ဖောင်မျှောသမားတွေရဲ့ ဖောင်ဖွဲ့တဲ့ အတတ်ကို တပ်တော်ရဲ့ စစ်သည်စည်းကမ်းနဲ့ ပေါင်းစပ်ထားတာလေ"သည်လို လေ့ကျင့်မှုမျိုးကို ဦးဖိုးသာလျှင် တတ်နိုင်ပေမည်။

"ဖောင်ကြိုးမဖွဲ့တတ်သေးသမျှ တက်မကိုင်ရဘူးလို့ အမိန့်ထုတ်ထားတာကလား၊ သကောင့်သားတွေ မှတ်ကရော့"

နေပူပူ၊ သဲပူပူ သောင်ပြင်ပြန့်တွင် သစ်လုံးကြီးများကို ဖောင်ဖွဲ့ လှေကျင့်ရသည်မှာ အလွန်မှပင် မသက်သာလှသော လှေကျင့်ခန်းပင်။ သို့သော် သူတို့အားလုံးမှာ ယိုယီးညာသံအောက်တွင် ချွေးတရွှဲရွှဲဖြင့် တက်ကြွပျော်ရွှင်နေကြလေသည်။

ထွားကြိုင်းတုတ်ခိုင်လှသော ဦးဖီး၏ ကိုယ်လုံးကြီးမှာလည်း ချွေးတွေ၊ အရွဲသား။ သဖန်းပင်ရိပ်အောက်သို့ ဝင်လိုက်ကြပြီး သစ်မြစ်ဆုံပေါ်တွင် ထိုင်ဖြစ်ကြသည်။

"ကဲ အရှင့်သားအတွက် ဦးဖီး ဘာလုပ်ပေးရမလဲ။ ဘာကိစ္စနဲ့ ကိုယ်တိုင် ရောက်လာသလဲ"

"ဘာမှ လုပ်ပေးစရာ မရှိဘူး။ ဦးဖီးတို့ ဒီမှာ ရှိနေတယ်ဆိုလို့ လာတာ"

ရည်ရွယ်ချက်မဲ့ လျှောက်သွားနေရာမှ အမှတ်မထင်ရောက်လာသောအဖြစ်ကို ကျွန်ုပ် ဖုံးကွယ်မိသွားသည်။ မလုံမလဲ စိတ်က ရိပ်ခနဲ တက်လာချင်သော်လည်း ဖောင်ဖွဲ့ရဲမက်များကို လှမ်းကြည့်ရင်း အာရုံပြောင်းလိုက်ရလေသည်။

"အရှင့်သား ဧည၀တီ မသွားဖြစ်သေးဘူးလား"

"မယ်မယ် မကျန်းမာဘူး ဦးဖီး။ကျွန်တော် ဒီမှာရှိနေမှဖြစ်မယ်"

"အို ဟုတ်လား။ ကျွန်ုပ် နန်းတော်ပြန်မရောက်တာ ငါးရက်ရှိသွားပြီ။ ဘာမှ မသိဘူး။ ဒေဝီဖုရားအကြောင်း ကြားရတာ စိတ်မကောင်းပါဘူး။ ဒေဝီဘုရားမှာ သွေးအားနည်းတဲ့ ဝေဒနာ ရှိတယ်လို့ သမားတော်တွေက ပြောတယ်။ နေဦး။ ငလုံးဆီမှာ သွေးအား ကောင်းစေတဲ့ ရှားရှားပါးပါး ဆေးမြစ်တွေ ရှိတယ်။ ဒီကောင်က သစ်မြစ်သစ်ဖုအကြောင်းတော့ နှံ့စပ်တယ်။ ထွန်းတုံး ထယ်သွားနဲ့ ထိုးမိပြီး ပေါ်လာသမျှ သစ်မြစ်တွေကို သူက လေ့လာ စုဆောင်း တတ်တာကလား"

ဦးဖီးပြောသော ငလုံးဆိုသည်မှာ ဘုရင့်လယ်တော်များနှင့် အရိမဒ္ဒနပူရ၏ ပယ်ပေါင်းများစွာသော လယ်မြေများကို ကြီးမှူးရသည့် ကလန့်မှူးကြီး ငလုံးပင် ဖြစ်လေသည်။

"ငလုံးဆီက သစ်မြစ်ရယ်၊ ငထွေဆီက ထန်းလျက်အရက်ရယ် ရလိုက်စမ်းပါ။ ဆေးမြစ်စိမ်အရက် လိမ်းပေးလိုက်ရင် ဒေဝီဘုရားရဲ့ သွေးအားနည်းဝေဒနာကို တစ်ဖက်တစ်လမ်းက ကောင်းကောင်း ကုစားနိုင်မှာပါ။ နေဦး။ ဖောင်ဖွဲ့လေ့ကျင့်ခန်းက ပြီးတော့မှာပါ။ ပြီးရင် ကျုပ် ဒီကောင်တွေဆီ လှည့်လိုက်မယ်"

"ဦးဖိုးကား လွန်စွာ လက်တွေ့ကျသော ကလန်မှူးကြီးပင်။ ပဿနာ တစ်ခုခုအတွက် ဖြေရှင်းစရာနည်းလမ်း တစ်ခုခုလည်း သူ့ထံမှာ အလွယ်တကူ အဆင်တပြေ ရှိနေတတ်ပေသည်။

"ဦးဖိုး အားလပ်တဲ့အခါ အဲဒီဟာကိုလုပ်ပေးမှာပေါ့။ အခုနေတော့ ကျွန်တော့်ကို ဖောင်ဖွဲ့လေ့ကျင့်မှုအကြောင်း ပြောပြစမ်းပါ"

"ဖောင်ဖွဲ့တဲ့ကိစ္စ ဟုတ်လား။ အရှင့်သား စိတ်ဝင်စားနေသလား"

"ဖောင်ဖွဲ့တဲ့အတတ်ကို စစ်သည်တော်တို့ရဲ့ စည်းကမ်းနဲ့ ပေါင်းစပ်ထားတယ်ဆိုလို့ ကျွန်တော် စိတ်ဝင်စားသွားတာ"

ဦးဖိုးက ကွမ်းချေးတက်နေသော သွားများပေါ်အောင် ရယ်သည်။

"အမှန်တော့ အရှင့်သား ဖောင်ဖွဲ့တယ်၊ ဖောင်ကြိုးငင်တယ်ဆိုတဲ့ အတတ်ဟာ ဧရာဝတီရဲ့ မြစ်ညာဒေသ၊ ဟိုးတောကြီးတွေထဲက ဖောင်မျှောသမားတွေ တတ်ပြီးသား ပညာပါ။ ပြောရရင် ဒီသစ်လုံးတွေကို ညီညီစီပြီး ကြိုးဆိုင်းတာ၊ ဆွဲတာ၊ တုတ် တာတွေက ဒီလောက်ခက်ခဲလှတာ မဟုတ်ပါဘူး။ ခွန်အား အဓိက မဟုတ်ဘူး။ လျင်မြန်မှုနဲ့ကျွမ်းကျင်မှုသာ လိုတာ။ အဲဒီပညာကို ကျုပ်က ဘုရင့်ရေတပ်တော် လေ့တော်သားတွေ လိုက်နာရမယ့် အမိန့်စည်းကမ်းနဲ့ ပေါင်းစပ်လိုက်တာပဲ။ လျင်မြန်မှု၊ ကျွမ်းကျင်မှုကို အမိန့်နာခံမှု၊ ညီညွတ်မှုနဲ့ ပေါင်းလိုက်တာ"

"လှေတပ်တော်သားတွေအတွက် ဘယ်လိုအကျိုးထူးသလဲ ဦးဖိုး"

လေးထောင့်ကျ၍ ကျယ်ပြန့်သော ဦးဖိုး၏ မျက်နှာကြီးမှာ လေးနက်သွားသည်။

"ဒီလေ့ကျင့်မှုမှာ ကျုပ်အဓိက ပေးတာကတော့ လေးလံတဲ့

အရာတွေရဲ့ ချက်ကောင်းကို ဖမ်းပြီး အမိအရ တုပ်ချည်ကိုင်တွယ်ခြင်း အားဖြင့် ပေါ့ပါးသွားစေတယ်ဆိုတဲ့ အသိပဲ အရှင့်သား”

“ဘာ... ဘယ်လို ဦးဖိုး။ ပြောစမ်းပါဦး”

ဖောင်ဖွဲ့လေ့ကျင့်မှုသည် သာမန်ကိစ္စ မဟုတ်တော့ဟု ကျွန်ုပ် တွေးမိလာသည်။ ဦးဖိုးက ခြေဟန်လက်ဟန်ဖြင့် ရှင်းပြလေသည်။

“သစ်လုံးကြီးတွေဟာ ကုန်းပေါ်မှာဆိုရင် လူဆယ်ယောက် ဆယ့်ငါးယောက် မလို့မနိုင်အောင် လေးလံကြီးမားကြတာ။ ဒါပေမယ့် မြေအနိမ့်အမြင့်၊ သစ်လုံးအနေအထားကို ကြည့်ပြီး ကုတ်ကိုသုံးလိုက်တဲ့ အခါ သစ်လုံးတွေရဲ့ အလေးချိန်ဆိုတာဟာ ပျောက်သွားတယ်။ သဘော ကတော့ ကုတ်ကို သုံးတတ်ရင် ဘယ်ပစ္စည်းရဲ့ ဘယ်လိုအလေးချိန်ကိုမှ မှုစရာ မလိုဘူး။ ကြီးမားလေးလံတဲ့ အရာမှန်သမျှကို ပေါ့ပါးသွား အောင် လုပ်နိုင်တာချည်းပဲ”

သစ်လုံးဖောင်ဖွဲ့ လေ့ကျင့်မှုကဲ့သို့သော သာမန်ကိစ္စ တစ်ရပ်မှ နေ၍ ဥပဒေတွေ ထုတ်ယူပြနေသော ဦးဖိုး၏ စကားကို ကျွန်ုပ် လေးနက်စွာ နားစိုက်နေမိသည်။

“စစ်သည်တွေရဲ့ စိတ်ထဲကို သွင်းပေးတဲ့ အချက်က အဲဒါပဲ အရှင့်သား။ မိမိအားနဲ့ မမျှတဲ့ အရာတွေကို ကိုင်တွယ်တဲ့ နေရာမှာ ကုတ်ကို အသုံးပြုသလို အချက်အညာတစ်ခုခု ရှာဖွေတတ်ဖို့ အချက် ညာက တစ်ဆင့် အင်အားကြီးမား လေးလံတဲ့ အရာတွေကို နိုင်နင်းဖို့ ဒါကို ပို့ချပေးတာပဲ”

“သေနင်္ဂထဲမှာ အကျုံးဝင်သလား ဦးဖိုး”

“စိတ်ဓာတ် ဝိညာဉ်ဆိုင်ရာ သေနင်္ဂပေါ့ အရှင့်သား။ ဒီအပြင်မှာ နောက်တစ်ခုလည်း ရှိသေးတယ်”

ယိုယီးသံများ၊ ညာသံများနှင့် ရေပြင်ထဲသို့ သစ်လုံးကြီးများ ဘွမ်းခနဲ ကျသွားသံများကြောင့် ဦးဖိုး၏ စကားမှာ ပို၍ အသက်ဝင် နေသည်။

“ပြောပါဦး ဦးဖိုး။ သစ်လုံးဖောင်ဖွဲ့ ကိစ္စဟာ ဒီလောက် လေးနက်

နေမယ်လို့ ကျွန်တော် မထင်မိဘူး”

လေးလံတဲ့ သစ်တုံးကြီးတွေကို ကုတ်သုံးပြီး ရွှေ့မခဲ့ပြီ။ သူ့ကို ရေထဲချလိုက်ပြီ။ ဒီအခါမှာ သေနင်္ဂ အသစ်တစ်ခု ထပ်ပေါ်လာတယ်”

“သေနင်္ဂအသစ်”

“ရေထဲမှာ သစ်လုံးကြီးတွေဟာ ပေါလောမျောတယ်။ လေးလံမှု ပျောက်ပြီး ပေါ့ပါးသွားတယ်။ ဒီအခါ သစ်လုံးတွေ ရေထဲမျောပါမသွားအောင် ကစဥ့်ကလျား ဖြစ်မသွားအောင် ထိန်းသိမ်းဖို့ လိုလာပြီ။ ရေရဲ့သတ္တိကြောင့် ပေါ့ပါးသွားတဲ့ သစ်လုံးတွေကို အထင်မသေးရဘူး။ သတိလက်လွတ် မဖြစ်ရဘူး”

“အထင်မသေးရဘူး...။ သတိလက်လွတ် မဖြစ်ရဘူး ဟုတ်လား...”

“ဟုတ်တယ်...။ ကုန်းပေါ်မှာ ကုတ်နဲ့ ထိန်းရွှေ့ရသလို ရေထဲမှာလဲ စူးချိတ်လွန်ကြိုးတွေနဲ့ ထိန်းရွှေ့ချည်တုပ်ရဦးမယ်။ ကျွမ်းကျင်မှု လျင်မြန်ဖျတ်လတ်မှုတွေနဲ့အတူ သတိမပြတ်ထားရှိမှု ဆိုတာလဲ လိုလာတယ်။ အမှန်ကတော့ ရေထဲမှာ ပေါလောမျောလာတဲ့ သစ်လုံးတွေဟာ ပိုပြီး အန္တရာယ်ကြီးတယ်။ ဖောင်ဖွဲ့သမားတွေအနေနဲ့ ဒါတွေကို မပိုင်နိုင်ရင် သစ်လုံးညပ်မယ်။ သစ်လုံးနဲ့ ဆောင့်တိုက်မယ်။ ပိုပြီး သတိထားရမယ်”

“သူ့ ဥပဒေသကကော ဦးဖိုး”

“အောင်မြင်မှု တစ်ခုရပြီးတဲ့နောက်မှာ အဲဒီအောင်ပွဲနဲ့အတူ တာဝန်ယူရမှုဆိုတာ ပိုပြီး ကြီးမားလာတယ်။ ဒါကိုထပ်ပြီး ချည်ရတုပ်ရမယ့် သစ်လုံးတွေကို လွန်ကြိုးနဲ့ ချည်တုပ်နှောင်သလို မပြတ်စောင့်ကြပ်တဲ့ သတိနဲ့ ချည်ရ တုပ်ရမယ်။ ဒါဥပဒေသပါပဲ”

ကြီးမားလေးလံတဲ့အရာများကို နိုင်နင်းအောင် ကိုင်တွယ်ရာ၌ အချက်အညာတစ်ခု ရှိတတ်သည်။ ဒါကို ကိုင်တွယ်အသုံးချရမည်...တဲ့။ သည်အဆင့်ကို ကျော်လွန်ပြီးနောက်တွင်လည်း မပြတ်စောင့်အပ်သော သတိဖြင့် ဖွဲ့ချည်တုပ်နှောင်ရမည်...တဲ့။ သစ်လုံးဖောင်ဖွဲ့လေ့ကျင့်မှုမှ ကျွန်ုပ် ရလိုက်သော ဥပဒေသ တစ်ခု။

**ရတနာပုံစာအုပ်တိုက်**

ဦးဖိုး စကားအရဆိုလျှင် စိတ်ဓာတ်ဝိညာဉ်ဆိုင်ရာ သေနင်္ဂ။

"သိပ်ကောင်းတဲ့ သေနင်္ဂဥပဒေသတွေပဲ ဦးဖိုး။ ဖောင်ဖွဲ့လေ့ကျင့်ခန်းမှာ ဒီလောက် လေးနက်တဲ့ အရာတွေ ရှိနေမယ်လို့ ကျွန်တော် မထင်မိဘူး"

"ရှိပါသောကော အရှင့်သား။ အမှန်တော့ ဒါမျိုးတွေကို ရဲမက်စစ်သည်တွေရဲ့ သွေးထဲ သားထဲမှာ စိမ့်ဝင်သွားအောင် သင်ကြားပေးဖို့ ကိုယ်တော်ကြီးက အမိန့်ပေးထားတာ"

ကိုယ်တော်ကြီးဟု ဦးဖိုးတို့ လူသိုက်က ခေါ်ကြသော ကျွန်ုပ်၏ ခမည်းတော် ကျန်စစ်မင်းကြီး ...။

စိတ်ထဲမှာ တစ်ချက်ညှို့သွားလေသည်။ ဦးဖိုး၏ စကားများတွင် ဝင်စားစူးစိုက်နေခဲ့သော အတွေးများမှာလည်း အမွှေနှောက်ခံလိုက်ရသော ရေအိုးလို အနည်အမှုန်တွေ ထသွားသည်။

ဦးဖိုးကတော့ နန်းတော်ရှိရာဆီသို့ ငေးမျှော်ကာ နေပြန်သည်။

"ကိုယ်တော်ကြီးရဲ့ ကျေးဇူးသိပ်ကြီးတယ်။ ကိုယ်တော်ကြီးဟာ ဘာကိုပဲ အမိန့်ပေးပေး နှလုံးရည် ပြည့်ဝကြွခိုင်ဖို့ကို ပိုပြီး အဦးထားတယ်။ အရိမဒ္ဒနပူရသားတွေ နှလုံးရည်ညံ့မှာကို သိပ်ပူပန်ရှာတယ်။ လက်ရုံးရည်ထက်မြက်ပြီး ဆင်ခြင်တုံတရား ညံ့ဖျင်းသူတွေဖြစ်နေကြမှာကို စိုးရိမ်ရှာတယ်"

ဦးဖိုး၏ စကားတွေကို ကျွန်ုပ် ဆက်နားမထောင်ချင်တော့ပေ။

ခမည်းတော် ကျန်စစ်မင်းကြီးအကြောင်း ပြောကြစတမ်းဆိုလျှင် ဦးဖိုးတို့ လူသိုက်သည် မမောနိုင် မပန်းနိုင် ရှိတတ်ကြချေသည်။

"သူ့မှာကလဲ ငယ်စဉ်ကတည်းကစပြီး ထီးနန်းပလ္လင်ပေါ် ရောက်သည်အထိ လက်ရုံးပြိုင်ပွဲတွေ စစ်မက်တွေနဲ့ချည်း ကြုံခဲ့ရတာကိုး။ ဒါကြောင့် ခုဒီဘက်ကာလတွေမှာ နှလုံးရည်ကို အားပြုလာခဲ့တာနဲ့ တူပါရဲ့ ..."

ကျွန်ုပ် နေရာမှ ထကာ မြင်းဇက်ကြိုးကို ကိုင်လိုက်သည်။

"ပြန်တော့မလို့လား ... အရှင့်သား။ ဒေဝီဘုရားအတွက် ဆေးမြစ်ရော ထန်းလျက်အရက်ကို ကျုပ်ယူလာခဲ့ပါမယ်"

ဦးဖိုး၏ လက်မောင်းအိုးကို ဆုပ်ကိုင်နှုတ်ဆက်ကာ ကျွန်ုပ် ထွက်လာခဲ့သည်။ သောင်ပြင်ရေစပ်မှ ယိုယီးသံများကား ပို၍ ကျယ်လောင်နေကြသည်။ ရေထဲသို့ သစ်လုံးကြီးများ တဘွမ်းဘွမ်း ကျသွားသံများ ကျွန်ုပ်၏ ရင်ကို တိုးဆောင့်လေသည်။ မည်သို့ရှိစေ...

ဦးဖိုးပြောပြသော သေနင်္ဂနှစ်ခုကို ကျွန်ုပ် ပြန်လှန်သုံးသပ်ရဦး မည်သာ။

◆ ◆ ◆

## ( ၁၂ )

"သား ဘယ်တွေရောက်ခဲ့သလဲ။ စံအိမ်ဆီကို မယ်မယ် လူလွှတ် ခေါ်ခိုင်းသေးတယ်။ စံအိမ်အမှုတော်ထမ်းတွေကလဲ သား ဘယ်သွားမှန်း မသိကြဘူး"

နေ့လယ်စာကို ကျွန်ုပ် လက်စသတ်ပြီးသည်နှင့် မယ်မယ်က မေးသည်။ အရိမဒ္ဒနပူရတွင် ကျွန်ုပ်ရှိနေသမျှ မယ်မယ့်ထံတွင်သာ နေ့လယ်စာနှင့် ညဦးစာတို့ကို စားရပေသည်။

"သား ဇေရာဝတီဆိပ် ရောက်သွားတယ်။ ဦးဖိုးနဲ့ စကားပြော နေတာ"

သစ်လုံးဖောင်ဖွဲ့ လေ့ကျင့်မှုအကြောင်းကို မယ်မယ့်အား ပြောပြ လိုက်သည်။ မယ်မယ်က စိတ်ပါဝင်စားစွာ နားထောင်သည်။

"ကြီးမားလေးလံတဲ့ အရာတွေကို ကိုင်တွယ်ဖို့အတွက် အညာ ဆိုတာ ရှိစမြဲပဲတဲ့ ဟုတ်လား...သား"

"ဟုတ်တယ်...မယ်မယ်။ အဲဒါကိုဖောင်ဖွဲ့ခြင်းကရတဲ့စိတ်ဓာတ် ဝိညာဉ်ဆိုင်ရာ သေနင်္ဂလို့လဲ ဦးဖိုးက အမည်တပ်တယ်"

မယ်မယ်သက်ပြင်းတစ်ချက်ရှိုက်၍ မသိမသာခေါင်းယမ်းသည်။

"ကလန်မှူးစစ်သည်တွေရဲ့ သေနင်္ဂအမြင်နဲ့ ပြောတာပေါ့ကွယ်။ သူတို့တွေကတော့ ဘယ်အရာကို ဘယ်လိုနိုင်နင်းအောင် ကိုင်တွယ်ရ မလဲဆိုတာကိုပဲ စိတ်ကူးနေကြတာကလား...။ အေးလေ ဒါကလဲ သူတို့အလုပ်ပေးပဲ။ အင်း မိမိကိုယ်မိမိ နိုင်နင်းအောင် ကိုယ်တွယ်ဖို့ အချက်အညှာကိုတော့ သူတို့ မေ့နေကြတယ်"

"ဘယ်လို မယ်မယ်"

မယ်မယ့်ဆီမှ ထူးဆန်းသောနောက်ထပ်အကြောင်းအရာတစ်ခု ကို ကြားရပြန်ပေပြီ။ မိမိကိုယ်မိမိ နိုင်နင်းအောင် ကိုင်တွယ်တတ်ဖို့ အချက်အညှာတဲ့။ အရိမဒ္ဒနပူရ နေပြည်တော်မှ လူများသည် ထူးဆန်း သော စကားလုံးတွေကို တွင်တွင်ကြီး ပြောနေကြပါပကော။

"ပြင်ပမှာရှိတဲ့အရာတွေကိုပဲ ကိုင်တွယ်ဖို့ သူတို့အားလုံး စိတ်ကူး နေကြတယ်။ ထက်သန်အားထုတ် ကြိုးကုတ်နေကြတယ်။ ဗဟိဒ္ဓကိုပဲ စိတ်ဝင်စားနေကြတယ်။ အဇ္ဈတ္တကို နိုင်နင်းအောင် ကိုင်တွယ်ဖို့ကျတော့ သူတို့ မေ့လျော့နေကြတယ်လေ"

"မယ်မယ်ပြောတာ သားနားမလည်ဘူး"

"သား နားလည်နိုင်ပါတယ်ကွယ်"

မယ်မယ်၏ ဖြော့တော့ရီဝေသော မျက်လုံးများမှ အကြည့်သည် ဆည်းဆာနေခြည်တန်းများကဲ့သို့ မှေးမှိန်လျက်ကပင် လင်းလက်နေကြ လေသည်။ မယ်မယ့်အကြည့်ကို ကျွန်ုပ် လွှဲဖယ်လိုက်ရသည်။ မေတ္တာရိပ် ဖြင့် အေးမြသော မယ်မယ့် မျက်လုံးများကို ကျွန်ုပ် ဘာကြောင့် ရင်မဆိုင် ရဲပါလိမ့်။

"အရိုးဆုံးစကားနဲ့ပြောရရင် ကိုယ့်စိတ်ကိုယ်သိဖို့၊ ကိုယ့်စိတ်ကို နိုင်ဖို့ ..."

ကမန်းကတန်းပင် မျက်လွှာချလိုက်ရတော့သည်။

"ဦးဖိုးတို့ တစ်တွေကို ကြည့်လိုက်စမ်းသား။ ဦးဖိုးဆိုရင်လဲ အရိမဒ္ဒနပူရ လေ့တပ်တော်ရဲ့ ကလန်မှူး အမတ်ကြီး။ တမ္ဗဒီပ နိုင်ငံတော်တစ်ဝှမ်းလုံးက မြစ်ချောင်းအင်းအိုင်တွေကို သူမသိတာ

မရှိဘူး။ ဧရာဝတီမြစ်ကြီးဆိုတာလဲ သူကအနိုင်ယူထားတာ။ ကဲ ငထွေ ကျတော့ကော ပုပ္ပားတစ်ဝိုက်က သစ်တောတွေ ထန်းတောတွေ အကြောင်း ဖန်တစ်ရာကြေ ကျွမ်းကျင်တဲ့သူ။ ငလုံးက လယ်မြေတွေမှာ နှံ့စပ်တဲ့သူ။ ကလန်မှူးကြီးတွေရယ်လေ။ မြစ်ပြင်၊ တောတောင်နဲ့မြေပြင် တွေကို စိုးမိုး ချယ်လှယ်နိုင်ကြသူတွေ။ အားကောင်းမောင်းသန် ယောက်ျားကြီးတွေ…”

ခမည်းတော် ကျန်စစ်မင်းကြီး၏ လက်ရုံးကြီးများ ဖြစ်ကြသော ဦးဖီး၊ ဦးငထွေ၊ ဦးငလုံးတို့ကို မယ်မယ်တကယ်ပင် လေးလေးစားစား ပြောနေခြင်းပင်။

“ဒါပေမယ့် သားရဲ့ ရေပြင်၊မြေပြင်၊တောတောင်နဲ့ ကောင်းကင် တွေကို စိုးမိုးချယ်လှယ်နိုင်ခြင်းဆိုတာဟာ တကယ့်တကယ် အောင်နိုင် ခြင်း မဟုတ်ပေဘူး။ မယ်မယ်တို့ရဲ့ အရိမဒ္ဒနပူရ နေပြည်တော်ဆိုတဲ့ အမည်နာမကိုပဲ ကြည့်။ ရန်အပေါင်းကို ခုတ်ပယ်ပိုင်းဖြတ်အောင်မြင် သောဆိုတဲ့ အဓိပ္ပာယ်နဲ့ မှည့်ခေါ်ထားတာ မဟုတ်လား။ အမှန်တော့…”

မိမိစကားကို မိမိပြန်ကြားနာသည့်ပမာ မယ်မယ်သည် မျက်လုံး အစုံကို အသာအယာ မှိတ်လိုက်ပြီးမှ…

“မိမိစိတ်ကို မိမိအစိုးရမှသာ တကယ့်အောင်နိုင်ခြင်း။ မိမိစိတ် သဏ္ဍာန်နဲ့ ဝိညာဉ်ထဲက မသိမှုတွေ၊ နောက်ကျိမှုတွေ၊ အညစ်အကြေး တွေကို အစိုးရမှ နိုင်နင်းမှသာ တကယ့်အောင်နိုင်ခြင်း”

“စိတ်ကို အစိုးရရင် လောကကို အစိုးရတာပဲဆိုတဲ့ စကားလား မယ်မယ်”

“သား သဘောပေါက်တဲ့အတွက် မယ်မယ် ဝမ်းသာမိပါတယ်။ ကဲ ဒါတွေထားလိုက်ကြဦးစို့ရဲ့။ သားကို ဘာကြောင့် မယ်မယ် လူလွှတ် အရှာခိုင်းသလဲဆိုတာ သား မမေးတော့ဘူးလား”

“မယ်မယ့်စကားတွေ နားထောင်နေရတာနဲ့ သား မေးဖို့မေ့နေ တယ်”

ခွင့်လွှတ်ပြုံးဖြင့် မယ်မယ် ပြုံးလေသည်။

“ရွှေအိမ်သည် ရောက်လာလို့”

**ရတနာပုံစာအုပ်တိုက်**

ရွှေအိမ်သည်၊ အစ်မတော် ရွှေအိမ်သည်။ ကြည့်စမ်း...။ လွင့်ပျံ့ပူလောင် စိတ်များကြောင့် အစ်မတော်ကို ကျွန်ုပ် မေ့နေပါကလား။

"အစ်မတော် ဘာကြောင့်လာတာလဲ မယ်မယ်"

"မယ်မယ် ခြေတွေလက်တွေလိမ်းဖို့ ဦးဖိုးပေးလိုက်တဲ့ ဆေးမြစ်ရည် လာပို့ရင်းနဲ့ပါ၊ သား ပျက္ခယွေတောက ပြန်ရောက်လာတဲ့နေ့ကပဲ ခဏတွေ့လိုက်ရပြီး ထပ်မတွေ့ရလို့တဲ့ သားနဲ့ တွေ့ချင်လို့တဲ့"

မြစ်ဆိပ်တွင် ပြောခဲ့သော သေရည်ရောစပ်သည့် ဆေးမြစ်ရည်ကို ဦးဖိုးသည်လောက် မြန်မြန်ဆန်ဆန်ကြီး အပို့လွှတ်လိမ့်မည်ဟု ကျွန်ုပ် မထင်မိခဲ့ချေ။

"သမီးလေး ရွှေအိမ်သည်ဟာ မယ်မယ်ကို ပိုပြီး ဂရုစိုက်လာသလိုပဲသား။ ဆေးမြစ်ရည်ကို ကိုယ်တိုင်လာပို့တယ်။ သားကိုလည်း တသသမေးတယ်။ သူ့ဆီ သွားလိုက်ပါဦး သားရယ်"

ကျွန်ုပ်ကိုယ်တိုင် ရေရေရာရာ မသိသော တစ်ခုခုကို မယ်မယ်က အသေအချာကြီး သိနေပြီဟု ခံစားရမိသည်။ တည်ငြိမ်သော ရေမျက်နှာပြင်ကို အနက်အရှိုင်း ခန့်မှန်းရခက်သကဲ့သို့ အေးဆေးလေးနက်လွန်းသော မယ်မယ့် သဏ္ဍာန်မှာ အသိရခက်လှချေသည်။

"သား...အစ်မတော်ဆီ သွားလိုက်ပါ့မယ် မယ်မယ်"

"အေး... သွားလိုက်ပါ၊ သူ သားကို ဘာပြောစရာရှိသလဲ မသိဘူး"

"ညဉ့်ဦးကျရင်တော့ ပရိမ္မ ဇာတ်ကြောင်းကို ဆက်ကြဦးစို့နော် မယ်မယ်"

"အေးပေါ့ သားရယ်။ မယ်မယ်တို့ သားအမိမှာ ဒီပုံပြင်လေးကို ပြောဖို့ နားထောင်ဖို့ အမြဲတမ်းအဆင်သင့် မဟုတ်လား"

ကျွန်ုပ် ရယ်လိုက်မိသည်။ ဤအရယ်အမောထဲတွင် အပူငွေ့တွေ အားလုံးပါသွားလျှင် ကောင်းလေစွ။

◆ ◆ ◆

## ( ၁၃ )

မယ်မယ့်စကားမို့သာ မပယ်ရှားရက် နားထောင်ခဲ့ရခြင်း ဖြစ်လေသည်။

စင်စစ်မူ ဤနေရာသို့ ကျွန်ုပ် မလာချင်။ နန်းတော်၏ အဆောင်ဆောင် အခန်းခန်း စင်္ကြံလမ်းများကို ကွေ့ပတ်လှမ်းလာခဲ့ရသော ကျွန်ုပ်၏ ခြေလှမ်းများမှာ လေးတွဲ့ဆုတ်ဆိုင်းနေသည်။ ကျွန်ုပ်နောက်မှ ပါလာသော အဆောင်ကိုင် အမှုထမ်းနှစ်ယောက်မှာလည်း လေးလံပျင်းရိစွာ လိုက်ပါလာကြပေသည်။

ပန်းဥယျာဉ်တစ်ခုကို ကွေ့ချိုးလိုက်ပြီး နောက်တွင်ကား ဟင်္သပဒါးသုတ်လိမ့်ထားသော တိုင်လုံးနီနီများနှင့် စံနန်းတော်ကြီးကို တွေ့လိုက်ရသည်။ ကျွန်ုပ်ခြေလှမ်းများလည်း အလိုလို တုံ့ရပ်သွားသည်။ ရောက်သည့်နေရာမှ ပြန်လှည့်သွားဖို့ပင် စိတ်ကူးပေါ်လာသေးသည်။

သို့သော် မယ်မယ့် အမှာစကား...။

ရွှေအိမ်သည်ဆီ သွားလိုက်ပါ။ သူက တသသ မေးနေတယ်။

မပယ်ရှားရဲ့။ မယ်မယ်က အမိန့်ပေးခဲ့ခြင်းမဟုတ်။ သား တစ်ယောက်ကို မိခင်တစ်ယောက်က ပေါ့ပါးသက်သာစွာပင် မှာကြား လိုက်ခြင်းပင်။

တွန့်ဆုတ်တုံ့ရပ်သော ခြေလှမ်းများကို ဆက်လက်ရွေ့လျားစေဖို့ မယ်မယ့် အမှာစကားအပြင် နောက်ထပ် ခိုင်လုံသော အကြောင်း တစ်ရပ် ရှိသေးသည်။ ယင်းမှာ အစ်မတော် ရွှေအိမ်သည်။

မယ်မယ့်အပေါ် လေးစားစွာမြတ်နိုးရှိသေတတ်သော အစ်မတော်။ ကျွန်ုပ်အပေါ်မှာလည်း ကြင်နာတတ်သော အစ်မတော်။

ကျွန်ုပ်တို့ သားအမိနှစ်ဦးအပေါ် တကယ့်သံယောဇဉ်ကြီးရှာသူ။

ထို့အပြင် ကျွန်ုပ်ကိုယ်တိုင်ကလည်း အစ်မတော် ရွှေအိမ်သည် အား တကယ့်တအူထုံ့ဆင်း တစ်မိတည်းဖွား အစ်မကြီးလို ခင်တွယ်မိ ပေသည်။ အစ်မတော်နှင့် ကျွန်ုပ်တို့မှာ တစ်ဖတည်းဖွား ဖြစ်သော်လည်း သူ့မယ်တော်မှာ အပယ်ရတနာ မိဖုရားကြီးဖြစ်သောကြောင့် အမိကွဲကြ သူများ ဖြစ်ကြသည်။ သို့သော် အစ်မတော်သည် ကျွန်ုပ်၏ မယ်မယ်ကို မိခင်ရင်းနှင့် ထပ်တူ ချစ်မြတ်နိုးလေရာ ဤမေတ္တာတရားသည်ပင် ကျွန်ုပ်အား ကူးပျံ့ကာ သူနှင့် ကျွန်ုပ် အမိကွဲများ မဟုတ်တော့သလို ခံစားဖွဲ့နှောင်မိလေသည်။

သြော်...ဖြစ်ရလေခြင်း...။

ဤ အစ်မတော် ရွှေအိမ်သည်သည်ပင် အလောင်းစည်သူ၏ မယ်တော် ဖြစ်နေခြင်း...။

အသက်ရှူကြပ်သွားသော ရင်ကို ဖြေလျှော့လျက် ခြေစုံရပ်နေရာ မှ ကျွန်ုပ် ခြေလှမ်းပြင်လိုက်သည်။ ရှေ့မှောက်ရှိ အုတ်ခုံစပ်မှစ၍ အစ်မတော်၏ စံနန်းဆောင် ပရဝဏ် အစသို့ ရောက်ပေပြီ။ ကျွန်ုပ်၏ အဆောင်ကိုင် အမှုထမ်းနှစ်ယောက်သည် ဤနေရာမှာပင် ဒူးထောက် ကျန်ရစ်ခဲ့ကြရသည်။

ရွှေအိမ်သည် စံနန်းဆောင်။ ပြီးတော့ အလောင်းစည်သူ၏ စံနန်းဆောင်သို့ သူတို့တက်ခွင့်မရှိ။ တစ်နည်းဆိုရလျှင် ရင်ခွင်ပိုက် ဘိသေကသခင် ခံယူထားပြီးဖြစ်သော တမ္ဗဒီပထီးနန်း အရှင်

အလောင်းစည်သူ၏ စံနန်းပေါ်သို့ သူတို့ တက်ခွင့်မရှိ။ ဝတ်ရုံစကို သိမ်း၍ ကျွန်ုပ် အုတ်ခုံပေါ်သို့ လှမ်းတက်ခဲ့သည်။

သစ်လုံးတိုင်ကြီးများ အစီအရီရှိသော စင်္ကြံလမ်းကို တိတ်ဆိတ်စွာ ဖြတ်ခဲ့သည်။ တမာပန်းရနံ့များ ကြိုင်လှောင်နေသော စံနန်းပရဝုဏ်သည်လည်း ငြိမ်သက် တိတ်ဆိတ်နေသည်။ စင်္ကြံအကွေ့ သူရဲခိုအဆောင်ငယ်များတွင် လုံကိုင်ရဲမက်များက တောင့်တင်းတည့်မတ်စွာ စောင့်ကြပ်လျက် ရှိကြသည်။

ကျွန်ုပ် လျှောက်လာသည်ကိုတွေ့သော ရဲမက်တိုင်းက လှံရှည်ကို ထောင်လျက် ကိုယ်ပေါ်သို့ ဖိဆွဲကပ်ယူခြင်းဖြင့် ခစားကျိုးနွံမှုကို ပြကြသည်။ အကွေ့အချိုးများကို လွန်သောအခါ အပြင်ဆောင်သို့ရောက်လာသည်။ ဤအပြင်ဆောင်က ဥယျာဉ်တစ်ခုကို ပတ်လည်ဝန်းရံထားသည်။ အဆောင်ကူး လမ်းအတိုင်းမသွားတော့ဘဲ ဥယျာဉ်ငယ်ကို ဖြတ်ရန် ကျွန်ုပ် စိတ်ကူးသည်။ အစ်မတော်၏ ဥယျာဉ်ငယ်သည် သေးငယ်သော်ငြားလည်း ပန်းပေါင်းစုံလင် လှပေသည်။

အဝါရောင် နှင်းဆီပန်းရုံတစ်ခုကို ကျွန်ုပ် ကွေ့ပတ်ကျော်ဖြတ်လိုက်သောအခါ တစ်ဘက်တွင်ရှိ လူတစ်ယောက်နှင့် ဘွားခနဲ သွားဆုံလေသည်။

ထိုသူသည် ကနုတ်ဖော် ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေသည်။

သူ့အနီးတွင် ခြွေရံ အမှုထမ်းမရှိ။ အစောင့်ရဲမက်မရှိ။ ကျွန်ုပ်ကို မြင်သောအခါ ထိုင်ခုံပေါ်မှ သူက ပြုံး၍ နှုတ်ဆက်သည်။ ချည့်နဲ့သော အပြုံးဖြစ်သည်။

သူကား စောယွမ်း။ အစ်မတော်ရွှေအိမ်သည်၏ ကြင်ယာတော်။

အားအင်မပါသော အပြုံးနောက်မှ နှုတ်ဆက်စကားသံ ပေါ်လာသည်။

"ပြန်ရောက်လာပြီလား ရာဇကုမာရ"

ကျွန်ုပ် စကားဖြင့် ပြန်မဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။

"ပျက္ခယွေတောင်တန်းက အမဲလိုက်အတွေ့အကြုံတွေ ကျုပ်ကို ပြောပြပါဦး။ ညီငယ် အားလပ်တဲ့ တစ်နေ့ပေါ့လေ"

ဤစကားလုံးများကို ပြောနေစဉ် စောယွမ်းသည် ကျွန်ုပ်၏ တစ်ကိုယ်လုံးကို ဖြန့်ကျက် ကြည့်နေပေသည်။ သူ့အကြည့်ကို ကျွန်ုပ် သိသည်။ ကျွန်ုပ်ကို အားကျနှစ်သက်သော အကြည့်များ ဖြစ်သည်။

"ထူးထူးခြားခြားရယ်လို့ မရှိပါဘူး နောင်တော်ကြီး"

သူကြားလိုလှသော အမဲလိုက်ခန်းကို တမင်ပင် ကျွန်ုပ်က ပေါ့တန်စကား ပြောဖြစ်လေသည်။ သူက ကျွန်ုပ်၏ ခြေထောက်များကို ကြည့်လျက်...

"တောဝက်ပက်လို့ ညီငယ်ခြေထောက် ဒဏ်ရာရခဲ့တယ်ဆိုလား လို့"

"အနာကျက်သွားပါပြီ နောင်တော်ကြီး"

သူ့မျက်နှာ သိသိသာသာကြီး ညှိုးငယ်သွားသည်။ ထိုင်ခုံ လက်တန်း၏ ပန်းကနုတ်ကြွများပေါ် တင်ထားသော သူ့လက်ချောင်း များ တင်းတင်းကြပ်ကြပ် ဆုပ်ညှစ်သွားကြသည်။

"ရွှေအိမ်သည် ဧည့်ဆောင်မှာ ရှိတယ်။ ညီငယ့်ကို စောင့်နေလေ ရဲ့။ သွားလေ...သွားပါ"

သူ့ထိုင်ခုံဘေးမှ ကွေ့ရှောင်လျက် ထွက်ခဲ့သည်။

စောယွမ်းကား ထိုင်ခုံထက်တွင် မလှုပ်မယှက် ကျန်ရစ်ခဲ့လေ သည်။ သူအံကြိတ်လျက် မျက်ရည်ဝဲလျက် ကျန်ရစ်ခဲ့လေမလား၊ ထို့နောက် ထိုင်ခုံအောက် ခြေနင်းတန်းပေါ် အလိုက်သင့် တင်ထားရ သော သူ့ယာဘက်ခြေထောက်ကို ငုံ့ကြည့်ကာ သူ အသံမထွက်ဘဲ ညည်းတွားကောင်း ညည်းတွားပေမည်။

စောယွမ်းကား ခြေတစ်ဖက် မသန်သူ။

အဘယ်သို့သော လောကဓာတ်ခံပေနည်း။

သူ့ခမည်း မင်းစောလူးပြုခဲ့သော မကောင်းမှုများက သားဖြစ်သူ သူ့အပေါ် ကျရောက်ခဲ့ခြင်းပေလား။ စောယွမ်းသည် အစ်မတော် ရွှေအိမ်သည်၏ ကြင်ယာတော်။ ကျန်စစ်မင်းကြီး၏ သားမက်တော်၊ ရင်ခွင်ပိုက် ဘိသေက ခံယူထားသူ ထီးနန်းအရင် အလောင်းစည်သူ၏ ခမည်းတော်ဖြစ်ပါလျက် ပန်းကနုတ်ဖော်ထိုင် ခုံထက်မှာ မထတမ်း

အစွဲအမြဲ တည်နေရသော ဘဝ။

သူသည် ညီလာခံနန်းမဆောင်သို့လည်း မထွက်နိုင်။ နန်းရင်ပြင် လှေကားမုခ်များသို့လည်း မထွက်နိုင်။ အရိမဒ္ဒနပူရ၏ ဈေးရုံ၊ မြို့တံတိုင်း၊ လမ်းမများဆီသို့လည်း မလာနိုင်။ သူ့ဘဝကား ပန်းကနုတ် ထိုင်ခုံနှင့် ကတ္တီပါဖုံများပေါ်တွင်သာ အချိန်ကာလ ရှည်လျားစွာတို့ကို ကုန်ဆုံးစေလျက် ရှင်သန်ရင်း သေဆုံးနေရသော ဘဝ။

မွေးကတည်းက အရိုးအဆစ်များ ချည့်နဲ့ခဲ့ရှာသော နောင်တော်ကြီး စောယွမ်းသည် တမ္ဗဒီပ သမားတော်ကြီးများ အစွမ်းကြောင့်သာ သက်စိုးရှည်ခဲ့သော်လည်း ခြေတစ်ဖက်ကား ကြုလှီသေးသိမ်သွားခဲ့လေသည်။

"မင်းစောလူးရဲ့ အကုသိုလ်တွေဟာ စောယွမ်းမင်းသား အပေါ် စုပြုံကျရောက်ခဲ့တာပါပဲ။ မင်းသားခမျာ သူ့ခမည်းတော်ရဲ့ အပြစ်တွေကို ခါးစည်းပေးဆပ်ရတာပါပဲလေ..." ဟူသော ဦးဖိုး စကားကို သတိရမိသည်။ ထိုသို့သော် သူကိုမှ ကြင်ယာတော်အဖြစ် လက်ခံပေါင်းဖက်ခဲ့ရလေသော အစ်မတော် ရွှေအိမ်သည်...။ ရင်ထဲမှာ စစ်ခနဲ နာကျင်သွားသည်။ အရိမဒ္ဒနပူရ နန်းတော်ကြီးထဲမှ လူများမှာ အဘယ်သို့သော ကျိန်စာများ သင်ခဲ့လေသနည်း...။

အို...ဒါတွေ မတွေးနဲ့။ သွေးရောင်မဲ့ ဖျော့တော့ဖြူလျော် စောယွမ်း၏မျက်နှာ။ ကျွန်ုပ်၏ခြေထောက်များကို အားကျတပ်မက်စွာ ကြည့်နေသော စောယွမ်း၏ မျက်လုံးများကို အတွေးအာရုံထဲမှ ဖယ်ထုတ်လိုက်သည်။ သူတို့ သူတို့တစ်တွေရဲ့ ဒုက္ခဝေဒနာမတွေကိုလိုက်ပြီး စာနာပင်ပန်းနေရအောင် မင်းကကော ဘယ်လောက်များကြည်လင် ငြိမ်းချမ်းနေလို့လဲ ကုဇကုမာရ။

◆ ◆ ◆

( ၁၄ )

"အမောင်ငယ် ရောက်လာပြီလား"

မေတ္တာငွေ့၊ ကရုဏာငွေ့ဖြင့် ထုံမွှမ်းသော အစ်မတော်၏အသံမှာ အကယ်ပင် ချစ်ခင်လေးစားဖွယ် ကောင်းလှပေသည်။ အစ်မတော်ရွှေအိမ်သည်က ကျွန်ုပ်ကို သလွန်ရှေ့ထိုင်ခုံတွင် နေရာပေးသည်။ သူကိုယ်တိုင်က သလွန်ခြေရင်းဘက်သို့ ရွှေ့၍ထိုင်သည်။ သူ့ထက်ငယ်ရွယ်သော ကျွန်ုပ်အား လေးစားသမှုပြုသည့် အစ်မတော်၏ စိတ်သဘောထားကို ကျွန်ုပ် တွေ့ရလေသည်။

"နန်းတော်ပြန်ရောက်တဲ့ နေ့ကပဲ တွေ့ရပြီး ပျောက်သွားလိုက်တာ အမောင်ငယ်။ အမှာရှိမှပဲ ရောက်လာတော့တယ်။ ခြေထောက်အနာများ ရင်းနေသလားလို့ အရှီးတော်ကို မေးရသေးတယ်။ အမောင်ငယ် နေစိမ့်လိုက်တာ"

ရင်းနှီးဖော်ရွေလွန်းသော မေတ္တာတရားကို ကျွန်ုပ် ဘယ်သို့တုံ့ပြန်ရမှန်းမသိ။ ရင်ထဲမှာ မွန်းကြပ်ချင်လာပြီး မျက်နှာကို အောက်ငုံ့ပစ်လိုက်ရသည်။ မလုံမလဲစိတ်က နှုတ်ကို ဆွံ့အစေသည်လား။

မည်သည့် စကားကို စ၍ ပြောရမှန်းမသိ ဖြစ်နေတော့သည်။ သို့ဖြင့်...

"အပြင်ဆောင် ဥယျာဉ်ငယ်ထဲမှာ နောင်တော်ကြီးနဲ့တွေ့ခဲ့သေးတယ်"

ပြောမိပြောရာ ပြောထွက်သွားသော ဤစကားလုံးများအတွက် နှုတ်မပိတ်မိမှာပင် ကျွန်ုပ် မှားသွားပြီဟု သိလိုက်သည်။

ကျွန်ုပ်ကို တွေ့ရခြင်းဖြင့် ရွှင်လန်းနေသော အစ်မတော် ရွှေအိမ်သည် မျက်နှာမှာ ရုတ်ခြည်းညှိုးငယ်သွားပေပြီ။

"သူ... အခုတလော ဥယျာဉ်ထဲမှာပဲ အချိန်ကုန်နေတတ်တယ်"

ညည်းတွားရေရွတ်ရှာလေသော အစ်မတော်ကို ကြည့်ရင်း စိတ်မကောင်းစွာဖြင့် ကျွန်ုပ်ကိုယ် ကျွန်ုပ် ကျိန်ဆဲချင်တော့သည်။

ကိုယ်အင်္ဂါချို့သူ၊ ခြေတစ်ဖက် မသန်သူ၊ အစဉ်အမြဲ စိတ်အားပျော့ညံ့ ကျဆင်းနေသူ ယောကျ်ားမျိုး၊ ပြီးတော့ မိမိ မချစ်မနှစ်သက်နိုင်သူ...။ ဤသို့သော် စောယွမ်းမင်းသားကိုမှ ကြင်ယာအဖြစ် လက်ခံပေါင်းသင်းနေရရှာသည့် အစ်မတော်၏ ဘဝ...။

ကျွန်ုပ်တို့ မောင်နှမ၏ တွေ့ဆုံခြင်းသည် ကျွန်ုပ်၏ မိုက်မဲမှုကြောင့် အစကနဦးမှာပင် အရုပ်ဆိုးစွာ တိတ်ဆိတ်သွားလေသည်။

"အရီးတော် သက်သာလာပြီလား အမောင်ငယ်"

အကျည်းတန်သော ငြိမ်သက်မှုထဲမှ စတင်လွန့်လူးနိုင်သူမှာ အစ်မတော် ဖြစ်သည်။ သူကား လောက၏ ရိုက်ပုတ်မှုအောက်မှ တိမ်းရှောင်လွန့်လူးဖို့ အလေ့အကျင့် ရထားပြီးသူပင်။

"သက်သာလာပါပြီ အစ်မတော်။ ဦးဖီးဆိကနေ အစ်မတော်ယူလာတဲ့ ဆေးမြစ်ရည်ကို လိမ်းလိုက်တော့ သွေးလေအလျှောက်အသွားကောင်းလာပြီး လှုပ်လှုပ်ရှားရှားလေး နေနိုင်လာတယ်တဲ့။ ဒီတော့ အစာလေးလဲ ခံတွင်းလိုက်လာတယ်...တဲ့"

"ဟုတ်လား၊ ဝမ်းသာစရာပဲကွယ်"

ရင်ထဲမှ ထွက်လာသော အသံဖြစ်သည်။ အစ်မတော်သည်

စောစောက စိတ်ထိခိုက် ညစ်ညူးစရာ အကြောင်းရပ်ထဲမှ လွတ်မြောက်ခဲ့ပေပြီ။

"အို... ကြည့်စမ်း အမောင်ငယ်ကို အဖျော်ရည် တိုက်ရဦးမယ်..."

"ကောင်းတယ်၊ အမောင်ငယ်လည်း ရေငတ်လာတာ"

"ရေငတ်လဲ ပြေစေရမယ်...။ မောပန်း နွမ်းနယ်တာတွေလဲ ပျောက်စေရမယ်၊ အစာလဲ ကြေမယ်၊ စားမြိန်လဲ နိုးလာမယ်"

အစ်မတော်၏ ရွှင်လန်းနိုးကြားအသွင်ကြောင့် ကျွန်ုပ် ပေါ့ပါးလန်းဆန်းသွားသည်။

"အစ်မတော်ရဲ့ အဖျော်ရည်က ဘယ်လောက်များ ကောင်းနေလို့လဲ ညွှန်းလှချည်လား..."

"အစ်မတော် ကိုယ်တိုင်ဖောက်ထားတာ။ ဥသျှစ်သီးအဖျော်လေ အမောင်ငယ် သောက်ကြည့်"

ငွေတကောင်းထဲမှ အဝါရင့်ရောင် ဥသျှစ်အဖျော်ရည်ကို အစ်မတော် လောင်းငှဲ့ပေးသည်။ အေးမြချိုရှ ဥသျှစ်ရည်သည် သင်းပျံ့နေပေသည်။

"စားမြိန်နိုးလာရင် အစ်မတော် ထမင်းကျွေးရမှာနော်"

"အစ်မတော် စားသလို စားနိုင်ရင် ကျွေးပါတယ်ကွယ်"

"အစ်မတော်က ဘယ်လိုစားလို့လဲ"

"အသက်လွတ် စားတယ်လေ။ မြူရွက်သုပ်ရယ်၊ ပဲကြီးအရည်သောက်ရယ်၊ သံပယိုပေါင်းရယ်၊ ပဲလိပ်ပြာကြော်ရယ်...။ ကဲ အမောင်ငယ် စားနိုင်မလား..."

"အခုကို အမောင်ငယ် စားချင်လာပြီ၊ နေပါဦး အစ်မတော်က ဥပုသ်ဆောင်ကာလမို့လား... အသက်လွတ်စားနေရအောင်"

"ဥပုသ်ဆောင်ဝင်နေလို့ မဟုတ်ပါဘူးကွယ်။ အသားငါးကို မစားချင်တော့တာရယ်၊ ပြီးတော့ ဒီလို အသက်လွတ်၊ သားငါးလွတ် စားပြီး မေတ္တာအမျှ ပို့သရတာ ပိုပြီး ထိရောက်တယ်လို့ ယုံကြည်ထားတယ်။ ဒီမေတ္တာအမျှကလဲ မောင်တော်စောယွမ်းကို အထူးသဖြင့်

သက်ရောက်စေချင်လို့ပါ။ ခမျာက ဝိပါက ဝဋ်ကြွေးကြီးရှာတယ်လေ”

အစ်မတော်ကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ဤစကားများကို အစ်မတော် ပေါ့ပါးသက်သာစွာ ပြောနေခြင်းဖြစ်ကြောင်း တွေ့ရသည်။ စိတ်နှလုံးမချမ်းမြေ့ဖွယ်အဖြစ်များကို အလိုက်သင့် ခုခံဖယ်ရှားကြရာ၌ အစ်မတော်သည် မယ်မယ့် နည်းတူပါလားဟုလည်း တွေးမိသည်။ကျွန်ုပ် ရေရေရာရာတော့ မသိ။ ဤသို့သော စွမ်းအားမျိုး၌ တူညီကြသော ကြောင့် အစ်မတော်နှင့် မယ်မယ်တို့သည် တစ်ဦးနှင့်တစ်ဦး တွယ်တာ နှောင်ဖွဲ့မိကြခြင်းလည်း ဖြစ်ပေမည်။

အစ်မတော် ကိုယ်တိုင် ပြင်ပေးသော အသက်လွတ်ဟင်းသီး ဟင်းရွက်ထမင်းပွဲကို ကျွန်ုပ်ခံတွင်းမြိန်စွာဖြင့် လက်စသတ်လိုက်သည်။ အစ်မတော်သည် တစ်ချိန်လုံးလုံး ထမင်းပွဲအနီးမှ မခွာဘဲ ခရီးဝေးမှ ဆာလောင်ပင်ပန်းစွာ ပြန်ရောက်လာသော မောင်ငယ်တစ်ဦးကို ထမင်း ကျွေးသလို ကျွန်ုပ်ကို ဂရုတစိုက် ကျွေးမွေးရှာပေသည်။

သစ်သီးဗန်းကို ကလပ်ပေါ်တွင် ကိုယ်တိုင်ချပေးရင်း အစ်မတော် သည် ကြည်နူးဝမ်းသာသော လေသံဖြင့် ဆိုသည်။

“အမောင့်ငယ်ကို အစ်မတော် ဒီလိုကျွေးချင်နေတာ။ တို့ မောင်နှစ်မနှစ်ယောက် ဒီလို မဆုံရတာလဲ ကြာပြီ မဟုတ်လား”

ဤအခိုက်ဝယ် ကျွန်ုပ်သည် ဧည္ဝတီတောင်စဉ်ခုနစ်ခရိုင်ကို အစိုးရသော ဇေယျခေတ္တရာဘွဲ့ခံ မင်းအဖြစ်ကိုလည်းကောင်း၊အစ်မတော် သည်လည်း ဘုရင့်သမီးတော်ဟူသော အဖြစ်ကိုလည်းကောင်း မေ့ပျောက် လျက် ရွှေနန်းတော်ကြီး၏ ရာဇအဆောင် အယောင်များမှ ကင်းကွာ ကာ သာမန်အသည်သားများနှယ် လွတ်လပ်ပေါ့ပါးစွာ ရှိကြသည်ဟု ကျွန်ုပ် ခံစားရမိလေသည်။ မယ်မယ်၏ ကျန်းမာရေး အခြေအနေ အကြောင်းများ၊ ခမည်းတော် ကျန်စစ်မင်းကြီး၏ တိုင်းခန်းလှည့်လည်မှု များ၊ ကလန်မှူးနှင့် သံပျင်အမတ်တို့အကြောင်းများကို ထွေရာလေးပါး ပြောဖြစ်ချိန်မှာလည်း ကျွန်ုပ်သည် မွန်းကြပ်မနေဘဲ ပေါ့ပါးသက်သာမှု ကို ရနေကြောင်း တွေ့ရှိရသည်။

ယမန်နေ့က ဧရာဝတီမြစ်ကမ်းတွင် ဦးငဖိုးနှင့် ဆုံခဲ့ရသော

သစ်လုံးဖောင်ဖွဲ့ လှေကျင်မှုများအကြောင်းကို ကျွန်ုပ်က ပြန်ပြောပြသည့်အခါ အစ်မတော်သည် စိတ်ပါဝင်စားစွာ နားထောင်လေသည်။ အစအဆုံး နားစိုက်ထောင်ပြီးနောက် အစ်မတော်က ပြောသည်။

"ဦးငဖိုးတို့လို၊ ဦးငထွေ၊ ဦးငလုံးတို့လိုလက်ရုံးကြီးတွေ ရထားတာ ခမည်းတော်အတွက် သိပ်အဖိုးတန်တာပဲ၊ အင်း...... တမ္ဗဒီပ နိုင်ငံတော်ကြီးအတွက် အဖိုးတန်တယ်လို့ ဆိုရမယ်"

ထို့နောက် ကလန်မှူး ဦးငဖိုးလူကြီးဆန်ပုံ၊ ဦးငထွေ ပျော်တတ်ပုံ၊ ဦးငလုံးရယ်စရာ ပြောတတ်ပုံများသို့ စကားရောက်သွားကာ ကျွန်ုပ်တို့မှာ စကားတွေ ပြောမကုန် လက်ဆုံကျနေမိကြလေသည်။

ကမ္ဗောဇတိုင်းထွက် လက်ဖက်ခြောက်ဖြင့် နှပ်ထားသော အဖန်ရည်ကို ထပ်ဖြည့်ရင်း အစ်မတော်က စကားလမ်းကြောင်းပြောင်းသည်။

"ကဲ...ပျက္ခယွေတောထဲက အမောင်ငယ်ရဲ့ 'အမဲလိုက်ခန်း' အကြောင်း ပြောပြစမ်းပါဦးကွယ်"

အသားကျ စိုင်းနှင်နေသော မြင်းကို ဇက်တုံ့ဆွဲလိုက်သည့်နှယ် ပင်။ လွတ်လပ်ပေါ့ပါးစွာ စကားပြောဖြစ်နေသော ကျွန်ုပ် ထစ်သွားသည်။ သောက်အံ့ဟု လှမ်းယူဆဲ အဖန်ရည်ခွက်သည် ခုလပ်တွင် တုံ့ရပ်သွားသည်။ ပျက္ခယွေတောထဲက အမဲလိုက်ခန်း။ အစ်မတော်၏ မျက်နှာကို ကျွန်ုပ် စူးစိုက်အကဲခတ်လိုက်မိသည်။ အစ်မတော်ကား စောစောက အတိုင်းပင် အပြောင်းအလဲ မရှိ။ ကျွန်ုပ်၏ အာရုံထဲတွင်ကား လုံလျှင် ထိုးစိုက် နစ်မြုပ်နေသော တောဝက်၊ ထို့နောက် လဲကျသေဆုံးနေသော တောဝက်၏ ကိုယ်ပေါ်မှ မြားသုံးစင်း။ အမဲကို အလယ်မှာထားလျက် တင်းမာခက်ထန် ရင်ဆိုင်တွေ့ခဲ့ကြရသည့် အဖြစ်က ပူနွေး ဆူဝေစွာ ပြန်၍ ပေါ်လာသည်။

"အမောင်ငယ့် ခြေထောက်မှာ ဒဏ်ရာရခဲ့သေးတယ်ဆို။ ဘယ်လို အမဲနဲ့များ တွေ့ခဲ့လို့လဲ ပြောပြစမ်းပါဦး"

သူကတော့ အေးအေးသက်သာစွာပင် မေးမြဲ ဆက်မေးနေသည်။ တစ်ချိန်လုံး ခံစားရရှိခဲ့သော ပျော်ရွှင်ချမ်းမြေ့မှုသည် ကျွန်ုပ်ထံမှ တမုဟုတ်ချင်း လွင့်ပျက် ပျောက်ကွယ်သွားပေပြီ။ ငုပ်လျှိုးနေသော

ပူလောင်မှုသည် ရင်ထဲ တစ်နေရာဆီမှ ရဲခနဲတောက်လောင်လာသည်။ ထိုမီးရောင်တွင် မျက်နှာတစ်ခု ပေါ်လာသည်။ အလောင်းစည်သူ၏ မျက်နှာ။

အစ်မတော် ရွှေအိမ်သည်။ သူ အလောင်းစည်သူ၏ မိခင်။

"ဘာဖြစ်လို့လဲ။ ပျက္ခယွေ့တောတောင် တောနက်ထဲက အမဲလိုက်တဲ့ ကိစ္စကို အစ်မတော် ဘာများ ကြားထားလို့လဲ ဘယ်သူက ဘာပြောထားလို့လဲ"

ကျွန်ုပ်၏အသံ ခြောက်သွေ့အက်ကွဲစွာ ထွက်ကျသွားသည်။ အစ်မတော်ကမူ ကျွန်ုပ် ဣန္ဒြေပျက်ယွင်းသွားသည်ကို သိဟန်မတူပေ။

"ဟင့်အင်း... ဘယ်သူကမှ ဘာမှမပြောလို့ အမောင်ငယ့် မေးရတာပေါ့။ အရင်တုန်းကလဲ အမောင်ငယ်ရဲ့ စွန့်စားခန်းတွေ အကြောင်း အစ်မတော်ကို ပြောပြနေကျ မဟုတ်လား"

အကယ်ပင် သူမသိကြောင်း သူ၏ ပကတိ ရိုးစင်းသော မျက်နှာပြင်တွင် အတိုင်းသား ပေါ်လွင်နေသည်။ အလောင်းစည်သူသည် သူ့မိခင်ကို ထိုအကြောင်း ဘာမှ ပြောပြခဲ့ခြင်းမရှိ။ ကျွန်ုပ်သာလျှင်...

"ထွေထွေထူးထူး မရှိလှပါဘူး အစ်မတော်ရယ်။ တောဝက်တစ်ကောင်နဲ့ တွေ့တယ်။ သူ့ကို အရှောင်မှာ ခြေထောက်ကို အစွယ်ထိသွားတယ်။ တောဝက်ကိုတော့ လှံလျင်နဲ့ စီရင်ပစ်လိုက်တယ်။ ဒါပါပဲ။ စည်သူပစ်လိုက်တဲ့ မြားသုံးစင်းကတော့..."

"ဘယ်လို အမောင်ငယ်။စည်သူက ဘယ်ကနေ ရောက်လာတာလဲ"

ဆောက်တည်ရာမဲ့ ယောက်ယက်ခတ်နေသော အာရုံကြောင့် ကျွန်ုပ် မိုက်မဲစွာ ပြောထွက်သွားလေပြီ။

"အစ်မတော်ကို စည်သူ ဘာမှမပြောဘူးလား။ ပျက္ခယွေ့တောင်ပေါ်မှာ တောဝက်ကို အမောင်ငယ် လှံလျင်နဲ့လဲ ထိုးပြီးရော စည်သူနဲ့ သူ့မုဆိုးအဖွဲ့ ရောက်လာတယ်"

မထူးတော့ပြီ ဖြစ်၍ ဣန္ဒြေမပျက် ဆက်ပြောရတော့သည်။

သို့သော် စည်သူနှင့် ကျွန်ုပ်အကြား တင်းမာခက်ထန်စွာ ရင်ဆိုင်ခဲ့သည့်အဖြစ်။ ကျွန်ုပ်က စိန်ခေါ်ပွဲတောင်းခဲ့ခြင်းကို စည်သူ ရှောင်လွှဲသွားခဲ့သည့် အဖြစ်ကိုတော့ ကျွန်ုပ် မပြောဘဲ ထိန်ချန်ထား လိုက်သည်။

အစ်မတော်သည် မသိမသာ သက်ပြင်းရှိုက်လေသည်။

"သားစည်သူဟာ အစ်မတော်ကို ဒီအကြောင်းဘာမှ မပြောဘူး။ ပျက္ခယွေ တောင်ခြေကိုပဲ သူရောက်ခဲ့တယ်လို့ ပြောတယ်။ အမဲလိုက် ထွက်တယ်လို့ မပြောခဲ့ဘူး။ အမောင်ငယ်နဲ့ တွေ့ခဲ့တဲ့ အကြောင်းလည်း မပြောဘူး။ ခက်ပါတယ်ကွယ်။ အစ်မတော်အနေနဲ့က သားစည်သူကို အဲဒီလို သားရဲပေါတဲ့ တောတောင်တွေဆီမှာ အမဲလိုက်မထွက်စေချင် ဘူး။ ပျက္ခယွေတောင်ရယ် မဟုတ်ပါဘူးလေ။ သားစည်သူကို ဘယ်လိုမှ အမဲလိုက် မထွက်စေချင်ဘူး။ သူ သိပ်ငယ်သေးတယ်။ မင်းပျိုမင်းလွင် အရွယ်တောင် ကောင်းကောင်း ရောက်ချင်သေးတာ မဟုတ်ဘူး"

ဒါပေမယ့် သူဟာ သီရိဇေယျသူရဘွဲ့နဲ့ ဘိသိက်သွန်း မင်းမြှောက် ခံထားရတာ မဟုတ်လား။ ကျန်စစ်မင်းကြီးကိုယ်တိုင် နှုတ်ကနေ ငါ့မြေး နန်းကို ငါစောင့်ရှုံသာလို့ ကြွေးကြော်ခဲ့တာ မဟုတ်လား။

ကျွန်ုပ်ရင်ထဲတွင် တုန်ခါမြည်ဟီးသွားသည့်အသံ ဖြစ်လေသည်။ အစ်မတော်က ဆက်ပြောနေသည်။

"သူ့ကို ဖွားမြင်တုန်းက အိမ်ရှင်စည်ကြီးမတီးဘဲ အလိုလို မြည်မြည်တာ ဥကင်္သတံခါးဖွင့်သူမရှိဘဲ အလိုလို ပွင့်တာတွေကို နိမိတ် ကောက်ပြီး ခမည်းတော်ကိုယ်တိုင်က သူ့မြေးကို ရင်ခွင်ပိုက် ဘိသေကနဲ့ နန်းအပ်လိုက်လေတော့ ဘုရင်မင်းမြတ်ဆိုပြီး သူ့အနားမှာ လူတွေက ခယဝပ်ရှားနေကြတယ်လေ။ တကယ်တော့ သား စည်သူလေးဟာ ထီးနန်းမပြောနဲ့ ရာဇလုံတံ မပြောနဲ့ အမဲလိုက် လှံလျင်တစ်ချောင်း ကိုင်ဖို့တောင်မှ ငယ်လွန်းပါသေးတယ်ကွယ်"

အစ်မတော်ကို ကျွန်ုပ် စူးစူးရဲရဲ ကြည့်နေမိသည်။ အစ်မတော် သာ သတိထားမိမည်ဆိုပါက ကျွန်ုပ်၏ မျက်လုံးအိမ်များ၌ ရန်လို ရိုင်းစိုင်းသော အငွေ့များခြောင်းခြောင်း ထနေမည်လား မသိ။

သို့သော် အစ်မတော်ကတော့ ပကတိ အေးဆေးသက်သာစွာပင်။ ကျွန်ုပ် မည်သို့မျှ မနေတတ်တော့သဖြင့် နေရာမှ ထလိုက်ရသည်။

"အမောင်ငယ်...ခြေလက်ဆန့်ချင်သလား။ မှီအုံးနဲ့ဖုံယူမလား"

"နေ နေပါစေ အစ်မတော်။ အမောင်ငယ်ပြန်ချိန်သင့်ပလားလို့"

"အို နေပါဦးတော့။ အစ်မတော် ပြောစရာရှိတာတောင် မပြောရသေးဘူး။ စကားတွေက ဟိုရောက်ဒီရောက် ရောက်နေတာနဲ့ပဲ"

"ပြောလေ အစ်မတော်"

"သားစည်သူအကြောင်းပဲ။ အမောင်ငယ်အခုမှပဲ အမဲလိုက်တဲ့ကိစ္စနဲ့ စပ်မိလို့ အစ်မတော် တစ်ဆက်တည်း ပြောရတော့မယ်"

အတတ်နိုင်ဆုံး ကြိုးစားဆောက်တည်ကာ ဣန္ဒြေမပျက်နေရုံမှအပ ကျွန်ုပ် ဘာမှ မတတ်နိုင်တော့ပြီ။

"ပြောပါ အစ်မတော်"

"သားစည်သူလေး ဘိုးတော်မင်းစောလူးလိုဖြစ်မှာကို အစ်မတော် စိတ်ပူနေမိတယ်"

မင်းစောလူး...စောယွမ်း၏ ခမည်း။ အလောင်းစည်သူ၏ အဘိုး။

"အမောင်ငယ်နဲ့ အရီးတော်တို့ ပရိမ္မမှာရှိနေချိန်က ဒီအရိမဒ္ဒနပူရမှာ ဖြစ်ပျက်ခဲ့တာတွေပေါ့ကွယ်။ အမောင်ငယ်လဲ ဒါတွေ ကြားသိပြီးသားပါ"

မင်းစောလူးသည် ဥဿစား မင်းရမန်နှင့် ပူးပေါင်းကာ အကျင့်စရိုက်ဖောက်ပြန်ခဲ့သည့်အတွက် ထီးနန်းရေးရာများမှာပင် ကတိမ်းကပါး ဖြစ်ခဲ့လေသည်။ နောက်ဆုံး ခမည်းတော်မင်းကြီးနှင့် မင်းရမန်တပ်တို့ စစ်ထိုးခဲ့ခြင်း။ မင်းစောလူးကိုယ်တိုင် မင်းရမန် လက်ထဲတွင် အကွပ်မျက်ခံခဲ့ရသည်အထိ။ အရိမဒ္ဒနပူရ၏ စစ်ကာလများ။

"သားစည်သူအပေါင်းမှားမှာကို အစ်မတော်သိပ်စိုးရိမ်တယ်။ သူဟာ သိပ်ငယ်သေးတယ်။ ကျန်စစ်မင်းကြီးရဲ့ မြေးတော် ရင်ခွင်ပိုက်ဘိသေက ဆင်မြန်းထားတဲ့ မင်းတစ်ပါးအဖြစ်နဲ့ သူ့ရဲ့ နုနယ်တဲ့ အသိထဲကို လွဲမှားဖောက်ပြန်တဲ့ အရာတွေ ဝင်မှာစိုးတယ်။ ဒီတော့..."

အစ်မတော်က ကျွန်ုပ်ကို ရွှန်းရွှန်းစားစားကြည့်ကာ...

"အမောင်ငယ့် လက်ထဲသားစည်သူကို အပ်ချင်တယ်။ ကိုယ့်တူတော်ကိုတော့ ဆုံးမစရာရှိ ဆုံးမဖို့လေ။ အမောင်ငယ်ကတော့ အရွယ်ရောက် ရင့်ကျက်တဲ့ မင်းတစ်ပါး ဖြစ်နေပြီ မဟုတ်လား"

ကျွန်ုပ် ဘာပြောရမှန်းမသိတော့။ လောကကြီး၏ လှည့်စားမှုသည် ခမ်းနား ရှုပ်ထွေးလွန်းလှဘိခြင်း။ ကံကြမ္မာဆိုသောအရာသည် မာယာများလှဘိခြင်း။ နာကြည်းစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်သာ ရယ်မောပစ်လိုက်ချင်စမ်းတော့သည်။

"ဘယ်နှယ့်လဲ အမောင်ငယ်။ စည်သူလေးကို ထိန်းသိမ်းစောင့်ရှောက်ပေးမယ် မဟုတ်လား။ အစ်မတော် အားထားပါရစေကွယ်"

"ကျုပ်...ကျုပ် ကြိုးစားပါ့မယ် အစ်မတော်"

ရန်သူဟု ကျွန်ုပ် သတ်မှတ်ထားသော အလောင်းစည်သူအား သူ့မယ်တော်က ကျွန်ုပ်ထံ မေတ္တာဖြင့် အပ်နှံလာသည့်အဖြစ်။ မေတ္တာတရားကို စိန်ခေါ်တိုက်ခိုက်ရန် ကျွန်ုပ်မှာ လက်နက်မရှိ။

ရှုပ်ထွေးနောက်ကျိခြင်းများကို ပွေ့ပိုက်လျက် ကျွန်ုပ်အစ်မတော်ဆီမှ ပြန်လာခဲ့တော့သည်။ လာလမ်းအတိုင်း အဆောင်အခန်း စင်္ကြံလမ်းများကို ကွေ့ပတ်ဖြတ်သန်းခဲ့ချိန်တွင် ကျွန်ုပ် တစ်ကိုယ်လုံး ဆူပွက်သော အတွေးများဖြင့် တုန်လှုပ်နေသည်။ မေတ္တာတရားဖြင့် ထုံမွှမ်းနေသော အစ်မတော် ရွှေအိမ်သည်။

ဒက္ခိဏဘဝဖြင့် ဝိပါက ဝဋ်ကြွေးကို ပေးဆပ်နေရသော မင်းစောယွမ်း။ သူတို့မှ ဖွားမြင်သော အလောင်းစည်သူ။

အလောင်းစည်သူ။ ကျွန်ုပ်နှင့် တူဝရီး သွေးစပ်သူ။ ကျွန်ုပ်ထက်များစွာငယ်သော ကလေးငယ်သာသာမျှသာ ဖြစ်သော။ သို့သော် ဤအရွယ်ဖြင့်ပင် ဘိသေကသဘင်ခံယူပြီးဖြစ်သော အလောင်းစည်သူ။ အရိမဒ္ဒနပူရ၏ ဘုရင်။ ခမည်းတော် ကျန်စစ်မင်းကြီးကိုယ်တိုင်က ရင်ခွင်ပိုက် ထီးနန်းစောင့်အဖြစ်သာ နေတော့မည်ဟု ကျူးရင့်ခဲ့ပြီး အရိုက်အရာကို အလွဲအပ်ခံယူနိုင်သော အလောင်းစည်သူ ။

သားကားအရင်း၊ မြေးကားအဖျားမဟုတ်။ မဟုတ်တော့။ မြေကားအရင်း၊ သားကအဖျား။

အလောင်းစည်သူက ဘိသေက ခံယူပြီးချိန်တွင် ကျွန်ုပ် ရာဇကုမာရ။ ကျန်စစ်မင်းကြီး၏ သားတော် ကျွန်ုပ် ဇေယျခေတ္တရာ ဘွဲ့ဖြင့် ခညဝတီကိုသာ စားရသော မင်း။ တောင်စဉ်ခုနစ်ခရိုင်၏ မင်းငယ်။ သူကတော့ တမ္ပဒီပတိုင်းကြီးအရှင်။

ဒါ... ဒါ... ဘာကြောင့် ဘယ်သူ့ကြောင့်လဲ။

မီးကျီခဲဖိုကျင်တွင် ဖုတ်အပ်သော ရဲရဲနီသည့် သံကောက် လုံချွန်သွားကြီးတစ်ခုကို မျိုမိလိုက်သည့်အလား။

မဖြစ်စလောက်သောဤကပြောင်းကပြန်ဖြစ်ရပ်ကြီး၏လက်သည် တရားခံသည် ဘွားခနဲ ပေါ်လာသည်။

ခမည်းတော် ကျန်စစ်မင်းကြီး။

ကျွန်ုပ် တစ်ကိုယ်လုံး မီးတောက် မီးလျှံများအဖြစ်သို့ ပြောင်းလဲ သွားပြီ ထင်သည်။

◆ ◆ ◆

# ( ၁၅ )

မေတ္တာကို အရင်းပြုလျက် သူ့သားအား စိတ်ချယုံကြည်စွာ အပ်နှံနေသော အစ်မတော် မျက်နှာကို မြင်ယောင်နေသည်။ ကိုယ့်တူတော်ကလေးကို ဆုံးမစရာရှိရင် ဆုံးမဖို့လေ။ စည်သူလေးကို ထိန်းသိမ်းစောင့်ရှောက်ပေးမယ် မဟုတ်လား။ အစ်မတော် အားထားပါရစေကွယ်...တဲ့လား။

အစ်မတော် ရွှေအိမ်သည်၏ ကရုဏာမျက်ဝန်းများက လှပစွာ ခြောက်လန့်နေကြသည်။ မေတ္တာတရား စိတ်ချယုံကြည်မှု၊ အားကိုးအားထား သံယောဇဉ်။ ဒါတွေကို ဘယ်သို့သော လက်နက်၏မျိုးဖြင့် ဖယ်ရှားပုတ်ခတ်ရမည်နည်း။ အစ်မတော်၏ ညှိုးငယ် ရင့်ကျက်သော မျက်နှာကို မြင်ယောင်ရင်း သူ့စကားတွေကို ကြားယောင်ရင်း မယ်မယ့် ဆီမှတစ်ဆင့်သိရသော အစ်မတော်၏ အကြောင်းတွေကို သတိရလာပြန်သည်။

"ရွှေအိမ်သည်လေးဟာ သိပ်သနားစရာ ကောင်းတယ်။ ချစ်သောသူနှင့် ကွေ့ကွင်းရခြင်း ဆင်းရဲအပြင် မချစ်မနှစ်သက်သူနဲ့

ပေါင်းသင်းရခြင်း ဆင်းရဲနှစ်မျိုးစလုံးကို ခံစားနေရရှာသူပါ။ ဒါပေမယ့် သူဟာ အရွယ်နဲ့မလိုက်အောင် အင်မတန် ရင့်ကျက် ပြည့်ဝတဲ့ မိန်းကလေး…”

မယ်မယ်က ဖြစ်ကြောင်း ကုန်စင်ကို ပြောပြခဲ့ပေသည်။

“သူ့ချစ်သူ ပဋိက္ကရားမင်းသားကို သူဟာ သေခွဲခွဲခဲ့ရရှာတယ်။ ငယ်ရွယ်သူတို့ နှလုံးသားနဲ့ ရွှေအိမ်သည်ဟာ ပဋိက္ကရား မင်းသားကို အချစ်ကြီး ချစ်ရှာခဲ့တာကလား။ သူ့ချစ်သူဟာ တိုင်းတစ်ပါးသား၊ ဘာသာအယူဝါဒခြား ဖြစ်နေတာတွေ၊ အမျိုးဇာတ် မတူတာတွေ၊ သွေးချင်းနှောလို့ မဖြစ်နိုင်တာတွေကို သူဘယ်မှာ စဉ်းစားချင့်ချိန် တတ်ရှာမလဲ။ သူတို့ရဲ့ အချစ်ဇာတ်လမ်းဟာ ကြေကွဲစရာ နိဂုံးနဲ့ အဆုံးသတ်ခဲ့ရတယ်။ သူ့ခမည်းကျန်စစ်မင်းကြီး ဆိုတာကလဲ သားရဲ့ ခမည်းပဲလေ။ မင်းကြီးအကြောင်း သိတဲ့အတိုင်း အရိမဒ္ဒနပူရထီးနန်းကို သိမ်းပိုက်ခဲ့တာတောင်မှာ သူ့ကိုယ်သူ အပြစ်တစ်စုံတစ်ရာ မြူမှ မကပ်ငြိရအောင် သန့်စင်စွာနဲ့ ရယူခဲ့တာကလား။ မင်းကြီးဟာ သူကိုယ်တိုင်ရော၊ သူ့သွေးသားတွေကိုရောပါ ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်ဖို့ ကြိုးစားချမှတ်ခဲ့တာ။ သမီးတော် ရွှေအိမ်သည်ဟာ ပဋိက္ကရား မင်းသားနဲ့ ငြိစွန်းနေတယ်ဆိုတာ သိသိချင်းပဲ”

နှလုံးရည်ပြည့်ဝမှုကို အထူးအလေးထား ထူထောင်နေသော ဖခမည်းတော်၏ သမီးတစ်ယောက်သည် နှလုံးသားကို စတေးခဲ့ရလေသည်။ ပဋိက္ကရားမင်းသားနှင့်အဆက်အသွယ်မှန်သမျှကို ပြတ်သားရက်စက်စွာ ဖြတ်တောက်ခဲ့လေသည်။

ဤအရေးတွင် ခမည်းတော်၏မေတ္တာရပ်ချက်အရ ဓမ္မဒဿီ အရှင်အရဟံကိုယ်တော်တိုင် ပဋိက္ကရားမင်းသားအား ဖျောင်းဖျ တားမြစ်ခဲ့သည်။ ထို့နောက် ခမည်းတော် မင်းကြီးသည် သူချစ်သော သမီးတော် ရွှေအိမ်သည်အား စောယွမ်းမင်းသားနှင့် လက်ထပ်ပေးခဲ့လေသည်။ စောယွမ်းမင်းသားကား မင်းစောလူး၏ သားတော်။

“ဒီအကြောင်းတွေကို မဏိစန္ဒာမိဖုရားက ပြောပြလို့ မယ်မယ်လဲ သိခဲ့ရတာ။ ဒါတွေ ဖြစ်ပျက်ခဲ့စဉ်က မယ်မယ်တို့ ဒီကို ရောက်မှ

မရောက်ကြသေးဘဲ။ မင်းကြီးဟာ သမီးတော်လေးတစ်ပါးသာ ရရှိခဲ့လို့ ရွှေအိမ်သည်ကို သိပ်ချစ်ရှာတာတဲ့။ ရွှေအိမ်သည်ရဲ့ မယ်တော် အပယ် ရတနာ မိဖုရားကတော့ ကံကုန်သွားခဲ့ရှာတယ်လေ။ ဒီတော့ သူသိပ်ချစ်တဲ့ သမီးလေး ဘာသာခြား၊ လူမျိုးခြား ပဋိက္ကရားအကြောင်းဘက်မှာကို သူဘယ်လိုမှ သည်းမခံနိုင်ဘူးပေါ့။ ဒါနဲ့ပဲ စောယွမ်းမင်းသားနဲ့ နေရာချထားပေးခဲ့တာ။ ပဋိက္ကရားနဲ့ မင်းသားခမျာလဲ အချစ်ကြောင့်၊ အရှက်ကြောင့် ပြီးတော့ သူ့ကံကလဲ နည်းရှာတယ် ထင်ပါရဲ့ကွယ်။ သူတို့ချစ်ခြင်းကို မင်းတရားကိုယ်တိုင် ရာဇအာဏာနဲ့ ခွင်းပြီဆိုတာလဲ သိရော မရှုမလှ သေဆုံးသွားခဲ့ရှာတယ်။ နန်းတော်ထဲမှာ ပြောနေကြတော့ ဂန္ဓာရီအတတ်ကို ကျွမ်းကျင်တတ်မြောက်ထားတဲ့ ပဋိက္ကရား မင်းသား နှလုံးကြေကွဲ ထိခိုက်မှုကြောင့် သူ့ရဲ့ ဂန္ဓရီအတတ်နဲ့ပဲ သေဆုံးသွားခဲ့သတဲ့”

ကျွန်ုပ် အံကြိတ်လိုက်မိသည်။

ချစ်သောသူနှင့် ရှင်ကွဲသေကွဲ ကွဲခဲ့ရလေသော အစ်မတော်သည် ခြေတစ်ဖက်မသန်သူ ဒုက္ခိတယောက်ျားတစ်ယောက်။ ပြီးတော့ နာမည်ဆိုးဖြင့် အရိမဒ္ဒနပူရ ထီးနန်းပလ္လင်တွင် ကမ္ပည်းထားရစ်ခဲ့သော မင်းစောလူး၏သား စောယွမ်းမင်းသားကို အဘယ်သို့လျှင် ချစ်ခင်နှစ်သက်နိုင်လိမ့်မည်နည်း။

သို့သော်... အစ်မတော်သည် သူ၏နှလုံးသားကို အစိပ်စိပ် အမြွာမြွာထုခြေလျက် အရိမဒ္ဒနပူရ နန်းပလ္လင်အောက်တွင် စတေးခဲ့ရှာလေသည်။

စောယွမ်းမင်းသားနှင့် ဘုရင့်သမီးတော် ရွှေအိမ်သည်တို့၏ လက်ထပ်ပွဲသဘင်ကြီးသည် အရိမဒ္ဒနပူရတွင် အကြီးကျယ် အခမ်းနားဆုံး ဖြစ်ခဲ့ပေမည်။ ထိုအခမ်းအနားကြီးတွင် ရွှေအိမ်သည်၏ နှလုံးသားသည် မရှုမလှ ပျက်စီးခဲ့ပေသည်။

ဤကား အနိရုဒ္ဓဒေဝ မင်းကြီးနန်းတက်စကာလ သမထီးရှင်ကြီးများ ယဇ်ပွဲနှင့် ဘာထူးသေးသနည်း။ နုနယ်လှပသော မိန်းမသားတစ်ဦး၏ သည်းပွက်နှလုံးကို အရှင်လတ်လတ် ယဇ်ပူဇော်သည့် ပွဲပင်။

ချစ်သောသူတစ်ယောက်အတွက် နှလုံးသားများ သေဆုံးခဲ့လေသော အစ်မတော် ရွှေအိမ်သည်အဖို့ နားခိုရာ လောကသည် တစ်ခုတည်းသာ ရှိပေသည်။ ထိုနေရာကား သူ့သား အလောင်းစည်သူ။

အလောင်းစည်သူ၏အကြောင်း တွေးမိသည်တွင် သွေးကြောများ ဖျဉ်းခနဲ ဖြစ်သွားသည်။ ပျက္ခယွေတောင်ပေါ် တောဝက်အသေကောင်ကို အလယ်မှာထားလျက် ရင်ဆိုင်တွေ့ခဲ့ရသော အပြစ်က ပူနွေးစွာ ပြန်ပေါ်လာသည်။

"တောရဲ့ ဥပဒေသ၊ မုဆိုးတို့ရဲ့ ကျင့်ဝတ်အရ ဒီတောဝက်ဟာ နောင်မင်းရဲ့ သားကောင်ဖြစ်ပါတယ်"ဟု တိုးတိတ်စွာ ရေရွတ်ကာ ထွက်ခွာရှောင်တိမ်းသွားသည့် အလောင်းစည်သူ။

အတွေးများက ဆူပွက်နေတော့သည်။

မေတ္တာတရားကြီးမားသော အစ်မတော်။ သနားစဖွယ် ရင်မှ ဒဏ်ရာဖြင့် အစ်မတော်။ ချစ်သူအတွက် တစ်ခါတစ်ကြိမ် ဘဝသေဆုံးခဲ့ပြီးလေသော အစ်မတော်။ ပြီးတော့ ကျွန်ုပ်ကို ရင်မဆိုင်လို။ ရင်မဆိုင်ရဲသည့် အလောင်းစည်သူ။ ကျွန်ုပ်ထက် ငယ်ရွယ်သူ မင်းပျိုမင်းလွင်ပင် မဖြစ်သေးသော အရွယ်ရောက်ကာစ ကလေးငယ်...။

"ဟေး... ရာဇကုမာရရဲ့ အဲဒီ ကလေးငယ်က ဘုရင်လေ၊ သီရိဇေယျသူရဘွဲ့ခံထားသူလေ။ သူ့ဘိုးတော် ကျန်စစ်မင်းကြီးက ရင်ခွင်ပိုက်ပြီး ဘိသေက နှင်းထားသူလေ"

ကျယ်လောင်သော အသံနက်ကြီးတစ်ခုက ရင်ထဲမှ စူးစူးနစ်နစ် ထွက်ပေါ်လာသည်။ နှလုံးအိမ်နံရံများ ပြင်းထန်စွာ တုန်ခါသွားပြီး ကနဦးကရှိခဲ့လေသော အတွေးများအားလုံး ကစဥ့်ကလျား ပြိုပျက်သွားသည်။ မြည်ဟီးပေါက်ကွဲသံများနှင့်အတူ ပဲ့တင်သံများ အကြားတွင် ဗလုံးဗထွေး ဟစ်ကြွေးသံများ ပေါ်လာသည်။

"သင်းက မြေးပါကွ။ မြေးကာ အဖျားပါ။ သားကား အရင်းပါ။ မင်းက မင်းကြီးရဲ့သားတော်။ တစ်ပါးတည်းသော သားတော်ပါ။ အရွယ်ရောက် လူလားမြောက်ပြီဖြစ်တဲ့ သားယောကျ်ားပါ။ သား ယောကျ်ားဆိုတာ ထီးနန်းမွေကို မသွေမုချ ဆက်ခံရမှာပေါ့။ မင်းဟာ ခုချိန်မှာကို

အိမ်ရှေ့ဉပရာဇာ ဖြစ်နေရမှာပါ။ မင်းသာ ထီးညွှန့်နန်းလျာဖြစ်ရမှာပါ။ ဒါပေမယ့် မင်းက ဇေယျခေတ္တရာဆိုတဲ့ ဘွဲ့နာမည်လေးတစ်ခုနဲ့ ခေညဝတီ တောင်စဉ်ခုနစ်ခရိုင်စား...တဲ့။ ဟိုက ဘုရင်မင်းမြတ်။ မင်းက ခေညဝတီစား...။ အား ယုတ်ညံ့လိုက်လေခြင်း..."

"ဟေ့...သမ္မုလရဲ့သား၊ ဦးဆောက်ပန်းရဲ့သား၊ တိုလောက ဝဋ္ဋသကာ ဒေဝိရဲ့သား...လူရေးလူစ ညံ့လှချည်လား။ မင်းဟာ အစဉ် တစိုက် အစော်ကားခံခဲ့ရတာ မဟုတ်လား။ ပရိမ္မတော တောင်ထဲက ကြောင်ဖြူအရပ်က အရိုင်းအစိုင်းတွေဆိုပြီး အနှိမ်ခံ အပယ်ခံနေရတာ မဟုတ်လား"

မျက်နှာတစ်ပြင်လုံး ပူပြင်းတောက်လောင်လာသည်။

"ယောကျ်ားတစ်ယောက်လိုတွေးစမ်းပါ ရာဇကုမာရရဲ့။ တကယ် တော့ မင်းတို့သားအမိ နှစ်ယောက်စလုံး အစော်ကားခံလိုက်ရတာပဲ မဟုတ်လား။ မင်းမိခင်ဟာ ပထမ အစော်ကားခံခဲ့ရတယ်။ ကျေးရူး တရားကို အပုတ်ခတ်ခံလိုက်ရတယ်...။ ပြီးတော့ မင်းကို ဆက်လက် ပုတ်ခတ်စော်ကားတယ်။ ဟေ့ ရာဇကုမာရ။ မင်းလူ့လောကထဲမရောက် လာခင်က တစ်ပါးသူတွေ သူ့အကြောင်းနဲ့သူ ဖြစ်ပျက်ခဲ့တာတွေကို မင်းက ဘာများ ကိုယ်စားဝင်ပြီး ကရုဏာတွေနဲ့ ပျော့ညံ့ခံစားနေရတာ လဲ။ မင်းအကြောင်း မင်းတွေးပါကွ။ မင်းနဲ့ မင်းမိခင်အကြောင်းပဲ မင်းတွေးလိုက်စမ်းပါ၊ မင်းတွေးလိုက်စမ်းပါ"

◆ ◆ ◆

# ( ၁၆ )

ရှည်လျားကြမ်းတမ်းသော နီကြန်ကြန်ဆံပင်များက ကောင်လေး၏ ပခုံးထက်သို့ ဝဲကျနေရာ သူ့မိခင်က ဘြီးဖြင့် စည်းနှောင်ပေးလိုက်သည်။ ဆံပင်တွေ စုချည်စည်းနှောင်ပေးနေသော သူ့မိခင်၏လက်ချောင်းတွေကို လိုက်ကြည့်ရင်း ကောင်လေးသည် တစ်စုံတစ်ရာကို တွေ့သွားသည်။

မိခင်၏ လက်ချောင်းပေါ်မှာ ယခင်က မတွေ့ခဲ့ဖူးသော ထိုနီရဲတောက်ပသည့် အရာကို ကောင်လေး စူးစူးဝါးဝါးကြည့်သည်။ ထို့နောက် မိခင်၏ လက်ကို မလွတ်တမ်း ဖမ်းဆွဲထားလိုက်ပြီး မေးလေသည်။

"ဒါ ဘာလဲ မယ်မယ်"

"ပတ္တမြားလက်စွပ် ခေါ်တယ်သား"

"မယ်မယ် ဘယ်က ရလာတာလဲ"

"သား ငြိမ်ငြိမ်လေး နေလိုက်မယ်ဆိုရင် သားဆံပင်တွေကို မယ်မယ် စည်းပေးလို့ရပြီ။ ပြီးရင် ရေတံခွန်စခန်းမှာ သားကို ရေချိုးပေးမယ်။ ဖျဉ်သင်တိုင်းအသစ် ဝတ်ပေးမယ်။ ဘိုး ချုပ်ပေးတဲ့ ဝက်ဝံ

ရေလွှာခြေဝတ်အသစ် စီးပေးမယ်။ မြားကျည်တောက် အသစ်လဲ လွယ်ရမယ်။ အဲဒါတွေ လိုချင်ရင် အခုသား ငြိမ်ငြိမ်လေး နေလိုက်နော်။ အားလုံးပြီးရင် သားအခု မေးနေတဲ့ ပတ္တမြား လက်စွပ်အကြောင်းကို မယ်မယ် ပြောပြမှာပဲ”

ဆံပင်တွေ စုစည်းချည်းနှောင်ခံရတာကို ကောင်လေး သည်းမခံချင်။ သို့သော် မယ်မယ့် စကားတွေထဲမှာ ကောင်လေး သဘောကျစရာတွေ အများကြီးပါသွားသည်။ ရေတံခွန်စခန်းမှာ ရေချိုးရမယ်၊ ဖျဉ်သင်တိုင်းအသစ်၊ ဝက်ဝံရေလွှာ၊ ခြေဝတ်အသစ် ဝတ်ရမယ်။ မြားကျည်တောက်အသစ် လွယ်ရမယ်၊ ပြီးတော့ ပတ္တမြား လက်စွပ်ဆိုသော နီရဲတောက်ပသည့် အရာအကြောင်း သိရမယ်။ ထို့ကြောင့် ကောင်လေး ငြိမ်ငြိမ်လေးနေရန် ဆုံးဖြတ်လိုက်သည်။

ဆံပင်စည်းပြီးသောအခါ ကောင်လေး ရေတံခွန်စခန်းဆီသို့ အော်ဟစ်ခုန်ပေါက်ကာ ပြေးသွားသည်။ ကျောက်တုံးတွေ ကျောက်ဖျာတွေပေါ်မှ ခုန်ကူးကာ တဝေါဝေါကျနေသော ရေတံခွန် အောက်သို့ ပြေးဝင်သည်။ အောက်ခြေရေအိုင်ထဲတွင် ဖျံတစ်ကောင်လို ကူးခပ်သည်။ အနီးရှိကျောက်ဖျာပေါ်မှာ ထိုင်စောင့်နေသော မိခင်ဆီသို့ ရေစက်ရေပေါက်တွေဖြင့် လှမ်းပက်သည်။ မယ်မယ် ဒီနေ့ ပို၍ လှနေသည်ဟု ကောင်လေး ထင်မိလေသည်။

တော်တော့သားဟု ပြောသောအခါ တစ်ခွန်းတည်းနှင့်ပင် ကောင်လေး ရေအိုင်ထဲမှ တက်လာသည်။ မယ်မယ်က ကောင်လေး၏ နီကြန်ကြန်ဆံပင်တွေကို ဖြီးသင် သန့်ရှင်းပေးသည်ကိုလည်း ငြိမ်သက်စွာခံသည်။

“သားဘာကြောင့် ဖျဉ်သင်တိုင်းအသစ်၊ လွှာခြေဝတ်အသစ် ဝတ်ရမှာလဲဟင် မယ်မယ်”

“မယ်မယ်တို့ ခရီးထွက်ကြမယ်လေ၊ သားနဲ့မယ်မယ်နဲ့”

“ဟင်...ဘိုးကော မပါဘူးလား။ ဘယ်ကို သွားမှာမို့လဲ”

“ဘိုးမလိုက်ဘူး။ မယ်မယ်တို့က အဝေးကြီးသွားကြရမှာ သားရဲ့။ ဟိုး အရိမဒ္ဒနပူရဆိုတဲ့ မင်းနေပြည်တောင်ကြီးဆီကို”

"အရိမဒ္ဒနပူရ၊ မင်းနေပြည်တော်ကြီး အဲဒါဘာလဲ"

"ရန်အပေါင်းကို အောင်မြင်တဲ့မြို့တဲ့။ အဲဒီကို သွားကြမှာ"

"အဲဒီကို ဘာလုပ်ဖို့ သွားမှာလဲ မယ်မယ်"

"အဲဒီမြို့ကြီးမှာ ဟောဒီပတ္တမြားလက်စွပ်ကိုပေးခဲ့တဲ့ လူကြီးရှိတယ်။ သူ့ဆီကိုသွားမှာ"

"ပတ္တမြားလက်စွပ်ပေးတဲ့ လူကြီး။ သူက ဘယ်သူတဲ့လဲ"

"သူက အဲဒီမြို့ကြီးနဲ့ ဟောဒီ တောတွေ တောင်တွေ၊ ဟိုးအဝေးကြီးက မြို့တွေကိုပါ ပိုင်တဲ့ ဘုရင်မင်းမြတ်ပဲ"

ဘုရင်မင်းမြတ်...။ ဤစကားလုံးကိုတော့ ဘိုးပုပ္ပ၏ အိပ်ယာဝင် ပုံပြင်တွေထဲမှာ ကြားဖူးနေ၍ ကောင်လေးသိပြီး ဖြစ်သည်။ ဘုရင်မင်းမြတ်ဆိုတာ တိုင်းပြည်တစ်ပြည်မှာ အစွမ်းအရှိဆုံး လူ။ နန်းတော်ကြီးထဲက ရာဇပလ္လင်ပေါ်မှာ ထိုင်ကာ အားလုံးကို အမိန့်ပေးသူ။

"ဘုရင်မင်းမြတ်နဲ့ မယ်မယ်က သိလို့လား"

"သိတာပေါ့သားရဲ့၊ သူ့နာမည်က ကျန်စစ်မင်းကြီးတဲ့"

"ကျန်စစ်မင်းကြီး..."

ကောင်လေးက ရေရွတ်လိုက်သည်။

"ကျန်စစ်မင်းကြီးနဲ့ မယ်မယ်က ဘယ်လိုလုပ်သိတာလဲ၊ သူက မယ်မယ်ခုနကပြောတဲ့ အရိမ..."

"အရိမဒ္ဒနပူရ"

"အင်း...အရိမဒ္ဒနပူရကို ပိုင်တာလား။ အစွမ်းအရှိဆုံးလား။ လူတွေကို အမိန့်ပေးသလား"

"အဲဒါတွေ သားကိုဖျဉ်သင်တိုင်းနဲ့ လွှာခြေဝတ်လဲပေးလိုက်ရင်းနဲ့ မယ်မယ်ပြောမယ်။ သား နားထောင်ချင်သလား"

"နားထောင်ချင်ပါတယ် မယ်မယ်"

ဤသို့ဖြင့် အဝတ်အစားသစ်များ လဲပေးသည်ကို ငြိမ်သက်စွာခံရင်း ကောင်လေးသည် အရိမဒ္ဒနပူရ လူကြီးအကြောင်းကို စိတ်ဝင်စားစွာ နားထောင်ခဲ့လေသည်။

**ရတနာပုံစာအုပ်တိုက်**

ထိုလူကြီး ဒဏ်ရာတွေနှင့် ပရိမ္မတောထဲသို့ ရောက်လာပုံ မယ်မယ်က တောကောင်ထင်၍ ဒူးလေးဖြင့် ပစ်ပုံ၊ မယ်မယ်၏မြားတံများကို ထိုလူကြီးက သူ့လက်ထဲမှ လှံရှည်ကြီးဖြင့် ခုခံကာကွယ်လိုက်ပုံ၊ ထို့နောက် ကျောက်ဖျာပေါ်သို့ မေ့မျောလဲကျသွားပုံ၊ နောက်တော့ ဘိုးရောက်လာကာ ထိုလူကြီးကို ရေတံခွန် တဲစခန်းသို့ ခေါ်သွားပုံ။

"မယ်မယ့် ဒူးလေးမြားတံတွေကို သူက လှံရှည်ကြီးနဲ့ ပုတ်ခတ်ထုတ်ပစ်တယ် ဟုတ်လား။ ဒါတောင် သူ့မှာ ဒဏ်ရာတွေနဲ့ဟုတ်လား။ လူကြီး အတော်စွမ်းတာပဲနော်"

"အေးပေါ့ သားရဲ့။ဒါကြောင့်လဲ သူ ဘုရင်မင်းမြတ်ဖြစ်လာတာပေါ့"

"သူက ဘုရင်မင်းမြတ်ဆိုပြီး ဘာကြောင့် ဒဏ်ရာတွေနဲ့ ဒီတောထဲ ရောက်လာတာလဲ။ တောလိုက်ရင်း ဒဏ်ရာရလာတာလား"

"အဲဒါတွေ နောက်မှ ပြောပြမယ် သား"

"အခု အဲဒီလူကြီးဆီကို သားတို့သွားရမှာလား။သူက မယ်မယ့်ကို မှတ်မိပါ့မလား"

"သူ မယ်မယ်ကို သိပ်မှတ်မိတာပေါ့ သားရယ်။ သူမယ်မယ့်ကို ဘယ်လိုမှ မေ့သွားမှာ မဟုတ်ပါဘူး"

"ဟင် မယ်မယ့် မျက်လုံးတွေက..."

မယ်မယ့် မျက်နှာ တစ်ဘက်လှည့်သွားကာ မျက်လုံးများကို ပွတ်သပ်လိုက်သည်ဟု ကောင်လေး ထင်သည်။ ပြန်လှည့်လာသောအခါ မယ်မယ့် မျက်လုံးများ ပို၍ တောက်ပနေကြသည်ဟုလည်း ထင်သည်။

"သူက ပတ္တမြားလက်စွပ်ကြီးကို ဘာကြောင့် ပေးခဲ့တာလဲ ဟင်..."

မယ်မယ်က ဘိုးကို လှမ်းကြည့်သည်။ ဘိုးက ကောင်လေးကို လက်ကမ်းသဖြင့် ဘိုး ရင်ခွင်ထဲသို့ ကောင်လေး ပြေးဝင်လေသည်။

"မြေးလေး... မြားကျည်တောက်အသစ်ကို ကြိုက်ရဲ့လား ကြည့်စမ်း"

ဘိုးဖြုတ်ပေးသော မြားကျည်တောက်အသစ်မှာ အညိုနုရောင် သမင်ရေဖြင့် ပြုလုပ်ထားပြီး အဖြူစက်ကလေးများ ပါသဖြင့် ကောင်လေး သဘောကျနေသည်။ လွယ်ကြည့်လိုက်ပြီးနောက် ပခုံးကို ကျော်၍ မြားတံကို ထုတ်ယူကြည့်လိုက်ရာ အလိုက်သင့် အလွယ်တကူ ပင် မြားတံပါလာသည်။ မြားကျည်တောက်လေးကို သဘောကျနေရင်း မှာပင် ဘိုးက မယ်မယ့်အား လှမ်းပြောလိုက်သည့် စကားလုံးများကို နားစွင့်နေမိသည်။ လမ်းမှာ အေးအေးဆေးဆေးသွားရင်းနဲ့ ပြောပြသွား ဟု ကြားလိုက်သလိုလို…

ရေတံခွန်စခန်းနှင့် တောတောင်၊ ပြီးတော့ ဘိုးနှင့် မြားပစ် လေ့ကျင့်ခဲ့ရာ မြက်ခင်းပြင်၊ ညနေချိန်များတွင် တမေ့တမောထိုင်ကာ နေလုံးကြီးဝင်သွားသည်ကို အားပါးတရ ငေးကြည့်ခဲ့သော တောင်ကမူ ပေါ်က ကညင်ပင်မြစ်ဆုံ၊ ပြီးတော့ ဘိုး၏ တဲကလေး…။

ချစ်ခင်လွမ်းဆွတ်စွာ လည်ပြန် လှည့်ကြည့်ခဲ့သော်လည်း တောင် တစ်တောင် တောတစ်တောကို ကျော်မိလျှင်ပင် ထိုအရာတွေကို ကောင်လေး မေ့သွားတော့သည်။ အရိမဒ္ဒနပူရ ဆိုသော မင်း နေပြည်တော်ကြီးနှင့် ဘုရင်မင်းမြတ်ဆိုသော လူကြီးက ရှေ့ခရီးဆုံးဆီမှ စောင့်နေကြလိမ့်မည်။ မယ်မယ့် မြားတံတွေကိုပင် လှံရှည်ကြီးဖြင့် ပုတ်ထုတ်နိုင်သော လူစွမ်းကောင်း ဘုရင်မင်းမြတ်ကြီး…

"ဘုရင်မင်းမြတ်ဟာ မယ်မယ်တို့ဆီမှာ အကြာကြီး နေသွားခဲ့ တာသားရဲ့။ သူဟာ ဘိုးကိုလဲ သိပ်ရိုသေ လေးစားတာပဲ။ သူ့ကို အထင်လွဲပြီး သူ့ထက်အသက်ပိုကြီးတဲ့ ဘုရင်ကြီးတစ်ပါးက လှံနဲ့ပစ်စိုက် လိုက်လို့ သူတိမ်းရှောင်ခဲ့ရတာ။ သူယူလာတဲ့ လှံရှည်ကြီးဟာ သူ့ကို ပစ်စိုက်လိုက်တဲ့ လှံရှည်ကြီးပေါ့"

"ဟုတ်လား။ ဒါဆို ဘုရင်မင်းမြတ်ဟာ သိပ်စွမ်းတာပေါ့နော် မယ်မယ်"

"သိပ်စွမ်းတာပေါ့။ သိပ်စွမ်းတဲ့ပြင် သဘောလည်း သိပ် ကောင်းတယ်။ ဘိုးက သူ့ကို သားလို့ ခေါ်တယ်။ သူဟာ မယ်မယ် တို့ဆီမှာနေရင်း ဒဏ်ရာတွေပျောက်အောင် ကုနေရတယ်။ သူ

မယ်မယ်တို့ဆီ ရောက်နေတုန်း သူ့တိုင်းပြည်မှာ စစ်ပွဲတွေဖြစ်ကြတယ်။ အဲဒီစစ်ပွဲတွေကို သူအနိုင်တိုက်ပြီး ရန်သူတွေကို ရှင်းပစ်ဖို့ မယ်မယ်တို့ဆီကနေ သူပြန်သွားရတယ်"

"ရန်သူတွေကို သူရှင်းပစ်နိုင်ရဲ့လား မယ်မယ်"

"အကုန်လုံးကို သူရှင်းပစ်နိုင်ခဲ့တယ်။ နောက်ဆုံးတော့ သူ ဘုရင်မင်းမြတ်ဖြစ်သွားတယ်"

"ဒီလက်စွပ်ကြီးက သူ့ဒဏ်ရာတွေကို ပျောက်အောင်ကုပေးလို့ မယ်မယ့်ကို ကျေးဇူးတင်လို့ ပေးခဲ့တာပေါ့နော်"

မိခင်၏မျက်နှာတစ်ချက် ညို့သွားသည်ဟု ကောင်လေး ထင်မိသည်။ မယ်မယ်က ကောင်လေးကို သိမ်းဖက်ကာ ဆံပင်တွေကို ပွတ်သပ်ပေးသည်။ မယ်မယ်အတော်ကြာအောင် စကားဆက် မပြောဘဲနေသည်။ ပြီးမှ ဘုရင်မင်းမြတ်အကြောင်းတွေ ဆက်ပြောသည်။

လှံရှည်ကြီးကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သော သဘောသကာယကောင်းသော ဘိုးကို လေးစားသော ရန်သူတွေကို အကုန်အစင်ရှင်းပစ်ခဲ့သော ဘုရင်မင်းမြတ်အား ကောင်လေး သဘောကျနေလေသည်။ သို့သော် ပတ္တမြားလက်စွပ်ကြီး အကြောင်းကိုမူကား မယ်မယ်ကလည်း အသေအချာမပြော။ ကောင်လေးကလည်း ရေရေရာရာ နားမလည်နိုင်။

အရိမဒ္ဒနပူရ မင်းနေပြည်၏ နယ်နိမိတ် ဇနပုဒ်တစ်ခု၏ ဇရပ်တစ်ဆောင်တွင် တစ်ညဥ့်တာ ညအိပ်နားပြီးနောက် တစ်နေ့ နံနက်ခရီးဆက်ခဲ့ကြသောအခါမှ . . .

တောက်ပသော သင်တိုင်းကိုယ်ကြပ်ဝတ်ရုံများ၊ လှပသော ခါးစည်းကြိုးများ၊ ဘယက်လည်ဆွဲတန်ဆာများ ဝတ်ဆင်ကာ ဥဒဟို လှုပ်ရှားနေကြသည့် လူတွေကို ငေးကြည့်ရင်း ကောင်လေးတအံ့တဩ ဖြစ်နေချိန် . . .

"လူတွေ အများကြီးပါလား မယ်မယ်။ သူတို့ ဘယ်ကို သွားနေကြတာလဲ"

"မယ်မယ်တို့ သွားတဲ့ နေရာကိုပဲ သွားနေကြတာ သားရဲ့"

"ဘုရင်မင်းမြတ်ဆီကိုလား"

"အေးပေါ့... သူတို့အားလုံးဟာ ဘုရင်မင်းမြတ်ကို သိပ်ကို ကြည်ညိုလေးစားကြတာ"

"ဘုရင်မင်းမြတ်က ဘာလုပ်မှာမို့လဲဟင်"

"ဗိုလ်ရှုံခံသဘင် ဆင်ယင် ကျင်းပမှာလေ"

"ဗိုလ်ရှုံခံသဘင်။ အဲဒါက ဘာလဲ။ ဘာကိုခေါ်တာလဲ မယ်မယ်"

"ဆင်တွေ၊ မြင်းတွေ စီးထားတဲ့ စစ်သည်တော်တွေ။ ဓား လှံ လေးမြားကိုင်တဲ့ စစ်သည်တော်တွေ လူစွမ်းကောင်းကြီးတွေ ပညာရှိကြီးတွေ တိုင်းသူပြည်သား သူရဲကောင်းကြီးတွေ အားလုံးက ဘုရင်မင်းမြတ်ကို ရိုရိုသေသေ ခစားကြမယ်။ အဲဒါ ဗိုလ်ရှုံခံပဲ"

"ဟုတ်လား စစ်သည်တော်တွေ သူရဲကောင်းတွေအများကြီးက ဘုရင်မင်းမြတ်ကို ရိုရိုသေသေခစားကြမှာ ဟုတ်လား"

"ဟုတ်တာပေါ့...သားရဲ့၊ ဘုရင်မင်းမြတ်က သိပ် ဘုန်းတန်ခိုးကြီးတာကလား"

"သားတို့ကကော မယ်မယ် ဘုရင်မင်းမြတ်ကို ရိုရိုသေသေ ခစားကြမှာပဲလား။ သားရဲ့ ဒူးလေးနဲ့ မြားကျည်တောက်ကို ပြရမလား"

ကောင်လေးသည် ဘုရင်မင်းမြတ်ကို အတိုင်းအသိ အထင်ကြီးသွားမိလေသည်။ မယ်မယ့် စကားကိုလည်း စိုးစဉ်းမျှ ယုံမှား သံသယမရှိ။

မယ်မယ်ပြောသလိုပင် ဆင်စီး၊ မြင်းစီး စစ်သည်တော်တွေ အစုလိုက် အစုလိုက် ချီတက်သွားကြသည်ကို တွေ့လာရပေပြီ။ ကောင်လေးမှာ စစ်သည်တော်တွေကို တအံ့တသြ ကြည့်ကာ ပျော်ရွှင်လာပြီး အနီးရှိ မြင်းစီးစစ်သည် တစ်ယောက်ကို လှမ်းအော် မေးလိုက်သည်။

"ဘုရင်မင်းမြတ်ဆီကိုလား။ ဗိုလ်ရှုံခံသဘင်ကိုလား... စစ်သည်ကြီး"

မြင်းစီးသူရဲက မြင်းပေါ်မှ ငုံ့ကြည့်ကာ ပြုံးရင်း ပြန်ပြောသည်။

"ဟုတ်တာပ ကလေးရဲ့။ တို့များရဲ့ အရှင်သခင် ဘုရင်မင်းမြတ်

ကို ခစားဖို့ပေါ့။ ဗိုလ်ရှုခံသဘင်ကိုပေါ့”

မယ်မယ့် လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ကောင်လေး ပြောသည်။

“မယ်မယ်… ဘုရင်မင်းမြတ်ကို သားမြင်ချင်တယ်။ သူ့ အနားထိ ရောက်အောင်သွားကြရအောင်နော်”

မယ်မယ်က ကောင်လေးကို ပွေ့ချီလိုက်သည်။ ကောင်လေးက မယ်မယ့်လက်ကို ဆုပ်ကိုင်လိုက်ရာ ပတ္တမြားလက်စွပ်ကို ကိုင်မိသွားသည်။

“နော်… မယ်မယ်နော်”

“သား… နားထောင်စမ်း သားလေ။ အခု မယ်မယ်တို့ ဘုရင်မင်းမြတ်ဆီကိုပဲ သွားနေကြတာ။ ဘုရင်မင်းမြတ်ကို သားမြင်ရစေမယ်။ သူ့အနားထိ ရောက်ရုံတင်မကဘူး။ သူ့ရင်ခွင်ထဲအထိ သားရောက်စေရမယ်။ သားကို ဘုရင်မင်းမြတ်က ပွေ့ချီလိမ့်မယ် သားရဲ့”

“ဟင်… ဘာဖြစ်လို့ သားကို ဘုရင်မင်းမြတ်က”

“ဘာဖြစ်လို့လဲဆိုတော့ ဘုရင်မင်းမြတ်ဟာ သားရဲ့ဖခမည်းတော် ဖြစ်နေလို့ပေါ့သားရဲ့…”

ကောင်လေး မျက်လုံးများ ဝိုင်းသွားလေသည်။

◆ ◆ ◆

## ( ၁၇ )

ခြေလျင်စစ်သည်တွေ၏ လှံဖျားများသည် အထက်သို့ စွင့်စွင့် မတ်မတ်ထောင်လျက် ညီညာစွာ လှုပ်ရှားနေကြသည်။ လှံသွားတွင် ချည်နှောင်ထားသော ပန်းပွားများပင် တညီတည်း ယိမ်းနွဲ့နေကြသည်။ ထို့နောက် လွှားကာနှင့် ဓားလွတ်ကိုင် စစ်သည်များ၊ အစိမ်းရောင်၊ အနီရောင်တောက်ပသော ကိုယ်ကြပ်သင်တိုင်းများက စူးရဲ နေရောင် အောက်တွင် မျက်စိကျိန်းမတတ်။

တံပိုးသံ၊ စည်သံ၊ လွှားသံနှင့် ဓားပြားရိုက်သံ၊ ရာပေါင်း ထောင်ပေါင်းများစွာသော စစ်သည်တို့၏ ဟစ်ကြွေး ညာသံ၊ မြေအလုံး သိမ့်သိမ့်တုန်။

ခြေလျင်စစ်သည်များ နောက်မှ မြင်းတပ်စစ်သည်များ လိုက်ပါ လာသည်။ လှပသော ကကြိုးတန်ဆာများ ဆင်ယင်သည့် မြင်းညိုကြီး များ၏ လည်ဆံမွေးများသည် အသားကျနှင့်တိုင်း တအိအိလွင့်ဝဲနေ ကြသည်။ မြင်းပေါ်မှ စစ်သည်ကြီးများမှာ ခမ်းနားသိုက်မြိုက်လှဘိခြင်း။

ထို့နောက် နှာမောင်းကြီးများကိုမြှောက်ချီလာသောဆင်ကြီးများ။

ဗိုလ်ရှုခံသဘင် လမ်းမကျယ်ကြီးတစ်ဘက်ရှိ အရိမဒ္ဒနပူရ သားများ၏ တဟေးဟေး ဟစ်အော် ကောင်းချီးပေးသံကြောင့် မိုးကောင်းကင်ကြီးပင် ပွင့်ထွက်သွားလောက်သည်ဟု ကောင်လေး ထင်မိသည်။

မျက်တောင်တစ်ချက်ပင် မခတ်မိတော့။ မြင်မြင်သမျှသည် အတိုင်းမသိ အံ့ဩစရာတွေချည်း။ သည်လောက် လူတွေအများကြီး ဤကမ္ဘာမြေပေါ်မှာ ရှိနေကြပါလား။ သို့သော် တစ်ခုပြီးတစ်ခု တွေ့ နေရသော ထူးဆန်းအံ့ဩဖွယ်ရာများသည် တစ်ခဏချင်းမှာပင် ကောင်လေးစိတ်ထဲ၌ ရိုးအီသွားသည်။ ဆင်တွေ၊ မြင်းတွေ၊ စစ်သည် ရဲမက်တွေ ဖြတ်သန်းချီတက်သွားကြရာ လမ်းမကြီးကို ကျော်လွန်လျက် ဟိုမှာဘက်ရှိ နန်းရင်ပြင် ကွက်လပ်ကြီးဆီသို့ ငေးမျှော် ကြည့်သည်။

ဘယ်သောအခါမျှ ရိုးအီသွားမည် မဟုတ်သည့် စိတ်ဝင်စား စရာ။ နန်းရင်ပြင်ကွက်လပ် ဗဟိုတွင် ရှိနေသော စင်မြင့်။ ဝေးလံသော ထိုနေရာဆီတွင် တောက်ပသော ရွှေရောင်၊ ငွေရောင်၊ အနီရောင်များ ကို ခပ်ဝါးဝါး တွေ့နေရသည်။ ထီးဖြူကြီးတွေ အုပ်ဆိုင်းနေသည်။ စင်မြင့် အနီးတွင် လူတွေ ဒူးတုပ်ထိုင်နေကြသည်။ လူတွေအားလုံးအလယ်တွင် မားမားကြီးရပ်နေသော သဏ္ဌာန်တစ်ခု။ စောစောက ထူးဆန်းအံ့ဩ ဖွယ်များ အားလုံး ကောင်လေး၏ အတွေးထဲမှ ပျောက်ကွယ်သွားကြ သည်။

"အဲဒီမှာ ဘုရင်မင်းမြတ်ရှိနေတယ်။ ဟောဟိုမှာ စင်မြင့်ထက်က ထီးဖြူကြီးတွေအောက်မှာ ဝတ်ရုံအနီကြီးနဲ့ ရပ်နေသူဟာ သားရဲ့ ဖခမည်းတော် ကျန်စစ်မင်းကြီးပဲ"

မယ်မယ့်အသံမှာ တစ်ခါမှ မကြားဖူးခဲ့သော လှုပ်ရှားတက်ကြွ သံ။ ကောင်လေးကို ပွေ့ချီလိုက်ကာ တင်းတင်းကြပ်ကြပ် ဖက်သည်။

"သူ့ဆီကို မယ်မယ်တို့ သွားကြစို့ သား"

လူအုပ်ကြီးကိုမယ်မယ်တွန်းထိုးဖယ်ရှားကာဖောက်ထွက်သည်။ ဗိုလ်ရှုခံ လမ်းမကြီးကို ဖြတ်ကူးသည်။ သမင်မတစ်ကောင်နှယ် မယ်မယ် သည် ဖြတ်သန်းချီတက်နေကြသော စစ်သည်တွေကြားမှ တိမ်းရှောင်

ကွေ့ပတ်သည်။ ထို့နောက် လှေကားထစ်များစွာ ရှိသော နန်းရင်ပြင်ဆီသို့ တက်သည်။

ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ အစောင့်ရဲမက်တွေက မယ်မယ်ကို တားဆီးရန် ပစ်ရန် ကြိုးစားသည်။ မယ်မယ်က အားလုံးကို တွန်းတိုက်ပစ်သည်။ ကောင်လေးမှာ ကြောက်စိတ်လုံးဝမရှိ။ မယ်မယ့်လည်ကို မလွှတ်တမ်း တွယ်ဖက်ထားကာ အနီးသို့ရောက်လာသော စစ်သည်တွေကို တွန်းထိုးပစ်သည်။ ဖယ်ကြ၊ ကျုပ် ခမည်းတော်ဆီ သွားမလို့။ ဘုရင်မင်းမြတ်ဆီသွားမလို့ ဖယ်ကြပါ။

သို့သော် အားကောင်းမောင်းသန် ရဲမက်ကြီးများက ပူးညှပ်ဝိုင်းရံထားလိုက်သဖြင့် မယ်မယ် ရှေ့မတိုးသာတော့...။ သို့သော် မယ်မယ်သည် ကျော့ကွင်းထောင်ချောက်ကို မကြောက်တတ်သော ကျားသစ်မတစ်ကောင်လို ဟိန်းဟောက်သည်။

"သင်တို့ ဘုရင်မင်းမြတ်ကို တွေ့စရာရှိတယ်။ ဘုရင်မင်းမြတ်နဲ့ တွေ့ဖို့ ငါလာခဲ့တာပဲ။ အားလုံး ဖယ်လိုက်ကြစမ်း"

ထွေးထွေးယှက်ယှက် ဖြစ်နေစဉ်။ အသံဝါကြီးတစ်သံ ပေါ်လာသည်။ စင်မြင့်သံက ဖြစ်သည်။

"သူ့ကို ဖယ်ပေးလိုက်ကြ"

တစ်ခါမျှ မကြားဖူးသော်လည်း ထိုမျှ တန်ခိုးအင်အားကြီးသော အသံကြီးမှာ ဘုရင်မင်းမြတ်ကိုယ်တိုင်၏ အမိန့်အာဏာသံ ဖြစ်ရမည်ဟု ကောင်လေးသိလိုက်သည်။ စစ်သည်ရဲမက်ကြီးများ ရှဲသွားသည်။

လှေကားထစ်နောက်တစ်ဆင့်သို့မယ်မယ်တက်သည်။ကောင်လေးကို ပွေ့ချီထားသော လက်များ တုန်ယင်နေသည်။ ခပ်သိမ်းသော အရာတို့ကို မယ်မယ် မေ့ပျောက်နေပုံရသည်။ မယ်မယ် စူးစိုက်ကြည့်နေရာကာ စင်မြင့်ထက် တစ်နေရာတည်းသို့။

ကျွန်ုပ် ဘယ်တော့မှ မမေ့နိုင်သည့် မြင်ကွင်းဖြစ်လေသည်။

လှေကားထစ်အဆုံးသို့ မတက်ဘဲ ရပ်တန့်နေသော မယ်မယ်သည် နေရာမှာပင် ကျောက်ဆစ်ရုပ်လို မလှုပ်မရှား။ မယ်မယ့်ခါးထစ်ခွင်မှ ကျွန်ုပ်ဆင်းလိုက်သည်။ မယ်မယ့်လက်ကို ကျွန်ုပ်ကပြန်ပြီး

ဆုပ်ကိုင်ရင်း မယ်မယ့်ဘေးမှ တည့်မတ်စွာ ရပ်လိုက်သည်။ ရင်ကို ချီလျက် မယ်မယ့်နည်းတူ ကျွန်ုပ်လည်း ပကတိ မလှုပ်မရှေ့။

ဘုရင်မင်းမြတ်သည် စင်မြင့်ပေါ်မှ ဆင်းလာသည်။ သူ့အသွင်မှာ သိုက်မြိုက်ခမ်းနားလွန်းသည်။ လှေကားထစ်များအတိုင်း တစ်လှမ်းချင်းဆင်းလာရင်း မယ်မယ်နှင့် ကျွန်ုပ်ကို မျက်တောင်မခတ် ကြည့်နေသော သူ့အသွင်မှာ သိန်းစွန်ငှက်ကြီးတစ်ကောင်၊ အတောင်ကို ရပ်သိမ်း၍ မြေသို့ သက်ဆင်းလာသည့်အတိုင်းပင်။ ကျွန်ုပ်တို့ မျက်နှာချင်းဆိုင်မိကြသည်။

အပေါ်လှေကားထစ်တွင် ရှိနေသော ဘုရင်မင်းမြတ်ကို ကျွန်ုပ်မော့ကြည့်ရသည်။ ငုံ့ကြည့်နေသော ဘုရင်မင်းမြတ်၏ မျက်နှာသွင်ပြင် ...။ တောက်ပနက်မှောင်သော မျက်လုံးကြီးများသည် လုံးဝန်းကြောက်စရာမကောင်း၊ နှုတ်ခမ်းမွေးကျင်စွယ်တို့က တိကျ သေသပ်သည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းများ ပြုံးရောင် သန်းနေသည်။

ဗိုလ်ရှုခံသဘင်ကြီး တိတ်ဆိတ်နေသည်။ မိုးကောင်းကင်နှင့် မြေကြီးတို့လည်း ငြိမ်သက်သွားသည်။

ဘုရင်မင်းမြတ်။ သူဟာ ငါ့ရဲ့ ဖခမည်း...။

ကျွန်ုပ်လှေကား နောက်တစ်ထစ်သို့ တက်လိုက်မိသည်။ မယ်မယ့်ကို ဆုပ်ကိုင်ထားသော လက်များ မဖြုတ်ဖြစ်သေး။

မယ်မယ်က မူလလှေကားထစ်တွင် ကျန်ရစ်ခဲ့သည်။ ဘုရင်မင်းမြတ်၏ အနီရောင် ဝတ်ရုံကြီးအတွင်းမှ လက်အစုံထွက် ပြူလာသည်။ ကြီးမားကျယ်ပြန့်သော လက်ဖဝါးကြီးတွေကို ကျွန်ုပ် တွေ့လိုက်ရသည်။

မယ်မယ့်လက်ကို ကျွန်ုပ် လွှတ်လိုက်သည်။

ဘုရင်မင်းမြတ်၏ ဖြန့်ခင်းကမ်းလင့်နေသော လက်ဖဝါးကြီးတွေကြားထဲသို့ ကျွန်ုပ်အလိုလျောက် ပြေးဝင်မိသွားသည်။ သူက ကျွန်ုပ်ကို တင်းတင်းကြပ်ကြပ်ကြီး ဆီးပွေ့သည်။ ကျွန်ုပ်တစ်ကိုယ်လုံး မြောက်ခနဲပါသွားသည်။ ထို့နောက် ဘုရင်မင်းမြတ်သည် ကျွန်ုပ် ရပ်ခဲ့သော လှေကားထစ်ဆီသို့ဆင်းလျက် မယ်မယ့် လက်ကို ဆွဲယူလိုက်သည်။

ကြီးမားနက်ရှိုင်းသောတိတ်ဆိတ်ငြိမ်သက်မှုထဲတွင်ဘုရင်မင်းမြတ်၏ အသံဝါကြီးက ဟိန်းထွက်ပေါ်လာသည်။

"သမ္ဘူလရဲ့ကျေးဇူးဟာ ငါ့အပေါ်ကြီးမားလှတယ်...။သမ္ဘူလဟာ ငါ့ရဲ့ ပါရမီဖြည့်ဘက် ဇနီးကောင်းဖြစ်တယ်။ သူဟာ ငါ့သားကို ခေါ်ပြီး ငါ့ဆီလိုက်လာခဲ့ပြီ"

စင်မြင့်ဆီသို့ ကျွန်ုပ်တို့သားအမိကို ခေါ်သွားသည်။ ကျွန်ုပ်ကို ပွေ့ချီလျက်၊ မယ်မယ့်လက်ကို ဆွဲကိုင်လျက်သား။

မိုးကောင်းကင်၊ မြေပြင်၊ အရိမဒ္ဒနပူရပြည်သူ ပရိသတ်ကြီး ပြည်သူပရိသတ်ကြီး စစ်သည် ရဲမက်ထုကြီး အားလုံးပြန်လည်အသက်ဝင် နိုးထလာသည်။ ကြွေးကြော်ဟစ်အော်သံများ နားပွင့်မတတ်။

ခမည်းတော် ဘုရင်မင်းမြတ်၏ မျက်နှာကို ကျွန်ုပ်နီးကပ်စွာမြင်နေရသည်။ မယ်မယ်က တသိမ့်သိမ့်ငိုရှိုက်နေသည်။ ကျွန်ုပ်လည်း ငိုချင်လာသည်။ သို့သော် မျက်ရည်များက ထွက်ကျမလာ။

ဘာကြောင့်မှန်းမသိ။ တစ်ခုခုက ရင်ထဲမှာ ဆို့နင့်နေသည်။

ခမည်းတော်သည် ဘုရင်မင်းမြတ်ဖြစ်ကြောင်း မယ်မယ့်ဆီမှ စတင် သိခဲ့ရစဉ်ကလောက် ကျွန်ုပ် ပျော်ရွှင်၍ မလာခဲ့။ ကျွန်ုပ်ကိုယ်တိုင် ဘာမှန်းမသိတတ်နိုင်သော အရာတစ်ခုကြောင့် ရင်ထဲတွင် မောဟိုက်မွန်းကြပ်နေသည်။

ဘုရင်မင်းမြတ်၏မျက်နှာကို ဘေးတိုက် အနီးကပ်ကြည့်ရင်း ကျွန်ုပ်တစ်ခုခုကို မေးချင်လာသည်။ ထိုမေးခွန်းများကို ကျွန်ုပ်ဘာသာ ရှင်းလင်းအောင် စုစည်းယူလိုက်သည်။ သို့သော် ဘုရင်မင်းမြတ်ကို ကြောက်သလိုလို ရှိလာပြန်သဖြင့် နှုတ်မှ ထုတ်မမေးဖြစ်တော့။ ရင်ထဲမှာတော့ ကိုယ့်အသံကိုယ် ပြန်ကြားနေရသည်။

"မယ်မယ်နဲ့ ကျွန်တော့်ကို ဘာကြောင့် အကြာကြီး ပစ်ထားခဲ့တာလဲ ခမည်းတော်"

◆ ◆ ◆

## ( ၁၈ )

ဧည့ဝတီတောင်စဉ် ခုနစ်ခရိုင်သို့ မပြန်ဘဲ မယ်မယ့်အနားမှာပဲ နေဦးမည်ဟု ဆိုသောအခါ မယ်မယ့်ခမြာ ဝမ်းသာရှာလေသည်။ နှစ်စဉ်ကျင်းပမြဲ အခွန်အတုတ်ခံယူ သစ္စာတော်ခံသဘင်တွင် ဧည့ဝတီမင်းမရှိဘဲ ဖြစ်ပါ့မလားဟု မယ်မယ်က မေးသေးသည်။ ကျွန်ုပ်က သံပျင်မှူးမတ်အဖွဲ့ကို စိတ်ချရပါကြောင်းနှင့် သစ္စာတော်ခံပွဲသည် မယ်မယ့်လောက် အရေးမကြီးကြောင်း ပြောလိုက်သောအခါ မယ်မယ်သည် မျက်ရည်များပင် ဝိုင်းလာရှာသည်။

"သား…အရိမဒ္ဒနပူရမှာပဲ ရှိနေဖို့ လိုပါတယ် မယ်မယ်"

"သာဓုပါ သားရယ်…။ ဒါပေမယ့် တစ်နှစ်လုံးလုံး မယ်မယ် အနားမှာချည်း သားနေဖို့ မလိုပါဘူး။ တောထဲတောင်ထဲ အမဲလိုက်ထွက်တာမျိုးလို ခရီးဝေးကြာရှည် သွားတာမျိုးကလွဲပြီး သား ခရီးလှည့်နိုင်ပါတယ်"

မလုံမလဲစိတ်ဖြင့် ကျွန်ုပ်မယ်မယ့်ထံမှ အကြည့်လွှဲဖယ် လိုက်ရသည်။

**ရတနာပုံစာအုပ်တိုက်**

စင်စစ် အရိမဒ္ဒနပူရတွင် ကျွန်ုပ် တစ်နေ့တစ်မနက်မှ မနေလို ပေ။ ရန်အပေါင်းတို့ကို ဖယ်ရှားအောင်မြင်ရာဒေသဟု အဓိပ္ပာယ်ရ သည့် ဤအရိမဒ္ဒနပူရသည် အမှန်တော့ ကျွန်ုပ်အတွက် ဆန့်ကျင်ဘက် အနက်ကိုပေးသော ဒေသပင် ဖြစ်သည်။ ချမ်းမြေ့ပျော်ရွှင်မှုကို မပေး သော ဤဒေသသည် ကျွန်ုပ်အား ပူလောင်ခြင်းများဖြင့်ပင် ဖမ်းစားထား ပေသည်။

ကျွန်ုပ် အရိမဒ္ဒနပူရတွင် ရှိနေဖို့လိုအပ်ကြောင်း ကျွန်ုပ်မှ အပ မည်သူမျှ သိနိုင်မည်မဟုတ်။ လောလောပူသော ဤတတ္တဒေသ အရပ် သည် ကျွန်ုပ်အတွက်လည်း မီးဖိုကြီးတစ်ခုအလားပင် ဖြစ်သည်။ ဤ မီးဖိုကြီးအပေါ်တွင် ကျွန်ုပ်သည် ရေအပြည့်ထည့်ထားကာ ကရားအိုး တစ်ခုလို ရှိနေသည်။ မီးအပူကြောင့် ကရားအိုးထဲမှ ရေများသည် ပူနွေး ၍ လာပေပြီ။ ကျိုက်ကျိုက်ဆူကာ ပွက်ပွက်ထသည်အထိ ကရားအိုး သည် မီးဖိုပေါ်တွင် ရှိရမည်။ ပူနွေးရုံဖြင့် မရ။

ကျိုက်ဆူပွက်ထနေသော ရေပူမျက်နှာပြင်မှသာ ပူလောင်သော ရေငွေ့တို့ တခြောင်းခြောင်း ထလေမည်။ ထိုအခါ...

"သား ရွှေအိမ်သည်ဆီ ရောက်ပြီးပလား"

"ရောက်ပြီးပါပြီ မယ်မယ်"

"သူ့ကို ဘယ်လို တွေ့ခဲ့ရသလဲ သား"

မယ်မယ့်အမေးစကားကို ကျွန်ုပ်နားမလည်သဖြင့် အငူသားပင် မယ်မယ့်ကို ကြည့်နေမိသည်။ မယ်မယ်က အေးမြသော အပြုံးဖြင့် ပြုံးကာ...

"ရွှေအိမ်သည်ဟာ ပိုပြီး နူးညံ့ ရင့်ကျက်လာတယ်လို့ သား မထင်ဘူးလား"

"ဟုတ်ပါတယ် မယ်မယ်။ အစ်မတော်ဟာ ပိုပြီး နူးညံ့ ရင့်ကျက် လာတယ်"

အလိုက်သင့် ဖြေလိုက်ရသော်လည်း မယ်မယ် ဘာကို ရည်ရွယ် ပြောဆိုလေသည်ကို စဉ်းစား၍ မရပေ။

"ပြီးတော့ သား စူးစိုက်ဆင်ခြင်ကြည့်ရင် တွေ့လိမ့်မယ်၊

ရွှေအိမ်သည်လေးဟာ ဘုရင်တစ်ပါးရဲ့ မယ်တော်နဲ့မတူဘူး”

“ဟင် မယ်မယ်ဘာကို ပြောတာလဲ”

မယ်မယ့်အပြုံးက ပို၍ လေးနက်လာနေသည်။

“ဘိသေကသဘင် ခံယူထားပြီး ဘုရင်မင်းမြတ်အဖြစ် ရရှိနေတဲ့ သားတစ်ယောက်ရဲ့ မိခင်ဘဝကို ကြည့်စမ်း။ သာမန်မိန်းမမျိုးဆိုရင် ဘုရင့်မယ်တော်ဆိုပြီး ဘယ်လောက် ဝင့်ကြွားမောက်မာ လိုက်မလဲ။ ရာဇအာဏာဆိုတာ ယောကျ်ားမိန်းမ မရွေးဘူး။ လောင်မြိုက်တတ်တဲ့ သဘာဝရှိတယ်။ ဒါပေမယ့်”

မယ်မယ့် စကားလုံးများ၌ ကျွန်ုပ် နစ်မြုပ်သွားရပြန်ပေပြီ။

“ရွှေအိမ်သည်က အဲဒီလို မဖြစ်တဲ့အပြင် သူ့သားငယ် အလောင်းစည်သူရဲ့ သက်ဦးဆံပိုင်ဘဝကို သူက ကူးဆက်ခံစားပြီး ဝန်ထုပ်ဝန်ပိုးတစ်ခု ရွက်ထမ်းထားရသလို မြင်တယ်။ သူ့သား ဘုရင်ဖြစ်နေတာကို ယစ်မူးမနေဘဲ ဘုရင်ကောင်း ဘုရင်မြတ် ဖြစ်လာဖို့ အရေးကိုပဲ သူတွေးတော ပူပန်တယ်။ မညာမတာ ပြောကြစတမ်းဆိုရင် အလောင်းစည်သူလေးဟာ မင်းစောလူးလို၊ စောယွမ်းမင်းလို ဘိုးတူ ဘတူ မြေးသားဖြစ်လာပြီး နှလုံးရည်ချို့တဲ့ လက်ရုံးရည် အားနည်းသူ ဖြစ်မှာကို ရွှေအိမ်သည် စိုးရိမ်ရှာတယ်”

ဤစကားကိုတော့ ကျွန်ုပ် ခြွင်းချက်မရှိ လက်ခံနိုင်ပေသည်။

“တစ်ဘက်က ကြည့်ပြန်တော့လဲ အလောင်းစည်သူလေးဟာ အမိဘက်က ကျန်စစ်မင်းကြီးရဲ့ မြေးတော်ဖြစ်နေပြန်တယ်။ ရွှေအိမ်သည် အနေနဲ့ သူ့သားလေးကို မဆက်ခံစေချင်တဲ့ သွေးရှိသလို ဆက်ခံစေချင်တဲ့ သွေးလဲ ရှိနေပြန်တယ်”

အဘိုး၊အဘ၊မြေး၊သား ဆက်ခံသော သွေး။ ကျွန်ုပ် အသက်ရှူ မဝချင်သလိုလို ခံစားလာရသည်။ မယ်မယ်ကမူ ပို၍ လိုက်လှဲသော အသံဖြင့် ဆက်ပြောနေသည်။

“အမှန်တော့ ရွှေအိမ်သည်လေးဟာ သူ့ဘဝသူသာမက သူ့သား ဘဝကိုပါ သူကိုယ်တိုင် ရွေးချယ်ခွင့်မရှိဘဲ အရွေးချယ်ခံ အဆုံးဖြတ်ခံ ဘဝနဲ့ ရှင်သန်ရသူပဲ သား။ မယ်မယ် ထင်တယ်။ ရွှေအိမ်သည်မှာသာ

ရွှေးချယ်ခွင့် အခြေအနေရခဲ့ရင် အချိန်ရခဲ့ရင် သူ့သား အလောင်းစည်သူ အတွက် သူ့ခမည်းတော်မင်းကြီးဆီမှာ ထီးနန်းမွေလျာ ဘယ်နည်းနဲ့မှ တောင်းမှာ မဟုတ်ဘူး"

လှပကွေးညွှတ်သော လေးကိုင်းနှင့် ပျော့ပြောင်းသော လေးညှို့ ဆီမှ ပြင်းထန်သော မြားတစ်စင်း ထွက်၍လာသည့် အတိုင်းပင်။ မယ်မယ့်စကားလုံးတို့သည် နူးညံ့ပျော့ပျောင်းခြင်းမှသည် စူးရှထက် မြက်ခြင်းကို မွေးဖွားပေးလိုက်ခြင်းပါကလား။

မယ်မယ်ရှေ့တွင်ထိုင်ရင်း ကျွန်ုပ်သေးငယ်သွားသည်ဟု ခံစားမိ လာသည်။

မယ်မယ်သည် "သမထီးပုံပြင်"လို အတိတ်ဇာတ်ကြောင်းကို ပြောရာ၌ ပုရာဏ်ကျမ်းဆရာကြီးတစ်ဦးပမာ ဖွဲ့တတ်သလို ရွှေအိမ်သည် တို့နှင့် ပတ်သက်သော ရာဇဝံ အရေးအရာများကို ပြောရာ၌လည်း တကယ် ကဝိပဏ္ဍိတ်ကြီးပမာပါတကား...။

"နားလည်ရင် ခွင့်လွှတ်နိုင်တာပဲ သားရဲ့...။ နားမလည်မှု၊ မမြင်မှု၊ မောဟကိလေသာတွေ ဖုံးလွှမ်းနေရင်သာ ခွင့်မလွှတ်နိုင်စရာ တွေ ပေါ်လာတော့တာကလား..."

ကျွန်ုပ်ကို ရှေ့မှာထား၍ ပြောပြနေသည်နှင့် မတူတော့ဘဲ မယ်မယ်သည် တစ်ကိုယ်တည်း နက်ရှိုင်းစွာ ရေရွတ်နေသည်နှင့်တူ နေသည်။

"ရွှေအိမ်သည်ဟာ အဲဒီလို အရွေးချယ်ခံ အဆုံးဖြတ်ခံဘဝနဲ့ ရှင်သန်မောပန်းနေရပေမယ့် နားလည်သိမြင်မှုတရားကို လက်ကိုင် ထားနိုင်လေတော့ ပိုပြီး ရင့်ကျက်တည်ငြိမ်လာတယ်။ သူဟာ ကံကို ယုံကြည်တယ်။ ကံ ကံ၏အကျိုးကို ယုံကြည်တယ်။ လောကခံတရားကို နှလုံးသွင်းနိုင်တယ်။ သူ့ခမည်းတော် မင်းကြီးအပေါ်မှာလည်း သူ နားလည်စွမ်းရှိတယ်"

မယ်မယ့်စကားလုံးများသည် ပါးလွှာညင်သာသော ရွှေ့လျားမှု ကလေးဖြင့် နောက်တစ်နေရာသို့ ပြောင်းရွှေ့တူရူနေပြီဟု ကျွန်ုပ်မှန်းဆ မိလေသည်။

## ရတနာပုံစာအုပ်တိုက်

"သူနားလည်ပုံက ဒီလိုလေ။ အလောင်းစည်သူလေးရဲ့ အဘိုး မင်းစောလူးဟာ တစ်ချိန်က ဘယ်လိုပဲ ကသောင်းကနင်း ဖြစ်ခဲ့ဖြစ်ခဲ့ သူဟာ အနိရုဒ္ဓဒေဝမင်းကြီးရဲ့ သားတော်မဟုတ်လား။ မင်းကြီးဟာ အားလုံးရဲ့ ကျေးဇူးရှင်သခင်ကြီးပဲ မဟုတ်လား။ အနိရုဒ္ဓဒေဝ မင်းကြီးရဲ့ ကျေးဇူးတရားကို ထောက်ငဲ့ပြီး ကျန်စစ်မင်းကြီးဟာ မင်းစောလူးရဲ့သား စောယွမ်းနဲ့ သူ့သမီးတော်ကို လက်ဆက်စေခဲ့တယ်။ ပြီးတော့ ဖွားမြင် လာတဲ့ အလောင်းစည်သူကို ထီးနန်းအပ်တယ်။ အလောင်းစည်သူဟာ အနိရုဒ္ဓဒေဝ မင်းကြီးရဲ့ မြစ်တော်ဖြစ်တယ်။ လှည့်ပတ်စီးဆင်းဆက်ခံမှု မှန်တဲ့ ရာဇဝံသဖြစ်တယ်။ ဒီသဘောနဲ့ ငါ့ခမည်းတော် မင်းကြီး ဆောင်ရွက်တာပဲလို့ ရွှေအိမ်သည်က နားလည်ယူလိုက်တယ်။ မယ်မယ် ပြောရဲတယ်လေ။ ဟောဒီ ကမ္ဘာလောကကြီးထဲမှာ တိုင်းပြည်နိုင်ငံတွေကို အုပ်ချုပ်စိုးစံကြတဲ့ ဘုရင်တွေရဲ့ မယ်တော်တွေဟာ ရွှေအိမ်သည်လို မယ်တော်မျိုးချည်းသာဆိုရင် သူတို့ရဲ့သား ဘုရင်တွေဟာလဲ ဆယ်ပါး သော မင်းကျင့်တရားနဲ့ညီကြမှာပဲ။ တိုင်းပြည်နိုင်ငံတွေဟာလဲ အဲဒီ ဘုရင်တွေရဲ့ အုပ်စိုးမှုအောက်မှာ ထာဝရ အေးချမ်းသာယာကြမှာပဲ။ မိခင်တွေဟာ ကမ္ဘာလောကကြီး သာယာလှပရေးမှာ သိပ်ကို အချက် အချာကျတယ် သားရဲ့"

ကျွန်ုပ်ကတုန်ကယင် ဖြစ်လာတော့သည်။

မယ်မယ်သည် ရွှေအိမ်သည်နှင့် အလောင်းစည်သူတို့ သားအမိ အကြောင်းကို တကယ်ပင် ပြောနေသည်မှ ဟုတ်ပါလေစ။

ရွေးချယ်ခွင့်မရှိသော ဘဝ။ အရွေးချယ်ခံဘဝထဲမှ မိန်းမသား။ ထိုမိန်းမသား၏ ဆုံးရှုံးရမှုများ။ အစတေးခံ နစ်နာထိခိုက်ရမှုများ။ ထိုဒဏ်ရာများထဲမှ ပေါက်ဖွားလာသော... မိခင်တစ်ဦး၏ နှလုံးသား ...။

ရွှေအိမ်သည်နှင့် သူ့သား အလောင်းစည်သူ။ ပြီးတော့ မယ်မယ် နှင့် ကျွန်ုပ်။

"ကဲ သား။ အခုအနားရပြီလား။ စိတ်ကြည်လင် လန်းဆန်းရဲ့ လား"

ဖြူလွသောတိမ်တိုက်အထုကြီးထဲမှ ကျွန်ုပ်လန့်နိုးထလာရသည်။

"သား ကြည်လင် လန်းဆန်းပါတယ် မယ်မယ်။ ဘာဖြစ်လို့လဲ..."

ပေါ့ပါးသော အပြုံးကို မယ်မယ်ဆောင်လေသည်။

"သားကို ခမ္မဒဿီ ဆရာတော်ဘုရားဆီ မယ်မယ်လွှတ်စရာ တစ်ခုရှိလို့..."

"သား သွားပေးပါမယ် မယ်မယ်။ ရှင်အရဟံဆရာတော်ကို သား ဘာလျှောက်ထားပေးရမလဲ"

"လာမယ့် လပြည့်နေ့မှာ ဆရာတော်ကို ဆွမ်းအမှူ လုပ်ကျွေးပူဇော်ချင်တယ်။ သွားပင့်ဖိတ်ချေပါ"

"ကောင်းပါပြီ မယ်မယ်"

"တစ်ခုလဲ လျှောက်ထားခဲ့ဦးသား။ ဆွမ်း အနုမောဒနာ ဆရာတော်ရဲ့ ပရိတ်ဒေသနာနဲ့အတူ မယ်မယ့်ကိုယ်မယ်မယ် သရဏဂုံ တင်ပါရစေလို့ လျှောက်ထားခဲ့ပါ"

"သရဏဂုံ တင်ဖို့၊ အဲဒါ ဘာလိုလဲ မယ်မယ်"

"ဆရာတော် ဘုရားဆီရောက်ရင် ဆရာတော်ဘုရားက မိန့်ကြားပါလိမ့်မယ်ကွယ်..."

လေးလံမှုနှင့် ပေါ့ပါးမှုထူးခြားစွာ ရောယှက်နေသော စိတ်အစဉ်ဖြင့် မယ်မယ့်ဆီမှ ကျွန်ုပ်ပြန်ခဲ့သည်။

◆ ◆ ◆

## ( ၁၉ )

တမ္ပဒီပ မိုးကောင်းကင်သည် ခါတိုင်းလိုပင် တစ်ခွင်တပြင်လုံး ပြာလဲ့နေသည်။ မြင့်မားစွာသော ဟိုးအထက်ဆီတွင် တိမ်မကရုံး အစုလေးများကိုသာ ဟိုတစ်ကွက် သည်တစ်ကွက် တွေ့ရသည်။ စူးရဲသော နေရောင်ခြည်က လွတ်လပ်စွာ ဖြန့်ကျက်နေသည်။

မယ်မယ့် ခိုင်းစေချက်အရ ဓမ္မဒဿီ ဆရာတော်၏ စံကျောင်းတော်သို့ ကျွန်ုပ် ထွက်လာချိန်မှာ နေထန်းတစ်ဖျားပင် မရှိတတ်သေး။ ဆရာတော် ဆွမ်းဘုဉ်းပေးပြီးချိန်လောက်ကို မှန်း၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သရပါမုခ်တံခါးကိုလွန်သည်နှင့် ကျွန်ုပ်၏မြင်းကို လေးဘက်ကျစိုင်းနှင်ခဲ့သည်။ ကိုယ်ရံကလန်စစ်သည် နှစ်ဦးတို့လည်း ကျွန်ုပ်၏ မြင်းနောက်မှ ခပ်ခွာခွာ လိုက်ပါကာ မြင်းကိုနှင်လာကြသည်။

အရှေ့တောင်ဘက်ယွန်းယွန်း၊ မင်းနန်သူရွာစပ်အဝင် ထနောင်းရိပ်တွင် ကျွန်ုပ်၏မြင်းကိုဇက်သတ်လိုက်သည်။ ကလန်စစ်သည် တစ်ဦးက ကျွန်ုပ်ကို ရေဘူးပေးလာသည်။ ကျွန်ုပ်ရေငတ်၍ မြင်းရပ်လိုက်သည်

ဟု သူထင်သလားမသိ။ ကျွန်ုပ်က ခေါင်းယမ်းပြလိုက်ပြီး . . .

"မင်းတို့ ဒီကနေလှည့်ပြန်ကြတော့"ဟု အမိန့်ပေးလိုက်သည်။

ပူပြင်းတောက်ပသော နေရောင်အောက်၊ ထနောင်းနံ့သင်းသော လေပြည်ထဲတွင် မည်သည့်နောက်ပါ အစောင့်ရဲမက်မျှ မပါဘဲ ကျွန်ုပ် တစ်ဦးတည်း သွားချင်သည်။ အမှန်တော့ ယခု နောက်ပိုင်းကာလများ တွင် ကျွန်ုပ်သည် နန်းတွင်းသူ နန်းတွင်းသားများထံမှ သီးခြားကင်းဝေး ကာ တစ်ယောက်ထီးတည်းပင် နေတတ်လာပေသည်။ တစ်ယောက်တည်း နေကာ စိတ်အတွေးများကို လွှင့်ချင်သလောက် လွှင့်နေရသည့်အဖြစ် ကိုသာ ကျွန်ုပ်လိုလားသည်။

ဇေယျာခေတ္တရာဘွဲ့ခံ ဧည့ဝတီမင်းအဖြစ်ကိုလည်း ကျွန်ုပ် မေ့ ထားချင်သည်။ လူတွေအနေဖြင့်လည်း ကျွန်ုပ်ကို မင်းကြီးသားတော် ရာဇကုမာရအဖြစ် မမြင်မတွေ့စေချင်။ ရောက်လေရာရာတွင် ရာဇကုမာရ အရှင့်သားဟူသော မျက်လုံးများဖြင့် ကြည့်ကာ ကွေးညွတ်ပျပ်ဝပ်သွား ကြသော ခစားမှုများ၊ အရိုအသေပေးမှုများကို ကျွန်ုပ် မလိုချင်။

ကလန်နှစ်ယောက် ပြန်သွားကြပြီးနောက်တွင် ကျွန်ုပ်သည် မြင်းကုန်းနှီးတွင် ချိတ်ထားသော ပတ္တူအိတ်ထဲမှာ အညိုရင့်ရောင် ဝတ်ရုံကြီးကို ထုတ်ယူလိုက်သည်။

ဓမ္မဒဿီဆရာတော်၏ စံကျောင်းသို့ သွားရာလမ်းမှာ မင်း နန်းသူရွာနှင့် လယ်ကွင်းများကိုသာ မြက်လျှောတောကွင်းပြင် တစ်ခု ကိုပါ ဖြတ်သန်းရဦးမည်ဖြစ်သည်။ ထို့ကြောင့် နေပူခံနိုင်ရန်နှင့် တစ်ချက် တစ်ချက် ဝေ့တိုက်လာသော လေပူဖုန်လုံးများကို ကာကွယ်ရန် ဝတ်ရုံညို ကြီးကို ကျွန်ုပ်ကိုယ်၌ ရစ်ပတ်ခြုံလွှမ်းလိုက်သည်။ အရိမဒ္ဒနပူရ၏ လမ်းမများသည် ပူပြင်းသော နေ့အခါ၌ လူသူလေးပါး ကင်းရှင်းလျက် ရှိသော်လည်း မြင်းကို အသားကျသာ စီးခဲ့လေသည်။

နေပူ၊ လေပူတို့အပြင် ချွေးထွက်သဖြင့် ရေငတ်လာသည်။ မန်ကျည်းပင်ရိပ် ရေအိုးစင်များရှိသော်လည်း မြင်းကို မရပ်ခဲ့။ ဆရာတော် ၏ စံကျောင်းရောက်မှသာ ရေသောက်တော့မည်ဟု စိတ်ကူးသည်။

သို့သော် ကျွန်ုပ်၏ မြင်းကြီးမှာမူ လယ်ကွင်းများကို ဖြတ်ကာ

တမံတုပ်ထားသော ရေအိုင်များအနီးမှ ဖြတ်သွားတိုင်း ရေနံ့ရ၍ ဦး တမော့မော့ နှာတရှုပ်ရှုပ်ဖြစ်နေသည်။ မြင်းကြီး ရေဆာနေပေပြီ။ မင်းနန်သူရွှာအထွက် ရွာစည်ရိုးစပ်တွင် ရပ်ဝေးခရီးသည်များနားရန် ဇရပ်တစ်ဆောင်ရှိသည်ကို သတိရသည်။ နားခိုဇရပ်နှင့်အတူ မြင်းတိုက်ရန် ရေကန်ကို တည်ထားတတ်ကြသည်။ ထို့ကြောင့် အရိပ်ရသော နေရာရောက်မှ မြင်းကို ရေတိုက်မည်ဟု ဆုံးဖြတ်ကာ မင်းနန်သူရွာ ပတ်လမ်းအတိုင်း နှင်ခဲ့လေသည်။

ရွာပတ်လမ်းအဆုံး ရွာအထွက် စည်းရိုးနားတွင် ဇရပ်ကို တွေ့ရသည်။ ဇရပ်ဘေးတွင် အရိပ်ကောင်းသော မန်ကျည်းပင်တန်းများ ရှိပြီး မြင်းရေသောက်ကန်လည်း ရှိသည်။ ဇရပ်ပေါ်တွင်ကား ခရီးဝေး လာခဲ့ကြသော အသည်သားခရီးသည် အချို့ကို တွေ့ရသည်။ ကျွန်ုပ်ကို ရာဇကုမာရမှန်း သူတို့ သိကြမည်မဟုတ်ပေ။

မြင်းကြီးကို ရေတိုက်ရင်း ဇရပ်ပေါ်မှ သူတို့ ပြောနေသော စကားများကို ကြားနေရသည်။

"အမှုတကာ့ အမှုထဲမှာတော့ ဟောဒီ ကျွန်အမှုဟာ အရှုပ်ဆုံး ပါပဲ။ ဒီ နှစ်ထဲမှာကို သက်သေထွက်ဆိုဖို့ လာရတာ လေးခါရှိပြီ အလုပ်ပျက် အကိုင်ပျက်"

"ဒီတစ်ခါတော့ အပြီးသတ်မယ် ထင်ပါရဲ့ ဝရီးရယ်"

"အပြီးသတ် စီရင်ချက်ချမှပဲ။ သင်ဖမတရားသူကြီးအဖွဲ့ကလဲ အပြီး စီရင်ဆုံးဖြတ်မယ်တဲ့"

"တို့ သက်သေထွက်တဲ့ဘက်ကနိုင်ရင် ကြေးဘယ်နှစ်ပိဿာ ရမတဲ့လဲ"

"ဟ လူရ...ကြေးပိဿာသုံးဆယ်တော့ ရရမှာပေါ့။ ကျွန်က နှစ်ယောက်ဥစ္စာကိုး။ တစ်ယောက်ကို ဆယ့်ငါးပိဿာတော့ သက်သေအခ ပေးရမှာပေါ့"

"ကြေးပိဿာ သုံးဆယ်တောင်နော်။ အမလေး ဟုတ်လိုက် တာ..."

"ကြေးမရရင်လဲ ကွမ်းစားလေးရရင် တော်ပါပြီ။ ဟာကွာ

ရှုပ်ပါတယ်။ ဘာမှမရလဲ နေပါစေတော့။ အမှုပြတ်ပြီး ကိုယ့်ရပ်ကိုယ်ပြန်ရရင် တော်ပါပြီ။ နောက်ထပ်လဲ လာစရာမလိုတော့ဘူး"

"ဘယ်ဟုတ်မလဲ။ ကြေးသုံးဆယ်မရလဲ စပါးတင်းလေးဆယ်လောက် ရရမှာပေါ့။ ဒီလိုရဖို့ဆိုတာ လွယ်သမှတ်လို့"

"သင်ဖမအဖွဲ့က ဆုံးဖြတ်ပါလိမ့်မယ်ကွာ။ ကဲ နေမမြင့်ခင်သွားစို့။ ကွန်သာယာရောက်မှ သံပျင်အဖွဲ့ကို ကြည့်ပြောရမှာပဲ"

ရပ်ဝေးအသည်သား ခရီးသည်များစကားကိုနားထောင်ရင်း ကျွန်ုပ်ပြုံးမိလေသည်။ ကျွန်ပိုင်ဆိုင်မှုနှင့် ပတ်သက်သော တရားပြဿနာတစ်ခုအတွက် သက်သေထွက်ဆိုရန် ကွန်သာယာက ဆင့်ခေါ်သဖြင့် သူတို့ရောက်လာကြခြင်းပင်။ သင်ဖမ တရားသူကြီးအဖွဲ့ထိုင်သော ကွန်သာယာ တရားစစ်ရုံး၏ အမိန့်ကို သူတို့ မနာခံဘဲ မနေရဲကြ။

သူတို့ ဇရပ်ပေါ်မှ ဆင်းလာကြပြီးနောက် တစ်ယောက်သော သူက ကျွန်ုပ်၏ မြင်းကို တွေ့သွားသည်။

"ဟလိုလေး...တယ်ကောင်းတဲ့ မြင်းကြီးပါလား ဟရို့။ ဒေါင့်ကလဲကောင်း အမွေးကလဲချော အသွေးကလဲပြောင်၊ ခြေဆံ လက်ဆံလဲ တယ်ကောင်း။ ဒါကိုရင့် အပိုင်လား"

"ဟုတ်ပါတယ်"

မေးသူမှာ ကျွန်ုပ်နှင့် သက်တူရွယ်တူ လုလင်တစ်ဦးဖြစ်သည်။ သူ့ကိုယ်ကြပ်ဖျဉ်မှာ ရင်ကွဲဖြစ်ပြီး အောက်မှာ အတွင်းခံရှိသဖြင့် ကျစ်လစ်သော ရင်အုပ်ကြွက်သားများကို တွေ့နေရသည်။ လုလင်သည် မြင်းကို နှစ်ခြိုက်စွာ လှည့်ပတ်ကြည့်ရင်း...

"ကောင်းသဗျာ...ဒါမျိုးတစ်စီးလောက်ပိုင်ရရင် တော်ပါပြီ။ ကိုရင် ဘယ်ကရသလဲ။ ဝယ်တာလား။ ကြေးဘယ်နှစ်ပိဿာများ ပေးလိုက်ရသလဲ။ အတော်ပေးရမယ်ထင်တယ်။ ဒါမှမဟုတ် ကျွန်နဲ့လဲရင်လဲ ကျွန်နှစ်ဆယ်လောက်တော့ ပေးရမှာပဲ"

"ကျုပ် အမွေရတာပါ"

လုလင်သည် မြင်းကိုသာ အထူးစိတ်ဝင်စားနေသောကြောင့် ကျွန်ုပ်ကိုပင် တခုတ်တရ ကြည့်မနေတော့။ အကယ်၍ ကျွန်ုပ်ကို

ကြည့်နေပါကလည်း ဝတ်ရုံညိုကြီးကို လွှမ်းလျက် ဦးရစ်ခေါင်းဆောင်း မပါဘဲ ဆံပင်များကိုသာ သားရေကြိုးများဖြင့် ချည်နှောင်ထားသော ကျွန်ုပ်အား ရာဇကုမာရဟု မှတ်ထင်လိမ့်မည် မဟုတ်ချေ။

"တောက် ဒီမြင်းမျိုးများ ပိုင်ရမယ်ဆိုရင် သုံးနှစ်လောက်တော့ ကျွန်အပြုခံရပါရဲ့ကွာ။ ဝရီးရေ လာကြည့်စမ်းပါဦး၊ ကောင်းလိုက်တဲ့ မြင်း။ နတ်ထိပ်တောင်ကြားမှာ ရှေးလူကြီးတွေ ကုန်းနှီးမပါဘဲ စီးခဲ့တယ် ဆိုတာ ဒီမြင်းမျိုးနေမှာဗျ"

ဗလုံးဗထွေး သူပြောနေသည်။

"မြင်းရှင် ကိုရင်ကြီး။ လည်ဆံမွေးလေးလောက်တော့ ပွတ်ကြည့် ပါရစေဗျာ"

လုလင်၏အသွင်မှာ အငမ်းမရဖြစ်နေလေသည်။ သူ့အဖော် များကား ထွက်ခွာသွားကြလေပြီ။ သူ့ကိုကြည့်ပြီး ကျွန်ုပ် သနားလာ သည်။

"တောက်... ဒီတစ်သက်မှာ ဒီမြင်းမျိုးမပိုင်ရလဲ နေပါစေ၊ တစ်ခါလောက် စီးကြည့်ရင် သေပျော်ပါပြီဗျာ"

မြင်း၏ လည်ဆံများကို တယုတယပွတ်သပ်နေသော သူ့ဟန်မှာ ချစ်သူကညာပျို၏ ဆံနွယ်များကို အမြတ်တနိုး ကိုင်တွယ်နေသည့် ပုံမျိုး။

"ကဲ...တစ်ခါတော့ စီးလေ"

သူ့ဆန္ဒကို လိုက်လျောချင်စိတ်ဖြင့် ကျွန်ုပ် လွတ်ခနဲ ထွက် သွားသည်။

"ဘယ်လို ဘာပြောလိုက်တယ် ကိုရင်ကြီး"

"ဒီကွင်းကို တစ်ပတ်ပတ် စီးချင်စီးကြည့်။ ကျုပ်စောင့်နေမယ်"

"အား...တကယ်နော်"

ကျွန်ုပ်ပြုံး၍ သူ့လက်ထဲသို့ ဇက်ကြိုးထည့်လိုက်သည်။ မြင်းကြီး ၏ နှာရောင်ကို ပွတ်ကာ အငြိမ်အသက် အစီးခံလိုက်ရင် ကျွန်ုပ် အချက်ပြ အမိန့်ပေးလိုက်သည်ကို လုလင် မသိနိုင်။

ဟေးခနဲ မြူးထူးစွာဟစ်ကာ သူမြင်းပေါ်သို့ တက်ပြီး ဇက် ကိုဖွင့်သည်။ ပါးနပ်သော ကျွန်ုပ်၏ မြင်းလိမ္မာကြီးက သူ့အလိုအတိုင်း

လှပစွာ ခုန်ထွက်သွားလေသည်။

ကွင်းကိုပတ်ကာ တရိပ်ရိပ်ပြေးနေသော မြင်းကြီးကိုကြည့်ရင်း လူတစ်ယောက်၏ ဆန္ဒကို ဖြည့်စွမ်းလိုက်ရသော ဤမပြောပလောက်သည့် အမှုလေးအတွက် ကျွန်ုပ် ကြည်နူးနေမိသည်။

ကွင်းတစ်ပတ်ပတ်ကာ ဇရပ်ဆီပြန်ရောက်လာသည်။ လုလင်၏ မျက်နှာမှာ ဝမ်းမြောက်တက်ကြွခြင်းများဖြင့် သွေးရောင် လျှမ်းလျက် ဝင်းပနေသည်။

"ကောင်းလိုက်တာဗျာ...အကျင့်လဲအားကြီးကောင်းတဲ့ မြင်း၊ ကျုပ်စိတ်ကိုများ သိနေသလားမသိဘူး။ ဇက်တောင် မသွင်းရဘဲ ကဆုန်စိုင်းလိုက်တာ။ ကျုပ်စီးချင်တဲ့အတိုင်း အတိအကျပါပဲ။ ကျေးဇူးကြီးလိုက်ပါဘိ ကိုရင်ကြီးရယ်"

မြင်းပေါ်မှ မဆင်းသေးဘဲ သူပြောသည်။ ကျေးဇူးစကားကို ပြောရင်း သူ့မျက်နှာမှာ တစ်မျိုးဖြစ်လာသည်။ အလွန့်အလွန် အားတောင့်အားနာဟန်ဖြင့် တောင်းပန်ခယတော့မည့် အသွင်မျိုးဟု ကျွန်ုပ်ထင်သည်။

"ကိုရင်ကြီးရာ... ကျုပ် တစ်ခုလောက်"

ရိုးအပွင့်လင်းသော သူ့သန္တာန်ကို အကဲခတ်မိသဖြင့် ကျွန်ုပ်က ပြုံးနေရင်းဖြင့်ပင် သူပြောလိုရာပြောစေဟု ခေါင်းညိတ်ပြလိုက်သည်။

"ဟိုလေ...ဒီနေ့ ကွန်သာယာတရားရုံးကနေ ကျုပ်သက်သေခအဖြစ် ကြေးငါးပိဿာလောက်တော့ ဝေစုရမှာပါ။ ကျွန်မှု တစ်ခုအတွက် တရားလိုဆီကနေ သက်သေထွက်ရမှာပါ။ အဲဒီ သက်သေခ ကြေးငါးပိဿာကို ကိုရင်ကြီးပေးပါ့မယ်...။ ကျုပ်ကို တစ်ခုလောက် ထပ်သနားပါဦးဗျာ..."

"ပြောလေ..."

"ကျုပ်လေ...ကျုပ်ဒီမြင်းကြီးကို ကွန်သာယာ တရားရုံး အထိ တစ်ချက်လောက် စီးသွားပါရစေဦး။ ကွန်သာယာရုံးအထိ တင်ပါနော် ...။ ကြေးငါးပိဿာပေးပါ့မယ်...။ ကျုပ်လူတွေကို ကျုပ် ဒီမြင်းကြီး စီးလာတာ ပြလိုက်ချင်လို့ပါနော်..."

လုလင်ကို များစွာ ကရုဏာသက်သွားမိသည်။ ဦးစွာသူ၏ အရိုးခံဖြူစင်သော သန္တာန်ကို တွေ့ရသည်။ ထို့နောက် မြင်းကြီးကို သူတပ်မက် တွယ်တာနေပုံ။ ထို့နောက် သူသက်သေခံရမည့် ကြေးငါးပိသဿ။ ညှိုးနွမ်းချို့တဲ့သော သူ့အနေဖြင့် ကြေးငါးပိသဿမှာ မနည်းမနောလာဘ် ဖြစ်ပေသည်။ စောစောက ဇရပ်ပေါ်တွင် သူတို့ပြောနေသော စကားများအရ သက်သေခံအဖြစ်ရမည့် ကြေး သို့မဟုတ် စပါးကို သူတို့ လိုလိုချင်ချင် ရှိကြပေသည်။

ထိုမျှကြီးမားလှသော တန်ဖိုးကိုပင် မြင်းစီးခပေးပြီး မြင်းကို ခေတ္တစီးချင်နေသည့် သူ့ဆန္ဒ။

ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ နေထန်းတစ်ဖျား သိသိယွန်းပေပြီ။ ဓမ္မဒဿီ ဆရာတော် ဆွမ်းစားပြီးလောက်ပြီ။ မထူးတော့ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။ နေမွန်းတိမ်းမှပင် ဆရာတော့်ဆီ ရောက်တော့မည်။ ကြုံသခိုက်တွင် ဤအမည်မသိ ရပ်ခြားမှ အသည်သားလုလင်ငယ်၏ ပြင်းပြသော ဆန္ဒကို ဖြည့်စွမ်းလိုက်တော့မည်။

“ကိုရင့် ကြေးငါးပိသဿလည်း ပေးမနေပါနဲ့လေ...။ စီးချင်သပဆို စီးသွားပါ”

“ဗျာ...”

ဤခါမှပင် လုလင်မှာ မြင်းပေါ်မှ လျှောဆင်းလာတော့သည်။

ကျေးဇူးတင်စကားများကို မပီမသဗလုံးဗထွေး ရေရွတ်ကာ ကျွန်ုပ်ကို ဒူးထောက် ရှိခိုးတော့ မတတ်ဖြစ်နေသည်။

“တောက်...လောကကြီးနှယ် ကံများကောင်းချင်တော့လဲ သူတော်ကောင်းနဲ့တွေ့၊ မြင်းကောင်းစီးခွင့်ရ။ အမလေး... ဒီနေ့ စီးလိုက်ရတဲ့ ဟာကိုတော့ တစ်သက်လုံး အိပ်မက်တွေ မက်နေမှာပဲ။ အလိုလေး... ခုဟာတော့ အိပ်မက်မဟုတ်တန်ကောင်းပါဘူးနော်...။ မောင်မင်းကြီးသား ကျေးဇူးကြီးလှပါတယ်။ ကိုရင်က ကလန်ကြီးလား ...၊ ရွာစိုးလား။ ဘာပဲဖြစ်ဖြစ်ဗျာ ကျုပ်အတွက်တော့ ကိုရင်ကြီးဟာ နတ်မင်းတစ်ပါးပါပဲ။ ကိုင်း...ကိုရင်ကြီးလည်း အရာတိုးတက်ပါစေဗျာ။ ကျုပ်...ကွန်သာယာအထိ စီးသွားတော့မယ်နော်။ ဩော်...

ကျုပ်မြင်းက ဇရပ်ဟိုဘက်မှာ လှန်ထားတယ်ဗျာ...။ ကိုရင်ကြီးက ကျုပ်မြင်းနဲ့ လိုက်ခဲ့ပေါ့။ ဟင်း...ဟင်း ရှက်တော့ ရှက်စရာဗျာ။ ကျုပ်မြင်းဆိုတာက ကိုရင်ကြီးအတွက် ဆိတ်သိုးသာသာပဲ ရှိမှာပါ...။ ကိုင်း... ဖေ့သားကြီးရေ..."

ဇရပ်ဘေးတွင်ရှိသော ဆိတ်သိုးသာသာဆိုသည့် သူ့မြင်းကိုပင် ကျွန်ုပ်စီးကာ သူ့နောက်မှ လိုက်ခဲ့ရတော့သည်။ သို့သော်...

မင်းနန်းသူရှာ၏ တရားရုံး ကွန်သာယာသည် အရိမဒ္ဒနပူရ နေပြည်တော်၏ လက်အောက်ခံမြို့၊ ခရိုင်၊ ရွာပေါင်းများစွာအနက်မှ တစ်ခုသော တရားရုံး "ကွန်"ဖြစ်သည်။ ဤကွန်တွင် ထိုင်သော သင်ဖမ တရားစိုးအဖွဲ့ဝင်များသည် ကျွန်ုပ်ကိုမြင်လျှင် တရားစီရင်ရေး တုံ့ဆိုင်း ရပ်တန့်သွားပေမည်။ ရာဇကုမာရ ရွာကြီးတစ်ခု၏ ကွန်သို့ရောက်လာ ခြင်းအတွက် သူတို့တုန်လှုပ်သွားကြမည်။

ထို့ကြောင့် ဝတ်ရုံညိုကြီးကို ပိုပြီး လုံခြုံအောင် ရစ်ပတ်ကာ ခါးစည်းပဝါကို ဖြုတ်လျက် အတွင်းဘက်လှန်၍ အသည်းသားများ ပုံစံ ခေါင်းပတ်ပေါင်းလိုက်သည်။ ဤပုံအတိုင်းဆိုပါက နန်းတော်မှ ကလန် ရဲမက်များပင် ကျွန်ုပ်ကို မှတ်မိကြတော့မည် မဟုတ်တော့ပေ။ လုလင်နှင့် ကျွန်ုပ်၏မြင်းကြီးကား ရှေ့တစ်ခေါ်သာသာအထိ ရောက်သွားပေပြီ။

◆ ◆ ◆

## ( ၂၀ )

ကွန်သာယာသို့ ကျွန်ုပ် ရောက်သွားသောအခါ တရားစီရင်မှု စတင်နေပြီဖြစ်သည်။ ကွန်၏စည်းရုံးဝင်းတံခါးဝတွင် ကျွန်ုပ်၏မြင်းကို တွေ့ရသည်။ မြင်းစီးလုလင်မှာ ကွန်အတွင်းရှိ သက်သေအစု ထိုင်ရမည့်နေရာသို့ ရောက်နေသည်။

ကျွန်ုပ်ကို မြင်သောအခါ လုလင်က လက်ကို မသိမသာ မြှောက်ပြကာ နှုတ်ဆက်ရင်း မြင်းကို တံခါးဝမှာ ချည်ထားကြောင်းနှင့် သက်သေအစုနေရာတွင် သူ ရောက်နေရပြီဖြစ်၍ ထလာဖို့မဖြစ်နိုင်ကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြရှာသည်။ ကျွန်ုပ်၏ မြင်းကြီးကို စီးဝင်ခဲ့သည့်အတွက် သူ့လူများဘယ်သို့အံ့သြ အထင်ကြီးသွားကြကြောင်းကိုကား သူ့မှာ ပြောခွင့်မရတော့ပေ။

ကွန်ကား တိုင်လုံးကြီးများစိုက်ကာ ရာဇမတ်စည်းများဖြင့် အဆောင်ခန်းဖွဲ့ထားသော အမိုးနိမ့်နိမ့် အဆောက်အဦး ဖြစ်သည်။ နေပြည်တော်ရှိ သံပျင်မှူးများ၊ သင်ဖမ တရားစိုးအဖွဲ့များထိုင်သော တရားရုံးလို တောက်ပြောင်ခမ်းနားခြင်း မရှိသော်လည်း ကွန်သာယာ

တစ်ခုအနေဖြင့် အရှိန်အဝါအဟန့်ကြီးခြင်းတည်းဟူသော ဂုဏ်ဒြပ် ဂုဏ်ကိုမူ အပြည့်အဝ ဆောင်နေသည်။

သင်ဖမတရားစိုးအဖွဲ့ဝင် ငါးဦးတို့ထိုင်သော ထိပ်ဆုံးနေရာမှာ စင်မြင့်ဖြစ်ပြီး တရားအမှုလုပ်များ၊ သက်သေများ၊ တရားယှဉ်သူများ ထိုင်ရန် နေရာတို့ကိုလည်း စနစ်တကျ ဖွဲ့စည်းထားသည်။ ကွန်တစ်ခုလုံး တွင် တက်ရောက်နားထောင်သူ ပရိသတ်များနှင့်လည်း ပြည့်နှက်နေ သည်ကို တွေ့ရသည်။

ရွာကြီးများရှိ ကွန်သာယာများသို့ ကျွန်ုပ်မရောက်ဖူးခဲ့ချေ။ ထို့ကြောင့် ရောက်လက်စဖြင့် ခေတ္တနေကာ တရားစီရင်မှုကို အကဲခတ် ကြည့်မည်ဟု ဆုံးဖြတ်လိုက်ပြီး နောက်ဘက်ကျကျ တိုင်လုံးတစ်ခု နောက်ကွယ်တွင် ဝင်ထိုင်လိုက်လေသည်။

အမှုမှာ ကျွန်မှုဖြစ်သည်။ တရားအမှုလုပ်များ၏ လျှောက်လဲ ချက်များကို စင်မြင့်ပေါ်မှ သင်ဖမငါးဦးက တိတ်ဆိတ်စွာ နားထောင် နေကြသည်။ လျှောက်လဲနေသူမှာ ရွာစိုးတစ်ဦး ဖြစ်ဟန်တူသည်။ စီရင်ဆုံးဖြတ်မည့်နေ့ ဖြစ်သဖြင့် အမှုလျှောက်လဲချက်မှာ သူတို့ချင်းသာ သိပြီး ယခုမှ ရောက်လာသော ကျွန်ုပ်အဖို့ ရေရေရာရာ နားမလည်နိုင် ပေ။

သို့သော် နှစ်ဖက်သက်သေများနှင့် တရားယှဉ်သူ ကာယကံရှင် နှစ်ဦးတို့၏ အပြန်အလှန် ဖြေဆိုချက်များကို နားထောင်ရင်းဖြင့် အမှု၏ အသွားအလာကို ကျွန်ုပ်သိလာရသည်။ အမှုကား ကျွန်နှစ်ယောက်ကို သူငါ ပိုင်ဆိုင်မှု အငြင်းပွားပြီး ကွန်သာယာသို့ ရောက်လာခြင်းပင်။

ကျွန်မှုမှာ အရိမဒ္ဒနပူရတွင် မြေယာအမှုပြီးလျှင် အများဆုံး ဖြစ်၍ မဆန်းတော့ပေ။ သို့သော် ဤအမှုတွင် ထူးခြားနေသည်က ကျွန်နှစ်ယောက်ကို သူပိုင်ဆိုင်သည် ငါပိုင်ဆိုင်သည်ဟု ရင်ဆိုင်အငြင်း ပွား တရားတဘောင်ဖြစ်ကြသူတို့မှာ ငဆောင်ချမ်းအရပ်မှ ဆင်းရဲသော အသည်သား လယ်သမားနှင့် မင်းနန်သူရွာမှ ချမ်းသာ ကြွယ်ဝသော မြေပယ် ဥယျာဉ်ခြံကြီးများ ပိုင်ဆိုင်သည့် သူကြွယ်တစ်ဦးတို့ ဖြစ်နေ သည်။

## ရတနာပုံစာအုပ်တိုက်

အမှုစစ်ဆေးကြားနာနေသည်ကို နားထောင်ရင်း ကျွန်ုပ် သိလာရသည်မှာ ငဆောင်ချမ်းဒေသ လယ်သမားသည် ကျွန်နှစ်ယောက်၏ မူလပိုင်ရှင်ဖြစ်သည်။ မြေယာကျွန်များအဖြစ် စပါးဖြင့် လဲလှယ်ကာ သူရထားသော ကျွန်နှစ်ယောက်မှာ ထွက်ပြေးသွားသည်။ ထိုကျွန်တို့ကို မင်းနန်းသူရွာကြီးမှ သူကြွယ်တစ်ဦးက ကြေးပိဿာ လေးဆယ်ဖြင့် ကျွန်ခေါင်းတစ်ဦးထံမှ ဝယ်ယူခဲ့သည်။ ငဆောင်ချမ်းလယ်သမားသည် သူ့ကျွန်များကို ပြန်တွေ့ရာမှ သူပိုင်ထိုက် ငါပိုင်ထိုက် အငြင်းပွားကြခြင်း ဖြစ်သည်။

သူ့ကျွန်များကိုပြန်ယူလိုပါက ကြေးပိဿာငါးဆယ်ပေးရမည်ဟု သူကြွယ်က တောင်းဆိုလျက်ရှိသည်။ လယ်သမားကလည်း သူ့လက်ထဲမှ ထွက်ပြေးသွားသော သူမလွှတ်သေးသော ကျွန်ဖြစ်ကြောင်း၊ စပါးဆယ်တင်းဖြင့် ဝယ်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်လဲကာ ကျွန်များကို ပြန်ရလိုမှုဖြင့် သင်ဖမအဖွဲ့သို့ တိုင်သဖြင့် တရားတဘောင် ပေါ်ကြခြင်းပင်။

နှစ်ဘက်သက်သေများ၏ အစစ်ခံချက်များကို သင်ဖမအဖွဲ့သည် စနစ်တကျ မှတ်သားလျက်ရှိသည်။ ကျွန်ုပ်မှာ ဤအမှုကို သင်ဖမအဖွဲ့ ဘယ်သို့စီရင်မည်နည်းဟု သိချင်သဖြင့် ဆက်နားထောင်နေလိုက်သည်။

ကျွန်ုပ်၏မြင်းကိုငှားစီးသောလုလင်မှာ ငဆောင်ချမ်းလယ်သမား ဘက်မှလိုက်သော သက်သေအဖွဲ့တွင် ပါဝင်သည်။ စပါးဆယ်တင်းဖြင့် ဝယ်ယူခဲ့သည်ကို သူသိကြောင်း၊ ကျွန်များ ထွက်ပြေးသွားသည်ကိုလည်း သိကြောင်း အစစ်ခံလျက် ရှိနေရင်းမှ လုလင်သည် ကျွန်ုပ်ရှိရာသို့ မကြာခဏ လှမ်းလှမ်းကြည့်နေသည်။

သူကြွယ်ဘက်မှ သက်သေများကား ရွာစိုး၊ မြင်းတော်ခံ၊ ပန်းရံသမား စသည့်သူများ ဖြစ်သည်။ တစ်စတစ်စဖြင့် တရားယှဉ်ဘက် နှစ်ဘက်၏ ကွာခြားလှပုံကို ကျွန်ုပ် သတိထားမိလေသည်။ လယ်သမားဘက်က သက်သေများမှာ ရပ်ဝေးဒေသသမားများဖြစ်ပြီး လယ်သမား လိုပင် ဆင်းရဲနွမ်းပါးသူများ၊ ရိုးအသူများဖြစ်သည်။ သင်ဖမအဖွဲ့နှင့်

ကွန်ယာသာ၏အရှိန်အဟုန်ကို သူတို့ကြောက်ရွံ့နေကြသည်။ သူကြွယ် ဘက်မှ သက်သေများမှာမူ တောက်ပြောင်သားနားစွာ ဝတ်စားထားပြီး ရဲတင်းသွက်လက်နေကြသည်။

အမှုစစ်ဆေးကြားနာနေသည်ကို နားထောင်ရင်း တစ်ခုခုတော့ မှားယွင်းနေပြီဟု ကျွန်ုပ် ခံစားမိလာရသည်။ ငဆောင်ချမ်း လယ်သမား နှင့် သူ၏သက်သေများက ငုတ်လျှိုးနေချိန်မှာ သူကြွယ်နှင့်အဖွဲ့က ဝံ့ဝံ့စားစားရှိနေကြသည်။ အမှုကို သူတို့ သေချာပေါက်နိုင်မည်ဟု ယုံကြည်ထားကြဟန်မျိုး။

"သူကြွယ် ငသင် နောက်ဆုံးအလှည့် လျှောက်လဲစေ"

သင်ဖမအဖွဲ့က ဆင့်သည်။

သူကြွယ်ငသင်ဆိုသူက သူ့နေရာမှ ကြွားရွှား ထသည်။ တရား အမှုလုပ် ကမ်းပေးသော ကလပ်တင် ပိဋကတ်ပေထုပ်ကိုကိုင်၍ ထုံးစံ အတိုင်း ကျမ်းကျိန်သည်။ သူ့အသွင်မှာ သူကိုင်ထားသည့် ကျမ်းကို လည်းကောင်း၊ စင်မြင့်ပေါ်မှ သင်ဖမအဖွဲ့ကိုလည်းကောင်း၊ ကွန်အတွင်း ရှိ ပရိသတ်ကိုလည်းကောင်း ဘာကိုမှ ထီမထင်ဟန်ဖြင့် . . .

"ငဆောင်ချမ်း လယ်သမားဆိုသူကို ရှုစားကြပါ။ ပစ္စန္တရာဇ် အရပ်က သူဟာ ကျွန်နှစ်ယောက်ကို ပိုင်ဆိုင်ခဲ့တယ်ဆိုတာ မယုံစရာပါ ဘဲ။ သူကိုယ်တိုင်တောင်မှ ကျွန်ရုပ်ပေါက်နေတာကလား"

ခပ်အုပ်အုပ်ရယ်သံများ ပေါ်လာသည်။ ကျွန်ုပ်အနီးတစ်ဝိုက်မှ ဖြစ်သည်။ ကျွန်ုပ် ထိုင်နေသော နေရာကား သူကြွယ်၏ လူများအစု ထိုင်နေကြသော နေရာဖြစ်နေမှန်း ယခုမှ သိရလေသည်။

"ရှိပါစေတော့။ ကျွန်တော်မျိုးလျှောက်လဲထားပါ့မယ်။ ကျွန် နှစ်ယောက်ကို ကြေးပိဿာ လေးဆယ်နဲ့ ကျွန်ုပ်ဝယ်ခဲ့တာ၊ ကျွန်ုပ် ပိုင်ဆိုင်ခဲ့တာ၊ အခုထိလဲ ပိုင်ဆိုင်နေတာကို သက်သေများ ထွက်ဆို သွားကြပါပြီ။ လိုအပ်သေးရင် မြစ်သာ၊ လည်မနာ၊ ရင့်၊ တမုတ်၊ သင်တောင်၊ မက္ခရာ၊ မြင်ခုံတိုင် ဆယ့်တစ်ရွာ ခရိုင်က လူတွေအား လုံးကို သက်သေတင်နိုင်ပါသေးရဲ့၊ ဒါကြောင့် ဘယ်ကနေ ဘယ်လို ပေါ်လာမှန်းမသိတဲ့ ပစ္စန္တရစ်သား တစ်ယောက်ကနေပြီး ကျွန်နှစ်

ယောက်ကို ငါပိုင်ခဲ့တာပါဆိုတဲ့စကား ချင့်ယုံကြပါ၊ ကျွန်တော်မျိုး သူကြွယ် သေင်ရဲ့ ပယ်ပေါင်းများစွာသော မြေယာ၊ စည်းစိမ်ဥစ္စာ၊ ကျီကျများနဲ့ ဂုဏ်သိက္ခာကို ထည့်တွက်ကြပါ။ လယ်သမားကပဲ မှသားဆိုမလား၊ သူကြွယ်သေည်ကပဲ မှသားဆိုမလား...ဒါပါပဲ"

အုတ်အုတ်ကျက်ကျက်အသံများ ပေါ်လာသည်။ သင်ဖမ အဖွဲ့ဝင်တစ်ယောက်က ကြေးမောင်းကိုထု၍ ငြိမ်သက်နေကြရန် အချက်ပေးလိုက်ပေးသောအခါမှ အသံများ တိတ်သွားသည်။

"ငဆောင်ချမ်း လယ်သမား ငပိုက် နောက်ဆုံးအလှည့် လျှောက်လဲစေ"

လယ်သမားထလာသည်။ ကျမ်းကိုင်ထားသော သူ့လက်များ တုန်နေကာ မျက်နှာလည်း ငိုတော့မတတ် အမူအရာ ပျက်နေသည်။

"ကျွန်...ကျွန်တော်မျိုး ဘာလျှောက်လဲရမှန်း မသိရတော့ပါဘူး။ ရှိသမျှသက်သေလဲ တင်ခဲ့ပြီးပါပြီ။ ကျွန်တွေကတော့ ကျွန်တော်မျိုးဆီက ထွက်ပြေးသွားကြတာ အမှန်ပါ။ ဒါဒါပဲ ပြောတတ်ပါတော့တယ်"

အမှုသွားအရ အဖြစ်မှန်ကို ကျွန်ုပ် နားလည်လိုက်လေပြီ။ သူကြွယ် သေင်သည် ကျွန်နှစ်ယောက်ကို လွတ်လပ်သူများဟုထင်ကာ အကယ်ပင် ကြေးပိဿာ ပေးဝယ်လိုက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ကြေးပိဿာလေးဆယ်အထိ ပေးခဲ့ရသည်ဆိုခြင်းမှာ မှန် မမှန်တော့ သူကိုယ်တိုင်သာ အသိဆုံးဖြစ်လေမည်။ သူကြွယ်သေင် အနေဖြင့် ကျွန်များကို ဈေးပေါပေါဖြင့် ရခဲ့ခြင်းဖြစ်မည်။ မူလပိုင်ရှင် ပေါ်လာမှ ကြေးတင်ကာ ပြန်ရွေးနုတ်ရအောင် သူအကွက်ဆင်ခဲ့ခြင်းပင်။ အကယ်၍ကြေးပိဿာငါးဆယ်ကို လယ်သမားက မပေးနိုင်ခဲ့လျှင် ကျွန်နှစ်ယောက်ကို သူပိုင်ခွင့်ရသွားတော့မည်။ လယ်သမားအနေနှင့်မူကား ကြေးငါးပိဿာမျှပင် ပေးနိုင်ပုံမရ။

ဤအမှုသည် သူကြွယ်ဘက်က တစ်ဘက်သတ်စီးနင်းထားသော အမှုဖြစ်သည်ဟု ကျွန်ုပ် ခံစားလာရသည်။ သင်ဖမအဖွဲ့ မည်သို့ စီရင်မည်နည်း။ ပိဋကတ်သုံးပုံကို ငွေကလပ်တွင်တင်ကာ ကျမ်းထိုးထားသော ဤကွန်သာယာအတွင်းဝယ် အမှန်တရားသည် မည်သို့ ထွန်းလင်း

ပေမည်နည်း။ အရိမဒ္ဒနပူရ၏ သင်ဖမအဖွဲ့တစ်ဖွဲ့သည် အမှန်တရားမီးရှူးကို မည်သို့ ထွန်းညှိပေးမည်နည်း။ ကျွန်ုပ်၏ နှလုံးသွေးများ တဒိတ်ဒိတ်ဆောင့်တိုးနေသည်။

တရားအမှုလုပ်တစ်ဦးက အမှုကို အကျဉ်းချုံး၍ အစအဆုံးရွတ်ကာ သင်ဖမအဖွဲ့အား စီရင်ချက်ချပါရန် ပန်ကြားနေသည်။ သူကြွယ်သင်နှင့်အဖွဲ့က မောက်မာသောအပြုံးများဖြင့် ကြွားရွှား ရှိနေကြသည်။ ငဆောင်ချမ်းလယ်သမားနှင့် ဇနပုဒ်သား သက်သေအစုတို့မှာ ခေါင်းငိုက်စိုက် ချနေကြသည်။

ကျွန်ုပ် နားလည်လာသည်။ သူကြွယ်သင်၏ အရှိန်အဝါက ကွန်သာယာအတွင်းသို့ အုပ်မိုးဖြန့်ကျက်နေပြီ။ မတရားမှု တစ်ခုမွေးဖွားပေးရန်အတွက် အသည်သားသူဆင်းရဲတို့၏ အမှန်တရားကို တဖြည်းဖြည်း ဖိနင်းကြိတ်ချေနေကြပြီ။သင်ဖမတစ်ဦး၏ ရေရွတ်သံက တစ်လုံးချင်းပြတ်သားစွာ...

"ငပိုက်က ကျွန်များကို ပိုင်ဆိုင်ခဲ့ကြောင်း၊ စပါးဆယ်တင်းဖြင့်ဝယ်ယူခဲ့ကြောင်း စသည်များမှာ လုံလောက်သော သက်သေအထောက်အထား ကင်းမဲ့နေသည်။ ဟုတ်သည်ဆိုစေ ကာလလဲ ကြာရှည်ခဲ့ပြီ။ သင်တစ်မူကား ကျွန်ပိုင်ဆိုင်မှု၌ သက်သေ အထောက်အထား ပြည့်စုံစွာ တင်နိုင်သည်က တစ်ကြောင်း..."

"ရပ်လိုက်စမ်း"

ရင်ခေါင်းထဲမှ ဆောင့်တိုးကာ နှုတ်ဖျားမှ လွင့်ထွက်သွားသော ကျွန်ုပ်၏ အသံကို ကိုယ်တိုင်ပင် မမှတ်မိချင်။

ဝတ်ရုံညိုကြီးကို ဖယ်ရှားကာ ခေါင်းစည်းကြိုးနှင့် ခေါင်းပတ်ပဝါကိုပါ ဖြုတ်လျက် စင်မြင့်ပေါ်သို့ ကျွန်ုပ် မည်သို့ ရောက်လာခဲ့သည်မသိ။ သင်ဖမအဖွဲ့မှာ အံ့ဩတုန်လှုပ်စွာဖြင့် ကြက်သေသေနေရင်း တစ်ဦးသော သူ့ထံမှ အသံပေါ်လာသည်။

"အရှင့်သား ဇေယျခေတ္တရာ ကိုယ်တော်ပါလား"

တဝေါဝေါအသံများ၊ လှုပ်လှုပ်ရွရွအသွင်များကို ကျွန်ုပ် စောင့်ကြည့်မနေနိုင်။ သင်ဖမတစ်ဦးက ကြေးမောင်းကို အကြိမ်ကြိမ်

ထိုးခေါက်နေစဉ်မှာပင် ကျွန်ုပ် သင်ဖမ စင်မြင့်အလယ်၌ ရပ်လိုက်သည်။

"ကျွန်နှစ်ယောက်ကို ကြေးပိသာလေးဆယ်နဲ့ ဝယ်ခဲ့တယ်ဆိုတဲ့ သူကြွယ်သေင်ရဲ့ ထွက်ဆိုချက်ကို သက်သေခံတဲ့လူတွေ အားလုံးရှေ့ကို လာ"

ဝတ်ကောင်းစားလှဝတ်ထားသော လူခြောက်ဦး စင်မြင့်အောက် ကျွန်ုပ်ရှေ့သို့ ရောက်လာကြသည်။ သူတို့အားလုံး အမူအရာပျက် နေကြလေပြီ။

"ပြောစမ်း တစ်ယောက်စီ။ သူကြွယ်သေင်ဟာ ကျွန်နှစ်ယောက်ကို ကြေးပိသာလေးဆယ်နဲ့ ဝယ်ခဲ့သတဲ့လား"

ဆုတ်ဆိုင်းနေကြသည်။ မျက်နှာအားလုံး အောက်ချနေကြသည်။ ကျွန်ုပ်စင်မြင့်မှ ခုန်ဆင်းကာ သူတို့တစ်ဦးချင်းစီ၏ မျက်နှာများကို လိုက်ကြည့်ရာ သူတို့တစ်တွေ၏ အသက်ရှူသံမှပင် သူတို့၏ အပြစ်မကင်းခံစားမှုကို အနံ့ရရှိနေသည်။ ကျွန်ုပ် ရင်ထဲမှာ ဆူပွက်လာသည်။

"အရိမဒ္ဒနပူရမှာ တမ္ဗဒီပတိုင်းမှာ နန်းတော်တွင်း ကွန်ပြောက်တွေကအစ ခရိုင်ကွန်သာယာတွေအလယ် မြို့ရွာဇနပုဒ် ကွန်သာယာတွေအဆုံး အားလုံးသော ကွန်တွေမှာ အမှန်တရား ထွန်းကားနေတယ်လို့ ကျွန်ုပ်ထင်ခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော် ပိဋကတ်သုံးပုံကို ရှိခိုးဦးထိပ်ပန်ပြီး ကျမ်းရွက် ကျမ်းကိုင် ကျိန်ဆိုတဲ့ နေရာမှာ အမှန်ကိုသာ အစစ်ခံရတယ်။ သင်ဖမတရားရေးအဖွဲ့တွေ ဟာလည်း အဂတိလေးပါး ကင်းရှင်းစွာနဲ့ စီရင်ဆုံးဖြတ်ကြရတယ်။ ဒါပေမယ့် ဒီကွန်မှာ အဲဒီလို မတွေ့ရဘူး"

မျက်နှာကြီးညိုပုပ်သွားသော သူကြွယ်သေင်နှင့်ဆောက်တည်ရာမရ ဣန္ဒြေပျက်နေကြသည့် သင်ဖမအဖွဲ့ကို ကျွန်ုပ် လှမ်းကြည့်လိုက်သည်။

"အဂတိတွေ ဖြစ်ပေါ်နေတယ်။ ဓမ္မသတ်နဲ့ သွေဖီနေတယ်။ ကျွန်နှစ်ယောက်ကို သေင်ဟာ ကြေးပိသာ ဘယ်လောက်နဲ့ ဝယ်ခဲ့သလဲ။ ဘယ်တုန်းက ဝယ်ခဲ့သလဲ။ ဘယ်နေရာမှာ ဘယ်သူ့ဆီက ဝယ်ခဲ့သလဲ

အခုပြောစမ်း။ ကျမ်းကျိန်ပြီး ပြောစမ်း”

ပိဋကတ်သုံးပုံ တင်ထားသော ငွေကလပ်ကိုယူ၍ ရှေ့ဆုံးမှ သက်သေဆီသို့ ကျွန်ုပ် ကမ်းပေးလိုက်သည်။ ထိုသူက အဆိပ်ရှိသော မြွေနှင့် အတို့ခံလိုက်ရသလို နောက်တွန့်သွားသည်။ မျက်နှာတစ်ခုလုံး ဖြူလျော်သွားသည်။ ငွေကလပ်ကို လှမ်းမယူရဲ။

“ပြောလေ...ပြောကြလေ။ ကျမ်းရွက်ကျိန်ဆိုကြလေ”

ပြင်းထန်သော အသက်ရှူသံများ ပေါ်လာပြီးမှ တစ်ယောက်သော သက်သေထံမှ အက်ကွဲသောအသံပေါ်လာသည်။

“ကျွန်တော်မျိုးတို့ မ...မသိပါဘူး အရှင့်သား”

သူကြွယ်သင်ထံမှ ညည်းညူရှေရှတ်သံ ထွက်လာသည်။

အမှုကိစ္စပြီးပေပြီ။ တရားစီရင်မှု ရုပ်လုံးပေါ်ပေပြီ။ စင်မြင့်ပေါ်သို့ပြန်တက်ကာ သင်ဖမနေရာတွင် ထိုင်လျက် ကျွန်ုပ် တစ်လုံးချင်း ပြောလိုက်သည်။

“ပြေးထွက်လာတဲ့ ကျွန်တွေကို မတရားသိမ်းယူလိုတဲ့ သူကြွယ်ကြေးပိသာငါးဆယ် ပေးလျော်။ သင်ဆီက အဘိုးအခယူပြီး မတရားသက်သေထွက်တဲ့ သက်သေငါးယောက် စပါးငါးတင်းစီ ပေးလျော်။ အဂတိလိုက်တဲ့ သင်ဖမအဖွဲ့ ငါးဦးစလုံးကို အရာက နုတ်။ ပေးလျော်တဲ့ ကြေးအချိန်နဲ့ စပါးတွေရဲ့ သုံးပုံတစ်ပုံကို ခရိုင်ဘဏ္ဍာထဲပေးသွင်း။ ကျန်နှစ်ပုံကို မတရားလည်ဆည် အစွဲခံရတဲ့ မူလကျွန်ပိုင်ရှင် ငဆောင်ချမ်း ရွာသား ငပိုက်နဲ့တကွ သူ့ဘက်က လိုက်ပါထွက်ဆိုတဲ့ သက်သေများ အချိုးကျ ခွဲဝေယူ။ ဒီစီရင်ချက်ကို သင်ဖမ အမှုလိုက်က ရေးထိုး။ မှတ်တမ်းပြု။ ထုံးစံနဲ့အညီ တံဆိပ်ခတ်နှိပ်ပြီး နန်းတော်ရွှေတိုက်စိုးနဲ့ နေပြည်တော် ကွန်ပြောက်ဆီသို့”

သောသောအုတ်အုတ်အသံများ ပေါ်လာသည်။ ကွန်သာယာအတွင်း ထကြထိုင်ကြသူများ ရှုပ်ထွေးသွားကြသည်။ လူအုပ်ကို တွန်းဖယ်ကာ ကျွန်ုပ် ထွက်လာခဲ့သည်။ ဤနေရာတွင် ဆက်မနေချင်တော့။ ဤလူများကို ဆက်မကြည့်ချင်တော့။ ကျွန်ုပ်၏ အတွေးထဲတွင် ဤအမှုပြီးသွားပြီ။ ဓမ္မဒသာီဆရာတော်ထံအမြန်ဆုံး အရောက်

သွားရန်သာ စိတ်စောနေတော့သည်။

ကွန်သာယာ တံခါးဝတိုင်းလုံးအနီးအရောက်တွင် လူတစ်ယောက်သည် ကျွန်ုပ်၏ ခြေလှမ်းရှေ့တွင် ဒူးတုပ်ရောက်ရှိလာသည်။ မြင်းငှားစီးခဲ့သော လုလင်။ သူ့နောက်မှာ သူ့ရွာသားများ။ ဒူးထောက်လျက် . . .။

"ကျွန်တော်မျိုး . . .ကျွန်တော်မျိုး အရှင့်သားမှန်းမသိ . . .မသိလို့ ခွင့်လွှတ်တော်မူပါ အရှင့်သား။ ကျေးဇူးကြီးလှ . . ."

လုလင်မှာ ငိုတော့မလို တုန်တုန်ယင်ယင် ဖြစ်နေလေသည်။

သူ့ပခုံးကို ဆုပ်နယ်၍ ကျွန်ုပ် ပြောလိုက်သည်။

"မောင်မင်း မသိလို့ဖြစ်ခဲ့တာပဲ ကျွန်ုပ်ခွင့်လွှတ်တယ်။ နောင်မှ မြင်ကောင်းတစ်စီးယူဖို့ ကျွန်ုပ်ဆီလာခဲ့ ဟုတ်လား"

သူတို့ကို ပြန်လှန်ပြောဆိုခွင့် မပေးတော့ဘဲ ကျွန်ုပ် ထွက်လာခဲ့သည်။ ဝင်းတံခါးတွင် ချည်ထားသော ကျွန်ုပ်၏ မြင်းဇက်ကြိုးကို ဖြုတ်ယူလိုက်သည်။ မြင်းပေါ်သို့တက်ရန် ကုန်းနှီးခေါင်းကို ဆုပ်ကိုင်၍ ခြေကွင်းထဲသို့ ခြေတစ်ဖက်ထည့်ကာ ကိုယ်ကို လွှဲလိုက်ချိန်မှာပင် . . .

တက်အံ့ပြင်ထားသော ကိုယ်ဟန် တုံ့ခနဲ၊ လွှဲလိုက်သည့် ခြေက ခုလပ်တွင် ရပ်တန့်မသွားမတတ်။

ငဆောင်ချမ်းရွာသားတစ်ယောက်၏ စကားများက ကျွန်ုပ်ဆီသို့ အဟုန်ပြင်းစွာ ရောက်ရှိလာသည်။

"ကျေးဇူးရှင်ကိုယ်တော်လေး ကျေးဇူးကြီးလှပါပေတယ်။ သြော် သူ့ခမြာ ဒီလို နှလုံးကောင်း အရည်အသွေးကောင်း ရှိပါလျက်ကနဲ့ ထီးနန်းအမွေ မရရှာဘူးနော်။ ညေဝတီခုနစ်ခရိုင်ပဲ စားရရှာတယ်။ ဒီကိုယ်တော်လေးပဲ တို့ရဲ့ ဘုရင်မင်းမြတ် ဖြစ်လိုက်စမ်းပါတော့"

◆ ◆ ◆

# ( ၂၁ )

ဓမ္မဒဿီ ဆရာတော်၏ စံကျောင်းပရဝဏ်ကို အဝေးဆီမှာ ပျပျရေးရေး လှမ်းတွေ့နေရပေပြီ။ စိမ်းညို့သော ထနောင်းပင်တန်းနှင့် မန်ကျည်းပင်တောတို့အထက်တွင် စံကျောင်း၏ ခေါင်သုံးဆင့် အမိုးစွန်းသည် မြင့်မြင့်မားမား ထိုးထွက်လျက် ရှိလေသည်။

သို့သော် ဆရာတော် အရှင်သူမြတ်သည် ထိုဘုံဆင့်စံကျောင်းတွင် သီတင်းမသုံးဘဲ ပရဝုဏ်၏ အရှေ့မြောက်ထောင့် သစ်ဝါးကျောင်းသခ်မ်းတွင်သာ သီတင်းသုံးကြောင်း ကျွန်ုပ် သိထားသည်။ ဘုံဆင့်စံကျောင်းပေါ်တွင်မူ ဘုရားရုပ်ပွားဆင့်တုတော်များနှင့် ပိဋကတ်ကျမ်းစာများကိုသာ ပူဇော်ထားလေသည်။ ရတနာသုံးပါး၏ ငြိမ်းအေးချမ်းမြေ့မှုကို ကိန်းဝပ်ရာဆီသို့ ဦးတည့် ရောက်သွားနေသော ကျွန်ုပ်မှာမူ ငြိမ်းအေးချမ်းမြေ့မှုကင်းမဲ့လျက် ရှိနေပါကလား။

"ထီးနန်းအမွေ မရရှာဘူးနော်။ ခညဝတီခုနစ်ခရိုင်ပဲ စားရတယ်။ ဒီကိုယ်တော်လေးပဲ တို့ရဲ့ ဘုရင်မင်းမြတ် ဖြစ်လိုက်စမ်းပါတော့"

ကွန်မှုအထွက် မြင်းပေါ်အတက် ငဆောင်ချမ်းရွာသား တစ်ဦး

ရေရွတ်လိုက်သော စကားလုံးများက ကျွန်ုပ်၏ နှလုံးသို့ ထိုးစိုက်စွဲဝင်နေခဲ့သည်။ သူကတော့ သူတို့၏ တရားအမှုတွင် ကျွန်ုပ်ဝင်ရောက်စီရင်ပေးခဲ့သည့်အတွက် ကျေးဇူးတင်လှစွာဖြင့် ကျူးရင့်ခဲ့ခြင်းပင်။ သို့သော် အနာဓာတ်ခံရှိထားခဲ့လေသော ကျွန်ုပ်၏ရင်သည် ထိုကျေးဇူးစကားကို ကြည်နူးဖို့ ခွန်အားမရှိခဲ့။

"ထီးနန်းအမွေ မရရှာဘူးနော်"

လူတွေ၏ကရုဏာအငွေ့ထဲတွင် ကျွန်ုပ်မွန်းကြပ်နေရတော့မည်လား။

"ဒီကိုယ်တော်လေးပဲ တို့ရဲ့ ဘုရင်မင်းမြတ်ဖြစ်လိုက်စမ်းပါတော့"

စံကျောင်း တံတိုင်းမုခ်ကို လှမ်းမြင်ရချိန်တွင် ကျွန်ုပ် မြင်းပေါ်မှ ဆင်းလိုက်သည်။ ဇက်ကြိုးကို ဆုပ်ကိုင်ထားသော လက်ချောင်းများ တင်းတင်းကြပ်ကြပ်ကြီး ဖြစ်နေသည်ကို သတိထားမိသည်။

တောင်ထန်းပင်ပုများ အစီအရီစိုက်ထားသော စည်းရိုးဝိုင်းကို ကျော်လွန်ပြီးမှ တံတိုင်းဆီသို့ ရောက်မည်ဖြစ်သည်။ ဤနယ်နိမိတ်မှာပင် ကျွန်ုပ်၏ မငြိမ်းသော အတွေးများကို ချထားပစ်ခဲ့ရမည်။ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ် ပညာဂုဏ်တို့ ရှေ့မှောက်သို့ ကျွန်ုပ်၏ ပူလောင်ခြင်းများကို သယ်ဆောင်မသွားသင့်။

စိတ်လက်မပေါ့ပါးစွာဖြင့် စည်းရိုးကို ကျော်ဖြတ်လိုက်စဉ်မှာပင် ဘယ်လိုမှ မျှော်လင့်မထားသော မြင်ကွင်းကြောင့် ကျွန်ုပ်အံ့အားသင့်သွားရလေသည်။

တံတိုင်း၏ အပြင်ဘက် မန်ကျည်းပင်တန်း အောက်တွင် နန်းတွင်းကလန်စစ်သည် အစုများ နေရာယူထားသည်။ သူတို့အားလုံး ကိုယ်ကြပ်သင်တိုင်း ဝတ်ရုံအပြည့်အစုံဖြင့်။ မြင်းစီးရဲမက်များ၊ ခြေလျင်စစ်သည်များ ထို့နောက် သံပျင်အဆောက်အယောင်များ ထို့နောက်...

"အရှင့်သားပါလား။ အစောင့်ရဲမက်မပါဘဲ တစ်ကိုယ်တည်းလာသလား"

ကျွန်ုပ်ကို လှမ်းနှုတ်ဆက်လိုက်သူကား ကလန်မှူးကြီး ဦးဖိုး။

အံ့အားသင့်စွာဖြင့် ကျွန်ုပ် ဘာမှ ပြန်မပြောနိုင်ခင်မှာပင် ဦးဖိုးအသံကြောင့် မန်ကျည်းရိပ်တစ်ဘက်အကွယ်မှ ထွက်လာကြသော ဦးငထွေ၊ ဦးငလုံးတို့ကိုပါ တွေ့လိုက်ရသည်။ သူတို့အားလုံး အဘယ်ကြောင့် ဓမ္မဒဿီ ဆရာတော်၏စံကျောင်းသို့ ရောက်နေကြသနည်း။ သူတို့တွင် မဟုတ်သေး။ နန်းတော်မှ အခြားသော သံပျင်အမတ်များ၊ ကလန်မှူးများလည်း အစုံအညီ။

အဖြေကို ချက်ချင်းရလိုက်သည်။

အရိမဒ္ဒနပူရနန်းတော်မှ အရေးပါအရာရောက်သော ပုဂ္ဂိုလ်ကြီးများ အစုံအညီခြံရံလျက် ဤနေရာသို့ ရောက်ရှိနေခဲ့သူမှာ ခမည်းတော်မင်းကြီးမှအပ ဘယ်သူမှ မဖြစ်နိုင်။

"ဘုရင်မင်းမြတ် စံကျောင်းပေါ်မှာ ရှိနေတယ် အရှင့်သား။ ဒီကို အရှင့်သားပါ ရောက်လာမယ်လို့ ကြိုမသိရပါလား။ ပြီးတော့ အစောင့်နောက်လိုက်မပါဘဲ တစ်ကိုယ်တည်း အချိန်ကလဲလင့်"

ဦးငထွေက ပြုံးရွှင်သော မျက်နှာဖြင့် ပြောသည်။

"ဘုရင်မင်းမြတ်ရောက်နေတာ အတော်ကြာသွားပြီ၊ ဆရာတော် ဆွမ်းချိန်မတိုင်မီကတည်းက ကိုယ်တော်ကြီးကိုယ်တိုင် ဆွမ်းကပ်တယ်လေ"

ဦးငလုံးက ကျွန်ုပ်၏မြင်းဇက်ကြိုးကို လှမ်းယူရင်း ပြောသည်။

"ခမည်းတော် ဒီလိုလာမယ်ဆိုတာ ကျွန်တော် မသိဘူးဦးဖိုး။ ကျွန်တော်လာတာက မယ်မယ် စေလိုက်လို့"

"အရှင့်သား စံကျောင်းပေါ်သာ ကြွပေရော့။ ကိုယ်တော်ကြီး ရှိနေတယ်။ ဆရာတော်နဲ့ နှစ်ပါးတည်း ဆွေးနွေးတိုင်ပင် နေကြတယ်"

ကျွန်ုပ်စံကျောင်းပေါ်သို့ တက်ခဲ့သည်။ လှေကားထစ်များအပေါ်မှ ခြေလှမ်းများ လေးလံနေကာ လက်ရမ်းတိုင်ကို အားပြုထားသော လက်များသည် ဆုတ်ဆိုင်းနေကြောင်း မိမိကိုယ်မိမိ သတိထားမိနေသည်။

ခမည်းတော်နှင့် တွေ့ရတော့မည်။

ဓမ္မဒဿီ ဆရာတော်၏ ရှေ့မှောက်တွင် ခမည်းတော်နှင့်

မျက်နှာချင်းဆိုင်ရတော့မည်။ တမ္ဗဒီပ တိုင်းပြည်ရေးရာများဖြင့် အမြဲလိုလို မအားမလပ်ရှိနေခဲ့သော ခမည်းတော် မင်းကြီး။

တစ်ယောက်နှင့်တစ်ယောက် မဆုံဖြစ်ခဲ့ကြသည်မှာ ရက်လကြာခဲ့ပြီဖြစ်သော ခမည်းတော်နှင့် ကျွန်ုပ်။

လှေကားထစ်များအဆုံး အပေါ်ဆုံးလက်ရမ်းတိုင်ကို လွတ်လိုက်ချိန်တွင် ကျွန်ုပ်ကို မေးမိသော အသံတစ်ခုက ရင်ထဲမှာ တိုးညှင်းစွာပေါ်လာသည်။ မဆုံဖြစ်အောင်ဘဲ မင်းက တမင်ရှောင်နေခဲ့တာ မဟုတ်လား ရာဇကုမာရရယ်...

နန်းတော်အတွင်းမှာ ဆိုပါက သားတော် ရာဇကုမာရ ရောက်ရှိကြောင်းကို သံပျင်ငယ်တစ်ဦးက ခမည်းတော်ထံကြိုတင်၍ လျှောက်ထားပေမည်။ ခမည်းတော်၏ အခွင့်ပေးမှ ကျွန်ုပ် ရှေ့တော်မှောက်ဝင်နိုင်ပေမည်။

ယခုကား ဆရာတော်မြတ်၏ စံကျောင်းတော်...။

တံခါးပေါက်မှာပင် ဒူးတုပ်ပျပ်ဝပ်လျက် ကျွန်ုပ် အရှင်မြတ်စွာဘုရားရုပ်ပွားတော်ကို ရှိခိုးသည်။ ထို့နောက် ဆရာတော်ကို ရှိခိုးဝတ်ဖြည့်သည်။ သားရေနွတ်ချပ်ပေါ်တွင် ထိုင်နေသော ဆရာတော်က ကျွန်ုပ်ကို လှမ်းကြည့်ပြီး ခေါင်းညိတ်သည် ဆိုရုံမျှ ညိတ်သည်။ ခမည်းတော်ကား ကျွန်ုပ်ဘက်သို့ ကျောပေးလျက် ဆရာတော်ဘက်သို့ မျက်နှာမူလျက် မလှမ်းမကမ်းတွင် ဒူးတုပ်ထိုင်နေသည်။

သူ့ကိုကျော်လျက် ဆရာတော် အပြင်တံခါးဆီသို့ ကြည့်ကာ ခေါင်းဆတ်ညိတ်လိုက်သည်ကိုတွေ့သော ခမည်းတော်သည် ထိုင်နေရင်းမှပင် နောက်သို့ ငဲ့ကြည့်သည်။ ကျွန်ုပ်ကိုမြင်သောအခါ သူအံ့သြသွားသယောင်။

"ရှေ့တိုးခဲ့ပါ ဒကာတော်လေး"

ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကျွန်ုပ်ရှေ့တိုးခဲ့သည်။ ခမည်းတော်၏ နောက်ဘက်ကျကျ ခပ်ယွန်းယွန်းနေရာတွင် ကျွန်ုပ် ဒူးတုပ်ထိုင်လိုက်သည်။ ရင်ညွန့်ဆီတွင် လက်အုပ်အစုံ ပူးကပ်ထားလိုက်သည်။ ခမည်းတော်ဘက်သို့ လှည့်မကြည့်သော်လည်း ခမည်းတော်က ကျွန်ုပ်ကို

ငေးကြည့်နေကြောင်း မျက်ရိပ်စွမ်းတွင် မြင်ရသည်။

"အကြောင်းကိစ္စဆိုပါ ဒကာတော်လေး"

"လာမယ့် လပြည့်နေ့မှာ ဆွမ်းအမှု လုပ်ကျွေးပူဇော်ပါရစေလို့ မယ်မယ်က အပင့်စေလို့ပါ ဘုရား။ ဆွမ်းအနုမောဒနာ ပရိတ်ဒေသနာနဲ့အတူ သရဏဂုံတင်ပါရစေလို့လဲ မယ်မယ်က လျှောက်ထားလိုက်ပါတယ် ဘုရား"

"ခမည်းတော်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ဟု ကျွန်ုပ် ထင်သည်။ ကျွန်ုပ်မှာ ဆရာတော်အား ထပ်မံလျှောက်တင်စရာလည်း မရှိတော့။ ဆရာတော်ကလည်း ဘာမျှ အထူးအထွေ မိန့်မြွက်ခြင်းမရှိ။ ခမည်းတော်လည်း တိတ်ဆိတ်စွာ ထိုင်နေလေရာ ကျွန်ုပ်ရင်ထဲ၌ ခမည်းတော်နှင့် ကျွန်ုပ် ရင်းနှီးနွေးထွေးခြင်း မရှိဟူသော အဖြစ်ကို ပို၍ သိသိမှတ်မှတ် ခံစားလာရသည်။

အနေရအထိုင်ရခက်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ဆရာတော်၏ မိန့်သံပေါ်လာသည်။

"ဆရာတော် သစ်ဝါးကျောင်းကို ကြွတော့မယ်။ သား ခမည်းတို့ စကားစမြည်ဆိုကြဦး။ ဒကာတော်လေး ပြန်ကာနီးမှာ ဆရာတော့်ဆီ လာခဲ့ဦး"

ဆရာတော် စံကျောင်းပေါ်မှ ဆင်းသွားသောအခါ ကျွန်ုပ်နှင့် ခမည်းတော်နှစ်ဦးတည်း အငူသား ကျန်ရစ်ခဲ့ကြလေသည်။

"သားတော်ရာဇကုမာ"

ခမည်းတော်ထံမှ တိုးညင်းသော ခေါ်သံထွက်ပေါ်လာသည်။ ကျွန်ုပ်လှည့်ကြည့်လိုက်သည်။ ကျွန်ုပ်တို့၏ မျက်လုံးအိမ်နှစ်စုံ တို့ အတန်ကြာ ဆုံနေကြသည်။ မရွှေ့မဖယ်ဖြစ်ကြ။ အမြင်အာရုံထဲတွင် ခမည်းတော်၏ မျက်နှာမှာ နီးကပ်လာလိုက်၊ ဝေးကွာသွားလိုက် ဖြစ်နေသလိုလို...။

ဇရာ၏အငွေ့ကို ထိုမျက်နှာပေါ်တွင် တွေ့နေရသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ဗိုလ်ရှုခံသဘင်၏ စင်မြင့်လှေကားထစ်များပေါ်မှာ ကျွန်ုပ် စတင်တွေ့ရှိခဲ့သော မျက်နှာမဟုတ်တော့။ မျက်ခုံးတို့ကွေးညွတ်

နေကြသည်။ နဖူးဆံစများ၊ နားပန်းဆံနွယ်များ၊ နှုတ်ခမ်းမွှေးများ၊ ကျိုးကြဲဖြူလျော်နေသည်။ မျက်လုံးများ ရီဝေနေသည်။ နဖူးပြင်၊ ပါးပြင်၊ မျက်ရစ်တို့တွင် အရေးအကြောင်းများက သိသိသာသာ။ "သားတော် ရာဇကုမာရ"ဟု ခေါ်လိုက်သော အသံမှာလည်း ဗိုလ်ရှုခံသဘင် လှေကားထစ်တွင် မယ်မယ်နှင့် ကျွန်ုပ်အား ရဲမက်များ ဝိုင်းရံကြစဉ်က "သူတို့ကို ဖယ်ပေးလိုက်ကြ"ဟု ခမ်းနားသိုက်မြိုက်စွာ အမိန့်ပေးခဲ့သော အသံဝါကြီးမျိုး မဟုတ်တော့။

သူ အိုမင်းရင့်ရော်ခဲ့ပါပကောလား...ဟူသော အသိတစ်ခုတည်းက ကျွန်ုပ်ကို ဖုံးလွှမ်းသွားသည်။ အိုမင်း ရင့်ရော်နေပြီဖြစ်သော ဤဘုရင်မင်းမြတ်သည် ကျွန်ုပ်၏ ဖခမည်း။ သူ့မျက်နှာပေါ်မှ ဇရာသည် ကျွန်ုပ်ကို လှုပ်ခတ်ယိမ်းယိုင်စေသည်။

"သား၊ မယ်မယ်က သူ့ကိုယ်သူ သရဏဂုံတင်မလို့တဲ့လား"

ကျွန်ုပ် ခေါင်းငုံ့ကာ မျက်နှာကို အောက်ပြန်ချလိုက်သည်။ သို့သော် ကြမ်းပြင်တွင် ထောက်ထားသော သူ့လက်ဖမိုးများက အာရုံထဲသို့ လိုက်ပါလာသည်။ လှေကားထစ်များပေါ်တွင် ရွှေရောင်ဝတ်ရုံကြီးထဲမှ ထွက်ပြူလာကာ ကျွန်ုပ်ဆီသို့ ဆန့်တန်းကမ်းလင့်ခဲ့သော ကျွန်ုပ် အလိုအလျောက် ပြေးဝင်မှီခိုခဲ့သော လက်မျိုး မဟုတ်တော့ပါလား။ သူ့လက်ဖမိုးများသည် ခုံးခုံးထသော အကြောမျှင်၊ လျော့လျဲသော အသားပြင်၊ အရိုးအဆစ်များ ငေါငေါပေါ်သော လက်ချောင်းများဖြင့်...

သူ အိုမင်းခဲ့ပါပြီကော။

ဤအသိသာ ကျွန်ုပ်ကို လွှမ်းမိုးနေလေသည်။

"သားမယ်မယ် သိပ်များ မကျန်းမမာ ဖြစ်နေသလား"

"မယ်မယ် တလောဆီက မကျန်းမမာ ဖြစ်ခဲ့ပါတယ်။ အခု သက်သာနေကောင်းနေပါပြီ ခမည်းတော်"

ကျွန်ုပ်လည်း အသံတွေ တုန်ချင်နေသည်။

"သမ္မုလဟာ တရားဓမ္မကိုလက်တွေ့တကယ် သိသွားခဲ့ပြီကော အင်း...မိမိကိုယ်မိမိ သရဏဂုံတင်ဖို့အထိ သူရင့်ကျက်နေပြီ။ အမှန်ဆုံး

အမွန်မြတ်ဆုံး အလုပ်တစ်ခုကိုလုပ်ဖို့ သူသတိတရ ရှိပေတယ်”

ခမည်းတော်သည် ကျွန်ုပ်ကို လွန်လျက် အပြင်သို့ ငေးမျှော်က ရေရွတ်နေသည်။ ပြီးမှ ကျွန်ုပ်ထံသို့ ဖျတ်ကနဲ လှည့်ကြည့်သည်။ ထိုအခါတွင်မူ အိုမင်းသော မျက်နှာပြင်၊ ရီဝေသော မျက်ဝန်းအိမ်ထဲမှ စူးရှသော အလင်းတစ်ချက်ကို ကျွန်ုပ် မြင်လိုက်မိသည်ဟု ထင်သည်။

“သူက သံသရာအတွက် ပြင်ဆင်နေပြီ။ ခမည်းတော်မှာတော့ တကယ်တမ်း ထိရောက်တဲ့ ပြင်ဆင်မှုမျိုး မရှိသေးဘူး။ ခမည်းတော် လုပ်စရာအလုပ်တွေ အများကြီး ကျန်သေးတယ်။ လုပ်သင့်လုပ်ထိုက်တယ်ဆိုတာ သိပါလျက်နဲ့ အထမမြောက်သေးတာတွေလဲ ရှိနေတယ်။ လူတစ်ယောက်ဟာ သူ့ဘဝထဲက သူပိုင်ဆိုင်တဲ့ ကာလတွေ အတော်များများ၊ သူလုပ်ချင်ဖြစ်ချင်တဲ့ ဆန္ဒတွေ အတော်များများကို သူ့အတွက် အသုံးမချရဘဲ အခြားတစ်ပါးသူတွေအတွက် အသုံးချခဲ့ရတယ် ဆိုကြစို့။ အဲဒီလူဟာ ဘုရင်မင်းမြတ်ပဲ သားတော်”

ထူးဆန်းသော ထိုစကားလုံးများကို ကျွန်ုပ် နားမလည်ချင်။

ခမည်းတော် မျက်နှာတွင် အပြုံးတစ်ခု ဖြန့်ကြက် ဖြစ်ပေါ်လာသည်။ သို့သော် ထိုအပြုံးသည် အင်အားမဲ့နေသည်ဟု ကျွန်ုပ် ထင်သည်။

“ဆရာတော်ဆီကို သွားလိုက်ဦးနော် သားတော်။ ဆရာတော် အမှာရှိထားတယ် မဟုတ်လား”

ကျွန်ုပ် ခပ်မဆိတ်နေလိုက်သည်။

“ခမည်းတော် ပြန်တော့မယ်။ ရောက်နေတာ အတော်ကြာသွားပြီ”

ကြမ်းပြင်သို့ လက်ထောက်အားပြုလျက် ဒူးတုပ်ရာမှထဟန်ပြင်သော ခမည်းတော်ဆီသို့ ကျွန်ုပ် ချဉ်းကပ်မိသွားသည်။ ထို့နောက် ခမည်းတော်၏ လက်မောင်းမှ ဖေးမတွဲထူပေးလိုက်သည်။ သူမတ်တတ်ရပ်ပြီးတွင်မူ ကျွန်ုပ်တို့နှစ်ဦး နီးကပ်စွာ မျက်နှာချင်းဆိုင်မိနေကြသည်။

သူ့မျက်လုံးများ ရီဝေလျက်ကပင် တောက်ပနေပါသလား။ အာနန္ဒာဂူ ဘုရားကြီးထဲက ရပ်တော်မူ ရုပ်ပွားတော်ကြီး လေးဆူကို

ရွှေသက်န်း ကပ်လှူဖို့ရှိတယ် သားတော်။ တန်ဆောင်မုန်း လပြည့်မှာ ပူဇော်ကြမယ့် ဘုရားပွဲတော်ကြီးအတွက် သားတော်နဲ့ တွေ့ချင်တယ်။ ခမည်းတော်ဆီ ဝင်ခဲ့ပါဦး"

သူ့လက်မောင်းကို ကိုင်ထားဆဲဖြစ်သော ကျွန်ုပ်၏လက်ဖမိုးပေါ်သို့ ခမည်းတော်က ဖိအုပ်ဆုပ်ညှစ်သည်။ သူ့လက်ချောင်းများမှာ တင်းကြပ်ဆဲ အထိအတွေ့ကို ရရှိနေသည်။ ထို့နောက် သူ့လက်ကို ရုတ်တရက်ခွာကာ ခမည်းတော် လှည့်ထွက်သွားသည်။

ကျွန်ုပ် နေရာမှာပင် မရွေ့မလျား ရပ်နေမိသည်။

ထိုအခါမှပင် ခမည်းတော်၏ကျန်းမာရေးကို ကျွန်ုပ်တစ်ခွန်းမှ မမေးလိုက်မိကြောင်း သတိပြန်ရသည်။ အခြားမည်သည့် စကားများကိုကော ကျွန်ုပ် ပြောဆိုခဲ့သနည်း။ သူမေးသောအခါမှပင် မယ်မယ်၏ နေကောင်းသက်သာ ရှိကြောင်း ပြန်ဖြေခဲ့သော စကားတစ်ခွန်းသာ ကျွန်ုပ် ပြောခဲ့ပါကလား"

ခမည်းတော်မျက်လုံးများကတော့ မွဲသီ ရီဝေနေသည့်ကြားမှ ဘာကြောင့် ဖျတ်ခနဲ တစ်ချက် စူးလက် တောက်ပသွားခဲ့သနည်း။ ထို့အပြင် သူထိုင်ရာမှ အထတွင်ကော ဘာကြောင့် သူ့ကို ကျွန်ုပ် ဆွဲထူကူမပေးဖြစ်ခဲ့လေသနည်း။

ကျောင်းအောက်တွင် မြင်းသံလူသံများ ကြားလိုက်ရသည်။

ခမည်းတော်ပြန်ရန် သူတို့ပြင်ဆင်နေကြပြီ။ စံကျောင်းပြတင်းပေါက်ဆီသို့ ကျွန်ုပ်လျှောက်သွားလိုက်သည်။ ကလန်၊ သံပျင် အဖွဲ့တို့ လှုပ်လှုပ်ရွရွ ပြင်ဆင်နေကြသည်ကို အမှတ်မဲ့ပင် ငေးကြည့်မိသည်။

ဦးဖိုးနှင့် ဦးငလုံးတို့ ဇက်ကိုင်ပေးထားသော မြင်းဖြူကြီးပေါ်သို့ ခမည်းတော်တက်ရန် ပြင်နေသည်။ အရိန္ဒမာလှံကို စွဲလျက် တမ္ပဒီပတိုင်းတစ်ခွင် ကဆုန်ဆိုင်းခဲ့သည်ဆိုသော ကျန်စစ်မင်းကြီး၊ မင်းရမန်တို့၏ ဥဿာတပ်ကို ထွင်းဖောက်စီးနင်း အောင်မြင်ခဲ့သည်ဟု ဆိုသော ကျန်စစ်မင်းကြီး။ အရိမဒ္ဒနပူရ မင်းနေပြည်တော်ကြီးကို စည်ပင်ထွန်းကားအောင် လုပ်ဆောင်ခဲ့သော ကျန်စစ်မင်းကြီး။ ထို ကျွန်ုပ်၏ ခမည်းတော် ကျန်စစ်မင်းကြီးသည် မြင်းကုန်းနှီးပေါ်ရောက်အောင်

လူနှစ်ယောက် အကူအညီဖြင့် တက်နေရသည်လား။

ခမည်းတော်နှင့် သူ့လူများ တံတိုင်းမှထွက်ကာ တောင်ထန်းပင်စည်းရိုးကို ကျော်လျက်အဝေးဆီသို့ ရောက်သွားတော့မှပင် ကျွန်ုပ်ပြတင်းဆီမှ သွားဖြစ်တော့သည်။ ဆရာတော်၏ မိန့်မှာချက်အရ သစ်ဝါးကျောင်းသို့ သွားရဦးမည်။

◆ ◆ ◆

## ( ၂၂ )

တမ္ပဒီပတိုင်းသို့ ဗုဒ္ဓတရားတော်၏ မျိုးစေ့ကို စတင်သယ်ယူကာ မွန်မြတ်စွာသော ထေရဝါဒအယူ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ခဲ့သော ဓမ္မဒဿီရှင်အရဟံဆရာတော် စံမြန်းသီတင်းသုံးရာ သစ်ဝါးကျောင်းကလေးအား သာမန်ကျောင်းသင်္ခမ်းကလေးမျှသာပင်။

သို့သော် ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ်တို့ကြောင့် ဤသာမန် ကျောင်းသင်္ခမ်းကလေးသည် ရိုးရှင်းစွာဖြင့် နက်ရှိုင်းနေလေသည်။ ခမည်းတော် ဆောက်လုပ်လှူဒါန်းထားသော ဘုံဆင့် စံကျောင်းတော်ကြီးကို ဆရာတော်သည် ဆွမ်းအလှူပွဲ တရားပွဲနှင့် ခမည်းတော်ကဲ့သို့သော ဒါယကာများအား လက်ခံတွေ့ဆုံသည့် အခါမျိုးမှသာ အသုံးပြုပြီး ထာဝရ သီတင်းသုံးတော်မူသည်မှာ ဤ သစ်ဝါးကျောင်းကလေးပင် ဖြစ်သည်။

မင်းဆရာဖြစ်လေသော ဆရာတော်၏ ကျောင်းသင်္ခမ်းတွင် မည်သည့်အဆောင်အယောင်မှ မရှိ။ ဦးခန်းဘုရားစင်တွင်သာ ရွှေဆင်းတုရုပ်ပွားတော်တစ်ဆူနှင့် ကပ်လှူထားသော ပန်းအိုးများရှိသည်။

ရိုးစင်းရှင်းလင်းသော သစ်ဝါးကျောင်းနှင့် ကြည်လင်နက်ရှိုင်းသော ဆရာတော်၏အသွင်တို့ကြောင့် ကျွန်ုပ် စိတ်ထဲမှာ ငြိမ်းအေးသွားသည်။

"ဒကာတော်လေး...ရောက်လာပြီလား။ သက်သာသလိုနေ ဒကာတော်လေး"

ဆရာတော်သည် ဝါးကြမ်းခင်းပေါ်တွင် လက်တစ်သစ်မျှသာ ထုရှိသော ဖျဉ်စွပ်ဖုံနှင့် ထိုဖုံပေါ်တွင် ခင်းထားသော သားရေနွယ်ချပ်ပေါ်တွင်သာ ထိုင်နေတော်မူသည်။ ခြိုးခြံမှု၊ အဆောင်အယောင်ကင်းမဲ့မှုနှင့် ရိုးစင်းရှင်းလင်းမှုတို့က ကျောင်းသခ်မ်းလေးထဲတွင် အင်အားကြီးစွာ ဖြန့်ကြက်နေကြလေသည်။

လက်အုပ်ချီလျက်ပင် ကျွန်ုပ် ဆရာတော့်စကားကို စောင့်နေမိသည်။

"ဆရာတော့်ဘဝမှ ဘုရားသာသနာတော်ကြီးအတွက် လူတွေရဲ့ အရေးကိစ္စထဲကို သုံးကြိမ်သုံးခါ မလွှဲမရှောင်သာ ဝင်ရောက်ရမယ်ဆိုတာ ဆရာတော် သိထားပြီးဖြစ်တယ်။ ပထမတစ်ကြိမ်က နတ်ရွာစံ အနိရုဒ္ဓဒေဝမင်းကြီး လက်ထက် သုဝဏ္ဏဘူမိက ပိဋကတ်တော်တွေ အရေး၊ ဒုတိယအကြိမ်က ဒကာတော် ကျန်စစ်မင်းကြီးရဲ့ သမီးတော် ရွှေအိမ်သည်ကို အကြောင်းပြုပြီး ဝင်ရောက်ခဲ့ရတဲ့ ပဋိက္ကရားအရေး ဖြစ်တယ်"

မျိုးခြားအယူဝါဒကွဲ ပဋိက္ကရားမင်းသားအား တိမ်းရှောင်ဖို့ အရေးကို ဆရာတော်ဝင်ရောက် ဖျောင်းဖျပေးခဲ့ရကြောင်း ကျွန်ုပ် သိထားပြီး ဖြစ်လေသည်။

"တတိယအကြိမ်မှာ ဘယ်သူတွေရဲ့ အရေးဖြစ်လေမလဲဆိုတာ ဆရာတော်တွေးခဲ့တယ်။ အခုဖြစ်ပေါ်လာပြီ။ ဒကာတော်လေးနဲ့ ဒကာတော်လေးရဲ့ ဖခမည်းတော် မင်းကြီးတို့ အရေး ဖြစ်နေတယ်"

လက်အုပ်ချီထားသော လက်အစုံကို ရင်ညွှန့်ကို ဖိကပ်မိသွားသည်။ ဆရာတော် အဘယ်ကို ရည်ညွှန်းလေသနည်း။

"ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင်သည်ပင် ရောဟိဏီ

မြစ်ရေကို အကြောင်းပြုပြီး ရန်စစ်ကြီး ဖြစ်ကြအံ့ဆဲဆဲ ကပိလဝတ် သာကီဝင် မင်းတွေနဲ့ ကောလိယ သာကီဝင်မင်းတို့အရေးမှာ အကြား ဝင်တော်မူခဲ့ရသေးပါကလားလို့ နှလုံးသွင်းရတယ်"

ရောဟိဏီမြစ်ရေကို သူရထိုက်၊ ငါရထိုက် ငြင်းခုန်ကာ စစ်ကြီး ဖြစ်အံ့ ရင်ဆိုင်မိကြသော ကပိလဝတ်နှင့် ကောလိယ ဇာတ်ကြောင်းကို မယ်မယ် ပြောပြဖူး၍ ကျွန်ုပ် သိထားပြီးဖြစ်သည်။ ဆရာတော်သည် ထိုဇာတ်ကြောင်းဖြင့် ပမာခိုင်းနှိုင်းလိုက်ပါပကော။

"သာမဂ္ဂိမေဝ သိက္ခေယ၊ ဗုဒ္ဓေဟေတံ ပသံတိတံ။ သာမဂ္ဂိရတော ဓမ္မဋ္ဌော ယောဂက္ခေမာ နဝံသတိလို့ နှစ်ပြည်ထောင် သာကီဝင်မင်းတွေ ကို ဘုရားရှင် ဆုံးမစကား ဟောကြားခဲ့တယ်။ အနက်ကတော့ မင်း အပေါင်းတို့ ညီညွတ်ရန်ကိုသာ ကျင့်ကြံအား ထုတ်ကြ၊ ညီညွတ်ခြင်းကို အဆူဆူသော ဘုရားရှင်တို့ ချီးမွမ်းအပ်ပေ၏။ ညီညွတ်ခြင်း၌ မွေ့မြိုက် ပျော်ပိုက်ကာ သုစရိုက်ဆယ်ပါးတရား၌ တည်သူသည် ယောဂလေးတန် ကုန်ရာ မှန်သည့် နိဗ္ဗာန် ချမ်းသာမှ မလျှောကျ မဆုံးရှုံးချေတဲ့ ဒကာလေး"

ကျွန်ုပ် တုန်လှုပ်သွားသည်။ ခမည်းတော်နှင့် ကျွန်ုပ် ဤနှစ်ဦး၏ အရေးကိစ။ သားဖနှစ်ယောက်တို့အကြားမှ အရေးအရာသည် သာကီဝင် နှစ်ပြည်ထောင်တို့အကြားမှ ရောဟိဏီမြစ်ရေ စစ်ပွဲနှင့် ဘုရားရှင်၏ တရားတော်ဖြင့် နှိုင်းခိုင်းလောက်ရအောင် ကြီးကျယ်နေသတဲ့လား။

ဆရာတော်ကား မျက်လွှာချမြဲလျက်ကပင် ဆက်လက်မိန့်ကြား နေသည်။

"အိုမင်းမစွမ်း ရှိလာသူများဟာ ယခုဘဝ နောင်ဘဝအတွက် မိမိလုပ်စရာတွေကို ပြီးစီးထမြောက်အောင် လုပ်ဆောင်မသွားနိုင်မှာကို ပူပန်တတ်လာကြတယ်။ အိုမင်းမစွမ်းရှိတဲ့ ဘုရင်တစ်ပါးဆိုရင် ပိုပြီး ပူပန်သောက ဖြစ်ပေမယ်"

ငြိမ်သက်စွာ နားထောင်ရန်မှအပ ကျွန်ုပ်မှာ ဘာမှ လျှောက်တင် စရာမရှိပေ။

"ဒကာတော်မင်းကြီးက ဒီနေ့ ဆွမ်းကပ်လှူဒါန်းပြီးနောက်

ဆရာတော့်ကို အားကိုးတကြီးနဲ့ လျှောက်ထားခဲ့တယ်။ သူ့စကားတွေရဲ့ အနှစ်ချုပ်ကတော့ သူဟာ အနှစ်သုံးဆယ်နီးပါး အရိမဒ္ဒနပူရနဲ့ တမ္ဗဒီပ တိုင်းအတွက် ထီးနန်းပလ္လင်ကနေပြီး အုပ်ချုပ်စီမံခဲ့ပြီးပြီ။ အခုအခါမှာ သူဟာ ဇရာထဲကို ချဉ်းနင်းခဲ့ပြီ။ သူ့ရဲ့ ဘုရင်မင်းမြတ်ဘဝကို ပြန် သုံးသပ်ကြည့်လိုက်တော့ လုပ်သင့်လုပ်ထိုက်တာတွေ အောင်မြင်ခဲ့တာ တွေရှိသလို မလုပ်ချင်ဘဲ လုပ်ခဲ့ရတာ လုပ်သင့်တာတွေ မလုပ်ခဲ့ရတာ ကျေးဇူးရှိထားသူတွေအပေါ် အပြည့်အဝ ကျေးဇူးမတုံ့ပြန် မပေးဆပ် နိုင်ခဲ့တာတွေ အများကြီး ရှိနေပါလားလို့ သူသုံးသပ်မိသတဲ့။ ဒါတွေ အတွက် နောင်တ ပူပန်ခြင်းတွေ နှိပ်စက်နေတဲ့အတွက် တရားအမြိုက်နဲ့ ဆေးကြော သန့်စင်ပေးပါလို့ ဆရာတော့်ဆီကို ဦးတိုက်လျှောက်ထား ရှာတယ်"

ကျွန်ုပ်နှင့် ပတ်သက်လာမည့်အကြောင်းကို စောင့်မျှော် နားစွင့် ရလေသည်။

"သူ့ရဲ့ နောင်တပူပန်ခြင်းတွေအနက်မှာ ဒကာတော်လေးတို့ သားအမိနဲ့ သက်ဆိုင်တဲ့အကြောင်းကိစ္စလည်း တစ်ခုအပါအဝင် ဖြစ် တယ်။ သမ္ဘုလဟာ သူ့ကျေးဇူးရှင်။ သူနိမ့်ပါးစဉ်က သူ့ကို စိတ်ဓာတ် ခွန်အားတွေ အများကြီး ဖြည့်ဆည်းပေးခဲ့တဲ့ ပါရမီဖြည့်ဘက်လို့ သူ ကျူးရင့်တယ်။ ဒါပေမယ့် သမ္ဘုလအပေါ်မှာ သူဟာ ဘွဲ့တံဆိပ်နာမတစ်ခု၊ ရတနာအချို့နဲ့ ကျွန်သုံးရွာကိုသာပဲ ပေးအပ် ပိုင်ဆိုင်စေခဲ့တာကလွဲလို့ ထိရောက်တဲ့ ကျေးဇူးတုံ့ပြန်မှု မပြုနိုင်ခဲ့ဘူးလို့ ဆိုတယ်"

ဆရာတော်ရှေ့မှောက်တွင် ကိုယ်ခန္ဓာကြီးသာ ငြိမ်သက်စွာထိုင် နေရသော်လည်း အတွေးများကား အရှိန်အဟုန်ဖြင့် လှုပ်ရှားနေကြပေ ပြီ။

"ထိုနည်းတူစွာပဲ ဒကာတော်မင်းကြီးဟာ ဒကာတော်လေးနဲ့ ပတ်သက်ပြီး ထိခိုက်ခံစားစွာနဲ့ ဆရာတော်ရှေ့မှာ ရေရွတ်မြည်တမ်းခဲ့ တယ်"

ဇရာအရေးအကြောင်းများဖြင့်လျော့လျအိုမင်းနေသော ခမည်းတော် မျက်နှာကို မြင်ယောင်လာမိလေသည်။

## ရတနာပုံစာအုပ်တိုက်

"ထီးညွန့်နန်းလျှာ ထားချင်လှတဲ့ ဒကာတော် မင်းကြီးဟာ အပယ်ရတနာမိဖုရားကြီးက သမီးတော်လေး ရွှေအိမ်သည်ကိုပဲ ဖွားမြင်ခဲ့လေတော့ အခက်ကြုံခဲ့ရတယ်။ ရွှေအိမ်သည်က သား ယောက်ျားလေး ဖွားမြင်တဲ့အခါမှာ အတိုင်းမသိ ဝမ်းသာသွားခဲ့ပြီး မြေးတော်ကို ချစ်ခင်အားကိုးစွာနဲ့ ကလေးအရွယ်မှာပဲ ရင်ခွင်ပိုက် ဘိသေက ဆင်မြန်းပေးခဲ့တယ်။ ငါ့နန်းဟာ ငါ့မြေးဖို့သာ။ ငါကား နန်းစောင့်သာလို့ ကြွေးကြော်ခဲ့တယ်"

ဆရာတော် ဘာကြောင့် ဤမည်းမှောင်သော အတိတ်ကို တူးဆွနေရသနည်းဟု ကျွန်ုပ် မသက်မသာ ခံစားလာရတော့သည်။

"သည့်နောက် သူ့နန်းသက် နှစ်နှစ်ရပြီးချိန်မှာမှ ဒကာတော်လေးတို့သားအမိ ရောက်လာတယ်။ အင်း အဲဒီအချိန်က ဒကာတော်လေးဟာ ခုနစ်နှစ်သားအရွယ်ပဲ ရှိသေးတယ် မဟုတ်လား"

မေးခွန်းတစ်ခုက ရင်ထဲတွင် လှိုက်ဖုန်ဆူပွက်လာသည်။ သူထီးနန်းရပြီး နှစ်နှစ်လုံးလုံး တပည့်တော်တို့ သားအမိကို ဘာကြောင့်ပစ်ထားခဲ့ပါသလဲ ဘုရားဟူသော မေးခွန်း။ ဤမေးခွန်းကို မယ်မယ်အားကျွန်ုပ်မေးခဲ့စဉ် မယ်မယ်ဖြေခဲ့သော အဖြေစကားကို ကြားယောင်ပြန်သည်။

"နှစ်နှစ်လုံးလုံး သူပစ်ထားခဲ့တာ မဟုတ်ဘူး သား၊ ပတ္တမြားလက်စွပ်ပေးခဲ့စဉ်ကတည်းက သားယောက်ျားလေးဖွားလာရင် နန်းတော်ကို လိုက်လာခဲ့ဖို့ သူမှာခဲ့ပါတယ်။ သားကို မွေးပြီးချိန်မှာ သားက သိပ်ငယ်နေသေးလို့တစ်ကြောင်း၊ တမ္ဗဒီပတိုင်းကလဲ စစ်မက်ထူပြောနေချိန်မို့ တစ်ကြောင်းကြောင့် သားနဲ့ ဘိုးနဲ့မယ်မယ်တို့ တိုင်ပင်ပြီး သားခုနစ်နှစ်သားအထိ နေခဲ့ကြတာပါ။ သူပစ်ထားတာ မဟုတ်ပါဘူး သားရယ်။ မယ်မယ်တို့ကသာ အချိန်စောင့်ခဲ့ကြတာပါ"

မယ်မယ့် အဖြေစကားမို့သာ နားထောင်ခဲ့ရသော်လည်း ဤသည်ကို ကျွန်ုပ် ဘဝင်မကျနိုင်ခဲ့ပေ။ ခမည်းတော်မင်းကြီးသည် ပရိမ္မတောတောင်နှင့် ကြောင်းဖြူအရပ်သို့ ကျွန်ုပ်တို့ကို ရှာဖွေစုံစမ်း လွှတ်ရန် သတိမရဘူးတဲ့လား။ ကျေးဇူးရှင်ပါရမီဖြည့်ဘက်ဟု သူမြည်တမ်းခဲ့သော

သူ့သမ္မုလ၏ ကျေးဇူးတရားကို နှစ်နှစ်မျှသော ကာလအတွင်း သူသတိ မရခဲ့ဘူးတဲ့လား။ ကျွန်ုပ်တို့သာ အရိမဒ္ဒနပူရသို့ လိုက်မသွားခဲ့ပါက ကျွန်ုပ်တို့ သားအမိကို သူတစ်သက်လုံး ပစ်ထားမတဲ့လား…။ မယ်မယ် ကမူ ကျွန်ုပ်ကို ဤသို့ပူလောင်သော အတွေးစများဖြင့် ဆင့်ပွားမခံစား ရန် ဖျောင်းဖျခဲ့ချေသည်။

"သားအရင်း မြေးအဖျားဆိုသော်လည်း မြေးကားအရင်း၊ သားကအဖျား ဖြစ်ခဲ့ရတယ်ဆိုတဲ့ စကားကို သူရွတ်ဆို ညည်းညူတယ်။ နောက်ဆုံး ဘုန်းလက်ရုံးအာဏာနဲ့ ပြည့်စုံပြီး သက်ဦးဆံပိုင် ဘုရင် မင်းမြတ်တစ်ပါးဟာ သူ့ရဲ့ကိုယ်ရေးအမှု ကိစ္စတွေမှာ အနည်းနဲ့အများ ဆုံးရှုံးနစ်နာရတယ်နဲ့ တူပါရဲ့လို့ သူ့ကိုယ်သူ မှတ်ချက်ချတယ်။ အောင်မြင်ကြီးကျယ်သူတွေရဲ့ နှလုံးဟာ လူတွေထင်သလို မဟုတ်ပဲ၊ သူ့အကြောင်းနဲ့သူ ကွဲကြေပျက်စီးနေတတ်ပါကလားလို့လဲ သူ့စကားနဲ့သူ သံဝေဂယူတယ်။ ဆရာတော်က သူ့ကို ကံ ကံ၏ အကျိုးတရားကို လေးနက်စွာ ယုံကြည်ဖို့နဲ့ အစိုးရသူ၏ အစိုးမရခြင်း အနတ္တတရားနဲ့ ဖြေသိမ့်ဆုံးမလိုက်ရတယ် ဒကာတော်လေး"

"သူ တပည့်တော်နဲ့ ပတ်သက်ပြီး ဘာများလျှောက်ထားသွားပါ သေးလဲ ဘုရား"

ခမည်းတော်သည် ဆရာတော် မထေရ်မြတ်ကြီးထံ ခံစားမှုများ လာရောက်ဖွင့်အံကာ ဆရာတော်၏ အရှိန်အဝါဖြင့် ကျွန်ုပ်ကို နှစ်သိမ့် ပေးရန် အကူအညီ တောင်းခဲ့လေသလားဟု သံသယ ဖြစ်လာသဖြင့် ဆရာတော်ကို ကျွန်ုပ် မေးမြန်းလျှောက်ထားလိုက်မိသည်။

"ဒကာတော်လေးနဲ့ပတ်သက်ပြီး ဘာမှ လျှောက်ထားမသွားဘူး။ သူ့သောက ပရိဒေဝကိုပဲ ဖွင့်အံသွားခဲ့တယ်"

ရင်ထဲမှာ အနည်းငယ် သက်သာရာရသွားသည်။ စင်စစ် ကျွန်ုပ် ရောက်လာမည်ဟုလည်း ခမည်းတော် မသိခဲ့။ ဆရာတော့်ထံတွင် ကျွန်ုပ်တို့ ခမည်းသားနှစ်ဦး ကြုံကြိုက် ဆုံစည်းခဲ့ခြင်းသာပင်။

"တပည့်တော်ကို ဘာများ မိန့်ကြားစရာ ရှိပါသလဲ ဘုရား"

လျှောက်ထားပြီးမှပင် ကျွန်ုပ်၏ မေးခွန်းသည် မယဉ်ကျေးသော

စကားဖြစ်ကြောင်း သတိထားမိတော့သည်။ တမ္ဗဒီပ၏သာသနာပိုင်ချုပ် တစ်နိုင်ငံလုံး၏ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား ကျွန်ုပ် မေးမိသည်မှာ ရိုင်းပျသွားချေပြီလား။

"ဒကာတော်လေးက မင်းကြီးရဲ့ တစ်ဦးတည်းသောသားတော် ဖြစ်တယ်"

ဒါပေမယ့် ထီးနန်း အရိုက်အရာခံ သားတော် မဟုတ်ပါဘူး ဘုရားဟု ထက်ကြပ်မကွာပင် စိတ်ထဲက ရေရွတ်မိလေသည်။

"နောင်တ ပူပန်ခြင်း၊ ကုက္ကုစ္စတရားတွေနဲ့ ငြိမ်းအေးမှုမရ ရှိသေးတဲ့ ဖခင်တစ်ယောက်ရဲ့ နှလုံးသားကို သား တစ်ယောက်အနေနဲ့ ဒကာတော်လေး တတ်နိုင်တဲ့ဘက်က ကုစားဖြေသိမ့် ပေးနိုင်မယ်လို့ ဆရာတော် မျှော်လင့်ပါရစေ။ ဒီနေရာမှာ တိုင်းပြည်အရှင်ဘုရင်မင်းမြတ် ဆိုတာတွေ၊ ထီးနန်းပလ္လင်ဆိုတာတွေကို ဖယ်ခွာချထားကြစေချင်တယ်"

ရဲရဲနီသော သံတွေခဲပေါ်သို့ ရေများ လောင်းသွန်ချလိုက်သည့် အခါ ရှဲခနဲ မြည်သံနှင့်အတူ အငွေ့ခြောင်းခြောင်း ထသွားလေသည်။ ရဲရဲနီသော သံတွေခဲကား ကျွန်ုပ်၏ နှလုံးသားပင်။

ဆရာတော်သည် ခမည်းတော်အပေါ် မည်မျှ နားလည်၍ ကျွန်ုပ်အပေါ်တွင်ကော မည်မျှအထိ သိမြင်ထားလေသနည်း။ ကတိဝန်ခံစကား တစ်စုံတစ်ခု လျှောက်ထားရန် ကျွန်ုပ်မှာ အသင့်မရှိ။

"တပည့်တော်ကို ခွင့်ပြုတော်မူပါဘုရား"

နှုတ်ဆိတ်ငြိမ်သက်သွားသော ဆရာတော်အား ဝတ်ပြုပြီး ကျောင်းသခ်မ်းလေးကို ကျွန်ုပ် ခွဲခွာခဲ့သည်။

တောင်ထန်ပင်စည်းရိုးကို လွန်သည်နှင့် မြင်းကို ဇက်ဖွင့် ကဆုန်စိုင်းလိုက်တော့သည်။ ဖြစ်နိုင်လျှင် စကြဝဠာတံတိုင်း၏ ဟိုမှာဘက်အထိ ထွက်ပျံပစ်လိုက်စမ်းချင်တော့သည်။

◆ ◆ ◆

## ( ၂၃ )

ဓမ္မဒဿီ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား မယ်မယ် ဆွမ်းအမှုဒါနဖြင့် ပူဇော်သည့် အလှူပွဲပြီးသည့်နောက် သုံးရက်မြောက်တွင် ကျွန်ုပ် ဓညဝတီသို့ ထွက်ခွာခဲ့ရသည်။

ပရဏကာလံပရိယန္တံ ... အစချီကာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏ဟု မယ်မယ် ရွတ်ဆိုခဲ့သည်။ မယ်မယ်၏ အပြုအမူကို မူလ ကျွန်ုပ်မသိခဲ့။ သေဆုံးသူများအား သုသာန်တွင် သရဏဂုံ တင်သောအမှုကို မယ်မယ်က အသက်ရှင်လျက်ဖြင့် မိမိကိုယ်မိမိ ထိုသို့ သရဏဂုံတင်ခြင်းမှာ မထိတ်သာ မလန့်သာ ဖြစ်ရကြောင်း မယ်မယ့်ကို ကျွန်ုပ် ပြောခဲ့သည်။

ဆရာတော်က သေသူ၌ သရဏဂုံတင်ခြင်းသည် အချည်းနှီးဖြစ်ကြောင်းနှင့် အသက်ရှင်စဉ် မိမိကိုယ်မိမိ ဤသို့ သရဏဂုံတင်ခြင်းသာလျှင် အတ္တသန္နိယျာတန သရဏဂုံ ရတနာသုံးပါး၌ ဆောက်နင်း၍ ကိုယ့်ကိုယ်ကိုယ် စွန့်ခြင်း၊ တပ္ပရာယဏ သရဏဂုံ ရတနာသုံးပါး၌ လုံ့လျောင်းခြင်း၊ သိဿဘာဘရူပဂမန သရဏဂုံ၊ ရတနာသုံးပါး၌

တပည့်အဖြစ် ဆည်းကပ်ခြင်း ပါဏီပါတ သရဏဂုံ၊ ရတနာသုံးပါး၌ အသက်စွန့်၍ ကိုးကွယ်ဆည်းကပ်ခြင်း၊ သရဏဂုံလေးမျိုးကို ဟောကြားလျက် မယ်မယ်၏ သရဏဂုံတင်ခြင်းသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ စစ်မှန်သော အပြုအမူဖြစ်ကြောင်း မိန့်တော်မူလေသည်။

မယ်မယ့်အလှူပွဲပြီးသောအခါ ဆရာတော်က ကျွန်ုပ်နှင့်ပတ်သက်သော စကားဆိုရန်ရှိသည်ဟု မိန့်ပြန်သည်။ ခမည်းတော်မင်းကြီးနှင့် စပ်လျဉ်း၍ မည်သို့ ဆိုဆုံးမဦးမည်နည်းဟု ကျွန်ုပ်တွေးမိကာ စိတ်နှလုံး ကျဉ်းကြပ်သွားခဲ့သေးသည်။

သို့သော် ဆရာတော် မိန့်တော်မူသည်မှာ ခမည်းတော်နှင့် မပတ်သက်ခဲ့။

ကျွန်ုပ်နှင့် တိုက်ရိုက်ပတ်သက်သော အကြောင်းခြင်းရာပင်ဖြစ်သည်။

"တူရွှင်းတောင်ခြေမှာ ဒကာတော်မင်းကြီးဟာ ရေကန်တစ်ကန်တူးပြီး ကြာမျိုးငါးပါးစိုက်ခဲ့တယ်။ လူသူလေးပါး အရောက်အပေါက်မရှိတဲ့ အဲဒီဒေသကို ဘေးမဲ့တော သတ်မှတ်ထားတယ်။ ကျေးငှက်သာရကာတွေ ဘာသာဘာဝ တွန်ကြူးသံကလွဲပြီး အသံ ဗလံတွေ တိတ်ဆိတ်။ အလွန်သာယာ အေးချမ်းတဲ့နေရာ ဖြစ်တယ်။ အဲဒီရေကန်၊ ကြာတော၊ ဥယျာဉ်မှာ ပိဋကတ်တိုက်တစ်ခု တည်ဖို့ရှိတယ် ဒကာတော်လေး..."

ပိဋကတ်တိုက်။ ဝေးလံသီခေါင်သော တူရွှင်းတောင်ခြေ အရပ်ဒေသ။ ကျွန်ုပ်နှင့် မည်သို့ သက်ဆိုင်မည်နည်းဟု တွေးမိနေစဉ်...

"ပိဋကတ်တိုက်တည်ဆောက်ဖို့၊ ပိဋကတ်တော်များ ထားရှိပူဇော်ဖို့သာမက အဲဒီမှာ ပိဋကတ်တော်များကို သင်ယူလေ့လာဖို့အတွက် ဒကာတော်လေး ဦးစီးဆောင်ရွက်ရလိမ့်မယ်။ သိက္ခာသုံးပါးနဲ့ ပြည့်စုံတော်မူတဲ့ သံဃာတော်ခုနစ်ပါးတို့က ပိဋကတ်တိုက်ရဲ့ အလှည့်ကျ အစိုးအမှူးများအဖြစ် သီတင်းသုံးကြလိမ့်မယ်။ ဒီအမှုတွေကို ဆောင်ရွက်

ဖို့ ဒကာတော်လေး လက်ခံစေလိုတယ်”

မဟာထေရ်အရှင် အရှင်မောဂ္ဂလိပုတ္တတိဿ၊ အရှင်သုမေဓ ပဏ္ဍိတ်၊ အရှင်ဗြဟ္မပါလ၊ အရှင်ဗြဟ္မဒိဝ၊ အရှင်သောန၊ အရှင်သဃ် သေနဝရပဏ္ဍိတ် ဆရာတော်ကြီး ခုနစ်ပါး၏ အမည်စာရင်းကို ဆရာတော်က ကျွန်ုပ်အား ပြသသည်။

မယ်မယ်က ထိုတာဝန်ကိုယူရန် ကျွန်ုပ်အား လှိုက်လှဲစွာ တိုက်တွန်းခဲ့သည်။ “တိုင်းပြည်နဲ့ နိုင်ငံကို ထိပါးတဲ့ ခေါဘိဏီ ရန်သူတပ်တွေကို ထွက်တိုက်ဖို့ သေနာပတိမင်း ခန့်အပ်ခံလိုက်ရတာမျိုးထက် ပိုပြီးကြီးကျယ်တဲ့ အလုပ်ပဲသား။ ဟိုဟာက စစ်သေနင်္ဂနဲ့ မျိုးခြင်းရန်သူကို တိုက်ရတာ။ အခုဟာ အဝိဇ္ဇာနဲ့ မောဟတွေကိုတိုက်ဖို့ သားကို ဓမ္မသေနာပတိအဖြစ်ခန့်အပ်လိုက်တာလို့နားလည်ပါသား၊ ဂုဏ်ယူပါသား” ဟု မယ်မယ်သည် မျက်ရည်တွေဝဲကာ ပြောခဲ့လေသည်။

ဆရာတော်၏မိန့်မှာချက်၊ မယ်မယ်၏ အားပေးချက်များကြောင့် ထိုပိဋကတ်တိုက်ကိစ္စကို ကျွန်ုပ်လက်ခံလိုက်ရသော်လည်း စိတ်ထဲမှမူ လှိုက်လှဲဝင်စားခြင်း မရှိခဲ့။ တူရွှင်းတောင်ခြေဒေသ၊ ရေကန်တစ်ကန်နှင့် ဘေးမဲ့တောဟူသော အချက်များကသာ လူသူလေးပါးနှင့် သီးခြားနေ လိုသော ကျွန်ုပ်၏ဆန္ဒနှင့်ကိုက်ညီသဖြင့် လက်ခံခဲ့ခြင်းဖြစ်လေသည်။

သို့သော် ထိုပိဋကတ်တိုက်ကိစ္စကို စတင်ရန် ပြင်ဆင်နေချိန်မှာ ပင် ဓညဝတီ သံပျင်အဖွဲ့မှ စာချွန်ရောက်လာခဲ့သည်။ ရက္ခိုင်ဒေသ သက်မျိုးနွယ်စုတစ်စုဖြစ်သော မင်းကတုံ၏ လူများ လှုပ်လှုပ်ရှားရှား ရှိနေကြောင်း၊ ထောင်ထားခြားနားရန် လူသူလက်နက် စုနေသည်ဟု သတင်းရကြောင်းနှင့် ဓညဝတီ မင်းကိုယ်တော်တိုင် ကြွချီရှင်းလင်းပေး ပါရန် တောင်းပန်လျှောက်ကြားစာ ဖြစ်သည်။

မယ်မယ်၏ ကျန်းမာရေးမှာလည်း အတော်အတန်ကောင်းမွန် တိုးတက်လာခဲ့ပြီဖြစ်ရာ ပိဋကတ်တိုက်ကိစ္စ၌ စိတ်အားထက်သန်ခြင်း မရှိသည့်အတူတူ တောင်စဉ်ခုနစ်ခရိုင်အရေး ပေါ်လာသည့်အတွက် ကျွန်ုပ် ဓညဝတီသို့ ထွက်ခွာခဲ့သည်။

## ရတနာပုံစာအုပ်တိုက်

ရှုပ်ထွေးသော အတွေးစဉ်များဖြင့် ဖွဲ့ချည်ခြင်းခံနေရသည့် ဤအရိမဒ္ဒနပူရမြေပေါ်မှ ထွက်ခွာခဲ့ရခြင်းကို ကျွန်ုပ် ကျေနပ်မိသည်မှာလည်း အမှန်ပင် ဖြစ်လေသည်။

◆◆◆

( ၂၄ )

သက်မျိုးနွယ်စု မင်းကတုံ၏ လူများ ထောင်ထားခြားနားမှုမှာ ပြောပလောက်စရာ မဟုတ်ကြောင်း တွေ့ရလေသည်။ စင်စစ်မူ သက်မင်းတုံ ကိုယ်တိုင်သည်ပင်လျှင် ခမည်းတော်၏ ကြေအေးစေ့စပ်မှု အရ ရန်မီးငြိမ်းသတ်ကာ မဟာမိတ်လက်အောက်ခံ ဖြစ်ပြီးခဲ့ပေပြီ။ သက်မျိုးနွယ်စုတို့သည် သူတို့ခေါင်းဆောင် မင်းကတုံး၏ စစ်ပြေငြိမ်းချမ်းရေးကိုလက်မခံနိုင်ကြဘဲ ရှိသမျှလူသူလက်နက်ကို စုဆောင်းကာ တစ်စခန်းထကြခြင်းသာ ဖြစ်သည်။

ကျွန်ုပ်ကိုယ်တိုင်တပ်ဦးတံခွန်မှ ချီတက်လာပြီဟု သတင်းရလျှင်ရခြင်းပင် သက်မျိုးနွယ်စုတို့သည် အလွတ်တကူပင် အညံ့ခံကြသည်။ သူတို့အားလုံးကို သုံ့အဖြစ် ခေါ်ဆောင်ခဲ့ပြီးမှ သုံ့မှလွတ်ကာ တောင်စဉ်ခုနစ်ခရိုင်အနက်မှ တစ်ခုသောခရိုင်၏ အစိတ်အပိုင်း နယ်ပယ်သတ်မှတ်ပေးထားလိုက်သည်။ ထိုအခါ သက်မျိုးနွယ်စုတို့သည် ကျေနပ်ဝမ်းမြောက်စွာဖြင့် ငြိမ်းချမ်းသော သစ္စာတော်ခံများအဖြစ်ကို ခံယူသွားကြသည်။

ခေညဝတီ နေပြည်တော်တွင် မင်းဘဏ္ဍာ အခွန်အတုပ်များ အရေးကို စီမံခန့်ခွဲရန်လည်း ပြောပလောက်အောင် မရှိပေ။ ကျွန်ုပ် ကိုယ်စား အာဏာသက်ရောက်စေလိုက်သော သံပျင်အမတ်အဖွဲ့နှင့်ပင် အားလုံးနေသားတကျ ရှိခဲ့ပြီးဖြစ်သည်။

ခေညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ကို လှည့်လည်ရင်း ဆောင်ရွက် ဖွယ်များနှင့် အချိန်ကို ကုန်လွန်စေခဲ့သည်။ ဤ ကာလများအတွင်း မင်းမှုရေးရာများ၌ စိတ်ကို နှစ်မြုပ်ထားနိုင်ခဲ့သော်လည်း အမှုကိစ္စများ ပြီးဆုံးသွားသည်နှင့် အတွေးများ ပျံ့လွင့်ရပြန်သည်။

မယ်မယ်၊ ခမည်းတော်မင်းကြီး၊ ခမ္မဒဿီ ဆရာတော် အရှင် အရဟံ၊ အစ်မတော် ရွှေအိမ်သည်တို့ သားအမိ အကြောင်းများက အတွေးထဲကို အလိုအလျောက်ပင် ဝင်ရောက်လှည့်လည်ကြသည်။ မင်းနန်းသူရွှာ ကွန်သာယာမှ ဖြစ်ရပ်ကလည်း ပူနွေးလတ်ဆတ်ဆဲ။

အထီးတည်း ခံစားရမှုဖြင့် ဆောက်တည်မဲ့ဝေဒနာများက ဘောင်ဘင်ခတ်လာကြသည်။ ဧရာဝတီဆိပ်ကမ်းတွင်ကြုံခဲ့ရသော ဦးဖီး ၏ ဖောင်ဖွဲ့လေ့ကျင့်မှုမှ သေနင်္ဂပရိယာယ်ကိုလည်း အမှတ်တရ တွေးမိ သည်။ ပျက္ခယွေတောထဲတွင် ကျွန်ုပ်၏ လုံလျင်နှင့် အလောင်းစည်သူ၏ မြားတံတို့ အတူတကွ ဆုံစည်းစွဲဝင်ကာ လဲကျသေဆုံးနေသော တောဝက်ကြီးကိုလည်း မြင်ယောင်ပြန်သည်။

မယ်မယ်၏ စူးရှထက်မြက်သော စကားလုံးများ။ အရှင်အရဟံ ဆရာတော်ကြီး၏ ဆုံးမစကားများ၊ ခမည်းတော်မင်းကြီး၏ ဇရာဖိစီး သော မျက်နှာနှင့် ရီဝေမှုန်သီ မျက်လုံးများက စက်ရာဆောင်၏ ညဥ့် များစွာတို့ကို ခြယ်လှယ်နေကြသည်။ ငဆောင်ချမ်းရွာသားတစ်ယောက် ရေရွတ်ခဲ့သော စကားများကလည်း နားထဲမှ မထွက်။ အစ်မတော် ရွှေအိမ်သည်၏ ကရုဏာအကြည့်နှင့် မေတ္တာ မျက်ဝန်းအိမ်များအနီး တွင် အလောင်းစည်သူ၏ မျက်နှာပေါ်လာတတ်သည်။

တစ်ခါတစ်ရံ အိပ်မက်ထဲ၌ ကျွန်ုပ်သည် သရပါမုခ်တံခါးဝ တွင် ရပ်နေသည်ဟု မြင်မက်သည်။ ကျွန်ုပ်၏ရှေ့တွင် လမ်းမြွာများသည် မြားမြောင်လှစွာ အပြိုင်းအရိုင်း ဖြာထွက်နေလေရာ မည်သည့်လမ်းကို

လျှောက်ရမှန်းမသိဘဲ ချောက်ချားနေသည်။ ထိုအခါ ကျွန်ုပ်သည် အိပ်မက်မှ လန့်နိုးလာကာ မောဟိုက်နေတတ်လေသည်။

တစ်ခါတစ်ရံလည်း အိပ်မက်ထဲတွင် ကျွန်ုပ်သည် ကြီးမားလှစွာသော ကွန်ပြောက်တရားရုံးကြီး တစ်ခုထဲ ရောက်နေတတ်သည်။ သင်ဖမ တရားစီးအဖွဲ့ဝင်များမှာ ကွန်တစ်ခုလုံးအပြည့် ရှိနေပြီး ကျွန်ုပ်နှင့် တရားယှဉ်ဘက်မှာ အစ်မတော် ရွှေအိမ်သည်နှင့် အလောင်းစည်သူတို့ ဖြစ်နေသည်။

ကျွန်ုပ်တို့ အမှုဖြစ်ပွားကြသည်မှာ ထီးဖြူတစ်လက်ကို ပိုင်ဆိုင် အငြင်းပွားမှုဖြစ်ပြီး သင်ဖမအဖွဲ့က ကျွန်ုပ်ကို အနိုင်ပေးစီရင်လိုက်ကြသည်။ ထီးဖြူကို ကျွန်ုပ်လှမ်းယူလိုက်ပြီးနောက် ကျွန်ုပ်လက်ထဲရောက်လာသောအခါ ထီးဖြူမဟုတ်တော့ဘဲ ပျက္ခယွေတောင်ပေါ်မှ မုဆိုးငစဉ့် လှမ်းပေးသော တောဝက်စို့ကင်ကြီး ဖြစ်နေလေရာ ချောက်ချားတုန်လှုပ်စွာဖြင့် အိပ်မက်မှ လန့်နိုးခဲ့ရပြန်လေသည်။

ခြောက် အိပ်မက်များကိုသာ တစ်ခုမဟုတ် တစ်ခု မြင်မက်လာသည့်နောက်ဆုံး၌ ဓညဝတီတွင် ကျွန်ုပ်တစ်ကိုယ်တည်း အထီးကျန်ဆက်လက်မနေသင့်တော့ဟု စဉ်းစားမိသည်။ မင်းတစ်ပါး၏ အဆောင်အယောင်များနှင့် ဘုန်းအာဏာတို့သည်လည်း ကျွန်ုပ်၏ ငြိမ်းအေးပြည့်စုံမှုကို မပေးနိုင်ကြ။

တမ္ပဒီပတိုင်းနှင့် အရိမဒ္ဒနပူရ နေပြည်တော်တို့သည်ပူနွေးသော အခိုးအငွေ့များဖြင့် ကျွန်ုပ်ကို ဆွဲငင်ဖမ်းစားနေသည်ဟု ခံစားလာရသည်။ ထို့ကြောင့် ဓညဝတီသို့ ရောက်ပြီး တစ်လမပြည့်မီမှာပင် အရိမဒ္ဒနပူရသို့ ပြန်ရန် ကျွန်ုပ် ဆုံးဖြတ်လိုက်တော့သည်။

ဤဆုံးဖြတ်ချက်အတိုင်း အလျင်အမြန် မဆိုင်းမတွ ပြန်ဖြစ်စေသော နောက်ထပ်အကြောင်းတစ်ခု ပေါ်ပေါက်လာသည်။ ယင်းကား အရိမဒ္ဒနပူရမှ ရောက်လာသော မြင်းစေတမန် ဖြစ်သည်။ မြင်းစေတမန်သည် အစ်မတော် ရွှေအိမ်သည်၏ သဝဏ်ကို သယ်ဆောင်လာသည်။ သဝဏ်ပါ အကြောင်းအရာမှာ မယ်မယ့် ဝေဒနာသည်းနေ၍ အမြန်ဆုံးလာခဲ့ပါရန် မှာကြားချက် ဖြစ်လေသည်။

**ရတနာပုံစာအုပ်တိုက်**

ဝက်ကြီးအင်းရွာစပ် တောအုပ်သို့ရောက်ချိန်မှာ ညဉ့်သန်းခေါင်ချဉ်းတော့မည်ဖြစ်သည်။ မယ်မယ့်အတွက် ကြီးစွာသော ပူပန်ကြောင့်ကြစိတ်ဖြင့် အရပ်အနား မရှိသလောက် နေ့ရောညပါ ခရီးပြင်းနှင်ခဲ့လေရာ ဝက်ကြီးအင်းရွာအဝင် တောအုပ်ရောက်သောအခါ မြင်းသည်ကလန်အစုမှ မြင်းကြီးများမှာ အဆမတန် မောဟိုက်၍ ခြေကုန်သွားကြတော့သည်။

ကလန်မှူးတစ်ဦးက ပိန်းပိတ်သား မှောင်မည်းနေသော တောအုပ်ကို ညွှန်ပြကာ ဆက်လက်သွားရန် မည်သို့မျှ မဖြစ်နိုင်တော့ကြောင်း မြင်းများမှာလည်း မျက်ဖြူလန်ကာ အမြှုပ်တစီစီ ထွက်နေကြပြီဖြစ်ကြောင်း ပြောလေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ခေညဝတီမှ တမ္ဗဒီပတိုင်းသို့အရောက် ခရီးတစ်လျှောက်တွင် မြင်းသုံးစီအထိ လဲခဲ့ရသည်ဖြစ်လေရာ ကလန်မှူး၏ စကားကို မငြင်းသာတော့ပေ။

ထို့ကြောင့် ဝက်ကြီးအင်းတောအုပ်၌ တစ်ညဉ့်တာ ခေတ္တနား၍ စခန်းချရန် အမိန့်ပေးလိုက်ရသည်။ ဝက်ကြီးအင်းနှင့် ရှေ့ခရီးဖြစ်သော လယ်ယားရွာအကြား ခရီးမှာလည်း တောင်ကမူများ၊ လျှိုများအတိပြီးသော ခရီးခဲဖြစ်လေသည်။ လယ်ယားရွာပြီးလျှင် တောင်ဘီကိုကျော်ဖြတ်ရမည်။ တောင်ဘီကို လွန်ပြီးမှ အရိမဒ္ဒနပူရ နေပြည်တော်သို့ ဝင်သောလမ်းမကြီး ဆုံရာသို့ရောက်မည်။

"တစ်ညဉ့်တာ စခန်းချတယ်ဆိုပေမယ့် အရုဏ်သမ်းပြီဆိုတာနဲ့ ချက်ချင်းထွက်မယ်။ မင်းတို့အားလုံး နိုးနိုးကြားကြားရှိ။ လယ်ယားနဲ့ တောင်ဘီကို တစ်နေ့ချင်းအတွင်းနှင်မယ်။ နေပြည်တော်လမ်းကြီးဆုံရာကို ညနေ နေဝင်ချိန်ရောက်ရမယ်။ ကျုံးမြို့ရိုး တံခါးငယ်ကို ညဉ့်ဦးမှာ ရောက်ရမယ်၊ အရှေ့သရပါ အလယ်တံခါး မုခ်ကြီးကနေမဝင်ဘူး။ ခရီးအတိုဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် တို့နှင်ရလိမ့်မယ်"

ကလန်ရဲမက်များကို အစောင့်အလှည့် ကင်းချထားပြီးနောက် ကျွန်ုပ် ကညင်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ခဲ့သည်။ မီးတုတ်တိုင်များကို မငြိမ်းသတ်ဘဲ သစ်ပင်ခွကြားနှင့် မြေပျော့၌ စိုက်ထားရန်လည်း အမိန့်ပေးလိုက်သည်။

ရဲမက်များ အတုံးအရုံး အိပ်ပြီဖြစ်သော်လည်း ကျွန်ုပ်မှာမူ မယ်မယ့်အတွက် ကြီးစွာသော ပူပန်သောကကြောင့် အိပ်ရန်မစဉ်းစား နိုင် အိပ်ချင်စိတ်လည်း စိုးစဉ်းမျှမရှိ။ အရဏ်သမ်းလာမည့် အရှေ့ဘက် ကောင်းကင်ကိုသာ မမှိန်မသုန် စောင့်ကြည့်ရင်း မယ်မယ့်အတွက် မနားတမ်း ဆုတောင်းနေမိတော့သည်။

မယ်မယ်... တစ်ခုခုဖြစ်မသွားပါစေနှင့်။ သားလာနေပါပြီ မယ်မယ်။

ကျွန်ုပ်၏ တစ်ခုတည်းသော ကမ္ဘာလောက၊ ကျွန်ုပ်၏ ရင်သန ခြင်း၊ ကျွန်ုပ်၏ အသက်ဝိညာဉ် မယ်မယ် ဘုရားရှင် တန်ခိုးတော်နှင့် မယ်မယ် ဝေဒနာ သက်သာပါစေ...။

နိုးကြားပူလောင်သော အာရုံတွင် ထူးခြားသော တစ်စုံတစ်ခုကို ရရှိခံစားလိုက်ရသည်။ အမဲလိုက်အလေ့ ကျွမ်းကျင်ခဲ့ခြင်း၏ အလိုလို အသိဖြင့် အမှောင်ရိပ်ဆီမှ တစ်စုံတစ်ခုကို အနံ့ရလိုက်သည်။

ပိန်းပိတ်သား မည်းမှောင်သော တောအုပ်၊ အလင်းချိန့်သည့် ကောင်းကင်မှ ဖြော့တော့သော ကြယ်ရောင်...။ မီးတိုင် အလင်းရောင် ဖြန့်ကျက်ရောက်ရှိရာ တစ်ဖက်ခင်တန်းဆီမှ လှုပ်ရှားမှု တစ်ခု။ ချိုးချိုးချွတ်ချွတ်အသံ။ တိရစ္ဆာန်တစ်ကောင်၏ အလိုလိုသိတတ်သည့် အာရုံမျိုးဖြင့်...။

ကညင်ပင်ကြီး၏ပင်စည်မှ ရုတ်ခနဲခွာကာ မြေပေါ်သို့ လူးလိမ့် ချလိုက်သည်။ တစ်ချိန်တည်းလိုလိုမှာပင် လေထဲမှာ ပျံသန်းလာသော အသံတစ်သံနှင့်အတူ ကညင်ပင် ပင်စည်တွင် ဒုတ်ခနဲမြည်သံပေါ်လာ သည်။ မီးတိုင်အလင်းရောင်တွင် ပင်စည်၌ စိုက်နေသော မြားတစ်စင်း။

"ရန်သူ"

ကျွန်ုပ်၏ အော်ဟစ်သံက တောအုပ်တစ်ခုလုံး ရိုက်ခတ်သွား သည်။ ခင်တန်းစပ်ဆီမှ တရှန်းရှန်းအသံများ ပေါ်လာကာ တောအုပ်၏ အမှောင်နှင့် မီးတိုင်၏ အလင်းထဲ၌ ရိပ်ခနဲ ရိပ်ခနဲ ရန်သူများကို တွေ့လိုက်ရသည်။

"တောပုန်းဓားပြတွေ"

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာသည်။ မီးတိုင်အလင်းရောင်မှ ထွက်ကာ အမှောင်ထုထဲသို့ ကျွန်ုပ် ခုန်ဝင်လိုက်သည်။ မြင်းဟီသံများ ဓားသွားခတ်သံများဖြင့် ရုတ်ခြည်းပင် ငရဲပွက်သလို ဖြစ်သွားသည်။ မီးတိုင်များမှာ အလင်းအား ဖျော့တော့နေကြပြီဖြစ်ရာ ရန်သူများကို သဲကွဲစွာ မတွေ့ရဘဲ တစ်ချက်တစ်ချက်မှသာ ပြိုးပြက်သွားသော ဓားသွားများကို မြင်လိုက်ရသည်။

တောပုန်းဓားပြများသည် အမှောင်ထဲ၌ ကျွမ်းကျင်စွာ မတိုက်ခိုက်နိုင်ကြကြောင်း ကျွန်ုပ် ချက်ချင်းသိလိုက်သည်။ သူတို့သည် အတိုက်အခိုက်လည်း မကျွမ်းကျင်။ တောပုန်းများဖြစ်လျက် တောအုပ်နှင့် အမှောင်ကိုလည်း မရင်းနှီး။ သစ်ပင်ချုံနွယ်များ ရှုပ်ထွေးနေသည့်အပြင် မလင်းတလင်း အလင်းရောင်ကို အသုံးပြုနေရသောကြောင့် ကျွန်ုပ်၏ ဓားချက်များမှာလည်း ထင်သလောက် မထိရောက်ကြ။

ရုတ်ရုတ်သဲသဲနှင့် ကစဥ့်ကလျားတိုက်ပွဲပင်။

ရိပ်ခနဲ ခုန်ဝင်လာသူ။ ဓားဖြင့် တွတ်လိုက်သောကြောင့် အသံအုပ်အုပ် ညည်းကာ မှောင်ထဲ၌ ပျောက်ကွယ်ပြေးဝင် သွားသူများဖြင့် ရှုပ်ထွေးနေသည်။ ကျွန်ုပ်မှာလည်း ကညင်ပင်ကြီးကို ကျောဖြင့်အပ်ထားခြင်းဖြင့် နောက်ကျောဘက်မှ ရန်သူကို အကာအကွယ်ယူထားရပြီး တစ်စတစ်စ ချည့်နဲ့လာသော မီးတုတ်အလင်းရောင်တွင် ပေါ်လာသမျှ ရန်သူများကိုသာ မှန်းဆ၍ တိုက်ခိုက်နေရသည်။

ထိုစဥ် မိုက်မဲသော ဓားပြတစ်ယောက်သည် ကညင်ပင်ခွဆုံတွင် တင်ထားသော မီးတုတ်အလင်းရောင်အောက်သို့ ဝင်လာသည်။ မီးတုတ်အလင်းရောင် မှိန်ဖျော့နေသော်လည်း ပစ်ကွင်းကမူ အထင်အရှားပင်။ ဓားပြဆီသို့ ဓားမြှောင်ဖြင့် ပစ်စိုက်ရန် ခါးစည်းကြိုးအကြားမှ ဓားမြှောင်ကို ကျွန်ုပ် ဆွဲထုတ်လိုက်သည်။

သို့သော် ဓားပြ၏ ရင်အုံသို့ ချိန်ရွယ်ပြီးသား လက်ထဲက ဓားမြှောင်ကို ပစ်လွှတ်ကာနီး တဒင်္ဂကာလလေး၌ မမျှော်လင့်သော အရာတစ်ခုကို ကျွန်ုပ် တွေ့လိုက်ရသည်။ ထိုအရာကြောင့် ကျွန်ုပ်၏ ဓားမြှောင်သည် မဆိုစလောက် နောက်ကျသွားခဲ့ရာ ရန်သူသည်

အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ရုတ်ရုတ်သဲသဲ တိုက်ပွဲကိုပင် ကျွန်ုပ် မေ့သွားသည်။

လုံးဝမမျှော်လင့်သော အရာ။ မယုံနိုင်လောက်အောင် တွေ့မြင်လိုက်သောအရာ။ ထိုအရာကား တောပုန်းဓားပြဟု ကျွန်ုပ်ထင်ခဲ့ပြီး တစ်ချိန်လုံးအမှောင်ထဲတွင် တိုက်ခိုက်ခဲ့သော ရန်သူ၏ ကိုယ်ကြပ်အဝတ်။

အရိမဒ္ဒနပူရ ကလန်စစ်သည် ဝတ်စုံ။

အတိုင်းမသိအံ့အားသင့်ခြင်းဖြင့် ကျွန်ုပ် ကြက်သေသေသွားစဉ်မှာပင် အမှောင်ထဲမှ အော်သံတစ်ခု ကြားလိုက်ရလေသည်။

"ရဲမက်တို့ ပြန်ဆုတ်ကြ။ တိုက်ပွဲအခွင့်မသာဘူး။ ရာဇကုမာရ ဒီတစ်ကြိမ်တော့ သင်အသက်ရှင်နေလိုက်ဦးပေါ့"

"အမှောင်ထဲတွင် ဖရိုဖရဲ ဆုတ်ခွာသွားသံများ ကြားလိုက်ရသည်။ တောအုပ်သည်လည်း အမှောင်ထဲ၌ ပြန်လည် ငြိမ်သက်သွားသည်။ ထိုငြိမ်သက်မှုတွင် တဖြည်းဖြည်း ဝေးလံသွားသော မြင်းခွာသံများကို ကြားရသည်။

တောပုန်းဓားပြများမဟုတ်။ ရန်သူကား အရိမဒ္ဒနပူရမှ ကလန်စစ်သည်များ။

မီးတုတ်များ ချက်ချင်း ပြန်ထွန်းညှိလိုက်ကြသည်။

ကျွန်ုပ်၏ ရဲမက်များ တစ်ဦးတစ်ယောက်မျှ အသေအပျောက်မရှိ။ ဒဏ်ရာ အနာတရ ရကြရုံသာ ရှိသည်။ မြင်းများလည်း ဘာမှမဖြစ်ကြ။ တောအုပ်၏ အမှောင်ထုကား ကျွန်ုပ်တို့ကိုရော ရန်သူကိုပါ အခက်ကြုံစေခဲ့သည်။ သို့သော် တိုက်ပွဲကို ကျွန်ုပ် စိတ်မဝင်စားတော့။

မီးရောင်တွင် ကျွန်ုပ် မြင်လိုက်ရသော ရန်သူ၏ ဝတ်စုံသည်သာ အကြီးကျယ်ဆုံး ပြဿနာဖြစ်နေသည်။ ကျွန်ုပ်ပင် မျက်စိမှားခဲ့သလား။

"အရှင့်သားကိုယ်တော်ကြီး။ကျွန်တော်မျိုးတို့တိုက်တာ တောပုန်းဓားပြတွေ မဟုတ်ဘူး"

"ဘာ..."

ရဲမက်တစ်ယောက်၏ အမောတကော ပြောသံကြောင့် ကျွန်ုပ်

ပို၍ တုန်လှုပ်သွားသည်။ ရဲမက်သည် အခြားရဲမက်များနှင့် အချင်းချင်း ကြည့်လျက်...

"သူတို့ဟာ အရိမဒ္ဒနပူရ ကလန်စစ်သည်တွေပဲ အရှင့်သား"

ကျွန်ုပ် မျက်စိမှားခြင်း မဟုတ်တော့ပြီ။ အားလုံးပင် ရန်သူကို မြင်လိုက်ကြရလေပြီ။

"အလိုလေး...ဘယ်လိုဖြစ်တာလဲ။ ငါတို့ကို နေပြည်တော်က စစ်သည်တွေက တိုက်သတဲ့လား။ ဘာတွေဖြစ်ကုန်ကြပြီလဲ"

ရဲမက်တစ်ဦးက ကတုန်ကယင် ရေရွတ်သည်။

ကျွန်ုပ်၏ လက်ရုံးသွေးကြောများ၌ တစစ်စစ်ကိုက်ခဲလာသည်။

"သူတို့ ဆုတ်အသွားမှာ အော်သံကြားလိုက်ပါသေးတယ်။ အရှင့်သားကို အမည်တပ်ပြီး ဒီတစ်ကြိမ်တော် အသက်ရှင်နေလိုက် ဦးပေါ့တဲ့"

ကျွန်ုပ် ဘာစကားမျှ မဆိုနိုင်။

"ဟောဒီမှာ ဆူးချုံနဲ့ ငြိကျန်ခဲ့တဲ့ ကိုယ်ကြပ် ဖျဉ်စအပိုင်းပါ အရှင့်သား"

ရဲမက်တစ်ဦးယူလာပြသော ဖျဉ်စအပိုင်းငယ်ကို ကျွန်ုပ်လှမ်းယူကာ မီးရောင်တွင် ကြည့်လိုက်သည်။ ငှက်ခါးရောင် ဖျဉ်စ။

အရိမဒ္ဒနပူရ နန်းတော်တွင် ခမည်းတော်မင်းကြီးမှအစ မင်းဆွေစိုးမင်းမျိုးတို့အတွက် ကိုယ်ပိုင် ကိုယ်ရံတော်သက်စောင့်ကလန် အဖွဲ့များအား အရောင်အသွေးအသီးသီး ခွဲခြားပေးထားရာ၌ ဤ ငှက်ခါးရောင်ကား အလောင်းစည်သူ၏ ကလန်တပ်ဖွဲ့အရောင်။

"ဘုရား...ဘုရား။ ဒါ ဒါ..."

ရဲမက်တစ်ဦးက ဗလုံးဗထွေး ရွေ့ရွတ်သည်။

ရှုပ်ထွေးသော တိုက်ပွဲဖြစ်ပွားနေစဉ်ကတည်းက ကျွန်ုပ် သင်္ကာ မကင်း ရှိခဲ့သည်။ တောပုန်းဓားပြများ ဖြစ်ပါလျက် တောလည်း မကျွမ်း၊ အမှောင်ကိုလည်း မကျွမ်းကြပါကလားဟု တွေးမိခဲ့သေးသည်။ ယခု ကား အဖြစ်မှန်ကို တွေ့ကြရပြီ။

သူတို့သည် တောပုန်းဓားပြများ မဟုတ်။ အလောင်းစည်သူ

၏ ကလန်တပ်ဖွဲ့မှ စစ်သည်များပေတကား။

ရန်သူအစစ်အမှန်သည် ဘွားခနဲ ထွက်ပေါ်လာခဲ့ချေပြီ။

လက်ဖဝါးပြင်ထဲသို့ လက်ချောင်းများ နစ်မြုပ်သွားမတတ် လက်သီးဆုပ်လိုက်ပြီးမှ ခက်ခဲစွာ ပြန်ဖြည်လိုက်ရသည်။

ရဲမက်များကို စုရုံးခိုင်းလိုက်သည်။ ထို့နောက် အသက်ပြင်းပြင်း တစ်ချက်ရှိုက်ကာ ကျွန်ုပ် သူတို့ကို ပြောသည်။

"အားလုံး နားထောင်ကြ။ ဒါအမိန့်။ ဒီတိုက်ပွဲအကြောင်းကို မင်းတို့အားလုံး ဒီမှာပဲ ထားခဲ့ကြ။ ဘာမှ မဖြစ်ခဲ့ဘူးလို့ သဘောထား လိုက်။ အချင်းချင်းတောင်မှ စကားစပ်ပြီး မပြောရဘူး နားလည်လား။ မင်းတို့ အားလုံးဟာ တစ်နေ့ငါ့ရဲ့ သူကောင်းပြုခြင်းကို ခံရမယ့် သစ္စာတော်ခံတွေလို့ ငါနားလည်ချင်တယ် ကြားလား"

သူတို့အားလုံး ဒူးထောက်လျက် သစ္စာခံကြသည်။

အရှေ့ဘက်ကောင်းကင်တွင် အရုဏ်သမ်းလာသည်။

"မြင်းတွေပြင် ခရီးဆက်ကြစို့"

မယ်မယ်၏ ကျန်းမာရေး၊ မယ်မယ့်ရောဂါသက်သာပျောက်ကင်းရေး၊ ထို့နောက် ရန်သူအစစ်အမှန်ကို သုတ်သင်ရှင်းလင်းရေးတည်း ဟူသော ဦးတည်ရည်ရွယ်ချက် နှစ်ခုဖြစ်လာသောအခါ ကျွန်ုပ်၏ ပြည်ဝင်ခရီးသည် များစွာမှပင် အဓိပ္ပာယ် လေးနက် ကြွယ်ဝခဲ့ပေပြီ။

ဝက်ကြီးအင်းကို ကျော်ဖြတ်ချိန်၌ လင်းအရုဏ်သည် ကောင်းစွာ ဖြန့်ကျက်ပေပြီ။ ထို့အတူပင် တစ်ချိန်လုံးလုံး ရက်လနှစ်များစွာ ဝေဝါး ထွေပြားစွာဖြင့် ကျွန်ုပ်၏ အတွေးစဉ်၌ ရှုပ်ထွေးနောက်ကျိခဲ့လေသော ချီတုံချတုံဖြစ်ခဲ့ရလေသော သက်ချည်တက်ချည် ဖြစ်ခဲ့ရလေသော ခက်ခဲ ရှုပ်ထွေးသည့် ပြဿနာကြီးသည်လည်း လင်းချင်းတောက်ပခဲ့ပေပြီ။

အလောင်းစည်သူ...။

ဘုန်းသမ္ဘာတောက်ပလာကာ တိုင်းသားပြည်သူတို့၏ လေးမြတ် မှုကို ခံယူလာသည့် ကျွန်ုပ် ရာဇကုမာရအား ရင်ခွင်ပိုက် ဘိသေကဖြင့် ရရှိထားသော သူ့ထီးနန်း၏ ရန်စွယ်ရန်ငြောင့်ဟု သင်း သတ်မှတ်ပေပြီ။ ရန်သူအစစ်အမှန်ကို နီးကပ်စွာ ပျောက်ဆုံးနေသော ကျွန်ုပ်အတွက်

သူ့ဘက်မှ စတင်ကာ ရန်သူပါဟု ကြွေးကြော် ပြသထင်ရှားစေခဲ့ပြီ။

ကျွန်ုပ်လုပ်ရမည့် အလုပ်သည် ယခုမှပင် ပြတ်သားပေါ်လွင်ခဲ့ပြီ။

အိုမင်းမစွမ်းရှိလေသော ခမည်းတော်သည်လည်း အရေးအရာ မဟုတ်။

အစ်မတော် ရွှေအိမ်သည်သည်လည်း တကယ်တမ်း ထည့်သွင်းစဉ်းစားစရာမဟုတ်။

ကျွန်ုပ် လုပ်ရမည့် အလုပ်မှာ…

မယ်မယ့်ကို ကျန်းမာရေးရွှင်လန်းစေရေး။ ထို့နောက်…

အလောင်းစည်သူကို သုတ်သင်ဖယ်ရှားကာကအရိမဒ္ဒနပူရ ထီးနန်းကို ထိုက်တန်စွာ သိမ်းပိုက်ခံယူရေး…။

◆ ◆ ◆

# ( ၂၅ )

ဝက်ကြီးအင်းနှင့် လယ်ယာအကြား လျှိုမြှောအတိပြီးသည့် တောင်ကမူတန်းကို ကျွန်ုပ်တို့ မြင်းဇက်ကုန်ဖွင့်ပြီး ဖြတ်ကျော်ကြသည်။ ဘွားဘွားကြီး ထွက်ပေါ်လာသော ရန်သူကို တွေ့ရှိရပြီဖြစ်၍ ကျွန်ုပ်မှာ ဒေါသနှင့်အတူ တက်ကြွပျော်ရွှင်နေတော့သည်။

တောင်ကမူတစ်ခု၏ ထိပ်သို့ရောက်သောအခါ ဟိုမှာဘက်တွင် ဆင်ခြေလျှော အဆင်းလမ်းများသာ ရှိတော့သည်။ လယ်ယာရွာမှ ထန်းတောအုပ်ကို ရေးရေးပျပျ တွေ့နေရပြီ။

"အရှင့်သား သတိထားတော်မူပါ ဟိုမှာ..."

သားမှမြင်းချင်းယှဉ်လိုက်ပါလာသော ကလန်မှူးက လျှိုတစ်ဖက် တောင်ကမူအောက်ခြေဆီသို့ ညွှန်ပြသည်။ မြင်းငါးစီးခန့် ကျွန်ုပ်တို့ ရှိရာဘက်သို့ ဒုန်းစိုင်းလာနေပေသည်။ မြင်းစီးသမားတို့၏ ဝတ်စုံမှာ ငှက်ခါးရောင်တော့ မဟုတ်ပေ။ တောပုန်းဓားပြအစစ်တွေနဲ့ အခုမှ တွေ့ပြီထင်တယ်ဟု ရဲမက်တစ်ယောက်က ရေရွတ်သည်။ လေးနှင့်မြားကို အသင့်ပြင်ထားကြရန် ကျွန်ုပ် အမိန့်ပေးလိုက်သည်။ ဟင်းလင်း ပြန့်

ကျယ်ပြောသော ဆင်ခြေလျှော တောင်ကမူမြင်ကွင်းဖြစ်လေရာ အကယ်၍ တောပုန်းဓားပြများဆိုလျှင်လည်း ပြောင်ဖွင့်၍ တိုက်ကြရုံသာပင်။

မြင်းစီးသမားတို့ တောင်ကမူအတိုင်း တက်လာကြသည်။

သူတို့ထံတွင် လက်နက်များ ပါလာကြသော်လည်း ကျွန်ုပ်တို့ကို တိုက်ခိုက်မည့် အရိပ်အရောင် မတွေ့ရ။ လှံတစ်ပစ်သာသာလောက်တွင် မြင်းစီးသမားများ ရပ်တန့်သွားကြသည်။ တစ်ယောက်က မြင်းပေါ်မှ ကမန်းကတန်းဆင်းကာ ကျွန်ုပ်ဆီသို့ အပြေးတက်လာသည်။ အနီးသို့ ရောက်သောအခါ ထိုသူသည် ဒူးထောက်၍ ကျွန်ုပ်ကို မော့ကြည့်လေသည်။

"အရှင့်သား ကိုယ်တော်ကြီးတို့ပဲ။ ကျွန်တော်မျိုးတို့ အဝေးကလှမ်းမြင်ကတည်းက အရှင့်သားကိုယ်တော်ကြီးနဲ့ တူပါတယ်လို့ ကြည့်နေကြတာပါ။ အရှင့်သား ဘာမှမဖြစ်ဘူးနော်၊ ဘေးမသီ ရန်မခ ရှိကြပါတယ်နော်" မျက်နှာဝိုင်းဝိုင်း၊ နှုတ်ခမ်းမွေး ကျင်စွယ်ဖြင့် ထိုသူကို ကျွန်ုပ် တွေ့ဖူးသလိုလို ရှိသည်ဟု ထင်သည်။

"ကျွန်တော်မျိုး သူကြွယ်သင်ပါ။ အရှင့်သား မင်းနန်းသူ ကွန်သာယာရွာမှာတုန်းက ကျွန်မှုနှင့် တရားယှဉ်ခဲ့တဲ့ သင်ပါ"

ယခုမှ မှတ်မိလာသည်။ ကျွန်ုပ်ပိုင်ဆိုင်မှုတွင် ကျွန်ုပ်ဝင်ရောက်စီရင်ခဲ့ပြီး ကြေးပိဿာငါးဆယ် ပေးလျော်စေဟု ချမှတ်ခဲ့သည့် သူကြွယ်သင်။ သူဘာကြောင့် ဝက်ကြီးအင်းနှင့် လယ်ယားအကြား ဤလွှိုမြောင်ဒေသသို့ ရောက်နေရသနည်း။

"အရှင့်သားကိုအခုလိုဘေးမသီရန်မခ တွေ့မှတွေ့ရပါ့မလားလို့ ကျွန်တော်မျိုးတို့ အများကြီး စိုးရိမ်ပူပန်ခဲ့ရပါတယ်"

"မောင်မင်း ဘာတွေပြောနေတာလဲ။ မောင်မင်းက ဘယ်ကနေရောက်လာတာလဲ"

ကျွန်ုပ်၏ ငေါက်ငမ်းမှုကို သင်က အပြုံးမပျက်ပြန်ပြောသည်။

"အကြောင်းစုံကို အကျဉ်းချုပ် သံတော်ဦးတင်ပါ့မယ်၊အရှင့်သား မင်းနန်းသူ ကွန်သာယာ တရားစီရင်မှုပြီးကတည်းက ကျွန်တော်မျိုးဟာ အသိအမြင်မှန် ရခဲ့ပါတယ်။ အရှင့်သားရဲ့ ရဲဝံ့ပြတ်သားတဲ့ စီရင်ထုံး

အောက်မှာ ကျွန်တော်မျိုး အကျွတ်တရားရခဲ့ပါတယ်။ ဆောင်ချမ်းရွာသား တွေကို ကြေးပိသာငါးဆယ် ပေးလျှော်ပြီးနောက် ကိုယ့်မကောင်းမှု ကိုယ်နောင်တရပြီး လယ်ယာရွာပြင်က ထန်းတောမှာ နောက်လိုက်တွေ နဲ့အတူ ထန်းအလုပ်လုပ်ရင်း ကျွန်တော်မျိုးဟာ ဘဝသစ်ကို စခဲ့ပါတယ်။ အရှင့်သားရဲ့ ကျေးဇူးတော်ကြောင့် ရိုးသားဖြောင့်မတ်တဲ့ ဘဝသစ်နဲ့ သင်ငြဖြစ်ခဲ့ပါတယ်။ အရှင့်သား"

နောက်မှလိုက်လာသော သူ့လူများရောက်လာကာ သူ့နောက်မှ နေရာယူလျက် ဒူးထောက် ခစားနေကြသည်။

"ကျွန်တော်မျိုးတို့ ဒီကိုရောက်လာပုံကို သံတော်ဦးတင်ပါ့မယ်။ အရှင့်သားနဲ့ မြင်းသည်ကျော် ကလန်အဖွဲ့တို့ ဒီတစ်ဝိုက်ကို ရောက်လာ ကြတယ်။ ဝက်ကြီးအင်းတောအုပ်ဘက် မြင်းတွေနှင့် သွားကြတယ် ဆိုတာ တက်သေးရွာနဲ့ မြေနှဲ့ရွာမှာရှိတဲ့ ကျွန်တော်မျိုးရဲ့ ထန်းသမား တွေက သတင်းပေးကြတယ်"

မြေနှဲ့ရွာပြင်မှ ကျွန်ုပ်တို့ ဖြတ်ကျော်လာခဲ့သည်ကို သတိရမိ သည်။ သင်ငယ်၏ စကားများမှာ စိတ်ဝင်စားဖွယ် ဖြစ်လာသည်။

"ဝက်ကြီးအင်း တောအုပ်ဟာ အရင်က တောပုန်းဓားပြများ စခန်းချရာဖြစ်လို့ အရှင့်သားအတွက် ကျွန်တော်မျိုးတို့ စိုးရိမ်ခဲ့ကြ ပါတယ်။ စိုးရိမ်တဲ့အတိုင်းပဲ မနေ့ည သန်းခေါင်ကျော်မှာ တောအုပ်ထဲ က တိုက်ခိုက်သံတွေ၊ မြင်းဟီသံတွေ ကြားရကြောင်း ကျွန်တော်မျိုးရဲ့ ထန်းသမားတစ်ဦးက သတင်းပေးလာပါတယ်။ ဝက်ကြီးအင်း မြောက် ဘက်က ထန်းတောထဲမှ သူနေတာပါ။ ဒါကြောင့် ကျွန်တော်မျိုးတို့ စိုးရိမ်ကြီးစွာနဲ့ ဒီကိုရောက်လာကြခြင်း ဖြစ်ပါတယ်"

"အင်း…ဆက်ပြောစမ်း"

"ဒါပေမယ့် ဒီကို ထွက်မလာခင်ကလေးမှာပဲ ထူးဆန်းတဲ့ သတင်းတစ်ခု ရခဲ့ပါတယ် အရှင့်သား။ မြေနှဲ့ရွာစိုးကြီး ပြောပြတာပါ။ ဝက်ကြီးအင်းတောအုပ်ထဲမှာ တောပုန်းတွေ မရှိတာကြာပြီလို့ ဆိုပါ တယ်။ အဲဒီအချိန်မှာပဲ ရွာသားတချို့ဆီက သတင်းတစ်ခု ရောက်လာ ပြန်ပါတယ်။ လွန်ခဲ့တဲ့နှစ်ရက်က နေပြည်တောင်က မြင်းစီကလန်

စစ်သည် တပ်ဖွဲ့တစ်စု ရွာပြင်တောလမ်းကနေပြီး ဝက်ကြီးအင်းတောအုပ်ဆီသို့ ချီတက်သွားကြတယ်ဆိုတဲ့ သတင်းပါ"

ရဲမက်တစ်ဦးထံမှ ရှူးရှူးရှဲရှဲ အသံထွက်လာသဖြင့် ကျွန်ုပ်မျက်ရိပ်ပြကာ ဟန့်တားလိုက်ရသည်။

"ဆက်ပြောစမ်း...ငသင်"

"ဒီနေ့မနက် လင်းအားကြီးမှာ ဝက်ကြီးအင်းတောအုပ်ဘက်ကနေ ကလန်အဖွဲ့ဟာ မြင်းတွေ ဒုန်းဆိုင်းပြီး ထွက်လာခဲ့ကြတာကို ကျွန်တော်မျိုးရဲ့ ထန်းသမားတွေ တစ်ယောက်မက တွေ့လိုက်ကြပါတယ်။ သူတို့ဟာ ငှက်ခါးရောင် ကိုယ်ကြပ်သင်တိုင်းတွေ ဝတ်ထားကြတယ်လို့လဲ ဆိုပါတယ်"

တင်းတင်းကြီး ဆုပ်ထားမိသောမြင်းဇက်ကြိုးပေါ်မှလက်ချောင်းများကို ဖြည်လျော့လိုက်ရသည်။ ငသင်က ဆက်ပြောသည်။

"ကျွန်တော်မျိုးတို့လည်း ဘာမှ မစဉ်းစားတတ်အောင်ဖြစ်နေရပါတယ် အရှင့်သား...။ အရှင့်သားတို့ ဝက်ကြီးအင်း တောအုပ်ဘက်ရောက်လာတယ်ဆိုတာ သိရတယ်။ နေပြည်တော် ကလန်အဖွဲ့တွေကို ချီသွားကြတယ်ဆိုတော့ အရှင့်သားကို အကြိုတော်ထောက်တဲ့ အဖွဲ့ပဲလို့ထင်လိုက်ကြတယ်။ ဒါပေမယ့် ညကတိုက်ပွဲသံတွေ ကြားရတယ်ဆိုတယ်။ တောအုပ်ထဲမှာ တောပုန်းဓားပြတွေ မရှိကြတော့တာ နှစ်နဲ့ချီနေပြီလို့လဲ သိရတယ်။ အားလုံးကို ဆက်စပ်ကြည့်လိုက်တော့ ဘာမှ အဖြေထုတ်မရဖြစ်ရပြန်ပါတယ်။ ဒါကြောင့် စိုးရိမ်ပြီး ကျွန်တော်မျိုးတို့ ဒီဘက်ထွက်လာခဲ့ကြတာပါ"

ငသင်ငယ်၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်ခြင်း၊ ရှုပ်ထွေးခြင်းများကို အတိုင်းသား တွေ့နေရသည်။

"အရှင့်သားတို့ ညကဘယ်လိုဖြစ်ခဲ့ကြပါသလဲ"

"ငသင် ဒီနားလာစမ်း"

သူ့ကို ကျွန်ုပ် မြင်းအနီးသို့ ခေါ်ယူလိုက်သည်။ ငသင်ဟာ ရိုကျိုးစွာဖြင့် ကပ်လာသည်။ သူကွယ်တစ်ဦးဘဝမှသည် လောဘကြောင့်ပြုခဲ့သော ကိုယ့်အမှား ကိုယ်မြင်ကာ ရိုးသားသော လူတစ်ယောက်

အဖြစ် ပြောင်းလဲလာခဲ့သည့် သေင်သည် ကျွန်ုပ်၏ လူယုံသစ္စာတော်ခံ တစ်ယောက် ကောင်းကောင်းကြီး ဖြစ်နိုင်ပေပြီ။

"နားထောင်စမ်း မောင်မင်း။ နေပြည်တော်က ငှက်ခါးရောင် ကိုယ်ကြပ်ဝတ် ကလန်အဖွဲ့ကို တွေ့လိုက်ရတယ်ဆိုတာ အမှန်ပဲလား"

"ကျွန်တော်မျိုးကိုယ်တိုင် တွေ့ခဲ့ရတာပါ အရှင့်သား..."

နောက်တွင် ဒူးထောက်ခစားနေသူတစ်ယောက်က ပြောသည်။ ကျွန်ုပ်၏ရဲမက်များကို လှည့်ကြည့်လိုက်သောအခါ တစ်ခုခုကို ကြိုးစား ချုပ်တည်းနေကြရသည့်ဟန်များ တွေ့ရသည်။

"သေင် နားထောင်စမ်း။ မောင်မင်း စောစောက ပြောခဲ့တယ်။ ကျွန်ုပ်ဟာ မောင်မင်းရဲ့ ကျေးဇူးရှင်ဆိုတဲ့စကား..."

"လောဘသား သူကြွယ် ငမိုက်သား ဘဝကနေ လူကောင်း တစ်ယောက်အဖြစ် ပြောင်းလဲခဲ့တာ၊ အေးချမ်းတဲ့ဘဝမှာ နေခဲ့ရတာဟာ အရှင့်သားရဲ့ ကျေးဇူးတော်ကြောင့်ပါ အရှင့်သား..."

"ကောင်းပြီ။ အားလုံး ကျွန်ုပ်ပြောတာ နားထောင်ကြစမ်း။ ဒါ အမိန့်ပဲ။ ဝက်ကြီးအင်းတောအုပ်ထဲက တိုက်ပွဲအကြောင်း နေပြည်တော် ကလန်မြင်းစီးအဖွဲ့ကို အသွားရော အပြန်ပါ တွေ့လိုက်ရတဲ့အကြောင်း တွေ အားလုံး၊ ပြီးတော့ ဒီနေရာမှာ ဒီအချိန်မှာ မောင်မင်းတို့နဲ့ ကျွန်ုပ် ဆုံရတာကိုရော အားလုံးကို မောင်မင်းတို့ ရေငုံနှုတ်ပိတ် နေလိုက်ကြ။ ဘာမှ မဖြစ်ခဲ့ကြဘူးလို့ မှတ်ယူလိုက်ကြ၊ ကြားလား"

သေင်က အံ့ဩသော အမူအရာဖြင့် မော့ကြည့်ပြီး ခေါင်းညိတ် သည်။

"အရှင့်သား အမိန့်တော်အတိုင်း ကျွန်တော်မျိုးတို့ တည်ပါတယ် အရှင့်သား..."

"ကောင်းပြီ။ အခုမောင်မင်းတို့ နေမြဲ၊ လုပ်မြဲအတိုင်း ရှိနေကြ။ မကြာမတင် ကာလတစ်ခုမှာ မောင်မင်းတို့ရဲ့ လယ်ယာ၊ တက်သေးနဲ့ မြေနဲ့ရွာတွေဆီကို ကျွန်ုပ်ကိုယ်တိုင် ဒါမှမဟုတ် ကျွန်ုပ်ရဲ့ အမိန့်စာချွန် တစ်ခုခု ရောက်လာလိမ့်မယ်။ မောင်မင်းတို့ကို သစ္စာတော်ခံ ကျေးလက် ကျွန်တော်မျိုးအဖြစ် ကျွန်ုပ်သတ်မှတ်ရမလား"

"ကျွန်တော်မျိုးတို့ ဘာမှနားမလည်ကြပေမယ့် အရှင့်သား အတွက် အသက်နှင်းတဲ့သစ္စာတော်ခံကျေးတော် ကျွန်တော်မျိုးအဖြစ်ကို လိုလိုလားလားကြီး ခံယူကြပါ့မယ် အရှင့်သား"

သေင်သည် ဒူးထောက်ထိုင်ချလိုက်ကာ မြေမှုန့်များကို ကောက်ယူ၍ သူ့နှုတ်ခမ်းထက်တွင်တင်ကာ နှုတ်မှ တတွတ်တွတ် ရေရွတ်သည်။ သူ့လူများလည်း သူ့အတိုင်း လိုက်လုပ်ကြသည်။

"ကျွန်ုပ် ယုံပါတယ် သေင်။ မောင်မင်းတို့ ဒီလောက်လုပ်စရာ မလိုဘူး။ ကဲ ခရီးဆက်ကြစို့"

ဘုန်းရိပ်ဇာတာ မြင့်တက်လာပြီ ဆိုသောအခါ သစ္စာတော်ခံများ လူယုံများ အထောက်တော်များသည် အလိုလို ပေါ်ပေါက်လာတတ်ကြ သည်ပင်။

◆ ◆ ◆

# ( ၂၆ )

ဝဲယာတစ်ဘက်တစ်ချက်ဆီတွင် ရပ်နေကြသူများ ဒူးတုပ်ခစား နေကြသူများ၊ တံခါးစောင့်များ၊ ကလန်များ၊ သံပျင်အမတ်များ အားလုံး ကို တွန်းတိုက်ဖယ်ရှားလျက် မပြေးရုံတမယ် ခြေလှမ်းများဖြင့် နန်းဆောင် ထဲသို့ ဝင်လာခဲ့သည်။

မယ်မယ်၏ စက်ခန်းဆောင်တံခါးဝ ရောက်သောအခါ လက် တစ်ဘက်က ကျွန်ုပ်၏လက်မောင်းကို လှမ်းဆွဲထားသည်။ လှည့်ကြည့် လိုက်သောအခါ မဏိစန္ဒာ မိဖုရာကြီးဖြစ်နေသည်။ အရိုးတော် မဏိစန္ဒာ မိဖုရားကြီး၏ မျက်လုံးအိမ်များမှာ စွတ်စိုနေသည်။ ကြေကွဲ စိုနစ်အသွင်ကို ထင်ရှားစွာ တွေ့ရသည်။ အရိုးတော်လက်ကို ဖယ်လျက် အတွင်းဆောင်ထဲသို့ တစ်ချက်လှမ်းကြည့်ကာ လေသံတိုးတိမ်စွာ ဆိုလေ သည်။

"ဖြည်းဖြည်းသက်သာသွားစေချင်တယ် သားတော်ရာဇကုမာရ"

ထိတ်လန့်စွာပင် ကျွန်ုပ် ငေးကြည့်ပါတော့သည်။ အခြေအနေကို ရိပ်စားမိပေပြီ။ တစ်နန်းတော်လုံးသည် ကြေကွဲခြင်း အထုထဲ၌ တိတ်ဆိတ်စွာ နစ်မြုပ်နေကြသည်။ မယ်မယ့်ကို ချစ်မြတ်နိုးကြသူ

အပေါင်းသည် ညင်သာသိမ်မွေ့မှုများဖြင့် မယ်မယ့်ကို ဦးညွှတ်နေကြလေပြီ။

လဲပြိုမတတ် ခြေလှမ်းများကို အားယူ၍ ဖွဖွနင်းကာ စက်ခန်းဆောင်ထဲသို့ ကျွန်ုပ် ဝင်ခဲ့သည်။ ရှုံရွှေများ၊ အဆောင်ကိုင်များက ရှဲဖယ်ပေးကြသောကြောင့် ကျွန်ုပ် ဝင်သာရုံလမ်းကြောင်း ဖြစ်ပေါ်လာသည်။

နံရံဆီမှ မီးတိုင်များကြောင့် မြင်ကွင်းသည် အရုပ်ဆိုးစွာ ထင်လင်းနေသည်။ သမားတော်ကြီးက ကျွန်ုပ်ကို စိုက်ကြည့်သည်။ သူ့မျက်လုံးများ၏ အဓိပ္ပာယ်ကို ကျွန်ုပ် နားမလည်ချင်ပါဘဲ နားလည်လိုက်ရပေပြီ။

ခုတင်အနီးမှ လူတွေအားလုံး ဖယ်ရှားသွားကြသည်။ ခုတင်ခြေတွင် ကျွန်ုပ် ဒူးများညွှတ်ခွေလျက် ထိုင်မိသည်။ အရိုးငေါငေါ၊ အကြောပြိုင်းပြိုင်း မယ်မယ့် လက်ဖမိုးကို ကျွန်ုပ် မထိမကိုင်ရက်။ ဖြူလွှဆံစန္နယ်များ ဖွာရရာကြဲနေသော နဖူးပြင်ထက် နီးကပ်စွာ ကျွန်ုပ် မျက်နှာငုံ့လိုက်မိသည်။ ဘုရား ဘုရား မယ်မယ်၏ နောက်ဆုံးအချိန်များ၊ ကျွန်ုပ် အကြောက်ကြီး ကြောက်ခဲ့ရသော ကာလအပိုင်းအခြားသည် ရှေ့မှောက်တွင် ထင်ရှားရောက်နေချေပြီ။

သွေးဆုပ်ဖြူရော် မယ်မယ့်မျက်နှာ။ ခြောက်သွေ့ကွဲအက်နှုတ်ခမ်းများ။ လှိုင်းအိလေးတစ်ခုနှယ်သာ လှုပ်ရှုံမှုသာ လှုပ်နေသော မယ်မယ့်ရင်အုံ။ မကြည့်ရက် မကြည့်ရဲတော့သဖြင့် ကျွန်ုပ် မျက်လုံးအစုံကို တင်းကြပ်စွာ ပိတ်လိုက်ရသည်။ ထိုအခါ မယ်မယ့် လက်ခုံပေါ်သို့ မျက်ရည်နှစ်ပေါက်ကျသွားသည်။ မယ်မယ့် မျက်ခွံများ လေးလံစွာ ပွင့်လာသည်။

အကြည်ဓာတ်တို့ ဆုတ်စပြုနေပြီဖြစ်သော မယ်မယ့် မျက်ဝန်းအိမ်များ၌ သေးမျှင်စူးရဲသော ရောင်ခြည်ကလေး တစ်ချက် ကွန်မြူးလာသည်ဟု ထင်သည်။

"သားလား"

တိုးတိမ်လွန်းသော လေသံယဲ့ယဲ့သည် ဝေးလံစွာသော အရပ်တစ်ပါးဆီမှ လွင့်ဝဲလာသည့်နှယ် ဖြစ်သည်။ လက်ချောင်းလေးများ လှုပ်ရှားလာသဖြင့် ကျွန်ုပ်ဖွဖွ ဆုပ်ကိုင်ထားလိုက်သည်။ ဖြစ်နိုင်လျှင်

ကျွန်ုပ်၏ ဤလက်များမှတစ်ဆင့် ရှိရှိသမျှသော အသိဝိညာဉ်ဓာတ်တို့သည် မယ်မယ့်ဆီသို့ အကုန်အစင် ကူးစက်စီးဆင်းသွားကြပါစေတော့။

"မယ်မယ် စောင့်နေတာ"

အေးစက်သောအတွေ့ကို လက်ချောင်းများ၌ ရရှိသည်။မယ်မယ်ကျွန်ုပ်ကို ရှိသမျှ နောက်ဆုံးအင်အားများဖြင့် ပြန်လည်ဆုပ်ကိုင်နေရှာသည်။

ကျွန်ုပ် ဘာမှ မပြောနိုင်။ အကယ်၍ အသံတစ်ခုခုထွက်လာမည်ဆိုလျှင်လည်း ထိုအသံသည် လှံတံကျင် ထုတ်ချင်းခတ်စွဲဝင်သောသားရဲတိရစ္ဆာန် တစ်ကောင်၏ အော်သံမျိုး ဖြစ်လာလိမ့်မည်။

မယ်မယ့်လက်ချောင်းများဆီက အဆုပ်အကိုင်တို့ မသိမသာတင်းကြပ်လာသည်။ မယ်မယ့် ရင်အုံ နိမ့်မြင့် လှုပ်ရှားလာသည်။

ပရိမ္မတော ရေတံခွန်စခန်းတွင် မှိန်းတစ်ချောင်းကို စွဲလျက်မနီးမဝေး ကျောက်ဖျာပေါ်မှ ကလေးငယ်အတွက် ငါးထိုးနေသောမယ်မယ် ဘယ်ရောက်သွားပြီနည်း။ လေးကိုင်းကွေး သက်တံကြီးကိုနောက်ခံပြုလျက်၊ ခြောင်းခြောင်းထ ရေမှုန်ရေမွှားတွေ အလယ်မှာထိုးထွက်လျက်။ ဆံပင်တွေ ရေရွှဲလျက်၊ နေခြည်အကျတွင် လက်မောင်းအိုးများ၊ လက်ဖျံများက ကြေးနီရောင်ထလျက်၊ မှိန်းကို စွဲကိုင်ချိန်ရွယ်ကာ ငြိမ်သက်စွာ ရပ်နေသော ကျက်သရေအရှိဆုံး၊ အကြီးအကျယ်အလှအပဆုံး၊ အားကိုးအားထားဖွယ် အကောင်းဆုံး ကျွန်ုပ်မယ်မယ်ဘယ်မှာနည်း။

သားက အဲဒီမှာ လိပ်ပြာလေးတွေ ဖမ်းရင်း ဆူညံနေရင်မယ်မယ် ဘယ်လိုလုပ် ငါးရတော့မလဲ၊ သားငြိမ်ငြိမ်လေး နေနော်။

သမထီးဆိုတာ အရည်းရှင်ကြီးတွေရဲ့ နိုင်ငံတော်ကြီးတစ်ခုပေါ့သားရဲ့။ ပယ်ပေါင်းများစွာ ကျယ်ပြောတဲ့ သစ်တပ်ဝင်းကြီးထဲမှာအဆောင်တွေ၊ ယဇ်နန်းတွေ၊ တင်းကုပ်ကြီးတွေနဲ့နေကြတာ သမထီးဟာ ထူးခြားတဲ့ ဘုံကြီးတစ်ခုပေါ့။

ပြင်ပမှာ ရှိတဲ့အရာတွေကိုပဲ ကိုင်တွယ်ဖို့ သူတို့အားလုံးစိတ်ကူး

နေကြတယ်။ ထက်သန်ကြိုးကုတ် အားထုတ်နေကြတယ်။ ဗဟိဒ္ဓကိုပဲ စိတ်ဝင်စားနေကြတယ်။ အဇ္ဈတ္တကို နိုင်နင်းအောင် ကိုင်တွယ်ဖို့ကိုတော့ သူတို့မေ့နေကြတယ်။

မိမိစိတ်ကို မိမိအစိုးရမှသာ တကယ့်အောင်နိုင်ခြင်း၊ မိမိ စိတ်သဏ္ဍာန်နဲ့ ဝိညာဉ်ထဲက မသိမှုတွေ၊ နောက်ကျိမှုတွေ၊ အညစ်အကြေးတွေကို အစိုးရမှ၊ နိုင်နင်းမှသာ တကယ့်အောင်နိုင်ခြင်း...။

ဤစကားတွေကို တတွတ်တွတ်ပြောခဲ့သော မယ်မယ်မှ ဟုတ်ပါလေစ။ အချိန်ကာလကို အတိတ်ပြန်ရွှေ့လို့ရရင် သား ပရိမ္ဗရေတံခွန်ဆီအထိ ရွှေ့ပစ်လိုက်စမ်းပါ့မယ်။

"သား...စိတ်ငြိမ်အောင်ထား"

မယ်မယ့် မျက်လုံးများ ပင်ပန်းကြီးစွာ အားယူလှုပ်ရှားလျက် အနီးတဝိုက်သို့ မော့ကြည့်လာသည်။ ထို့နောက် လက်တစ်ဖက်ကို လှုပ်သည်ဆိုရုံမျှ လှုပ်သည်။ တစ်ယောက်ယောက်ကို လှမ်းခေါ်လိုက်သည့် လှုပ်ရှားမှုမျိုး။

ညင်သာသော အသံတစ်သံကြားရသည်။ သံပျင်မှူးတစ်ယောက်က မယ်မယ့်အနီး ဒူးတုပ်ထိုင်ကာ ရွှေ့လာရင်း သူ့လက်ထဲမှ တစ်စုံတစ်ရာကို ရှေ့သို့ ထုတ်ပြသည်။ မယ်မယ့် မျက်တောင် တစ်ချက်လေးပင့်စွာ ခတ်လာသည်။

"သား ယူကြည့်လိုက်"

သံပျင်မှူးလက်ထဲမှ ကတ္တီပါ အဝါစဖြင့် ထုပ်ထားသော ထိုအရာကို ကျွန်ုပ်ဖွင့်ရသည်။ ပတ္တမြားကျောက်များ၊ ရွှေလက်ကောက် လက်ဝတ်လက်စည်းများ ဘယက်ခွက်၊ လက်စွပ်နှင့် အမျိုးအမည် မသိနိုင်သော လက်ဝတ်ရတနာတွေ။ ရတနာထုပ်ကို ဖွင့်ကိုင်ထားရင် ကျွန်ုပ်လက်များ တဆတ်ဆတ် တုန်လာကြသည်။

သား...ဒီအမွေပစ္စည်းတွေကို မလိုချင်ဘူး။ ဘာကိုမှ မလိုချင်ဘူး။ သားကို အမွေမပေးနဲ့။ သား လိုချင်တာ မယ်မယ့် အသက်ရှင်သန်ခြင်းတစ်ခုတည်း။

ပူနွေးသော မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာသည်ကို

ပါးပြင်တစ်လျှောက်တွင် ခံစားသိရှိရင်း မျက်ရည်တွေကို မသုတ်နိုင်။

ပခုံးပေါ်သို့ လက်တစ်ဖက်ကျလာသည်။ မော့ကြည့်လိုက်သော အခါ အစ်မတော်ရွှေအိမ်သည်ကို တွေ့ရသည်။ နှုတ်ခမ်းများ ဆတ်ဆတ် တုန်လျက် အစ်မတော် တိုးညှင်းစွာ ပြောသည်။

"အမောင်ငယ် သိပ်မငိုနဲ့လေကွယ်။ အရှိုးတော် ပင်ပန်းလှတယ်"

မယ်မယ်ကား မျက်လွှာတို့ကို ပြန်၍မှိတ်ထားသည်။ ငြိမ်သက် လွန်းသဖြင့် ကျွန်ုပ်ထိတ်လန့်သွားကာ မယ်မယ့်လက်များကို ဆုပ်ကိုင် ရင်း ရင်အုံထက်သို့ ဖွဖွစမ်းကြည့်မိတော့သည်။

မယ်မယ့်မျက်လုံးများ ပြန်ပွင့်လာသည်။ နှုတ်ခမ်းထောင့်စွန်းတွင် အပြုံးရိပ်ကလေးတစ်ခု ပေါ်လာသည်။

"သားကို စကားပြောချင်တယ်"

ပန်းကလေးတစ်ပွင့်နယ်ပင် အံ့ဩစရာ ပြောင်းလဲသွားပြန်သည်။ မယ်မယ့်အသံ မဆိုစလောက် ကြည်လင်စွာ ထွက်ပေါ်လာသည်။ မျက်လုံးအိမ်များလည်း အကြင်ခာတတ်တို့ ဖုံးလွှမ်းပျံ့နှံ့လာသည်။ ကျွန်ုပ် မျက်ရည်များကိုသုတ်ကာ မယ်မယ့် မျက်နှာအနီးသို့ တိုးကပ်သွားလိုက် သည်။

ညင်သာသောပွတ်တိုက်ရွေ့လျားသံများနှင့်အတူ စက်ခန်းဆောင် အတွင်း ရှိနေသူများအားလုံး အပြင်ထွက်သွားကြသည်။ အစ်မတော် ရွှေအိမ်သည်လည်း လိုက်ပါသွားသည်။ ကျွန်ုပ်နှင့် မယ်မယ်နှစ်ဦးတည်း သာ ကျန်ခဲ့သည်။

ပို၍ သိပ်သည်းနက်ရှိုင်းလာသော ညဉ့်တွင် စက်ခန်းဆောင် တွင်းရှိ နံရံမီးတိုင်များနှင့် ဆီမီးများက ပို၍ လင်းဖြာလာကြသည်။ တရွေ့ရွေ့ ကုန်ဆုံးလာနေသော အချိန်ကာလကို အကောင်အထည် မြင်ရှိသော သတ္တဝါကြီး တစ်ကောင်အလား ကျွန်ုပ်မြင်နေမိသည်။ အချိန်ကာလ၏ ဖိစီးမှုကို ကြောက်ရွံ့စွာ မလွဲမရှောင်သာ ခံယူနေရ သည်။ အပြင်ဘက်မှအမှောင်ထုသည် ကျွန်ုပ်၏ နှလုံးသားကို ကိုက်ဝါး စားသောက်နေသည်။

"မယ်မယ့်သား"

"ပြောပါ မယ်မယ်။ သားနားစိုက်ထောင်နေပါတယ်"

"သားရဲ့ ခမည်းတော်က မယ်မယ့်ကို ပေးခဲ့တဲ့ ပစ္စည်းတွေ။ ရတနာတွေ။ ပြီးတော့ ကျွန်သုံးရွာ။ ဒါတွေအားလုံး သားကို အမွေပေးခဲ့ကြောင်း မယ်မယ် စာချွန်လုပ်ခိုင်းပြီးပြီ။ သက်မုနလွှန်၊ ရပယ်၊ ဟန်ပို ကျွန်သုံးရွာ"

"စကားမပြောပါနဲ့ မယ်မယ်ရယ်"

"မယ်မယ် သက်သာနေပါတယ်။မယ်မယ့်သားကို စကားပြောဖို့ အချိန်ရနေတယ်"

ရှိုက်သံကို ရင်ထဲမှသာ ပင်ပန်းကြီးစွာ ကြိတ်ချေလိုက်ရပြန်သည်။

"မယ်မယ့်မှာ ပစ္စည်းအနေနဲ့ ဒါတွေပဲ ပိုင်တာမို့ ဒါတွေကိုပဲ သားကို အမွေပေးနိုင်ခဲ့တယ်။ ဒါပေမယ့် ဒီလောက်ပဲ ပေးနိုင်ခဲ့တဲ့အတွက် မယ်မယ် ဝမ်းမနည်းဘူး။ သားမှာ မယ်မယ့်ဆီက အဖိုးမဖြတ်နိုင်တဲ့ အမွေ ရဖို့ရှိတယ်"

ပြောသူ မယ်မယ်က ပြောနိုင်သော်လည်း ဤနောက်ဆုံးစကားကို ကျွန်ုပ် နားမထောင်ရဲ။

"သား...တူရွင်းတောင်ခြေက ပိဋကတ်တိုက်ကို သွားဖြစ်အောင် သွားနော်"

"သား သွားပါ့မယ် မယ်မယ်..."

"ပျက္ခယွေ တောထဲက သားပြန်ရောက်တုန်းက မယ်မယ် ပြောခဲ့တာတွေ မှတ်မိသေးလား သား"

လန်းဆန်းလာသော ခွန်အားများနှင့် မှတ်ဉာဏ်အသိများကို မယ်မယ် အဘယ်သို့ပြန်လည်ရရှိကာ ဤသို့ ပြောဆိုနေနိုင်သနည်းဟု ကျွန်ုပ် အံ့သြရပြန်သည်။

"သားရဲ့ ညေဝတီနဲ့ တောင်စဉ်ခုနစ်ခရိုင်ကို ဖွံ့ဖြိုးအောင် လုပ်မယ်ဆိုတုန်းက မယ်မယ် ပြောခဲ့တာတွေလေ"

"သား တစ်လုံးမကျန် မှတ်မိနေပါတယ် မယ်မယ်"

"မယ်မယ့်ကို ပြန်ပြောစမ်းပါ သား"

ကျွန်ုပ်အာဏာစက်တည်ရာ ဧည့်ဝတီနှင့် ကျွန်ုပ်၏ ဧည့်ဝတီ မင်းအဖြစ်သည် တမ္ဗဒီပဘုန်းရိပ်နှင့် သီးခြားကင်းလွတ်၍ မရကြောင်း၊ နန်းမြို့စိုက်ကာ မင်းပြုစိုးစံ၍ မဖြစ်နိုင်ကြောင်း၊ နယ်စွန်ဒေသ အာဏာ စက်ပြန့်ရာ မင်းတစ်ပါးပါး အင်အားကြီးလာလျှင် နန်းတော်ကလည်း ပုန်စားမယ့်သူလားဟု မြင်တတ်ကြောင်း၊ မယ်မယ်ပြောခဲ့သည့် စကား များကို ကျွန်ုပ် ပြန်ပြောပြလိုက်သည်။

ငြိမ်သက်စွာ နားထောင်ပြီးနောက် မယ်မယ်ထူးခြားစွာ ပြုံးပြန် သည်။

"သားကို မယ်မယ်အရေးအကြီးဆုံးစကားတွေ ပြောတော့မယ်"

"ပြောပါ မယ်မယ်"

နှလုံးသွေးနဲ့ခံယူပါသား။အဲဒီတုန်းကတည်းက သားရဲ့ရင်ထဲမှာ သားကိုယ်တိုင်မသိဘဲ ထီးနန်းဘိသေကသခင်ဆိုတဲ့ ဘဝအပေါ် တိမ်းညွတ် တဲ့ စိတ်ကလေး ကိန်းဝပ်စ ပြုလာခဲ့တယ်။ သားမသိပေမယ့် မယ်မယ် သိတယ်။ ဒါကြောင့် မယ်မယ် သားကို သတိပေးခဲ့တာနော် သား"

စက်ခန်းတွင်းမှာ မီးတိုင်များအားလုံး ကျွန်ုပ်ကိုယ်တွင်းသို့ ရောက် ရှိနေကြပြီဟု ထင်လိုက်တော့သည်။

"သားရဲ့ ခမည်းတော်ကို သားအကြွင်းမဲ့ နားလည်လိုက်ပါ။ မယ်မယ်တို့ သားအမိ အထူးသဖြင့် သားအတွက် ခမည်းတော်ဟာ ထီးနန်းရိက်ရာမပေးခဲ့ရလို့ နှလုံးကြေကွဲပြီး နောင်တကြီးစွာ ရခဲ့ရှာတယ်။ ဖခမည်းတော်ကို မပစ်မှားပါနဲ့ သား။ သီရိတြိဘုဝနာဒိတ္တဓမ္မရာဇာ ဘွဲ့ခံထားတဲ့ သားရဲ့ ခမည်းတော်ဟာ တကယ်တော့ လောကခံတရားရဲ့ ကျေးကျွန်ပါ။ ကံကြမ္မာရဲ့ သားကောင်ပါ"

"မယ်မယ်ရယ်"

"ဆက်နားထောင်ပါသား။ထီးနန်းဆိုတာဟာ ယောက်ျားကောင်း တစ်ယောက်ရဲ့ အမြင့်မားဆုံး မျှော်မှန်းချက်မဖြစ်သင့်ဘူး။ ယောက်ျား ကောင်းဆိုတာ မိကောင်းဘမြတ်ရဲ့ သားကောင်းဆိုတာ မိမိကိုယ်မိမိ အခြားတစ်ပါးသူများနဲ့ လောကကို နားလည်ခွင့်လွှတ်နိုင်သူ။ အဝိဇ္ဇာမှ လွတ်မြောက်သူ။ မိမိနဲ့ ပတ်သက်သမျှ ထိတွေ့သမျှ အားလုံးကို

ကြည်လင်အေးချမ်းစေနိုင်သူသာ ဖြစ်တယ်”

“မယ်မယ် သားနားလည်ပါတယ် မယ်မယ်။ သားခံယူပါတယ်။ ဒါပေမယ့် ခုလို စကားတွေအများကြီး ပြောနေတော့ မယ်မယ့်မှာ”

“မယ်မယ် မမောဘူး၊ ဒါတွေပြောနိုင်တဲ့ခွန်အားတွေရဖို့ မယ်မယ် အကြာကြီး မိန်းမောရင်း မွေးမြူအားယူထားခဲ့တယ်”

မယ်မယ်ကိုယ်တိုင်ပင် သူရဲကောင်း စင်စစ်ပါတကား...။

“ထီးနန်းပလ္လင်တစ်ခုအတွက် သွေးမြေကျခဲ့ကြ၊ ကပ်သုံးပါးဆိုက်ကြ၊ တိုင်းသူပြည်သားတွေ သေကြေပျက်စီးကြရနဲ့ မီးဟုန်းဟုန်းတောက်ခဲ့ကြပြီးပြီ။ မယ်မယ့် သားကြောင့်တော့ အရိမဒ္ဒနပူရဟာ အဲဒီလို ထပ်မဖြစ်ပါစေနဲ့ သား...”

“သား ကတိပေးပါတယ် မယ်မယ်”

“ပိဋကတ်တိုက်ကို သွားနော်သား။ တူရွှင်းတောင်ခြေကိုသွား။ ဆရာတော် ရှင်အရဟံမထေရ်မြတ်ကြီးနဲ့ ခမည်းတော် စကားကိုလိုက်နာ။ ရောက်လေရာ ဘုံကနေ သားအတွက် မယ်မယ် သာခုခေါ်ပါရစေ”

“မယ်မယ် တော်ပါတော့ မယ်မယ်။ သားနားလည်ပါပြီ”

ကျွန်ုပ် ဆည်မတန့်နိုင်တော့ပြီ။ မယ်မယ့်လက်ကို ဆုပ်ကိုင်လျက် ရှိုက်ကြီးတငင် ငိုကြွေးမိလေပြီ။ မယ်မယ့် ရင်ခွင်သို့ မျက်နှာအပ်ကာ သည်းထန်စွာ ရှိုက်ငင်မိလေပြီ။

“မယ်မယ် နားပါရစေသား။ မယ်မယ့် ခြေလှမ်းတွေငြိမ်သက်ဖို့ မယ်မယ် ကြိုးစားပါရစေ”

မယ်မယ့် စကားကို အတိအကျနားမလည်သော်လည်း မယ်မယ့် ရင်ခွင်မှ လူးလဲထကာ မယ်မယ့်လက်ကိုလည်း လွှတ်ပေးလိုက်သည်။

မယ်မယ် ပြန်လည်၍ ငြိမ်သက်သွားသည်။ မှန်မှန်လှုပ်ရှားနေသော ရင်အုံဆီသို့ ကျွန်ုပ် မျက်တောင်မခတ်ရဲပဲ ကြည့်နေမိသည်။ မျက်လွှာအစုံကို ပြန်မှိတ်လိုက်သော မယ်မယ့်မျက်နှာပြင်မှာ ကြည်လင်ချမ်းမြေ့နေသည်။

ဆီမီးနှင့်မီးတိုင်တို့ အလင်းဆုံး တောက်ပနေကြသည်။

မီးစာတို့သည် ဆီအပြည့်အဝကို သောက်သုံးရင်းဖြင့်ပင်

လောင်ကျွမ်း ကုန်ဆုံးကြတော့မည်။ တဟဲဟဲ အော်မြည်နေသော မီးတောက်သံများကို နားထောင်ရင်း တစ်စုံတစ်ခုကို ကျွန်ုပ် သဘော ပေါက်လာသည်။

"မယ်မယ့်ခြေလှမ်းတွေငြိမ်သက်ဖို့ မယ်မယ်ကြိုးစားပါရစေ"တဲ့။

မယ်မယ်သည် ဆုတ်ဆိုင်းခြင်း အလျဉ်းကင်းသော ခြေလှမ်းများ ဖြင့် ဝံ့ဝံ့စားစား လှမ်းချီကာ ခရီးရှည်ကြီးတစ်ခုကို စတင်ထွက်ခွာနေပေ ပြီ။ ကျွန်ုပ် နားလည်ပြီ။ မယ်မယ်၏ အဖိုးတန်စွာသော နောက်ဆုံးကာလ လေးများကို ကျွန်ုပ် မနှောင့်ယှက်ရဲတော့ပြီ။

ခရီးသည်ကြီးကိုယ်တိုင်က ရဲဝံ့တည်ငြိမ်လေသောကြောင့်တစ်ချိန် လုံး စောင့်ကြည့်နေခဲ့သော ကျွန်ုပ်မှာလည်း ဆောက်တည်ရာမဲ့ သောက ပရိဒေဝများမှ အတန်ငယ် ကင်းငြိမ်းစွာဖြင့် တည်ငြိမ်နိုင်ခဲ့သည်။

မယ်မယ်၏ ထွက်ခွာခန်းသည် တိတ်ဆိတ်လွန်းလေသည်။ ခမ်းနားညင်သာလွန်းလေသည်။ မှန်မှန်ကြီး နိမ့်မြင့်လှုပ်ရှားနေသော ရင်အုံသည် သိမ်းစွန်ငှက်ဘုရင်၏ တောက်ပခတ်ဟန် အတိုင်းပင်။

ဆီမီးအလင်းတိုင်တို့ အမြင့်ဆုံး တောက်ပလာကြသည်။ မျက် တောင်မခတ်စတမ်း စိုက်ကြည့်နေမိသော အချိန်ကာလတို့ ဘယ်လောက် ရှည်လျားခဲ့သည်ကို ကျွန်ုပ် မသိ။ မယ်မယ့် လည်ပင်းတစ်လျှောက် တစ်ချက် လှုပ်ရှားသွားသလိုလို၊ မယ်မယ့် မျက်နှာပြင် ဆတ်ခနဲ လှုပ်သွား သလိုလို...။

ဆီမီးငြိမ်းသေသွားသည်။ မီးတောက်အလင်းပျောက်ကွယ်သွား သည်။

သို့သော် စက်ခန်းဆောင်အတွင်း မည်းမှောင်၍ မသွား။

ခေါင်းရင်း ပြတင်းဆီမှ အရုဏ်၏ နီကြန်တောက်ပသော အလင်းတန်းက ညင်သာစွာ ထိုးဆင်းလာကာ မယ်မယ့်နဖူးပြင်ထက်သို့ ဖြာကျနေသည်။

မကြာမီ အရှေ့ဘက် ကောင်းကင်မှ နေဝန်းထွက်ပေါ်တော့မည်။ ကျွန်ုပ်၏ နေဝန်း မိခင်ကား ကွယ်ပျောက်သွားခဲ့ပေပြီ။

◆ ◆ ◆

( ၂၅ )

“ထိုအခါ၌ မတွေဝေမှု၊ အမောဟ ဟူသည် အဘယ်သဘော ဖြစ်သနည်း။ ထိုအခါ၌ အကြင် အပြားအားဖြင့် သိမှု၊ အပြားအားဖြင့် သိခြင်းသဘော၊ အနိစ္စ စသည်ကို စိစစ်ခြင်းသဘော၊ သစ္စာလေးပါး တရားတို့ကို စိစစ်ခြင်းသဘော၊ ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ်ရှိသူ၏ အဖြစ်၊ ကျွမ်းကျင်လိမ္မာသူ၏ အဖြစ်၊ သိမ်မွေ့သူ၏ အဖြစ်၊ မြေကြီးနှင့် တူသော သဘော၊ ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သော သဘော၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သော သဘော၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သော သဘော၊ ပညာဟူသော အစိုးတရ အပြားအားဖြင့် သိမှု၊ ပညိန္ဒြေ၊ မတုန်မလှုပ် သိမှု ပညာဗိုလ်၊ မတွေဝေမှု အမောဟ၊ တရားတို့ကို စိစစ်ခြင်း ဓမ္မဝိစယ၊ ကောင်းစွာသိမှု သမ္မာဒိဋ္ဌိ၊ ကုသိုလ်တို့၏ အခြေအမြစ် ဖြစ်သော အမောဟ ကုသလ မူလ...”

ပိဋကတ်တိုက်အုပ်၊ မဟာသံဃထေရ် ခုနစ်ပါး အဖွဲ့ဝင်၊ အရှင် ဖြဟ္မပါလ ဆရာတော်ကြီး၏ ရှေ့မှောက်တွင် ပုဆစ်တုပ်ထိုင်ရင်း

**ရတနာပုံစာအုပ်တိုက်**

ပေပေါ်မှစာများကို ကျွန်ုပ် ရွတ်ဖတ်စစ်ဆေးပြရသည်။ ပိဋကတ်တိုက် အမှုတော်လုပ်၊ စာချီ၊ စာမြောင်များ ရေးကူးကြသော စာများကို အကျ အပေါက် အယိုအယွင်း မရှိစေရအောင် ကျွန်ုပ်က အပြီးသတ် စစ်ဆေး ပေးရလေသည်။

"မမက်မောမှု အနဘိဇ္ဈာဟူသည် အဘယ်သဘောဖြစ်သနည်း။ အကြင် မလိုချင်ခြင်း သဘော အလောဘ၊ မလိုချင်ပုံ အခြင်းအရာ၊ အလုဗ္ဘနာ မလိုချင်တတ်သူ၏အဖြစ်၊ အလုဗ္ဘိတတ္တကုသိုလ်တို့၏ အခြေ အမြစ်ဖြစ်သော မလိုချင်မှု အလောဘသည် ရှိ၏။ ထိုအခါ၌မမက်မောမှု အနဘိဇ္ဈာ ဟူသည်ဖြစ်၏"

"သင့်မြတ်ပါပြီ ဒကာတော်လေး၊နေ့လယ်ခင်း အနားယူချိန်ပါ"

ဆရာတော်ကြီး၏မိန့်ကြားသံနှင့်မရှေးမနှောင်းမှာပင်ရေကန်သာ တစ်ဖက်၊ ပန်းရုံမုခ်ဆီမှ ထိုးစည်သံ သုံးချက်လွင့်ဝဲလာသည်။ ဤထိုးစည် သံ သုံးချက်မှာ နေ့လယ်ခင်း ခေတ္တအနားပေးသော အမှတ်အသားပင်။

"စိတ္တုပ္ပါဒကဏ္ဍမှာ ကာမာဝစရကုသိုလ် အစုပိုင်းကို ဒီနေ့ ကုန်စင်အောင် စီစစ်ကြမယ် ဒကာလေး။ ညဥ့်ဦးပိုင်းမှာ မနေ့က စီစစ် ရွတ်အံထားတဲ့ ဒုကမာတိကာကို ပြန်အချေသပ်ရမယ်"

မျက်ခုံးမွေးများပင် ဖြူဆွတ်နေပြီဖြစ်သည့် အရှင်ဗြဟ္မပါလ ဆရာတော်ကြီးအား ကျွန်ုပ် မော့ကြည့်ရင်း လက်အုပ်ချီလိုက်သည်။ ဆရာတော်ကြီးက ဘေးတွင်ချထားသော တောင်ဝှေးကို ဆွဲယူကာ မိန့်ပြန်သည်။

"တမ္ဗဒီပတိုင်းအလုံးမှာ ပါဠိပိဋကရဲ့ အခြေခံအဖြစ် သဒ္ဒါကျမ်း တွေကို အာရုံစိုက်ပြီး လေ့လာ အားထုတ်နေကြတယ်။ သဒ္ဒနီတိကို ခုအခါမှာ ယောက်ျားမိန်းမ အဘိုးအို မကျန် ကျက်မှတ် ရွတ်အံနေကြ တယ်။ ပဋ္ဌာန်းကုသလတိက် ပါဠိလောက်များတော့ သားသည် မအေ တွေကစပြီး နှုတ်တက် အာဂုံပြန်နိုင်ကြတာကလား ဟုတ်စ ဒကာလေး ..."

"မှန်ပါတယ် ဘုရား"

"အေးကွဲ့။ သဂြိုဟ်နဲ့ သဒ္ဒါနီတိမှာ ကျက်စားနိုင်ကြပေမယ့်

အဘိဓမ္မာပိုင်းမှာတော့ ဒကာတော်လေးတို့ တမွဒီပသားတွေ နိုင်နိုင်နင်းနင်း မရှိကြသေးဘူး၊ ကိုင်တွယ်ဖို့လဲ လက်မရဲကြသေးဘူး ထင်ပ။ အင်း...တစ်စတစ်စတော့ နက်လာကြရမှာပေါ့။ အဘိဓမ္မာ ပိဋကဆိုတာကလဲ ဒေသနာနဲ့ကြည့်ရင် ပရမတ္ထ ဒေသနာ။ သာသနာနဲ့ကြည့်ရင် ယထာဓမ္မ သာသနာ။ ကထာနဲ့ကြည့်ရင် နာမရူပ ပရိစ္ဆေဒကထာပေကိုး။ အဘိဓမ္မ ပိဋကဟာ အဓိပညာ သိက္ခာ၊ အနုသယပဟာန်မဟုတ်လား။ နက်နဲခြင်း ဂမ္ဘီရလေးပါးနဲ့ ပြည့်စုံပေတာ မဟုတ်လား။ တော်ရုံလူတို့ မထိတို့ နိုင်တာ ရှိစေတော့။ ဒကာတော်လေးကတော့ ဘဝင်နဲ့စပ်ရှိရလိမ့်မယ် ကြားလား"

"မှန်ပါ့ဘုရား"

"ကိုင်း...ကိုင်း၊ အနားယူချေတော့"

ဆရာတော်ကြီးသည် တောင်ဖေးကိုအားပြုကာ ပိဋကတ်တိုက်အတွင်းခန်းထဲသို့ ကြွသွားလေသည်။ ပေနှင့် ကညစ်များကို နေသားတကျ သိမ်းဆည်းပြီးနောက် ကျွန်ုပ် အပြင်သို့ ထွက်ခဲ့သည်။

ကြာမျိုးငါးပါးတို့ဖြင့် ဆင်ယင်အပ်သော ရေကန်မျက်နှာပြင်အား ဖြတ်သန်းလာသည့် လေပြည်ကို တစ်ဝကြီး ရှူရှိုက်လိုက်လေသည်။ ရင်ထဲမှာ ငြိမ်းအေးချမ်းမြေ့သွားသည်။ စိမ်းမြသော ကြာဖက်များက လေအသင့်တွင် တဖျတ်ဖျတ်လှုပ်ခါကာ ကန်ရေပြင်မျက်နှာပေါ်၌ မြူးတူးနေကြသည်။ ကြာဖူး ကြာငုံတို့သည် ရေကန်ထက်တွင် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။

ရေကန်ထဲသို့ ထိုးထွက်တည်ဆောက်ထားသော တံတားအတိုင်း ကျွန်ုပ် လျှောက်လာခဲ့သည်။ တံတားလက်ရန်းတိုင်ကို ကိုင်လျက် ရေကန်သာ ဝန်းကျင်ဆီသို့ ဖြန့်ကျက်ကြည့်မိပြန်သည်။

စိမ်းလန်းစိုပြည်မှုဖြင့် အစွမ်းကုန်သာယာနေသည့် တောတန်းငယ်။ တူရွင်းတောင်ခြေ၏ အေးမြသော တောအုပ်ကလေး။ ချည်ခင်စွပ်ငှက်ကလေးများ ပျံသန်းသွားကြသည်။ အဝေးဆီမှ ကြိုးကြာသံ သဲ့သဲ့ ကြားလိုက်ရသည်။ ငြိမ်းချမ်းစွာ လှပနေသည့် ရေကန်သာဝန်းကျင်။ ကျေးငှက် တိရစ္ဆာန်တို့၏ ဘေးမဲ့တော။

**ရတနာပုံစာအုပ်တိုက်**

ခမ္ဘ၏ ငြိမ်းချမ်းမှုကို ရိုက်ခတ်ပျံ့နှံ့သော ဤတောင်ခြေ၊ ဤတောအုပ် အလယ်မှ ရေကန်သာသည် ဤကမ္ဘာမြေပေါ်တွင် ဖြူစင်မွန်မြတ်မှုအပေါင်း ထွန်းကားရာ ဌာနဖြစ်ချေသည်။ ဤရေကန်သာ၏ ကန်ပေါင်တွင်ရှိလေသော ပိဋကတ်တိုက်သည်လည်း ဗုဒ္ဓမြတ်စွာ၏ ဗောဓိဓာတ်၊ နိဗ္ဗာနဓာတ်တို့ ရစ်ပတ်လွှမ်းခြုံ၊ သင်းပျံ့ထုံရာ ဒေသဖြစ်သည်။

မဟာသံဃထေရ် ခုနစ်ပါးအဖွဲ့၏ အုပ်ချုပ်မှုအောက်တွင် ကျွန်ုပ်သည် ပိဋကတ်တိုက်၏ အစိုးအမှူးဖြစ်မှန်းမသိ ဖြစ်ခဲ့လေပြီ။ ခမ္ဘဒသီ ဆရာတော်ကြီး ရှင်အရဟံမထေရ်မြတ်ကိုယ်တော်တိုင် စီမံခန့်ခွဲကာ အရှင်မဟာထေရ်၊ အရှင်မောဂ္ဂလိပုတ္တတိဿ အရှင်သုမေဓပဏ္ဍိတ်၊ အရှင်ဗြဟ္မပါလ၊ အရှင်ဗြဟ္မဒိဝ၊ အရှင်သောန၊ အရှင်သဃံသေနဝရပဏ္ဍိတ်၊ ဆရာတော်ကြီး ခုနစ်ပါးတို့အား မဟာသံဃထေရ် ခုနစ်ပါးအဖွဲ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

ပရိယတ်ကျမ်းတတ် အာဇာနည်ကြီးများ ဖြစ်တော်မူကြသော သံဃာခုနစ်ပါးတို့၏ အုပ်ချုပ်မှုအောက်တွင် ကျွန်ုပ်သည် ပိဋကတ်တိုက် အမှုတော်ထမ်း အားလုံး၏ အကြီးအကဲ ဖြစ်လာသည်။

ဤဘေးမဲ့တော၊ ရေကန်သာ ပိဋကတ်တိုက်ဝယ် ကျွန်ုပ်သည် ဆရာတော်ကြီးများ၏ ညွှန်ကြား သင်ပြပို့ချချက်များအတိုင်း အတိကျလိုက်နာ ဆောင်ရွက်ရပေသည်။ အနိရုဒ္ဓဒေဝမင်းကြီး လက်ထက်ကတည်းက တမ္ဗဒီပတိုင်းသို့ ရောက်နေခဲ့ကြသော သုဝဏ္ဏဘူမိသားတို့၏ အဆက်အနွယ်များကို ပိဋကတ်တိုက် အမှုတော်ထမ်းများအဖြစ် ခန့်အပ်ထားသည်။

အလွန်ရိုးသား၍ စကားနည်းကြသော သုဝဏ္ဏဘူမိသား အမှုတော်ထမ်းများသည် ဤအမှုအလုပ်နှင့် အထိုက်အတန် အကိုက်ညီဆုံးဟု ဆိုရမည်ဖြစ်သည်။ သူတို့သည် မိမိ၏ အလုပ်မှတစ်ပါး အခြားဘာကိုမျှ အာရုံဝင်စားခြင်း မရှိသူများ ဖြစ်သည်။

ကျွန်ုပ်သည် သူတို့၏ အစုအဖွဲ့ကို အုပ်ချုပ်ရသူဖြစ်စေကာမူ သူတို့ကို အထွေထူး အမိန့်အာဏာပေး၍ ခိုင်းစေစရာလည်း မရှိချေ။

**ရတနာပုံစာအုပ်တိုက်**

ဤရေကန်သာ ဤပိဋကတ်တိုက်ဝယ် လူအားလုံးမှာ ဗုဒ္ဓမြတ်စွာ၏ သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာ ပိဋကတ် တရားတော်များကို သင်အံခြင်း၊ ရေကူးခြင်း ကျက်မှတ်ခြင်း၊ အက္ခရာတင်ခြင်း၊ စိစစ်သုတ်သင်ခြင်း စသော အလုပ်များကို အသီးသီး ကိုယ်စီကိုယ်င အချိန်ပြည့် လုပ်ဆောင်နေကြသည်။

မဟာသံဃထေရ် ဆရာတော်ကြီးများကို ပြုစုလုပ်ကျွေးခြင်း၊ ပိဋကတ်တိုက် ထိန်းသိမ်းပြုပြင်ခြင်း၊ ရေကန်သာနှင့် ဘေးမဲ့တော ဥယျာဉ်ပန်းခြံကို ပြုပြင်ခြင်းများဖြင့် အချိန်တိုင်းမှာ အလုပ်ကိုယ်စီ နစ်မြုပ်မွေ့ပျော်လျက် ရှိကြလေသည်။

အားလုံး၏ အာရုံဝင်စားစူးစိုက်ရာမှာ တစ်ခုတည်းသာ ရှိသည်။ ယင်းမှာ ပိဋကတ်တိုက်နှင့် ရေကန်သာ ဘေးမဲ့တော ဥယျာဉ်ကြီး၏ ငြိမ်းချမ်းတည်တံ့ရေးသာပင်။ ထိုအခါ ကျွန်ုပ်သည်လည်း အစိုးအမူး ဖြစ်စေကာမူ ပိဋကတ်တော်များ၏ အရိပ်အဝန်းအောက်ဝယ် သူတို့ တတွေနှင့်မခြား တစ်သားတည်း ပျော်ဝင်သွားခဲ့ရလေသည်။

အနားယူချိန်ဖြစ်သော ညနေခင်းပိုင်းနှင့် ညဉ့်ဦးပိုင်းတို့တွင် ကျွန်ုပ်သည် ဘေးမဲ့တောအတွင်း တစ်ကိုယ်တည်း လှည့်လည်ခဲ့သည်။ ဤတော ဤတောင်ဝန်းကျင်ကား တစ်ခါက အမဲလိုက်ထွက်ခဲ့သော ပျယ္ခယွေတောတောင်နှင့် အခြားနားကြီး ခြားနားလှပေသည်။ ဘေးမဲ့တောအတွင်း တစ်ယောက်တည်း လှည့်လည်ရာ၌ ကျွန်ုပ်သည် မြင်းမစီးတော့ဘဲ ခြေလျင်သွားခဲ့လေသည်။

ပိဋကတ်တိုက်စာအံခန်းမတွင်ပြန်လည်စုရုံးကြရမည့် ညဉ့်ဦးယံ အချိန်မတိုင်မီ ကျွန်ုပ်သည် ရေကန်သာ ကမ်းစပ်မှ အင်ကြင်းပင်ကြီး တစ်ပင်အောက်တွင်ထိုင်လျက် မိမိအတွေးဖြင့် မိမိမွေ့လျော်မိသည်။

အတွေးစိတ်ကူး၌ မွေ့လျော်သည် ဆိုစေကာမူ ယခင်ကလို ပူလောင်ပြင်းပြသော အတွေးများ မဟုတ်တော့ကြောင်း ကျွန်ုပ် ကိုယ် ကျွန်ုပ်သာ အသိဆုံး ဖြစ်ပေမည်။

မယ်မယ် အနိစ္စရောက်ခါနီးတွင် ပိဋကတ်တိုက်ကို သွားနော် သားဟု မှာခဲ့လေရာ ထိုစဉ်ကမူ မယ်မယ့်ဆန္ဒကို လိုက်လျောသော

အားဖြင့် ကျွန်ုပ် ကတိပေးခဲ့ခြင်းသာ ဖြစ်သည်။ မယ်မယ်၏ နောက်ဆုံး အချိန်များတွင် မယ်မယ့်စကားကို နားထောင်မည့်အကြောင်း မယ်မယ် သိသွားစေဖို့မှအပ ကျွန်ုပ် စိတ်၌ မည်သို့မျှ တိမ်းညွတ်ခဲ့ခြင်းမရှိ။

မယ်မယ့် စျာပနကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပြီးနောက် တွင် ကျွန်ုပ်အတွက် အရာခပ်သိမ်း ပျောက်ဆုံးသွားလေသည်။

မယ်မယ် မရှိတော့သည့် နောက်တွင် ကျွန်ုပ်၏ ကမ္ဘာလောက သည် အချည်းနှီး သုည ဖြစ်သွားခဲ့သည်။ မယ်မယ်၏ ဥတုဇရုပ်ကလာပ် ကို မီးသဂြိုဟ်ပြီး အရိုးပြာများကို ဧရာဝတီထဲသို့ ပစ်ကြဲခဲ့ရပြီးနောက် တွင် ကျွန်ုပ်အတွက် ဤလောကကြီးသည် ဘာမှလုပ်စရာ မရှိတော့ သော နေရာဌာနကြီး ဖြစ်သွားလေသည်။

အရိမဒ္ဒနပူရ နန်းတော်သည်လည်းကောင်း၊ တမ္ပဒီပတိုင်းကြီး သည်လည်းကောင်း ကျွန်ုပ်အတွက် မည်သည့် အဓိပ္ပာယ်မှ မဆောင် သော ပလာဟင်းလင်း၊ သုညတ္တနယ်ပယ်ကြီး ဖြစ်သွားသည်။

စျာပနသဘင်တွင် ခမည်းတော် မင်းကြီး၊ အရီးတော်မိဖုရား ကြီးများ၊ အစ်မတော် ရွှေအိမ်သည်၊ ဦးဖီးနှင့် ကလန်အမတ်ချုပ်ကြီးများ အပြင် ပရိမ္ဗကြောင်းဖြူဒေသမှ ကျွန်ုပ်၏ ဘိုး ဖပုပ္ပါးတို့ပါ စုညီတက် ရောက်ခဲ့ကြသည်။

အရိမဒ္ဒနပူရနေပြည်တော် တစ်ဝှမ်းရှိ တိုင်းသားပြည်သူများ ထောင်သောင်းနှင့်ချီသော စျာပနသဘင်ကား ကြီးကျယ်လွန်းလှသည်။

သို့သော် ကျွန်ုပ်အတွက်မူ အရာခပ်သိမ်းသည် နံ့သာထင်းတုံး စင်ပေါ်မှ မယ်မယ့် ရုပ်ကလာပ်ကို လောင်ကျွမ်းနေသော မီးတောက် ကြီးများနှယ်၊ ရှိရှိသမျှ အားလုံး အခိုးအလျှံများသာ ဖြစ်သွားကြသည်။ မယ်မယ်မရှိတော့ခြင်းသည် ကျွန်ုပ်၏ ရှင်သန်မှုပါ အဓိပ္ပာယ်ကင်းမဲ့ သွားခြင်း ဖြစ်သည်။

စျာပနသဘင်၌ မည်သူတွေက မည်သို့လာရောက် နှစ်သိမ့်ကြ သည်ကိုလည်း ကျွန်ုပ်သတိမရတော့။ ခမည်းတော် မင်းကြီးမှ အစ၊ တစ်နန်းတော်လုံး ငိုကြွေးသည်ဟုသာ သာမန်အားဖြင့် အမှတ်ထားမိ တော့သည်။ ဓညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်သို့ သွားရောက်ရန်

အချို့က အကြံပေးကြသည်။ ပရိမ္မတောနှင့် ကြောင်းဖြူဒေသသို့ တစ်ယောက်တည်း ထွက်ခွာသွားရန်လည်း စိတ်ကူးပေါ်ခဲ့သည်။ စင်စစ်မူ ဘာတစ်ခုမျှ ရေရာတိကျခြင်း မရှိတော့ဘဲ အိပ်မက်ဆိုးများကိုသာ တစ်ခုပြီးတစ်ခု မြင်မက်နေရသလို နာကျင်ပင်ပန်းစွာဖြင့်သာ အချိန်ကာလများကို ဖြတ်သန်းခဲ့ရလေသည်။

အစ်မတော် ရွှေအိမ်သည်သည် တစ်ချိန်လုံးလုံး ကျွန့်ပ်ကိုအရိပ်အကဲ ကြည့်နေခဲ့သည်။ အစ်မတော်နှင့်အတူ အလောင်းစည်သူသည်လည်း ကျွန့်ပ်၏ နန်းဆောင်သို့ လိုက်ပါလာတတ်သည်။ သူ့နောက်မှ ငှက်ခါးရောင် ကိုယ်ကြပ်သင်တိုင်းဝတ် သူ၏ ကိုယ်ရံကလန်စစ်သည်များကို တွေ့ရသည်တွင် ဝက်ကြီးအင်းတောအုပ်တိုက်ပွဲက ထိုင်းမှိုင်းအုံ့ပျနေသော အာရုံထဲတွင် ဖျတ်ခနဲ ပေါ်လာသည်။

ထိုအခါမှပင် ကျွန့်ပ်သည် ထိုတိုက်ပွဲနှင့်တကွ အလောင်းစည်သူ၏အရေးကို ပြန်၍ အမှတ်ရလာသည်။ မယ်မယ် မရှိတော့ခြင်း၏ ကျွန့်ပ်၏ အရာခပ်သိမ်း ပျောက်ဆုံးသွားခြင်းပါတကားဟု ထိုအခါ ထပ်မံသိလာရပြန်သည်။ ငှက်ခါးရောင်ဝတ်စုံများကြောင့် ကျွန့်ပ်၏ သွေးကြောများ ဖျဉ်းကနဲ တစ်ချက် ဖြစ်ခဲ့သော်လည်း ထိုအရာသည် ရေညှိများ၊ ဒိုက်မှော်များ အတိပြီးသော ရေကန်တစ်ကန်ထဲသို့ ကျောက်စရစ်ခဲငယ်တစ်လုံး ကျသွားသည်နှင့်မခြား၊ မသိမသာ ဂယက်လှိုင်းကလေးများသာ ဖြာသွားပြီး ပြန်လည်၍ ပိန်းပိတ်သား ငြိမ်သက်သွားလေသည်။

အလောင်းစည်သူ၏အရေးကိုလည်း ကျွန့်ပ်မတွေးချင်တော့ပြီ။ အနာဂတ် ရည်မှန်းချက် အလိုဆန္ဒ ဘာဆိုဘာမျှ ကျွန့်ပ်မထားချင်တော့ပြီ။ “ထီးနန်းဆိုတာဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အမြင့်မားဆုံး ရည်မှန်းချက် မဖြစ်သင့်ဘူး”ဟူသော မယ်မယ့် နောက်ဆုံးစကားသည် နှလုံးသည်းပွတ်ဝယ် မီးအုံ့ထားသော လှံသွားတစ်ခုလို စိုက်နစ်နေသည်။ ပူလောင်ကြေကွဲခြင်းသာလျှင် ကျွန့်ပ်၏ ရုပ်အာဟာရ၊ နာမ်အာဟာရ ဖြစ်နေသည်။

## ရတနာပုံစာအုပ်တိုက်

ဤအချိန်ဝယ် ဓမ္မဒဿီ ဆရာတော်ကြီးနှင့် ခမည်းတော်မင်းကြီးတို့က ကျွန်ုပ်အား ပိဋကတ်တိုက်သို့သွားရန် တိုက်တွန်းခဲ့ကြခြင်း ဖြစ်လေသည်။

များစွာမှပင် အိုစာသွားသော ခမည်းတော်၏ အသွင်ကိုကြည့်ရင်း မယ်မယ့် စကားတစ်ခွန်းကို အမှတ်ရပြန်သည်။

“သိရိတြိဘုဝနာဒိတျ ဓမ္မရာဇာဘွဲ့ခံထားတဲ့ သားရဲ့ခမည်းဟာ လောကခံတရားရဲ့ ကျေးကျွန်ပါ။ ကံကြမ္မာရဲ့ သားကောင်ပါ”

တမ္ဗဒီပ၏အရှင်သခင်၊ လောကခံ၏ကျေးကျွန်ခမည်းတော်ကြီးကို ကြည့်နေရင်း ကျွန်ုပ်တို့ သားအဖနှစ်ဦး၏ နွေးထွေးခြင်းကင်းသော ဆက်ဆံမှုသည် မယ်မယ် မရှိတော့သည့်နောက် ပို၍ပင် အေးခဲသွားကြပြီဟု ခံစားရလေသည်။

“တူရွှင်းတောင်ခြေ ရေကန်သာက ပိဋကတ်တိုက်ကို ဒကာတော်လေးသွားဖို့ အချိန်ကျပြီ”

ဓမ္မဒဿီ ဆရာတော်ကြီးက မိန့်တော်မူသည်။ ကျွန်ုပ်ငေးငိုင်နေမိစဉ် ခမည်းတော်မင်းကြီးက အက်ကွဲသော အသံဖြင့် ဆိုပြန်သည်။

“ဒီရေကန်သာ ဘေးမဲ့တောနဲ့ ပိဋကတ်တိုက်ကို သားတော်အတွက် ရည်စူးပြီး ခမည်းတော်တည်ဆောက်ခဲ့ပါတယ် သားတော်”

ထိုအခါမှပင် ဤအစီအမံများ အားလုံးမှာ ခမည်းတော်ကျန်စစ်မင်းကြီး၏ အစီအမံများပါကလားဟု ကျွန်ုပ်ထင်ရှား သိခွင့်ရတော့သည်။ ဤအတွက် ကျွန်ုပ်စိတ်ကို ကျွန်ုပ် ပိုင်းခြားဝေဖန်ခြင်း မပြုနိုင်မီမှာပင် ဆရာတော်ကြီး၏ အမိန့်စကားသာ ကျွန်ုပ်ကို လွှမ်းခြုံသွားသည်။

“သွားလေသူ ဒါယိကာမကြီးကလည်း ဒကာတော်လေးကို တသသမှာ သွားလိမ့်မယ်လို့ ဆရာတော်ယူဆတယ်။ သရဏဂုံတင်ပွဲတုန်းက ဒါယိကာမကြီးက ဆရာတော်ကို လျှောက်ဖူးတယ်။သူ့သားရဲ့ ဘဝရှင်သန်မှုကို အလေးနက်ဆုံး အဓိပ္ပာယ်တွေနဲ့ ပြည့်ဝနေအောင် ဆရာတော်ဘုရားတို့ လမ်းခင်းပေးတော်မူကြပါတဲ့...။

ဒီစကားဟာ သူ့နောက်ဆုံးစကားနဲ့ တစ်သဘောတည်းပဲ ဖြစ်လေမယ် ဒကာတော်လေး...”

**ရတနာပုံစာအုပ်တိုက်**

ပိဋကတ်တိုက်ဆိုသည်ကို စင်စစ် ကျွန်ုပ်နားမလည်။ စိတ်လည်း မဝင်စား။ သို့သော် မယ်မယ့်အမှာစကား၊ ဆရာတော်ကြီး၏ တိုက်တွန်းချက်တို့က ထုထည်ကြီးစွာ ထောက်ကူ တွန်းကန်နေကြသည်။ ထို့အပြင် တူရွှင်းတောင်ခြေနှင့် ဘားမဲ့တောဆိုသော စကားကို ကြားရသည်နှင့် တောရိပ်တောင်ရိပ်ကို ချစ်သောစိတ်တို့က ဦးဆောင်ဦးရွက်ပြုကာ ဆွဲခေါ်နေကြသည်။ သည်မျှသာမက မယ်မယ် မရှိတော့သော ဤ အရိမဒ္ဒနပူရ နန်းမြို့တော်ကြီးမှာလည်း မနေချင်တော့သည်ဖြစ်၍ တူရွှင်းတောင်ခြေသို့ ကျွန်ုပ်ထွက်ခဲ့ခြင်းပင် ဖြစ်လေသည်။

◆ ◆ ◆

## ( ၂၈ )

"ယထာ သက္ကာရ စာနသ္မိံ၊ ဥဋ္ဌိတသ္မိံ မဟာပထေ၊ ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။

"ဧဝံ သက္ကာရ ဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ၊ အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓ သာဝကော။"

ရေကန်သာအလယ်ရှိ ငွါးငွါးစွင့်စွင့် ကြာပွင့်ကြီးများကို ငေးမောနေရင်း နှုတ်မှအလိုအလျောက် ရွတ်ဆိုမိလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်ကာလက တက္ကတွန်းတို့၏တပည့်လက်ရုံးဖြစ်သော ဂရဟာဒိန္နအမည်ရှိ သူကြွယ်တစ်ယောက်သည် ဘုရားရှင်၏ သာဝက သူ့မိတ်ဆွေ သိရိဂုတ္တ သူကြွယ်အပေါ် ရန်ငြိုးဖွဲ့ရာမှ ဘုရားရှင်ကိုပါ ပြစ်မှားမိခဲ့ဖူးသည်။ ဘုရားရှင်နှင့် ရဟန်းငါးရာတို့အား မိမိအိမ်သို့ ပင့်ဖိတ်ခဲ့ပြီး အိမ်နှစ်ဆောင်အကြား တွင်းကြီးတစ်ခုတူးကာ လှည်းအစီးရှစ်ဆယ် တိုက်ခန့်မျှသော ရှားမီးကျီးအစုကို ပြုလုပ်ကာ တွင်းပေါ်မှ ပျဉ်ချပ်ခင်းကာ ဖျာကြမ်းဖြင့် အုပ်၍ နွားချေးများလိမ်းကျံလျက် မီးကျီတွင်းမှန်းမသိစေရအောင် စီမံထားခဲ့လေသည်။

**ရတနာပုံစာအုပ်တိုက်**

ဗုဒ္ဓဘုရားရှင်သည် ဂရဟဒိန္န၏ ရှားမီးကျီးတွင်းပေါ်၌ ခြေတော်ကို ဆန့်တန်းလိုက်လျှင်ပင် ဖျာကြမ်းသည် ပျောက်ကွယ်သွားခဲ့သည်။ မီးကျီးတွင်းကို ဖောက်ခွဲလျက် ရထားဘီး လှည်းဘီးပမာဏရှိသော ပဒုမ္မာကြာပွင့်ကြာပန်းကြီးတို့သည် အစီအရီ ထွက်ပေါ်လာကြသည်။ ဘုရားရှင်သည် ပဒုမ္မာကြာအချပ်တို့ကို နင်းတော်မူလျက် ကြွသွားတော်မူကာ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူခဲ့သည်။ ရဟန်းငါးရာတို့လည်း ထို့အတူပင် ကြာပွင့်ကြီးများကိုနင်းလျက် အသီးသီးထိုင်တော်မူကြသည်။

ပိဋကတ်တိုက်ရေကန်သာအလယ်မှပွင့်အာနေကြသော ကြာပွင့်ကြီးများကို ကြည့်ရင်း ဧကကနိပါတ် ကုလာဝက ဝဂ်လာ စဒိရင်္ဂါရဇာတ်တော် ဟောတော်မူခြင်းနှင့် စပ်ဆိုင်သော ထိုအဖြစ်ကို သတိရကာ ကျွန်ုပ်၏ နှုတ်မှ ရွတ်ဆိုမိခြင်းပင်။

“မဟာပထ၊ လူအများသွားလာရာလမ်း၌ ဥဇ္ဇိတသွိ၊ အသုံးမဝင်ငြား စွန့်ပစ်ထားအပ်သော၊ သင်္ကာရ စနသွိ၊ ညစ်ကြေးပေါင်းစုံ အမှိုက်ပုံ၌၊ တတ္ထ၊ ထိုအမှိုက်ပုံ၌၊ သုစိဂန္ဓိ၊ သင်းပျံ့လှိုင်ကြွယ် စင်ကြယ်သော ရနံ့ရှိသော၊ မနောရမံ၊ မြင်မြင်သူတို့ စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော် စေတတ်သော။ ပဒုမံ၊ အထပ်တစ်ရာသော ကြာပန်းသည်။ ဇယေထယထာ၊ အံ့ဖွယ် ထူးဆန်း ဖြစ်ထွန်း ပေါ်ပေါက်၍ လာသကဲ့သို့။

“ဧဝံ၊ ဤနည်းအတူသာလျှင်၊ သင်္ကာရ ဘူတေသု၊ အမှိုက်သဖွယ် စွန့်ပယ်အပ်သော သဘောရှိသော သတ္တဝါတို့၌၊ သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား၏ တပည့်သား သာဝက ဒီဃာသဝ ပုဂ္ဂိုလ်သည်၊ ပညာယ အဘိအလိမ္မာ၊ ဉာဏ်ပညာဖြင့်၊ အန္ဓဘူတေ၊ ပညာဉာဏ်စွမ်း ခြောက်သွေ့ခမ်းကာ အကန်းသဖွယ်ဖြစ်ကုန်သော၊ ပုထုဇ္ဇနေ၊ လောကီလူသားတို့ကို၊ အတိရောစတိ၊ သာလွန်မြင့်ထယ် တင့်တယ်ပေကုန်၏”

ဘုန်းတော် ဉာဏ်တော် ကံတော် တန်ခိုးတော် အနန္တတို့ဖြင့် ပြည့်စုံတော်မူပေသော ဘုရားရှင်၏ ဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်လျက် ကျူးရင့် ရွတ်ဆိုမိရင်း ပီတိဂယက်တို့သည် ရေကန်သာ

မျက်နှာပြင်သို့ လေပြည်သုတ်ဖြူးလိုက်သလို တစ်ကိုယ်လုံး ဖြာသွားလေသည်။

ဤကာလဝယ် ရှုပ်ထွေး နောက်ကျိစရာ အတိတ်တို့သည် လည်းကောင်း၊ မောဟိုက်ပင်ပန်းစရာ အနာဂတ်တို့သည် လည်းကောင်း ပျောက်ဆုံးနေကြကာ ခဏိကာပီတိတို့ ဖြန်းကျက်သော ပစ္စုပ္ပန်တဒင်္ဂများသာလျှင် ကျွန်ုပ်ထံ၌ ဖြစ်ပေါ်နေတော့သည်။

မယ်မယ်သည် သုဂတိဘုံတစ်ခုမှနေ၍ ကျွန်ုပ်အား သာဓုခေါ်နေပြီလား။

"အရှင့်သား...ကျွန်တော်မျိုးကို ခွင့်ပြုတော်မူပါ"

နောက်ဘက်ဆီမှ အသံတစ်ခုကြောင့် ချမ်းမြေ့သော အခိုက်အတန့်လေးသည် ပျက်ပြယ်သွားလေသည်။ အသံရှင်ဘက်သို့ ကျွန်ုပ်လှည့်ကြည့်လိုက်သောအခါ ယောကျ်ားပျိုတစ်ယောက်ကို တွေ့ရသည်။

တည်ကြည်သော မျက်နှာ၊ ကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်ဖြင့် ဝံ့ဝံ့စားစား ချဉ်းကပ်လာသော ထိုသူကို ကျွန်ုပ် မျက်မှောင်ကြုတ်ကြည့်ဖြစ်သည်။ နီညိုရောင်ဖျဉ်သင်တိုင်း ခါးတိုဝတ်လျက် ဆံပင်များကို နောက်တွဲစည်းနှောင်ထားသော ထိုသူကို ကျွန်ုပ် မသိ။ ပိဋကတ်တိုက်အမှုထမ်းများထဲမှလည်း မဟုတ်။ သူကမူ ကျွန်ုပ်ကို လေးစားခန့်ညားသော၊ ရင်းနှီးသော အသွင်ဆောင်နေသည်။

"ကျွန်တော်မျိုးပါ ငရွှေရစ်ပါ အရှင့်သား"

"ငရွှေရစ်။ ဘယ်က ငရွှေရစ်လဲ"

"ငဆောင်ချမ်းရွာမှ ငရွှေရစ်။ မင်းနန်သူ ကွန်သာယာတုန်းက သက်သေ ငရွှေရစ်ပါ အရှင့်သား"

ထိုအခါမှပင် ကျွန်ုပ်၏မြင်းကို ဌားစီးခဲ့သော ရွာသားလုလင်ကို ကျွန်ုပ် မှတ်မိလာတော့သည်။ သူ့ကို ကျွန်ုပ် မေ့ပျောက်ထားခဲ့ချေသည်။

"သြော် သြော်။ မောင်မင်းကိုး။ အခု ဘယ်နှယ့်ကြောင့်..."

"ကျွန်တော်မျိုး ရှင်းပြပါရစေ အရှင့်သား"

ရေကန်စပ် နိမ့်သော နေရာသို့ ဆင်းကာ သူဒူးထောက်လိုက်သည်။

**ရတနာပုံစာအုပ်တိုက်**

"ငရွှေရစ် မင်းသက်သာသလို နေပါ။ ဒီနေရာဟာ ရေကန်သာ ပိဋကတ်တိုက် ပရ၀ဏ်ပဲ။ ကျွန်ုပ်ရဲ့ နန်းဆောင်မဟုတ်ပါဘူး။ ကွန် သာယာလဲ မဟုတ်ပါဘူး"

သူက ကျွန်ုပ်ကို ရွှန်းရွှန်းစားစား မော့ကြည့်သည်။ ဒူးထောက် လျက် ကိုယ်ကိုညွတ်ထားခြင်းကိုမူ သူမပြင်ပေ။ ထို့ပြင် သူ့ဟန်ပန်မှာ ကျေးလက် ဇနပုဒ်သားတစ်ဦးနှင့်မတူဘဲ ကလန် ရဲမက်တစ်ယောက်နှင့် တူနေကြောင်း သတိထားမိလေသည်။

"ကျွန်တော်မျိုး အခု ကလန်မှူးကြီး ဦးငထွေရဲ့ တပ်ထဲမှာ ကလန်တစ်ယောက် ဖြစ်နေပါပြီ အရှင့်သား"

"သြော်…ဒီလိုလား။ ဘာကြောင့် ဒီကို ရောက်လာရသလဲ"

"ဖြစ်ခဲ့သမျှကို အကျဉ်းဆိုပါရစေ အရှင့်သား။ မင်းနန်းသူ ကွန်သာယာမှုပြီးသွားပြီးတဲ့နောက်မှာ အရှင့်သားရဲ့ ကျေးဇူးဂုဏ်ကို ကျွန်တော်မျိုးတို့ ငဆောင်ချမ်းတစ်ရွာလုံး တသသ ပြောမဆုံးအောက်မေ့ မဆုံး ရှိခဲ့ပါတယ်"

ကျွန်ုပ်ကား ထိုကိစ္စကို မေ့သလောက်ရှိနေပေပြီ။

"ကျွန်တော်မျိုး ငရွှေရစ် အနေနဲ့ကတော့ အရှင့်သားကို အရှင့် သားမှန်းမသိခဲ့လို့ မြင်းဗုာစီးခဲ့မိတဲ့ အဖြစ်ကို တအုံ့နွေးနွေးနဲ့ မလုံမလဲ ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် အရှင့်သားကို ဦးတိုက်တောင်းပန်ဖို့နဲ့ ကျေးဇူးဆပ်ဖို့ ကျွန်တော်မျိုး ဆုံးဖြတ်ခဲ့ပါတယ်"

သူ့နာမည် ငရွှေရစ်ဟု ယခုမှ သိရသော လုလင်သည် ရိုးသား ဖြူစင်သူဖြစ်မှန်း သိသာပေသည်။

"အင်း…ဆက်ပြောပါဦးလေ"

"အရှင့်သားကို ကျေးဇူးဆပ်ရမယ်ဆိုတာ အချိန်ရှိသရွေ့ စဉ်းစားခဲ့ပြီး နောက်ဆုံးတော့ အသည်သား လယ်လုပ်ဓားမခုတ် ဘ၀ ကို စွန့်လွှတ်ပြီး နေပြည်တော်တက် အရှင့်သားရဲ့ တပ်ဖွဲ့မှာ ၀င်ရောက် အမှုထမ်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အရှင့်သားနဲ့ နီးနီးကပ်ကပ်နေပြီး ကျေးဇူးသစ္စာကို လုပ်ကျွေး ခစားချင်လို့ ဖြစ်ပါတယ်"

"အင်း…ဒါနဲ့ မင်းက ဘယ်လိုဖြစ်ပြီး ကလန်မှူးကြီး ဦးငထွေရဲ့ တပ်ထဲ ရောက်သွားရတာလဲ"

"အရှင့်သားရဲ့ ကလန်အမတ်တွေက အရှင့်သား တူရွင်းတောင်ခြေမှာရှိတဲ့ အကြောင်းနဲ့ အရှင့်သား အမိန့်မရဘဲ ကလန်အဖွဲ့ထဲမှာ အမှုတော်ထမ်းခွင့်မပြုရဲကြောင်း ပြောပြကြပါတယ်။ ဒီအချိန်မှာ ဦးငထွေလဲ ရှိနေတာကြောင့် သူက အရှင့်သား တူရွင်းတောင်ခြေ ပိဋကတ်တိုက်မှာ ဘယ်လောက်ကြာဦးမလဲမသိဘူး။ မင်းမှုထမ်းချင်ရင် သူ့တပ်ဖွဲ့ထဲ ဝင်ဆိုတာနဲ့။ ဒါလဲ အရှင့်သားနဲ့ နီးစပ်ရမှာပဲဆိုပြီး ကျွန်တော်မျိုး သူ့တပ်ဖွဲ့ထဲ ဝင်ခဲ့ခြင်း ဖြစ်ပါတယ်"

"သြော် ဒီလိုတဲ့လား"

သူ့ကို ကြည့်ရင်း သတိရလာသည်နှင့် ကျွန်ုပ်မေးလိုက်သည်။

"မင်း အခုမြင်းတစ်စီးတော့ ပိုင်ဆိုင်ရပြီပေါ့ ဟုတ်လား"

ငရွှေရစ်က ခင်မင်ဖွယ် အပြုံးဖြင့် ဖြေသည်။

"အဲဒီမှာတော့ ဟန်မကျ ဖြစ်ရပါတယ် အရှင့်သား။ ကလန်မှူးကြီးက ကျွန်တော်မျိုးကို ထန်းလုံးတစ်ရာပြု မြို့တံခါးစောင့် တပ်ဖွဲ့မှာ အရာပေးပါတယ်။ ကျွန်တော်မျိုး မြင်းစီးခွင့် မရခဲ့ပါဘူး။ အခုလာတာလဲ ခြေလျင်ခရီးပါ"

"ဒါအတွက်တော့ ဝမ်းမနည်းပါနဲ့ ငရွှေရစ်ရယ်။ မင်းကိုမြင်းတစ်စီးပေးမယ်လို့ ကျွန်ုပ် ကွန်သာယာမှာ ပြောခဲ့ပြီပဲ…။ မင်း မြင်းတစ်ကောင် တစ်စီး ပိုင်ဆိုင်ရပါစေမယ်။ ဒါနဲ့ နေစမ်းပါဦး။ ထန်းလုံးတစ်ရာပြု မြို့တံခါးစောင့် တပ်ဖွဲ့ကနေ ဘာ့ကြောင့် ဒီကို ရောက်လာတာလဲ၊ ဦးငထွေတို့ကော…"

ငရွှေရစ်၏ မျက်နှာတည်ကြည်သွားသည်။ လေးနက်သော အသွင်သို့ ပြောင်းသွားကာ တစ်ခုခုအရေးတကြီး ပြောချင်ဟန် တွေ့လိုက်ရလေသည်။

"ကလန်မှူးကြီးထံမှာ ကျွန်တော်မျိုး ခွင့်ပန်ခဲ့ပါတယ်။ အရှင့်သားအတွက် အင်မတန် အရေးကြီးတဲ့ အကြောင်းတစ်ခုကို ကျွန်တော်မျိုး ယူဆောင်လာပါတယ်"

**ရတနာပုံစာအုပ်တိုက်**

အရိမဒ္ဒနပူရ တူရွင်းတောင်ခြေ၊ ဤဘေးမဲ့တော၊ ရေကန်သာ ပိဋကတ်တိုက် တည်ရာဒေသသို့ သူခြေလျင်ခရီးဖြင့် လာခဲ့သည်။ ဤမျှ ဝေးလံကာ တောအုပ်များကို ဖြတ်သန်းခဲ့ရသော ခရီးကြမ်းကို သူလာ ရောက်လောက်အောင် မည်မျှ အရေးကြီးလေသနည်း။

“အရှင့်သားဆီကို ဘာကြောင့် အရောက်လာရတယ်ဆိုတာ ဦးငထွေတို့တောင်မှ မသိပါဘူး။ ဘယ်သူမှလဲ မသိကြပါဘူး။ ဘယ်သူမှ မသိအောင်လည်း ဒီအကြောင်းကို ကျွန်တော်မျိုး လျှို့ဝှက်ခဲ့တာပါ”

စိတ်ဝင်စားဖွယ် ဖြစ်လာပေပြီ။

“မင်းနန်းသူကွန်သာယာမှာ ကျွန်မှု ရှုံးသွားပြီး ကြေးပိဿာ ငါးဆယ်ပေးလျော်ဖို့ အရှင့်သား စီရင်အမိန့်ချခဲ့တဲ့ သူကြွယ် သင်ကို မှတ်မိပါသေးလား”

“သူကြွယ် ငသင်။ အင်း မှတ်မိပါတယ်။ သူကျွန်ုပ်ဆီကိုလာခဲ့ သေးတယ်။ သူနောင်တ တရားရပြီး ထန်း အလုပ် လုပ်နေသတဲ့”

ငရွှေရစ်၏ အမူအရာ တစ်မျိုးဖြစ်သွားသည်။ သူ့မျက်နှာမှာ သွေးရောင်လျှမ်းလာသည်ဟု ထင်ရသည်။

“အရှင့်သား။ ကျွန်တော်မျိုးအပေါ်မှာ အရှင့်သားရဲ့ ကျေးဇူး တရားနဲ့ မေတ္တာ ကရုဏာဟာ ကြီးမားစွာ ကျရောက်နေပါတယ်။ ဒီ ကျေးဇူးတရားတွေ မေတ္တာ ကရုဏာတွေကို ဦးထိပ်ရွက်ပြီး ကျိန်ဆိုပါ မယ်။ ကျွန်တော်မျိုးဟာ အရှင့်သားရဲ့ အကျိုးဆုတ်ယုတ်မှုကို ကြံစည် လုပ်ကိုင်ခဲ့သော် ကျွန်ုပ် ငရွှေရစ်သည် လက်နက်ဘေး အပေါင်းသင့်၍ အသေဆိုးနှင့် သေရပါစေသား။ သေပြီးအခြားမဲ့၌လည်း မဟာတာပန္န အစရှိသော ငရဲတို့၌ ကျရောက်ပါစေသား ...”

ငရွှေရစ်၏ တင်းမာသော မျက်နှာနှင့် ပြင်းထန်သော ကျိန်စာ ကြောင့် ကျွန်ုပ် တုန်လှုပ်သွားမိလေသည်။

“နေပါဦး၊ ငရွှေရစ်၊ မင်းဘာကြောင့် ကျိန်စာဆိုရသလဲ။ မင်း ဘာပြောချင်သလဲ”

“ကျွန်တော်မျိုး အစအဆုံး ပြောပါ့မယ်။ ဒီလိုပါ အရှင့်သား”

ငရွှေရစ်၏ လှိုက်လှဲသည်းထန်သော စကားများကို နားထောင်ရင်း ကျွန်ုပ်ချောက်ချားလာသည်။

တူရွင်းတောင်ခြေ၊ ဘေးမဲ့တော၊ ပိဋကတ်တိုက်တည်ရာ ရေကန်သာ ဒေသအထိ ဘေးရန်အန္တရာယ်တို့သည် အလူးလူး အလိမ်းလိမ်း ထွေးယှက်ရစ်ပတ် လိုက်လာကြသည်ကော။

ဤမျှ ရှုပ်ထွေးသော အမှုတို့သည် အဘယ်ဆီမှ မြစ်ဖျားခံခဲ့လေသနည်း။ ဆက်စပ်လျက်ရှိသော အကြောင်းအကျိုးတို့ကို သင့်တင့်လျောက်ပတ်သော နှလုံးသွင်း ဆင်ခြင်ခြင်းများဖြင့် ဆင်ခြင် စိစစ်ရသည်။

ငရွှေရစ်၏ စကားများဆုံးသည်နှင့် ကျွန်ုပ်လည်း ဆုံးဖြတ်ချက်တစ်ခုကို ချဖြစ်လေသည်။ သူ့ကိုမူကား နှစ်သိမ့်လိုက်ရသည်။

"ငရွှေရစ်...မင်းငါ့ဆီက အမိန့်တစ်ခုခု မရမချင်း ဒီအတိုင်းပဲ နေကြားလား"

ပိဋကတ်တိုက်ဆီမှ ထိုးမောင်းသံက ခါတိုင်းနှင့်မတူ ကျွန်ုပ်ရင်ထဲသို့ စူးစူးရှရှ ဝင်ရောက်လာလေသည်။ ထိုစူးရှမှုမှသည် အလင်းရောင်ဓာတ်များလည်း တဖွားဖွား ကွန့်မြူးတောက်ပလာခဲ့ချေပြီ။

◆ ◆ ◆

## ( ၂၉ )

မိုက်မဲရူးသွပ်သော အပြုအမူ ဖြစ်ကောင်း ဖြစ်မည်။ သို့သော် အပြန်ပြန်အလှန်လှန် ပိုင်းခြားဝေဖန်ပြီး နောက်ဆုံး၌ ဤအတိုင်းသာ ဆောင်ရွက်ရမည်ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။

"ခွင့်လွှတ်ပါ မယ်မယ်။ သား ဒီလိုလုပ်မှ ဖြစ်တော့မှာမို့ လုပ်ခဲ့တာပါ"

မယ်မယ့်ကို ရည်မှန်း၍ အနူးအညွတ် တောင်းပန်စကားဆိုလိုက်သည်။

အသက်ပြင်းပြင်းတစ်ချက် ရှိုက်ကာ ရင်ကိုစွင့်မတ်လျက် မြင်းဇက်ကုန် ဖွင့်လိုက်သည်။ ဂဝံကျောက် ရောနှောနေသော မြေနီကမ်းပါးစောင်းတွင် ကျွန်ုပ်၏ မြင်းခွာသံများ ဖြောင်းဖြောင်း မြည်ဟီးသွားသည်။ ကျောတွင် သိုင်းချည်ထားသော လေးကိုင်း၊ ပခုံးထက်မှ မြားကျည်တောက်၊ ခါးစည်းကြားမှ ဓားမြှောင်၊ မြင်းကုန်းနှီးတွင် ချိတ်ဆွဲထားသော အဲမောင်းလှံရှည်၊ လှံလျင်၊ ပုဆိန် စသော လက်နက်တို့သည် ကဆုန်စိုင်းနေသော မြင်းကြီး၏ အရှိန်နှင့်အမျှ တချွင်ချွင်အသံများ

ထွက်နေကြသည်။

ကျောက်ဂူဝသို့ ကျွန်ုပ် ရောက်ချိန်တွင် နေမွန်းတည့်နေပေပြီ။ ကျွန်ုပ် မြင်းဝင်လာသည်ကို မြင်သည်နှင့် သူတို့အားလုံး ပြာပြာ ဒူးထောက်သွားကြသည်။ မြင်းကြီးကို အရှိန်မသတ်ခင် ကျွန်ုပ် လွှားခုန်ဆင်းလိုက်ပြီး မြင်းဇက်ကိုတုန့်ဆွဲလိုက်ရာ မြင်းကြီးသည် ကျယ်လောင်စွာ ဟီးလျက် ရှေ့ခြေများ မြောက်တက်သွားကြသည်။

ကမ္ဗလာအခင်းတစ်ခု လွှမ်းထားသော ကျောက်တုံးကြီးပေါ်သို့ ကျွန်ုပ် ထိုင်လိုက်ချိန်တွင် ရှေ့ဆုံးမှလူသည် ကျွန်ုပ်နှင့် မလှမ်းမကမ်းသို့ ဒူးထောက်ရင်း တိုးရွှေ့လာသည်။

"မောင်မင်းတို့ အားလုံး စုံညီရှိကြပြီလား"

"အရေးပါ အရာရောက်ဆုံး ခေါင်းဆောင်တွေ အားလုံးဒီမှာ စုံညီရောက်ရှိနေကြပါပြီ ကိုယ်တော်ကြီး။ သူတို့ကို ကိုယ်တော်ကြီး မှတ်မိအောင် တစ်ဦးစီရဲ့အမည်နဲ့ ခွဲဝေထမ်းဆောင်ရမယ့် အရာတာဝန်ကို ကျွန်တော်မျိုး သံတော်ဦး တင်ပါရစေ"

"ဒါ နန်းရင်ပြင်ခန်းမ မဟုတ်ဘူး။ အဆောင်အယောင်အသုံး အနှုန်းတွေကို အပိုပြောမနေကြနဲ့။ ကိုယ့်ဘာသာကိုယ် တစ်ယောက်စီ ထပြောစမ်း"

"ကောင်းပါပြီ ကိုယ်တော်ကြီး"

သူကြွယ်သင်သည် ဘေးသို့ ဖယ်ပေးသွားသည်။ ထို့နောက် သူ့လူများကို မျက်ရိပ်ပြလိုက်သည်။ တစ်ယောက်စီ သူတို့ပြောကြသည်။

"ကျွန်တော်မျိုးက ငအောင်စွာပါ၊ သင်ဖမဟောင်း။ ယခု တောင်ဘိရွာစိုးပါ"

"ကျွန်တော်မျိုးက ဇေယျာပိကြန်ပါ၊ သင်ဖမဟောင်း၊ ယခု တက်သေးရွာ၊ ရာပြုပ်။ ရိက္ခာစိုးပါ"

"ကျွန်တော်မျိုးက ငနော်ရစ်။ သင်ဖမဟောင်း။ ယခု မြေနှဲရွာစိုးပါ"

တစ်ယောက်ပြီး တစ်ယောက် ထပြောကြသည်။ သင်ဖမ တရားစိုးအဖွဲ့ဝင်ဟောင်း ငါးယောက်၊ ကျန်လူ ငါးယောက်တို့မှာလည်း

ဖျောက်ဆိပ်ပင်ရှာ၊ ကွန်းစင်ကြပ်ရှာ စသည်တို့မှ ဖြစ်ကြသည်။ သူတို့အားလုံးပင် လယ်မြေပိုင်ဆိုင်သူ ဥစ္စာတောင့်တင်းသူများဖြစ်ပြီး သင်ဖမအဖွဲ့၊ ကလန်မှူးရွာစိုး အဖွဲ့များနှင့် တစ်နည်းနည်း ပတ်သက်နေသူများဖြစ်လေသည်။

"ကျွန်တော်မျိုးနဲ့ပါဆိုရင် အားလုံး ဆယ့်တစ်ယောက်ပါ ကိုယ်တော်ကြီး"

သူကြွယ် သေင်က အားပါးတရပြောသည်။ သေင်၏ဟန်ပန်မှာ ဝက်ကြီးအင်းတောအုပ် တိုက်ပွဲအပြီး နောက်တစ်နေ့ နံနက်လယ်ယားရွာ မရောက်ခင် တောင်ကုန်းလမ်း၌ တွေ့ခဲ့ရတုန်းကလို မဟုတ်တော့။ သေင်သည် သူကြွယ်တစ်ယောက်၏ နုနုရွရွအသွင်လုံးဝ မရှိတော့ဘဲ မုဆိုးတစ်ယောက်နှင့်မခြား တောင့်တင်းသန်မာနေသည်။

"ကျွန်တော်မျိုးတို့ အခုဆယ့်တစ်ယောက်ဟာ အမြုတေတွေ ချည်းပါပဲ ကိုယ်တော်ကြီး။ ဒီဆယ့်တစ်ယောက်ကနေ ပွားလိုက်ရင်..."

သေင်သည် သူ့ကို ကျွန်ုပ် စိုက်ကြည့်နေမှန်းမသိဘဲ ဝင့်ဝင့်ကြွားကြွား အမူအရာဖြင့် လက်ကို ဝှေ့ရမ်းလျက် ပြောနေသည်။

"ဟင်း...ဟင်း မြင်သာ ဆယ့်တစ်ခရိုင် အင်အားလောက်ကို တောင်မှ မှုစရာမရှိပါဘူး။ မြင်သာ ဆယ်တစ်ခရိုင်တွင်သာမကပါဘူးလေ။ ပင်စည်တိုက်၊ မုဆိုးဖိုတိုက်နဲ့၊ ညံသာတိုက်၊ သလ္လာဝတီ အနောက်ဘက်ကမ်းက ပင်လည်တိုက်။ ယောမြစ်ညာဒေသက တမာခါတိုက်ဒေသအထိ ဖြန့်ကျက် စိုးမိုးနိုင်ပါတယ်။ ယုံတော်မူပါ ကိုယ်တော်ကြီးဘုရား"

သူ့လူများထံမှ ခပ်အုပ်အုပ်ရယ်သံများ ထွက်ပေါ်လာသည်။ ရယ်ရင်းဖြင့် ကျွန်ုပ်ကို မော့ကြည့်ကြရာ မရယ်မပြုံးဖြင့် ကျွန်ုပ်က မျက်နှာထား တင်းလိုက်သောကြောင့် သူတို့ရယ်သံများ ရပ်တန့်သွားကြသည်။

ခါးစည်းကြားမှ ဓားမြှောင်ကိုထုတ်ကာ ဂဝံကျောက်စရစ်မြေပေါ်သို့ ကျွန်ုပ် ပစ်စိုက်ချလိုက်သည်။ တုန်ခါနေသော ဓားမြှောင်ရိုးကိုကြည့်ပြီး သူတို့ဝပ်လျှိုးသွားကြသည်။

"အားလုံးကြည့်ကြစမ်း"

အရိမဒ္ဒနပူရနန်းမြို့ပုံကို မြေကြီးပေါ်တွင် ဓားမြှောင်ဦးချွန်ဖြင့် ရေးခြစ်လိုက်သည်။ သရပါတံခါးမုခ်အပါအဝင် မုခ်ကြီး မုခ်ငယ် ဆယ့်နှစ်ပေါက်။ မင်းကြီး၏ နန်းမဆောင်။ မိဖုရားကြီးများ၏ နန်းဆောင်၊ အတွင်းအပြင် စင်္ကြံလမ်းများ။ ဗိုလ်ရှုခံကွင်းပြင်၊ မြင်းဇောင်း၊ ဆင်တင်းကုပ်၊ မြို့တော်စောင့် ကလန်တပ်ဖွဲ့စွဲရာ ခံတပ်...။

"ဟောဒါက ရွှေအိမ်သည်နဲ့ သူ့သား အလောင်းစည်သူတို့ရဲ့ နန်းဆောင်ပဲ။ နို့အပ်စော်မပျောက်သေးတဲ့ အလောင်းစည်သူဟာ သူ့မိခင်နဲ့ တစ်ဝိုင်းတည်းနေပြီး နန်းဆောင်ချင်း တွဲဆောက်ထားတယ်။ ဒါက အလောင်းစည်သူ ညနေတိုင်း လက်ရုံးလေ့ကျင့်တယ် ဆိုတဲ့ မြက်ခင်းကွင်းပြင်"

ဝိုင်းအုံကြည့်နေသော သူတို့ထံမှ ပြင်းထန်သော အသက်ရှူသံများကို ကြားရသည်။ သေရည်နံ့ကလည်း ထောင်းထောင်းထနေသည်။

"အားလုံး နန်းမြို့ဖွဲ့စည်းပုံကို မြင်ကြပြီလား"

"မြင်ကြပါပြီ ကိုယ်တော်ကြီး"

"ကောင်းပြီ၊ ဆက်နားထောင်ကြ။ အဲဒီနေရာတွေကို မင်းတို့ရော မင်းတို့လူတွေပါ တစ်ယောက်မှ ဝင်စရာမလိုဘူး..."

အာမေဍိတ်သံများ ထွက်လာပြန်သည်။

"နန်းတော်မှာ လျှို့ဝှက်ဥမင်တွေ ရှိနေသေးတယ်။ ငါတို့က ဘယ်လိုပဲ အချက်အခြာနေရာတွေကို စီးထားစီးထား ဟို ဦးငဖီး ဆိုတဲ့ ကလန်မှူးကြီးဟာ သေနင်္ပရိယာယ် သိပ်ကြွယ်တယ်။ ကျုံးနဲ့ဆက်ပြီး လျှို့ဝှက်ဥမင်တွေ တူးထားတယ်လို့ ငါသိထားတယ်။ ဒါပေမယ့် ငါ ကိုယ်တိုင်လဲ နေရာတွေ အတိအကျ မသိဘူး။ ဒါကြောင့်..."

ဓားမြှောင်ကို လက်ထဲတွင် ဆရင်း ကျွန်ုပ်သူတို့ကိုတစ်ယောက်စီ လိုက်ကြည့်သည်။

"နန်းတော်ရဲ့ အချက်အခြာ နေရာတွေမှာ ငါ့ရဲ့တပ်ဖွဲ့ကိုပဲ နေရာယူခိုင်းမယ်။ အဲဒီနေရာတွေမှာ ရှိသူတွေ၊ ကိုယ်ကြပ်နီညိုဝတ်

တွေဟာ ငါရဲ့ကလန်ရဲမက်တွေ ဖြစ်နေတယ်ဆိုတာ မင်းတို့သိထားဖို့ပဲ။ အချင်းချင်း လူမှားပြီး တိုက်ကုန်ကြတာမျိုး မဖြစ်အောင် မင်းတို့ သိထားဖို့ ငါကြိုပြောတာ”

နားလည်သွားကြသောအသံများ ပေါ်လာပြန်သည်။

“အားလုံးနားထောင်ကြဦး။ သင်င ရှေ့တိုးခဲ့စမ်း”

သူကြွယ်သင်င ဒူးထောက်၍ ရွှေ့လာသည်။

“အစီအမံကို တကယ်တမ်း စတင်မယ့်နေရာက အာနန္ဒာဂူ ဘုရားကြီးထဲမှာ ဖြစ်တယ်။ ကြားကြလား။ အာနန္ဒာဂူဘုရားကြီးထဲမှာ”

“ကြားပါတယ် ကိုယ်တော်ကြီး”

“ငါ့ခမည်းတော်က လာမယ့် လပြည့်နေ့ကစပြီး သုံးရက်တိုင် တိုင် ဂူဘုရားကြီးထဲက မတ်ရပ် ဆင်းတုတော်ကြီးတွေကို ရွှေသင်္ကန်းကပ် ပူဇော်ပွဲ ကျင်းပလိမ့်မယ်။ အဲဒီပွဲမှာ မင်းဆွေစိုးမျိုးတွေ အားလုံးတက်ကြ လိမ့်မယ်။ အေး တတိယမြောက်နေ့ အနောက်ဘက်မုခ် ဓမ္မဒဿီ ဆရာတော် ရွှေရုပ်တုနဲ့ ခမည်းတော်မင်းကြီး ရွှေရုပ်တုရှိတဲ့ နေရာ။ မှတ်ထားနော်။ အတွင်းဆုံးစင်္ကြံပတ်လမ်းမှာ ရဟန်းသံဃာတော်တွေ ရှိမယ်။ ငါတို့လုပ်ရမှာက အပြင်စင်္ကြံပတ်လမ်း။ မုခ်ကပ်အချိုင့်၊ ပြတင်း မုခ်၊ တိုးလျှိုပေါက် လမ်းသုံးမြောင် နေရာတွေ”

“အာရုံခံအတွင်းနဲ့ ဘုရားအပြင်ပတ်လည် နေရာတွေမှာကော ကိုယ်တော်ကြီး”

သင်ငက စိတ်အားထက်သန်စွာ ပြောသည်။

“အများလူသူ ဘုရားဖူးလာ ပရိသတ်တွေကို မင်းပြောတာလား။ ဘာမှပူစရာမလိုဘူး။ အပြင်စင်္ကြံလမ်းမှာ ငါတို့ကိစ္စပြီးတာနဲ့ ငါက ပစ္စယံထောင့်မှာ နေရာယူလိုက်မယ်။ ကွန်းထောင် အခြေထောင့် နတ်ရုပ် ကြီးတွေ ရှေ့မှာ ငါ့လက်ရွေးစင် ကလန်မှူးတွေ ရှိမယ်။ ငါကြွေးကြော် လိုက်တာနဲ့ အားလုံး လှံရှည်အဲမောင်းတွေ မြောက်လိုက်ကြရုံပဲ။ ဒီအချိန်မှာ”

ကျွန်ုပ်ပြုံးလိုက်သည်။ ကျားတစ်ကောင်၏ အပြုံးမျိုးဖြစ်ပေမည်။

"သိရိတြိဝနာဒိတျဓမ္မရာဇာ မင်းကြီးနဲ့တကွ မင်းဆွေမိဖုရား စိုးမျိုးတွေ အားလုံး ဟင်း...သိရိဇေယျသူရဘွဲ့ခံ အလောင်းစည်သူကလဲ ငါ့ခြေရင်းအောက်၊ အားလုံးနှောင်ဖွဲ့တုတ်ချည်ပြီးသားပေါ့"

ဟေးခနဲ ဝမ်းသာအားရ အော်သံများဖြင့် သူတို့ဟစ်အော်ကြသည်။

"ဘုရားပရဝုဏ်ထဲမှာမို့ သွေးမြေကျလို့တော့ မဖြစ်ဘူး။ လက်ရဖမ်းမိပြီးနောက် ဧရာဝတီဆိပ်ခေါ်သွား ပြီးတော့မှပဲ..."

ကျွန်ုပ် ဆက်မပြောဘဲ တပ်ထားလိုက်သည်။ သူတို့အချင်းချင်း ကြည့်ကာ ခေါင်းညိတ်လက်ပြဖြင့် သဘောကျနေကြသည်။

"ကိုင်း အဲဒါပဲ။ သင်နဲ့ ငါ့လူများ မင်းတို့ဟာ ငါ့ရဲ့ တကယ့်သစ္စာတော်ခံ ကျွန်ရင်းကြီးတွေနော်။ မင်းတို့ကို ငါယုံတယ်။ အာနန္ဒာဂူဘုရားပရဝုဏ်ထဲမှာ လုပ်ဖို့ဟာက အဓိကအချက်ပဲ။ နန်းတော်ထဲက ငါ့ကလန်တွေဟာ အရံအတားဖြစ်တယ်။ မင်းတို့အားလုံး အနောက်မုခ်အပြင်စကြာလမ်းရှေ့မှာ ဘုရားဖူးအယောင်ဆောင်ပြီး စုရုံးနေရာယူထားကြရမယ်။ အားလုံးနားလည်လား"

"နားလည်ပါတယ် ကိုယ်တော်ကြီး"

"သင်၊ မောင်မင်းနဲ့ ကျွန်ုပ် နှစ်ဦးတည်း ပြောစရာ ရှိတယ်"

"ကောင်းလှပါပြီ ကိုယ်တော်ကြီး။ ကောင်းလှပါပြီ"

ကျန်လူများ၊ ကျောက်တုံး ကျောက်ဆောင်များနောက်သို့ ဝင်ရောက်သွားကြသည်။ သင်ကို ကျွန်ုပ်က အနီးသို့ခေါ်လိုက်ပြီး လေသံနှိမ့်၍ ပြောလိုက်သည်။

"သင် ဝက်ကြီးအင်းတောအုပ်ထဲမှာ ကျွန်ုပ်တို့ကို ဝိုင်းလုပ်ကြကြပြီး နောက်နေ့ လယ်ယာတောင်ကမူမှာ မောင်မင်း ကျွန်ုပ်ကို လာတွေ့တယ်နော်။ သတင်းတွေ ကြားရလို့ စိုးရိမ်ပြီးလိုက်လာခဲ့တာ မဟုတ်လား။ အင်း အဲဒီကတည်းက မောင်မင်းကို ကျွန်ုပ် သဘောကျခဲ့တယ်။ အရေးရယ်အကြောင်းရယ်ဆိုရင် မောင်မင်းဟာ ကျွန်ုပ်ရဲ့ သစ္စာကို သက်ငင်ဆံပြတ် အမှုတော်ခံမယ့် တကယ့်လက်ရုံးကျွန်ယုံပဲလို့ ယုံကြည်ရင်းစွဲ ထားခဲ့တယ်။ မောင်မင်းကိုယ်တိုင်ကလဲ မြေမှုန့်တွေ

ကောက်ယူပြီး နှုတ်ခမ်းလက်လိမ်းသုတ်လို့ သစ္စာဆိုခဲ့တာ မဟုတ်လား”

သသင်၏ မျက်နှာ အရောင်တွေ ဝင်းသွားသည်။

“ကျွန်တော်မျိုးကြီးကိုကိုယ်တော်ကြီး ချီးမြှင့်မြှောက်စားတယ်လို့ ခံစားရပါတယ် ဘုရား”

“အေး... ခု... ကျွန်ုပ်တို့ ဝင်ရမယ့်ပွဲဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ မောင်မင်းသဘောပေါက်ပြီး ဖြစ်လိမ့်မယ်လို့ ကျွန်ုပ် ထင်တယ်”

“ထီးနန်းပလ္လင်ထက် အရေးကြီးတာ ဘာများရှိပါသေးသလဲ ဘုရား။ ကျွန်တော်မျိုး ကောင်းကောင်းကြီး သဘောပေါက်ပါတယ်”

“အမှုတော်ကို ကုန်စင်အောင်ထမ်း ကြားလား။ အရေးတော် ပြီးလို့ ကျွန်ုပ် အထွတ်အထိပ်ရောက်ရင် မောင်မင်းကို နေပြည်တော် ကွန်ပြောက်ရဲ့ သင်ဖမှူးကြီးအရာပေးဖို့ ကျွန်ုပ် ဆုံးဖြတ်ထားတယ်”

ဝမ်းသာအားရဖြစ်နေသော သသင်ကိုကြည့်ရင်း ကျွန်ုပ်သည် ငဆောင်ချမ်းရွာသား ငရွှေရစ်ကို မြင်ယောင်သတိရနေလေသည်။

◆ ◆ ◆

## ( ၃၀ )

ရက်ပေါင်းများစွာ နေ့နေ့ညည အချိန်မထားတော့ဘဲ တစ်နေရာမှတစ်နေရာသို့ တရစပ်မနား သွားလာခဲ့ရသည်။ လူပေါင်းများစွာနဲ့တွေ့ဆုံရသည်။ စကားတွေကို အမျိုးမျိုးပြောဆိုရသည်။ သူတို့ပြောသောစကားတွေကို နားထောင်ရသည်။ တိုင်ပင်ဆွေးနွေးမှုတွေ လုပ်ရသည်။

အာနန္ဒာဘုရားပွဲတော်ကြီး ကျင်းပရန် ငါးရက်အလိုမှ ကျွန်ုပ်၏ကြိုတင်စီမံမှုများအားလုံး ပြီးစီးသွားသည်။ မနေမနား စိတ်ရောကိုယ်ပါလှုပ်ရှားခဲ့ရသဖြင့် ကျွန်ုပ်မှာ အားအင်ကုန်ခမ်းသလို ဖြစ်သွားလေသည်။ လျှို့ဝှက်အစီအမံများ မပေါက်ကြားရအောင် ပိတ်ဆို့ ဖုံးဖိရသည်မှာလည်း များစွာပင်ပန်းလှသော ကိစ္စပင်။ တစ်ချိန်လုံးလုံး ကျွန်ုပ်ကို ကျွန်ုပ် ရှူးသွပ်မိုက်မဲရာ ရောက်နေပြီလားဟုလည်း သုံးသပ်မိနေသည်။ အစီအမံများ တစ်ချက်ကလေးလွဲချော် တိမ်းပါးသွားလျှင် အရိမဒ္ဒနပူရမြို့တော်ကြီးတစ်ခုလုံး။ ထိုမှသည် ခရိုင်များ၊ တိုက်များ၊ မြို့ရွာ ဇနပုဒ်များမှ တစ်ဆင့် တမ္ဗဒီပတိုင်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်သွားနိုင်သည်။

**ရတနာပုံစာအုပ်တိုက်**

လူပေါင်းများစွာနှင့်တွေ့ဆုံကာ စကားလုံးတွေများစွာကို ပြောဆိုနေရသည့် အချိန်မှာပင် မယ်မယ့်စကားများကို ကြားယောင်နေသည်။

"ထီးနန်းပလ္လင်တစ်ခုအတွက် သွေးမြေကျခဲ့ကြ၊ ကပ်သုံးပါးဆိုက်ခဲ့ကြ၊ တိုင်းသားပြည်သူတွေ သေကြေ ပျက်စီးကြရနဲ့ မီးဟုန်းဟုန်းတောက်ခဲ့ကြပြီးပြီ။ မယ်မယ့် သားကြောင့်တော့ အရိမဒ္ဒနပူရဟာ အဲဒီလို ထပ်မဖြစ်ပါစေနဲ့သား"

ခွင့်လွှတ်ပါ မယ်မယ်။ သုဂတိဘုံကသာ မယ်မယ့်သားကို မယ်မယ် စောင့်ကြည့်နေပါတော့ဟု ရင်ထဲမှ အခါခါမြည်တမ်းရလေသည်။

တူရွင်းတောင်ခြေ ဘေးမဲ့တော ရေကန်သာ ပိဋကတ်တိုက်မှ မဟာသံဃထေရ်ဆရာတော်ကြီး ခုနစ်ပါးတို့လည်း ပိဋကတ်တိုက်မှ ကျွန်ုပ် ရတ်တရက် ထွက်ခွာခဲ့ခြင်းကြောင့် စိတ်မကောင်းဖြစ်တော်မူကြရသည်။

မတတ်နိုင်တော့ပြီ။ ရှုပ်ထွေး သိမ်မွေ့သော အရေးအရာအားလုံးသည် ကျွန်ုပ်ထံသို့ ဦးတည်ရစ်ခွေ စီးဆင်းနေကြချေသည်။ ကျွန်ုပ်ထံတွင် ဗဟိုချက်ပြုကာ ဖြာထွက်သွားသော ပင့်ကူမြွေးအိမ်ပြဿနာများကို ကျွန်ုပ် ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းမှပင် ဖြစ်တော့မည်။

အရိမဒ္ဒနပူရ တစ်မြို့လုံးကား အာနန္ဒာဘုရားပွဲတော်ကြီးအတွက် လှုပ်လှုပ်ရွရွ ပြင်ဆင်နေကြလေပြီ။

မြောက်ဘက်မျက်နှာရှိ ကကုသမြတ်စွာဘုရား၊ အရှေ့ဘက်မျက်နှာရှိ ကောဏာဂမနမြတ်စွာဘုရား၊ တောင်ဘက်မျက်နှာရှိ ကဿပမြတ်စွာဘုရား၊ အရပ်သုံးမျက်နှာရှိ မတ်ရပ်ဆင်းတုတော်ကြီးများကို အစဉ်အတိုင်း လက်ယာရစ်လှည့်၍ ကျွန်ုပ် ရှိခိုးဝတ်ပြုခဲ့သည်။

အတွင်း စင်္ကြံလမ်း ပတ်လည်တွင် ရဟန်းသံဃာတော်များ အသီးသီး နေရာယူထားကြပေပြီ။ အပြင်စင်္ကြံလမ်းကိုပတ်လျက် မတ်ရပ်ကိုယ်တော်ကြီးများ ခြေရင်းတော်၌ ကျွန်ုပ်ရှိခိုးဝတ်ပြုနေချိန်၌ အာရုံခံအပြင်နှင့် ပရဝုဏ် တံတိုင်းကွက်လပ်ပြင်တွင် အရိမဒ္ဒနပူရ ပြည်သား

တို့သည် အုတ်အုတ်ကျက်ကျက် စည်ကားနေပြီ ဖြစ်သည်။ အပြင်စင်္ကြံပတ်လမ်းတစ်လျှောက်ကို နန်းတွင်း အမှုတော်ထမ်းတို့အတွက် သီးခြားသတ်မှတ်ပေးထားသော်လည်း ကျွန်ုပ်ရောက်ရှိသွားချိန်၌ ရှေ့ပြေးသံပျင်အမတ်အဖွဲ့များသာ ရှိနေကြသည်။ ခမည်းတော်မင်းကြီးနှင့်တကွသော မင်းမိဖုရား ဆွေတော်မျိုးတော်တို့ မရောက်လာကြသေးပေ။ စင်စစ်မူ သူတို့စုံညီ မရောက်ကြသေးခင် တမင်ပင် အချိန်စော၍ ကျွန်ုပ်ထွက်ခဲ့ခြင်း ဖြစ်လေသည်။

အနောက်ဘက်မျက်နှာအပြင်စင်္ကြံပတ်လမ်းသို့ကျွန်ုပ်ဆက်လက်ချီးကွေ့ခဲ့သည်။ အနောက်ဘက်မျက်နှာတွင် ပဥ္စလောဖြင့် ထုလုပ်ထားသော ဂေါတမမြတ်စွာဘုရား မတ်ရပ်ဆင်းတုတော်ကြီး စံပယ်တော်မူလေသည်။

အာရုံခံလေးဘက်၊ မုခ်လေးဘက်ထွက်သော ဤအာနန္ဒာဂူဘုရားကြီးအတွင်းဝယ် မှောင်မည်း၍ မနေပေ။ ဂေါတမမြတ်စွာ ဘုရားဆင်းတုတော်ကြီး၏ မျက်နှာတော်ဆီသို့ နူးညံ့စွာ ထိုးကျဆင်းသက်နေသော အလင်းရောင်ဝယ် မျက်နှာတော်သည် ရွှေရောင် အပြုံးတော်ဖြင့် သပ္ပာယ်လွန်းလှသည်။

ဂေါတမမြတ်စွာဘုရား မတ်ရပ်ဆင်းတုတော်ကြီး၏ ခြေတော်ရင်းတွင် ဒူးတုပ် ပျပ်ဝပ်လျက် ထိခြင်းငါးပါးဖြင့် ကျွန်ုပ် ရှိခိုးသည်။ မဟာကရုဏာတော်ရှင်၏ ရှေ့မှောက်ရောက်ရှိနေသော ကျွန်ုပ်မှာ အေးချမ်းမှုကင်းမဲ့လေစွ။

အနောက်ဘက်မုခ် အနောက်ဘက် အပြင်စင်္ကြံလမ်းရှေ့တွင် ယခုအချိန်လောက်ဆိုလျှင် သေင်တို့ ဆယ့်တစ်ယောက် ရုပ်ဖျောက်၍ နေရာယူထားပြီးလောက်ပေပြီ။ အနောက်ဘက်မုခ်မှာ နန်းတော်ရှိယာဘက်ဖြစ်သည့်အလျောက် ခမည်းတော် မင်းကြီးနှင့်တကွ မိဖုရားများ၊ ကလန်မှူးကြီးများနှင့် အစ်မတော် ရွှေအိမ်သည်တို့ သားအမိပါ အနောက်ဘက်လမ်းအတိုင်းလာကာ အနောက်ဘက်မုခ်မှ ဝင်ကြမည် ဖြစ်သည်။

## ရတနာပုံစာအုပ်တိုက်

ဝင်ပေါက်ရှိ သစ်သားတံခါးရွက်ဆီသို့ ကျွန်ုပ် လှည့်ကြည့်လိုက်သည်။ အောက်ခံဘောင်နှင့် ကြေးခွေ ပင်မတံခါးတိုင် အနီးတွင် တံခါးဖွင့်မည့် အမှုထမ်းနှစ်ယောက်ကို တွေ့ရသည်။ သစ်သား တံခါးရွက်ကြီးမှာ အောက်ခြေကျောက်ခွက်ပေါ်တွင် ဆုံလည်လည်စေပြီး တံခါးတိုင်ထိပ်တွင် သံကွင်းကြီးများ စွပ်ထားသောကြောင့် အမှန်တော့ လူတစ်ယောက် အလွယ်တကူ ဖွင့်နိုင်ပိတ်နိုင်သည့် တံခါးရွက်ကြီးဖြစ်သည်။ တံခါးရွက်အဖွင့်အပိတ်အတွက် အမြဲတစေ လူတစ်ယောက်သာ ထားရှိမြဲ။သို့သော် ယခုအခါ တံခါးရွက်ကြီးအနီးတွင် လူနှစ်ယောက်ရှိနေသည်။ ကျွန်ုပ်နေရာ ချထားလိုက်သော လူနှစ်ယောက်ပင်ဖြစ်သည်။ ဤတံခါးရွက်ကြီးအနီးတွင် နှစ်ယောက်ရှိနေခြင်းကို ယခုလိုပရိသတ်စည်ကားလှသော အချိန်မျိုး၌ မည်သူမျှ သတိထားမိကြမည်မဟုတ်။

အနောက်မျက်နှာ အာရုံခံအတွင်း၌ ထွင်းထုထားသော ဗုဒ္ဓ၏ခြေတော်ရာ ကျောက်ပြားအနီးတွင် ဘုရားဖူးပြည်သူတို့ ဝိုင်းအုံစုရုံးနေကြသည်။ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာစက်အစုံ အောက်တွင် ခိုလှုံရင်း ဘုရားကို အာရုံပြုသူများကား ဘေးရန်ကာဆီးမှုကို စိတ်ညွတ်ထားကြပေမည်။

စင်္ကြံပတ်လမ်းအတွင်း၌ အမွှေးနံ့သာများ ကြိုင်လှောက်ထုံသင်းနေသည်။ ပန်းပေါင်းစုံတို့၏ ရနံ့များဖြင့် ချိုမြလျက်ရှိသည်။ ဆီမီးတိုင်များမှ မီးရောင်တို့သည် လိုဏ်အတွင်းနံရံထက်ရှိ ဆေးရေးပန်းချီများပေါ်သို့ တဖြတ်ဖြတ် ရိုက်ခတ်နေကြသည်။

နံရံပြည့်ရေးခြယ်ထားသောအဝါရောင်၊အနီရောင်၊နက်ပြာရောင်တို့၏ တောက်ပသည့် ဆေးရောင်များက ဗုဒ္ဓရုပ်ပွားပုံများကို ပို၍ကြည်ညိုဖွယ် ဖြစ်စေတော့သည်။

သဒ္ဒါကြည်ညိုစိတ်ကို အစွမ်းကုန် နှိုးဆော်နေသော ဤလက်ရာများအလယ်တွင် ပူလောင်သော လှိုက်ခုန်လှုပ်ခါသော နှလုံးများဖြင့် ရပ်တည်ရောက်ရှိနေရသည့် ကျွန်ုပ်၏အဖြစ်ကို သုံးသပ်မိပြန်သည်။

ကျောက်ဆစ်ရုပ်တုများကတော့ ကျွန်ုပ်ကို ငဲ့စောင်းကြည့်နေကြပြီလား။ ဘုမိဖဿမုဒြာ ကျောက်ဆင်းတု၊ ဈာနမုဒြဟန်၊ ဓမ္မစက္ကမုဒြာဟန်နှင့် ဓမ္မစကြာ တရားဟောခန်းကို သရုပ်ဖော်ထားသော ကျောက်ဆစ်ရုပ်တုများမှ သမင်နှစ်ကောင်သည် ကျွန်ုပ်ကို ဦးချိုဝင့်လျက် ငုံ့ကြည့်နေကြသည်ဟု ထင်မိသည်။

ပါလိလေယျကတော၌ ဝါဆိုတော်မူခန်းမှ လက်ဝဲဘက် အခြေတွင်ရှိသော သစ်သီးကိုင်မျောက်နှစ်ကောင်နှင့် လက်ယာဘက်မှ ဆင်တို့ကလည်း ကျွန်ုပ်ကို အံ့ဩစွာ ကြည့်နေကြသည်လား။

ထို့နောက် မဟာမာယာဒေဝီ အိပ်မက်ခန်း၊ ကျောက်ဆစ်ရုပ်တု၊ တံကဲမှ ဘီလူးပန်းဆွဲ၊ အပေါ်ဘက်မှ နတ်ရုပ်လေးရုပ်၊ ကျက်သရေတိုက်ခန်း၊ သလွန်ထက်တွင် လျောင်းစက်တော်မူသော မဟာမာယာဒေဝီအား နတ်ဒေဝီလေးပါးတို့က နံ့သာရေ ချိုးပေးကာ မြင်းသီလာကျောက်ဖျာ အပြင်ဘက်၌ သိပ်ထားကြသည်။ မဟာမာယာဒေဝီ၊ မယ်တော်မာယာ...

မယ်မယ့်ကို အောက်မေ့လွမ်းစိတ်က ရင်ထဲ၌ စူးစူးနစ်နစ် ထိုးကျင်လာသည်။ အာနန္ဒာလိုဏ်ဂူဘုရားကြီးထဲမှာ အနောက်ဘက်မုခ် အပြင်စင်္ကြံပတ်လမ်းတစ်နေရာမှာ ဂေါတမမြတ်စွာဘုရား မတ်ရပ်ဆင်းတုတော်ကြီးရဲ့ ရှေ့မှောက်မှာ သား ပူလောင်နေရပါတယ်မယ်မယ်။

ပတ်သာသံ၊ စည်သံများ၊ တစ်ခဲနက် ပေါ်ထွက်လာသည်။

အာရုံခံအပြင်ရှိ ပရိသတ်အားလုံး၏ မျက်နှာများသည် အပြင်ဘက်ဆီသို့ လှည့်သွားကြသည်။ တံပိုးသံ၊ထိုးစည်သံများ ဆက်တိုက်ပေါ်လာသည်။

ခမည်းတော်မင်းကြီးနှင့်တကွ နန်းတွင်းဆွေတော်မျိုးတော်များ သံပျင်အဖွဲ့များ၊ ကလန်မှူးအဖွဲ့များ ရောက်လာကြလေပြီ။ အစိမ်းရောင်၊ အနီရောင်၊ ရွှေရောင်၊ ငွေရောင် ပြိုးပြက်သော တံခွန်များကို သစ်သားတံခါးကြီး၏ သံမှိုပွင့်များ အကွယ်မှနေ၍ ကျွန်ုပ် လှမ်းမြင်နေရပေပြီ၊ သူတို့လာကြပြီ။

မိမိ၏ နှလုံးခုန်သံကို အတိုင်းသား ပြန်ကြားနေရသည်။ လက်ဝါးပြင်မှာ ချွေးစေးတွေ ပြန်လာသည်။ အလိုလိုနေရင်း မောဟိုက်လာကာ အဆမတန် ရေငတ်လာသည်။ ပန်တျာသည်တို့၏ ခြေနင်းသံ၊ ခွက်ခွင်းသည်တို့၏ တီးသံ စည်းချက် စည်သံ တို့က ကျွန်ုပ်၏ ရင်ကို တဒုံးဒုံး တိုးဆောင့်နေကြသည်။

အပြင်ဘက် စကြ်ပတ်လမ်း လူအုပ်စု၏ရှေ့ဆုံးတန်းတွင် နေရာယူထားသော သေင်နှင့်သူ့လူဆယ်ယောက်တို့ကို လှမ်းကြည့်လိုက်သည်။ လူအုပ်နှင့်ရောနှောနေသော သူတို့အားလုံးမှာ သီးခြား အထိမ်းအမှတ်အဖြစ် လက်စည်းပတ်ကြေးကွင်းတွင် ပန်းပွားအနီစလေး တစ်ခုစီ ချည်နှောင်ထားကြသည်။ ခွဲခြားသိစေရန် ကျွန်ုပ် ပြုလုပ်ထားခဲ့သော အစီအမံတစ်ခု။

သေင်တို့လူစုသည် ဟန်မပျက် ဒူးတုပ်ရင်း ကျွန်ုပ်ရှိရာဆီသို့ စွေစွေစောင်းစောင်း လှမ်းကြည့်နေကြသည်။

သစ်သားတံခါးရွက်ကြီးအပြင်ဘက်သို့ ကျွန်ုပ် ထွက်လိုက်သည်။

အောက်ခြေကျောက်ခွက် ဆုံလည်အနီး နေရာယူလိုက်သည်။

ပတ်သာသံ၊ ခွက်ခွင်းသံ၊ ထိုးစည်သံ၊ တံပိုးသံများ ပို၍ဆူညံလာသည်။ ကလာအိုးကိုကိုင်သော ရှေ့တော်ပြေးများ စတင်ဝင်လာကြသည်။ အမွှေးနံ့သာ အငွေ့များက ထောင်းထောင်းထနေသည်။

သူတို့နောက်မှ သံပျင်အမတ်ကြီးများအုပ်စု။ ထို့နောက် ဦးငဖီးအမှူးပြုသော ကလန်မှူးကြီးအဖွဲ့။ ထိုအဖွဲ့နောက်တွင် ခမည်းတော်မင်းကြီး။ ဆွတ်ဆွတ်ဖြူသော ဝတ်ရုံကိုယ်ကြပ်၊ တောက်ပဝင်းဝါသော ရွှေဘယက် ဒွါဒရာများဖြင့် . . .

ခမည်းတော်မင်းကြီး ကျွန်ုပ်ရှေ့မှ ဖြတ်အသွားတွင် ကျွန်ုပ် ဦးညွှတ်ဒူးထောက်ချလိုက်သည်။ ခမည်းတော်က ကျွန်ုပ်ကြိုတင်ရောက်ကာ တံခါးရွက်အနီး နေရာယူထားခြင်းကို အံ့ဩသော အမူအရာဖြင့် တစ်ချက်ငဲ့ကြည့်ပြီး အတွင်းသို့ ဆက်လက် ဝင်ရောက်သွားသည်။

အကယ်၍ ခမည်းတော်မင်းကြီးသာ သတိထားမိမည်ဆိုပါက ကလန်မှူး အဖွဲ့ထဲမှ ဦးငဖီးတစ်ယောက်လည်း အဖွဲ့နှင့်အတူ

ဝင်သွားခြင်း မရှိဘဲ မသိမသာ ဖဲ့ထွက်ကာ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် တံခါးရွက်အနီး သံမှိုပွင့်ကြီးများကို အကာအကွယ်ပြုလျက် ကျန်ရစ်ခဲ့ကြောင်း တွေ့ရချေမည်၊

ကျွန်ုပ်၏ ရင်အစုံ၊ မြည်ဟီးနေသည်။

နှလုံးသွေးများ ဆတ်ဆတ် ခုန်နေသည်။

အချိန် နီးကပ်လာပြီ။

တစ်ခုပြီးတစ်ခု ရှေ့နောက်အလှည့်ကျ အပြင်စင်္ကြံပတ်လမ်းထဲ ဝင်သွားကြသည်။

မင်းမိဖုရား၊ မောင်းမရံရွှေများ အစ။

ထို့နောက်...။

အစ်မတော် ရွှေအိမ်သည်နှင့် အလောင်းစည်သူ။

အလောင်းစည်သူနောက်မှ ငှက်ခါးရောင်ကိုယ်ရံတော် ကလန်တပ်ဖွဲ့၊ ငှက်ခါးရောင်တံခွန်များက တငြိမ့်ငြိမ့် လှုပ်ယမ်းလျက်...

အစ်မတော်သည် ကျွန်ုပ်ကို မြင်သောအခါ ပြုံး၍ နှုတ်ဆက်သည်။ ကျွန်ုပ် မျက်နှာလွှဲလိုက်သည်။ အလောင်းစည်သူကိုတော့ ကျွန်ုပ် မမြင်ယောင်ပြုလိုက်သည်။

တံခါးရွက်ကြီးမှတစ်ဆင့် သူတို့သားအမိဝင်သွားသည်။

အချိန်ကျရောက်ပေပြီ။

ငသင်တို့လူစုဆီသို့ ကျွန်ုပ် မျက်နှာချင်းဆိုင်လိုက်သည်။

ငသင်၏ မျက်နှာမှာ အကြီးအကျယ် အံ့သြနေဟန်က အတိုင်းသား။

ကျွန်ုပ်အနီးသို့ ဦးငဖီး ချဉ်းကပ်လာသည်။ ဦးငဖီးနှင့် ကျွန်ုပ် ဘေးချင်းယှဉ်လျက် ရင်ပေါင်တန်းရပ်လိုက်ကြသည်။ အလောင်းစည်သူက စင်္ကြံပတ်လမ်းအတွင်း ရောက်သွားပြီ။ တံခါးရွက်အပြင်မှာ ကျွန်ုပ်နှင့် ဦးငဖီး။

တဒင်္ဂကလေးအတွင်း၌ အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ရှုပ်ထွေးခြင်း၊ နောက်ဆုံး၌ တစ်ခုခုကို သဘောပေါက်သွားခြင်း ဟူသော အရိပ်အသွင်များ တဖျတ်ဖျတ် ရိုက်ခတ် ပြောင်းလဲနေသည်။ ငသင်၏

မျက်နှာသည် ချက်ချင်းပင် ညိုပုပ်ပုပ် ဖြစ်သွားသည်။

ကျွန်ုပ်ကို စိုက်ကြည့်နေသော သူ့မျက်လုံးများမှာ ပေါက်ထွက်မတတ် ပြူးကျယ်နေကြသည်။ ဆတူ တန်ပြန် ပြင်းထန်သောအကြည့်ဖြင့် သူ့ကို စေ့စေ့ကြည့်လျက် ဦးငဖိုးကို လက်သီးဆုပ်ကာ ကျွန်ုပ်အချက်ပြလိုက်သည်။ ဦးငဖိုးက သူ၏ရှည်လျားသန်မာသော လက်မောင်းကြီးကို ဆန့်တန်းလျက် ဖော့ယမ်းသည်။

ရုတ်ခြည်းပင် အခြေအနေ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေပြီ။

အာရုံခံအပြင် ခြေတော်ရာအနီး စုရုံးနေကြသော လူများက လက်စည်း ကြေးပတ်ကွင်းတွင် ပန်းပွားအနီစချည်ထားသော လူဆယ်ယောက်ကို တစ်ပြိုင်တည်းလိုလို နောက်မှနေ၍ ဝိုင်းအုံကာ ဖမ်းချုပ်လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် မုခ်ကပ်အချိုင့်၊ ပြတင်းမုခ်၊ တိုးလျှိုပေါက်လမ်းသုံးမြောင်နေရာများတွင် ရှိနေကြသော ငသင်၏ လူများကိုလည်း ကျွန်ုပ်နှင့် ဦးငဖိုးလွှတ်ထားခဲ့သော လျှို့ဝှက်ကလန်မားက အပိုင်အနိုင် ချုပ်ဖမ်းပြီး ဖြစ်သွားသည်။ ဖောင်ဖွဲ့လေ့ကျင့်ခန်းတွင် ကြီးမားသော သစ်လုံးကြီးများကို သောင်ပြင်ရေစပ်တို့၌ ကျွမ်းကျင်စွာ တုပ်ချည် ထိန်းကွပ် ထားနိုင်သော ဦးငဖိုး၏ ထို ကလန်ရဲမက်များသည် ငသင်၏ လူများကို လုံးဝ မလှုပ်နိုင်အောင် ဖမ်းချုပ်ပြီး ဖြစ်ကြပေမည်။

ငသင်ကား ရှုံးသွပ်သွားပြီဟု ထင်ရသည်။ သူ့ လူတွေ အပြင်စင်္ကြံပတ်လမ်းအတွင်း အဖမ်းခံလိုက်ရပြီကို မသိ၍လား။ သိလျက်နှင့် မိုက်မဲသည်လား မဆိုနိုင်။ သစ်သားတံခါးရွက်ကြီးကို ဖြတ်ကျော်ကာ အတွင်းသို့ ပြေးဝင်လာသည်။ သို့သော် တံခါးရွက်အနီး ကြိုတင်နေရာယူထားနှင့်ပြီးဖြစ်သော ကျွန်ုပ်၏ ငရွှေရစ်က အလောင်းစည်သူ ဝင်သွားပြီးပြီးချင်းမှာပင် တံခါးရွက်ကြီးကို ပိတ်လိုက်ပြီး ဖြစ်သည်။

ဖြိုင်ဖြိုင်တသူများ၊ ပြေးလွှားသူများ၊ ရုန်းကန်အော်ဟစ်သူများ၊ ဖမ်းချုပ်သူများဖြင့် အားလုံး အုတ်အုတ်ကျက်ကျက် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အထွေးထွေးအယှက်ယှက် ဖြစ်သွားသော ထိုလူအုပ်ကြီး

ထဲတွင် သေင်ပျောက်သွားလေပြီ။ တံခါးရှက်ဆီသို့ သူဝင်ပြေးလာသည်ကို ကျွန်ုပ် မြင်လိုက်ရပါလျက် ယခုအခါ သူ့ကို မတွေ့ရတော့။

သူကား ကောက်ကျစ် ယုတ်မာသလောက် ထက်မြက်ပါးနပ်သူ။

သူ့ကို ကျွန်ုပ်ကိုယ်တိုင် လက်ရဖမ်းရမည်။

ရှုပ်ယှက်ခတ်နေသော လူအုပ်ကြီးကို တွန်းထိုးဖယ်ရှားလျက် သူ့ကို ကျွန်ုပ် လိုက်ရှာသည်။

စီခန် အော်သံများ တစ်နေရာဆီမှ ကြားလိုက်ရသဖြင့် ထို နေရာဆီသို့ ပြေးလာခဲ့သည်။ အာရုံခံအပြင် တံတိုင်းအနီးသို့ ရောက်လာသည်။

သေင်ကို တွေ့ပေပြီ။

သင်း...ယုတ်မာရက်စက်လေစွ။

ဇနပုဒ်သား ဘုရားဖူးအဘိုးအိုတစ်ဦးအား နောက်မှသိုင်းဖက်ကာ လည်မျိုကို ဓားမြှောင်ဖြင့် တေ့ထားသည်။ အဘိုးအိုကို သူ့ရှေ့တွင် အကာအကွယ် ယူထားသည်။ အဘိုးအိုခမြာမှာ ကြီးစွာထိတ်လန့်ကာ သူတရွေ့ရွေ့ဆုတ်ရာဆီသို့ ဒရွတ်တိုက် ပါသွားရှာသည်။

လှံလျင်ကို မြှောက်ကိုင်ချိန်ရွယ်ထားရသော်လည်း ကျွန်ုပ်အတွက် ပစ်ကွင်းမရှိ။ သေင်၏ ဓားမြှောင်အသွားမှာ အဘိုးအို လည်မျိုတွင် အသွားနစ်မြုပ်စ ပြုနေသည်။ သွေးစို့လာသည်ကို မြင်နေရသည်။

"မင်းသားယုတ်...ငါ့ကို အကောက်ကြံတဲ့ မင်းသားယုတ်၊ ရှေ့မတိုးနဲ့ လှံလျင်ကို လွှတ်လိုက်တာနဲ့ ငါ့ဓားမြှောင်က ဟောဒီ သက်ကြားကြီး လည်မျိုထဲ နစ်ဝင်သွားမယ်မှတ်။ ဟင်းဟင်းနင့်လှံသွား ငါ့ဆီမရောက်ခင်မှာ အာနန္ဒာပရဝုဏ်ဟာ သွေးစွန်းသွားမယ် သိလား"

ကျွန်ုပ် ဘာမှ မလုပ်နိုင်၊ လှံလျင်အရိုးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း မုန်းတီးစက်ဆုပ်စွာဖြင့် အံကြိတ်နေရသည်။

"ငါ့လူတွေကိုလည်း နင်တို့ ဖမ်းလိုက်ကြပြီမဟုတ်လား၊ ငါ သေလူဟော့။ ငါနဲ့အတူ ဟောဒီသက်ကြားကြီးကို ခေါ်သွားမယ်။ နားလည်လား။ သက်ကြားကြီးသေတာဟာ မင်းသားယုတ် နင့်ကြောင့်ပဲ ဖြစ်ရမယ်"

**ရတနာပုံစာအုပ်တိုက်**

ပြောရင်း သူနောက်ဆုတ်သွားသည်။ ကျန့်ပ်ရှေ့သို့ တရွေ့ရွေ့တိုးသည်။ လှံလျင်စိုက်ဖို့ ပစ်ကွင်းကို ရွေးချယ်သည်။ ပစ်ကွင်းကား လုံးဝမရှိ။

တရွေ့ရွေ့ဆုတ်ရင်း သူတံတိုင်းအနီးသို့ ရောက်သွားလေပြီ။

ကလန်ရဲမက်များ ပြေးလာကြသဖြင့် သူတို့ကို ကျွန့်ပ်တားဆီးလိုက်ရသည်။

"မပစ်နဲ့၊ အဘိုးအိုကို သူသတ်လိုက်လိမ့်မယ်"

ရဲမက်များမှာ အဲမောင်း၊လေးမြားများဖြင့် ချိန်ရွယ်လျက် ဆိုင်းငံ့နေကြရသည်။ မည်မျှ ကျွမ်းကျင်သော ဒူးလေးသမားပင် ဖြစ်စေ။ ငသင်၏ ဓားသွားအဘိုးအို၏ လည်မျိုထဲသို့ မနစ်မြုပ်ခင် မြားတံကို အဦးရအောင် ပစ်လွှတ်နိုင်လိမ့်မည် မဟုတ်ချေ။

ကျွန့်ပ်ကိုယ်တိုင် ငသင်တစ်ချိန်ချိန်၌ တစ်ခုခု ဖြစ်သွားနိုင်မည်လားဟူသော မျှော်လင့်ချက်ဖြင့်သာ သူဆုတ်တိုင်း ရှေ့တိုးလိုက်ပါနေရသော်လည်း ငသင်ကား ပါးနပ်လွန်းသူ ဖြစ်နေသည်။

ဓားသွားကို ထောက်ထားရင်း ဝဲယာဝန်းကျင်ကို သူတစ်ချက်မနားကြည့်သည်။ ဤအချိန်မျိုးတွင် ရူးသွပ်ဖောက်ပြန်နေသော ထိုလူသတ်သမား၏ အနေအထားသည် လေတစ်ချက် ဝေ့ရုံမျှဖြင့် ကျိုးပဲ့သွားနိုင်သော သစ်ကိုင်းကျွတ်တစ်ခုလို ဖြစ်နေသည်။

တစ်စတစ်စဖြင့် သူ တံတိုင်းမုခ်အနီး ရောက်သွားတော့မည်။

တံတိုင်းအပြင်ရောက်လျှင် မြင်းကို သူရသွားနိုင်သည်။ မြင်းပေါ်တက်ကာနီးတွင် အဘိုးအိုးကို သူသတ်ဖြတ်သွားနိုင်သည်။ သူ့ကို လိုက်လံဖမ်းဆီးနိုင်သည်ထားဦး။ အပြစ်မဲ့သော အရိမဒ္ဒနပူရသား အဘိုးအိုတစ်ယောက်မှာ သွေးမြေကျ အသက်ဆုံးရှုံးရတော့မည်။ ကျွန့်ပ်၏ ပယောဂမကင်းသော သွေးစွန်းမှု။ ရိုးသားအပြစ်ကင်းသော ပြည်သူတစ်ဦး၏ အသက်။

လှံလျင်ကို ဆုပ်ကိုင်ထားသော လက်တို့ ကိုက်ခဲလာကြသည်။

နဖူးစီးမှ ချွေးပေါက်ကြီးများ မျက်လုံးထဲသို့ စီးဝင်ကျလာသည်။

ပေါက်ကွဲနေသော ဒေါသကိုချုပ်လျက် ခေါင်းအေးအေးထားကာ အကောင်းဆုံးစီရင်နိုင်မည့် နည်းကို စဉ်းစားယူသည်။

စဉ်းစားမရ။

ထိုစဉ်...

တံတိုင်းအပြင်ဘက်ဆီမှနေ၍တက်ကာ တံတိုင်းပေါ်သို့ ထွက်ပြူလာသော ခေါင်းရိပ်တစ်ခုတွေ့လိုက်ရသည်။ ကျိန်းစပ်နေသော မျက်စိတို့ဖြင့် ထိုသူကို ကြိုးစားကြည့်လိုက်သောအခါ...

တံတိုင်းပေါ် တိတ်တဆိတ်ရောက်နေပြီဖြစ်သော ထိုသူကို ကျွန်ုပ်မြင်၍ အံ့သြသွားကြောင်း သေင်မသိစေရန် ချက်ချင်းပင် သတိပြန်ထိန်းလိုက်ရတော့သည်။

တံတိုင်းပေါ်တက်လာသူကား အလောင်းစည်သူပင်တည်း။

"သေင် မင်းကို ရာဇဒဏ်မသင့်စေရဘူး။ ငါကတိပေးတယ်။ အဘိုးအိုကို လွှတ်ပြီး မင်းကြိုက်ရာသွား၊ ငါ့ရဲမက်တွေကိုလဲ မင်းနောက်မလိုက်စေရဘူး"

"သေင်ဟေ့...ငါကသာ လှည့်စားတာ။ ဘယ်သူလှည့်စားတာမှ ငါမခံဘူး၊ နင့်စကားကို ငါက ယုံရမှာတဲ့လား ဟား...ဟား"

စင်စစ်မူ သူ့နောက်ကျောဘက်တံတိုင်းပေါ်၌ အလောင်းစည်သူရောက်နေကြောင်း သူ လုံးဝမရိပ်မိစေရန် အာရုံလှည့်စားသော အနေဖြင့် သူ့ကို ကျွန်ုပ် စကားပြောနေရခြင်းသာပင်။

"သေင် ဒီတစ်ခါတော့ ငါ့ယုံပါ။ ငါမင်းကို အပြစ်က လွှတ်ပြီး"

"မင်းသားယုတ် ငါတစ်ခါပဲ အညာခံမယ်ဟေ့"

"ငါပြောတာ နားထောင်ပါ သေင်။ ကဲ မင်းဘာလိုချင်သလဲ။ မင်းလိုချင်တာတွေ တောင်းဆိုစမ်း။ ငါအမိန့် အာဏာနဲ့သာမက ခမည်းတော် အမိန့်အာဏာစက်ကိုပါ ငါရအောင် တောင်းပေးမယ်"

"ဟား...ဟား... ငါလိုချင်တာ တကယ်တမ်းလိုချင်တာက နင့်အသက်ပဲ၊ ငါကသေလူ။ သေမင်းဆီ ငါနဲ့အတူခေါ်သွားချင်တာက နင်။ ဟား...ဟား...ဟား"

သူ တံတိုင်းအနီး တိုးကပ်သွားသည်။ ထိုစဉ် လျှပ်စီးတစ်ခု မိုးကြိုးတစ်ခုပမာ အလောင်းစည်သူသည် တံတိုင်းပေါ်မှ ခုန်ဆင်းဝဲပျံကာ ငသင်၏ ပခုံးဆီကို ကျရောက်သွားသည်။ အဘိုးအိုအား ဓားထောက်ထားသော ငသင့်ယာဘက် ပခုံးထက်တွင် ဝင်းခနဲ ဓားသွားတစ်ချက် ပြက်သွားသည်။ ငသင်ငယ်သံပါအောင် အော်၍ ယိမ်းယိုင်သွားပြီး အဘိုးအိုလည်း လွင့်စင်သွားသည်။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်လက်မှ လုံလျင်လည်း လဲပြိုသွားသော ငသင်ထံမှ ပြေးဝင်ပျံသန်းသွားသည်။

သင်းကို အသေယူ၍မဖြစ်။ လုံလျင်ကား ကျွန်ုပ်ရည်ရွယ်သည့်အတိုင်းပင် ငသင်၏ ပေါင်သို့ ဆွဲဝင်သွားလေသည်။

ငသင်၏ ပခုံးတွင် အလောင်းစည်သူ ခုန်ဝဲရင်း ထိုးစိုက်ခဲ့သော ဓားမြောင်။ ငသင်၏ပေါင်တွင် ကျွန်ုပ်လွှတ်လိုက်သော လုံလျင်။ ရဲမက်တို့၏ ကြွေးညာသံနှင့် ဝိုင်းအုံလာကြသော လူများ၏ သောသော အုတ်အုတ်အော်သံများ ဆူညံနေသည်။

သို့သော် လဲကျသွားသော ငသင်၏ တစ်ဘက်တစ်ချက်စီ၌ မျက်နှာချင်းဆိုင် ရပ်လိုက်ကြသော ကျွန်ုပ်နှင့် အလောင်းစည်သူတို့ တစ်ယောက်စကားကို တစ်ယောက်ကောင်းစွာ ကြားကြရပေသည်။

"ဒီတစ်ခါတော့ပျက္ခယွေတောင်မဟုတ်တော့ဘူးနော်နောင်မင်း"

"တောဝက်တစ်ကောင်လည်း မဟုတ်တော့ဘူး ညီမင်း"

ပျက္ခယွေတောင်ပေါ် တောဝက်၏ကိုယ်ပေါ်တွင် ကျွန်ုပ်၏လုံနှင့် သူ၏မြားတံတို့ ဆုံစည်းခဲ့သော အဖြစ်။ ယခုလည်း ယုတ်မာကောက်ကျစ်သော ရန်သူထံတွင် ကျွန်ုပ်၏လုံနှင့် သူ၏ဓားမြောင်တို့ ဆုံစည်းကြပြန်လေသည်။

ဤအဖြစ်မှတစ်ပါး အရာခပ်သိမ်းသည် ယခင်လို မဟုတ်တော့ဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ကြပေပြီ။

◆ ◆ ◆

# ( ၃၁ )

"ညီမင်းက လိုဏ်ဂူအပြင် စကြံလမ်းအတွင်းထိ ဝင်သွားပြီးပြီ မဟုတ်လား။ တံခါးရွက်လဲ ပိတ်ထားပြီးပြီ။ ဘယ်လိုလုပ် တံတိုင်းအပြင် ရောက်သွားတာလဲ"

"မြောက်ဘက် တံခါးရွက်ကနေထွက်။ မြောက်ဘက်တံတိုင်းကနေ အပြင်ဘက်ကျော်ရတာပေါ့ နောင်မင်း။ ညီတော် တံတိုင်းပေါ် ရောက်လာတာကို သေင် မရိပ်မိအောင် နောင်မင်း စကားတွေ ပြောပေးလိုက်တာ သိပ်ကောင်းသွားတယ်"

အလောင်းစည်သူ၏ နုပျိုသောမျက်နှာကို ကြည့်ရင်း ကျွန်ုပ် သက်ပြင်းရှိုက်မိသည်။ အမှန်တော့ အစ်မတော် ရွှေအိမ်သည်၏ သားဖြစ်လေသော သူသည် ကျွန်ုပ်နှင့် တူဝရီးတော်စပ်ပေသည်။ သို့သော် အလောင်းစည်သူသည် ကျွန်ုပ်ကို နောင်ညီ အဖြစ်သာ ဆက်ဆံပေသည်။

"နေပါဦး ဒီလုပ်ကြံမှုကြီးက ဘယ်ကနေ ဘယ်လိုဖြစ်ပေါ်ရတာလဲ။ သူတို့ရဲ့အကြံကို နောင်မင်းက ဘယ်လိုလုပ်ပြီး ဒီလောက်အထိ

အသေးစိတ်သိထားရတာလဲ။ တံခါးရွက်ကြီးနားမှာ လူနှစ်ယောက်ထားတာ။ ဟို ဘယ်သူ ငရွှေရစ်…။ သူ့ကိုလည်း အချိန်ကိုက် တံခါးပိတ်ဖို့ မှာထားတာ။ ပြီးတော့ အာရုံခံထဲမှာ ကလန်တွေကို ရုပ်ဖျက်ပြီး သူပုန်တွေနောက်က နေရာယူထားတာ၊ ဦးဖိုးနဲ့ အချက်ပေးဆက်သွယ်ကြတာ။ နောင်မင်းတယ်လဲ စေ့စပ်ပါလား”

ကျွန်ုပ် မလုံမလဲပြုံးမိသည်။ အနီးရှိ ဦးငဖိုးကို ခေါ်လိုက်ရသည်။

“ကိုင်း ဦးငဖိုး ပါဝင်ပြီး ရှင်းပြမှ ဖြစ်တော့မယ်။ သင်တို့ ဒီလိုလုပ်မယ်ဆိုတာ နောင်တော် အစအဆုံး ဘာကြောင့်သိသလဲ ဆိုတော့ ဒီအစီအမံဟာ နောင်တော့် အစီအမံဖြစ်လို့ပဲ”

“ဟင်…ဘယ်လို”

“အင်မတန် ရှုပ်ထွေးသိမ်မွေ့တဲ့ အဖြစ်ပဲ ညီမင်းရေ…။ ပထမဆုံး သိထားရမှာကတော့ သင်နဲ့ သူ့လူတွေဟာ မင်းရမန်ရဲ့ အခက်အလက် အစွယ်အပွား အကြွင်းအကျန်တွေပဲ”

“ဟင် ဟုတ်လား။ တကယ့်ကို ရန်သူစစ်စစ်တွေပေါ့…”

မျက်စိတစ်ဘက်လပ် ဥဿာမြို့စား မင်းရမန်ကား အလောင်းစည်သူ၏ဘိုးတော် စောလူးမင်းနှင့် ရန်ဘက်ရန်ဟောင်းများပင်။ ထိုအကြောင်းကို အလောင်းစည်သူလည်း သိထားပေသည်။

“ဟုတ်တယ်။ မင်းရမန်ရဲ့ အဆက်အနွယ်တွေဟာ ခမည်းတော်မင်းကြီးအပေါ်မှာ နန်းစဉ်ရန်ငြိုး ထားခဲ့ကြတယ်။ မင်းရမန် မင်းဆက်ကို ပြန်ထူထောင်ဖို့ ကြံစည်ရင်း ရှိခဲ့ကြတယ်။ ဒါကြောင့် ကျန်စစ်မင်းကြီးရော၊ ရာဇကုမာရရော၊ အလောင်းစည်သူကိုရော အားလုံးကို သူတို့ ရှင်းလင်းသုတ်သင်ဖို့ နှစ်ပေါင်းများစွာ ကြံခဲ့ကြတယ်”

“ဒီလိုမှန်းသိခဲ့ရင် တံတိုင်းပေါ်က ခုန်ချတုန်းက သင်းလည်မျိုကို တစ်ခါတည်း စိုက်သွင်းခဲ့ပါရဲ့ နောင်မင်းရာ…”

“သူတို့အစီအမံက ယာလဲညက် ကြက်လည်းမော အစီအမံပဲ။ နောင်တော့်ကို လိုလားယောင်ပြုပြီး ညီမင်းတို့ကို ဦးစွာ ရှင်းလင်းမယ်။ ပြီးမှ နောင်တော့်ကိုပါ ဖယ်ရှားပစ်မယ်။ ဒီလိုကြံခဲ့ကြတာ”

"တယ်ယုတ်မာကြပါလား..."

"နောင်တော့်အတွက် လုပ်ကြံပေးကြဟန်ဆောင်ပြီး နောက်မှ နောင်တော့်ကိုပါ သုတ်သင်။ မင်းရမန်ဆက်ကို ထူထောင်မယ်ပေါ့။ ဒီအကြံနဲ့ နောင်တော့်ဆီ သူတို့ ချဉ်းကပ်ခဲ့ကြတယ်"

တအံ့တဩ နားထောင်နေရှာသော အလောင်းစည်သူကလေးကို မကြည့်ရဲတော့သဖြင့် ကျွန်ုပ် မျက်နှာလွှဲလိုက်ရသည်။ အဖြစ်မှန်အလုံးစုံကို သူသိစေအောင် အစအဆုံးရှင်းပြရာ၌ တစ်ခုသော အချက်ကိုကား ကျွန်ုပ် ချန်လှပ်ထားရပေတော့မည်။ ထိုအချက်ကား...

ကျန်စစ်မင်းကြီး၏ သားတော်ကြီး စင်စစ်ဖြစ်ပါလျက် ထီးနန်းအမွေ မရရှိခဲ့ဘဲ ဧည့ဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်စား ဇေယျခေတ္တရာဘွဲ့ခံ အဖြစ်နှင့်သာ ကျေနပ်ခဲ့ရသော ကျွန်ုပ် ရာဇကုမာရသည်၊

"မြေးကားအရင်း သားကအဖျား"ဖြစ်ခဲ့လေသော အဖြစ်ကို နာကြည်းကာ ဦးစွာ ခမည်းတော်အပေါ် အမျက်ဆိုခဲ့ခြင်း။ ထို့နောက် အလောင်းစည်သူကို ထီးနန်းမှ ဖယ်ရှားရန် စဉ်းစားဆုံးဖြတ်ခဲ့မိခြင်း ဟူသော အချက်...။

ဤသည်ကို သူ...အလောင်းစည်သူ မသိပါစေနှင့်တော့။

ကြံစည်ပြစ်မှားမိခဲ့သည်ကို ကျွန်ုပ်က ဖွင့်ဟဝန်ခံ၍တောင်းပန်မည်ဆိုပါလျှင် မည်သို့ဖြစ်နိုင်သနည်း။ တစ်ချိန်လုံး ဘာမှ မသိခဲ့ရှာသော အလောင်းစည်သူကလေးသည် ကျွန်ုပ်ကို မုချ ခွင့်လွှတ်ပေမည်။ ထို့နောက် စိတ်မကောင်းခြင်းကြီးစွာဖြင့် နန်းပလ္လင်ထက်မှ သူ ဆင်းပေးကောင်း ဆင်းပေးမည်။ သို့တည်းမဟုတ်ပါကလည်း ရာဇကုမာရသည် တစ်ခါက ဤသို့ကြံခဲ့သူပါတကားဟူ၍ သူ ချောက်ချားသွားနိုင်သည်။ သူ၏အပြစ်ကင်းသော နှလုံးသားတွင် အစွန်းအထင်း ပေကျံလေတော့မည်။

သူမသိပါစေနှင့်တော့။ ကျွန်ုပ်၏အစ္ဆတ္တာ၌ မည်းမှောင်ခဲ့ဖူးသော ထိုအမိုက်တိုက်ကြီးသည် ကျွန်ုပ်ကိုယ်တိုင်က ဖယ်ရှားပြီးကာမှ သူ့ထံသို့ အရိပ်လွှင့် အရောင် မဟပ်ပါစေနှင့်တော့။

**ရတနာပုံစာအုပ်တိုက်**

မိမိ၏ အဝိဇ္ဇာမောဟ အညစ်အကြေးကို မိမိကိုယ်တိုင်သာ အကုန်အစင် ဆေးကြောသွားတော့မည်။ ဤအရာကား အလောင်းစည်သူလို အခြားတစ်ပါးသူက ခွင့်လွှတ်လိုက်ခြင်းဖြင့် ပျက်ပြယ်ပြေပျောက်သွားနိုင်သည့် အရာမဟုတ်။ မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်၏ ခွင့်လွှတ်မှု၊ ချေဖျက်မှုဖြင့်မျှ ကျေပျက်မည့်အရာမဟုတ်။ ဤအရာကား... ကျွန်ုပ်ကိုယ်တိုင် ဆေးကြောပစ်မှ ပြေပျောက်နိုင်သောအရာ။ မိမိ၏အမှောင်ထုကို မိမိကိုယ်တိုင်သာ ဖြိုခွင့်ရချေမည်။

"နောင်မင်းကို ချဉ်းကပ်တော့ နောင်မင်းက သူတို့ကို လိုလားဟန်ဆောင်ပြီး သူတို့နဲ့ ပူးပေါင်းယူခဲ့တာပေါ့ ဟုတ်လား"

"အင်း...မင်းနန်သူ ကွန်သာယာက ကျွန်မှုတရား စီရင်ပွဲက စရလိမ့်မယ် ညီမင်း"

"ဘယ်လို..."

မင်းနန်သူရှာ ကွန်သာယာတွင် သူကြွယ်သင်တို့နှင့် ငဆောင်ချမ်းရွာသား ငပိုက်တို့ ကျွန်မှုတရားဖြစ်ကြကြောင်းကို ကျွန်ုပ်ပြောပြလိုက်သည်။ ထိုအမှုတွင် သင်ဖမတရားသူကြီးအဖွဲ့၏ အဂတိကို ကျွန်ုပ်က ဝင်ရောက်ဖြိုဖျက်ကာ ငသင်ကို တရားရှုံးစေခဲ့ကြောင်း။ ဤတွင် ငသင်နှင့်တကွ အရာအနူတ်ခံရသော သင်ဖမအဖွဲ့တို့ ကျွန်ုပ်အပေါ် ရန်ငြိုးဖွဲ့ခဲ့ကြကြောင်း။ သို့သော် မင်းရမန် မင်းဆက် ပြန်လည်ထူထောင်လိုသူများဖြစ်သည့်အလျောက် ကျွန်ုပ် အပေါ်ထားသော ရန်ငြိုးကို ဆန့်ကျင် အစီအမံဖြင့် ဖော်ထုတ်ခဲ့ကြကြောင်း။

"မယ်မယ် ဝေဒနာသည်းလို့ ညီမင်းရဲ့မယ်တော်က သဝဏ်လွှာပြီး နောင်တော်ကို ခေါ်ခဲ့တယ်။ နောင်တော် ဧညဝတီက ခရီးပြင်းနှင်ပြန်လာပြီး ဝက်ကြီးအင်းမှာ တစ်ညဥ့်ရပ်နားခဲ့ရတယ်။ အဲဒီညမှာ နောင်တော်တို့ တိတ်တဆိတ် အတိုက်ခံရတယ်။ ဒါပေမယ့် ရန်သူတွေ ပြန်ပြေးသွားကြတယ်။ ဒါကလဲ အယောင်ဆောင် တိုက်တာပဲ။ တိုက်သူတွေကို အစက သူပုန်လို့ အစက ထင်ခဲ့တယ်။ ဒါပေမယ့် သူပုန်

မဟုတ်ဘဲ နန်းတွင်းကလန်ရဲမက်တွေ ဖြစ်နေတယ်။ ပိုပြီးဆိုးတာက အဲဒီ ကလန်တွေဟာ ညီမင်းရဲ့ကိုယ်ရံတော်တပ်ဖွဲ့ ငှက်ခါးရောင်ဝတ်စုံ ကိုယ်ကြပ်ဝတ်ခဲ့ကြတာပဲ"

"ဟာ...သိပ်ရက်စက်ယုတ်မာကြပါကလား"

"နောက်တစ်နေ့မှာ သင်တို့အဖွဲ့က လမ်းကနေကြိုပြီး ဝက်ကြီးအင်းတိုက်ပွဲမှာ တိုက်သူတွေဟာ အလောင်းစည်သူရဲ့ လူတွေလို့ နောင်တော်ပိုပြီး ယုံကြည်အောင် စကားပရိယာယ်ဆင်ပြောကြတယ်။ အမှန်တော့ အဲဒီညက နောင်တော့်ကို တိုက်ခိုက်ခဲ့ကြတာလဲ သူတို့ကိုယ်တိုင်ပဲ"

ဤတွင် ဦးငဖီးက ဝင်ရောက် ရှင်းပြလာရတော့သည်။

"နန်းတော်ထဲမှာ ကိုယ်တော်လေးရဲ့ ကိုယ်ရံတော်ကလန်တပ်ဖွဲ့က ငှက်ခါးရောင်ကိုယ်ကြပ် ဝတ်စုံတွေ ပျောက်ဆုံးခဲ့ပါတယ်။ အဲဒီ ပျောက်ဆုံးမှုနဲ့ ဝက်ကြီးအင်း တိုက်ပွဲဟာ တစ်ချိန်တည်း ဆက်စပ်နေတယ်။ ဒါကို လျှို့ဝှက်စွာ ထောက်လှမ်းသိရှိလာသူက ငရွှေရစ်ပဲ"

"ငရွှေရစ်က ဘယ်ကလဲ"

ငဆောင်ချမ်းရွာသား ငရွှေရစ်ကို ကျွန်ုပ် မြင်းငှားစီးစေခဲ့သည့် အကြောင်းနှင့် ကျွန်မှုတရားစီရင်ရေးတွင် ဝင်ရောက်ဆုံးဖြတ်ပေးခဲ့သဖြင့် ကျွန်ုပ်အပေါ် ငရွှေရစ်တို့ ကျေးဇူးသစ္စာ ခံကြကြောင်းကို ပြောပြရပြန်သည်။

ယခုအခါ၌ကား ငရွှေရစ်ကို ကျွန်ုပ်၏ ကိုယ်ရံတော်တပ်ဖွဲ့ ကလန်မှူးငယ်အဖြစ် အရာပေးအပ်ခဲ့ပြီး ဖြစ်လေသည်။

"အတော်ကို ရှုပ်ထွေးသိမ်မွေ့တာပါပဲလား"

အလောင်းစည်သူမှာ မျက်လုံးများဝိုင်းကာ အာမေဋိတ်တစ်ခုပြီးတစ်ခု ရေရွတ်ရင်းသာ နားထောင်နေတော့သည်။

"နောင်တော် တူရွင်းတောင်ခြေ ပိဋကတ်တိုက်မှာ ရှိနေစဉ်က ငရွှေရစ်ရောက်လာပြီး ဒီအကြောင်းကို ပြောပြတယ်။ အားလုံးကို ဆက်စပ်သုံးသပ်ပြီးတော့ နောင်တော်ဟာ အလွန်ရှုပ်ထွေးတဲ့ ပြဿနာ

ကြီးကို သူ့အတိုင်းပဲ ရုပ်ထွေးသိမ်မွေ့တဲ့နည်းနဲ့ ပြန်ရှင်းလင်းဖို့ စီစဉ်ချမှတ်ခဲ့တာပဲ”

သေင်တို့က ကျွန်ုပ်အား လှည့်ဖျားလိမ်ညာခဲ့သည်ကို ကျွန်ုပ်သိသော်ငြား မသိဟန်ဆောင်၍ သူတို့အပေါ် ယုံကြည်ကိုးစားပြုဟန်ဆောင်ခဲ့ပုံ၊ မင်းရမန်၏ အစွယ်အပွားများအားလုံးကို တစ်ချက်တည်း စုရုံး၍ ဖမ်းမိနိုင်အောင် ကျွန်ုပ်ကပင် အာနန္ဒာပွဲတော်ကြီးအချိန်အခါ ရွေးချယ်ခဲ့ပုံ၊ ဦးငဖိုး၊ ငရွှေရစ်တို့နှင့် လျှို့ဝှက်စီမံခဲ့ပုံများကို ဆက်ရှင်းပြရလေသည်။

“ဘုရားပွဲကြီးမှာ ခမည်းတော်နှင့်တကွ ညီမင်းကိုပါ လုပ်ကြံမယ်လို့ သူတို့ကို အယုံသွင်းခဲ့တယ်။ အမှန်တော့ အပြန်အလှန် ထောင်ချောက်ညွှတ်ကွင်းဆင်ကြတာပဲ။ အားလုံးကြိုတင်စီမံတဲ့အတိုင်း ဖြစ်လာတယ်။ ဒါပေမယ့် သေင်ဟာ မဆိုစလောက်ကလေး ရိပ်မိသွားပြီး ခုလိုဖြစ်ခဲ့ကြရတာ”

“အင်း မယ်တော့်ကို ဒီအကြောင်းတွေ ပြန်ပြောပြဖို့ ညီတော်ကိုယ်တိုင် ရှင်းလင်းအောင် တစ်ခုချင်း ပြန်စီစဉ်ရဦးမယ်ထင်တယ်”

အလောင်းစည်သူက ပြုံးရင်း ညည်းညူလေသည်။

“တူသောအကျိုးကို ပေးတာပါပဲ၊ အခုတော့ လူယုတ်မာ သေင်လဲ သူ့တရား သူစီရင်သွားပါပြီ။ အကြံအစည်မအောင်မြင်တဲ့ အပြင်မှာငါ အလှည့်စားခံရလေခြင်းဆိုပြီး ပေါက်ကွဲရူးသွပ်သွားတယ်။ နောင်အိမ်အကျဉ်းထဲမှာပဲ သူ့ကိုယ်သူ စီရင်သွားတယ်လေ။ သူ့လူတွေလဲ မင်းပြစ်ဒဏ် ကျခံသွားကြရပြီ။ အင်း အမှန်တော့ အရိမဒ္ဒနပူရမှာ စစ်မီးဟုန်းဟုန်းတောက်ဖို့ သိုးကာသီကာလေး လိုတော့တာကလား”

ဦးငဖိုးကား သံဝေဂဖြင့် ရေရွတ်လေသည်။

အလောင်းစည်သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။

“ဒီအကြောင်းတွေကို ဘိုးတော်မင်းကြီးက အဆုံးမသိသေးဘူးနော် နောင်မင်း”

အလောင်းစည်သူ၏ ပခုံးကို နွေးထွေးတင်းကြပ်စွာ ဆုပ်ကိုင်လျက် လွတ်လပ်ပေါ့ပါးသော နှလုံးဖြင့် ကျွန်ုပ် ပြန်ပြောလိုက်သည်။

"ညီမင်းရဲ့ ဘိုးတော်မင်းကြီး နောင်တော်ရဲ့ ခမည်းတော်မင်းကြီး အတွက် အစခပ်သိမ်း ရှင်းလင်းသန့်စင်ပေးဖို့တာဝန်ဟာ နောင်တော့် ပခုံးထက်၊ ဦးခေါင်းထက်မှာ ရှိတယ် ညီမင်း"

အလောင်းစည်သူ၏ မျက်လုံးများမှာ ကျွန်ုပ်အပေါ် ယုံကြည် အားထားခြင်း၊ ချစ်ခင်တွယ်တာခြင်းများဖြင့် တောက်ပနေရှာသည်။

◆ ◆ ◆

## ( ၃၂ )

မျက်ဝန်းအိမ်၌ မျက်ရည်များ ရစ်ဝဲနေခြင်း၊ လက်အစုံတို့ ဆတ်ဆတ်တုန်နေခြင်း၊ ရင်နှလုံး၌ လှပ်လှပ် ခုန်နေခြင်းများသည် စင်စစ် ပီတိသဒ္ဒါနှင့် ကုသိုလ်စေတသိက်တို့၏ ရိုက်ခါပျံ့နှံ့မှုကြောင့်ပင် ဖြစ်ချေသည်။

တုန်ယင်သော လက်အစုံဖြင့် ကျွန်ုပ်သည် ရွှေသားဆင်းတုတော်ကို လက်အုပ်ကြာပဒုံဖူးငုံချီ ရှိခိုးဦးခိုက်သည်။ ထို့နောက် ထိုလက်တို့ဖြင့်ပင် ဆင်းတုတော်ကို ပင့်ဆောင်ကာ ကျွန်ုပ်၏ ဦးခေါင်းထက်သို့ ချီရွက်ကိန်းဝပ်စေတော်မူသည်။ ထို့နောက် ဆွတ်ဆွတ်ဖြူသော ကိုယ်ရုံသင်တိုင်းအောက်မှ ခြေဝတ်မဲ့၊ ခြေဖဝါးတို့ကို စတင်လှုပ်ရှားလိုက်သည်။

ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ရွေ့လျားလျှောက်လှမ်းခဲ့သမျှ ခြေလှမ်းတို့အနက် ဤခြေလှမ်းတို့သည် အကြီးကျယ်ဆုံး အနက်ရှိုင်းဆုံး ဖြစ်လေမည်။ ဤခြေလှမ်းတို့၏ ဦးတည်ရှေ့ရှုရာကား ရက်ပေါင်းလပေါင်းများစွာ မလှမ်းမချဖြစ်ခဲ့သော နေရာတစ်ခုဆီသို့ ဖြစ်သည်။ ထိုနေရာကား ခမည်းတော်မင်းကြီး၏ နန်းတော်စက်ရာခန်း . . .။

**ရတနာပုံစာအုပ်တိုက်**

"ရာဇကုမာရကိုယ်တော်တိုင် ရွှေဆင်းတုကို ဦးခေါင်းပေါ် ပင့်ရွက်ပူဇော်ပြီး ဘုရင်မင်းမြတ်ထံ ပင့်ဆောင်လာခဲ့ပြီ"

ဤသတင်းသည် စံနန်းတော်တစ်ခုလုံးသို့ ပြန့်သွားသည်။ အဆောင်ဆောင်အခန်းခန်း စကြံလမ်းများ၊ ပန်းဥယျာဉ်များ၊ လှေကား ထစ်များကို ကျွန်ုပ်ဖြတ်ခဲ့လေတိုင်း ဝဲယာရှိ နန်းတွင်းမှ အရာထမ်း အားလုံးတို့သည် ဒူးတုပ်ပျပ်ဝပ်ကာ လက်အုပ်ချီ ရှိခိုးကြသည်။

သုံးပါးသော ရတနာနှင့် ငါးပါးသော အနန္တဝင်တို့၏ ဂုဏ် ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်လျက် လှမ်းချီခဲ့သော ခြေလှမ်း များသည် အတိုင်းမသိ ပေါ့ပါးလန်းဆန်းနေကြသည်။

ခမည်းတော်မင်းကြီး၏ စက်ရာဆောင်ခန်းဝသို့ ရောက်ခဲ့ပြီ။

ရံရွေကိုယ်လုပ်များ၊ မောင်းမမိဿံများ အားလုံးငြိမ်သက်စွာ ဖယ်ရှားသွားကြသည်။ သမားတော်ကြီး သုံးဦးသာလျှင် ခမည်းတော်၏ သလွန်တော်ခြေရင်းတွင် ခစားမြဲအတိုင်း ခစားနေကြသည်။

ရွှေရေးအချသလွန်ထက်တွင် ခမည်းတော် လဲလျောင်းနေလေ သည်။

စက်ရာဆောင်ခန်း၏ ဖိတ်လက်ဝင်းပသော အဆောင်အယောင် အားလုံးတို့သည် သလွန်ထက်မှ ခမည်းတော်အတွက် ညှိုးမှိုင်းအုံ့ပျနေ ကြသည်။ ဇရာနှင့် ဗျာဒိတို့၏ အခိုးအငွေ့များက သလွန်အနီးတွင် လွှမ်းခြုံပတ်ရစ်နေသည်။

ခမည်းတော်ကား အိုမင်းယိုယွင်းခဲ့ရှာလေပြီ။

သီရိတြိဘုဝနာဒိတျ ဓမ္မရာဇာဟူသော ဘွဲ့နာမတော်။ အာနန္ဒာ ဂူဘုရားကြီး၏ ကောင်းမှုဒါယကာတော်၊ အစနိရုဒ္ဓဒေဝမင်းကြီး၏ ရွှေစည်းခုံစေတီတော်ကြီးကို ဆက်လက်အပြီးသတ် တည်တော်မူသော ကောင်းမှုဒါယကာတော်၊ တမ္ဗဒီပတိုင်း၏ သခင်၊ အရိမဒ္ဒနပူရ၏ အရှင် စသည် စသည်သော ဂုဏ်ပုဒ်ဝိသေသနများကို ပိုင်ဆိုင်လေသည့် ခမည်းတော် မင်းကြီး၏ ရုပ်အသွင်ကား မမြဲခြင်း၊ ဆင်းရဲခြင်း၊ မပိုင်စိုးခြင်း၊ လက္ခဏာတို့ကိုသာ ထင်ရှား ပြသနေပေပြီတကား။

**ရတနာပုံစာအုပ်တိုက်**

ရွှေဆင်းတု မြတ်စွာဘုရားရုပ်ပွားတော်ကို ဦးခေါင်း၌ရွက်လာသော ကျွန်ုပ်အား မြင်သည်တွင် ခမည်းတော်မင်းကြီးသည် သမားတော်ကြီးများ အကူအညီဖြင့် သလွန်တော်ထက်တွင် လဲလျောင်းနေရာမှ ရွေ့ပြောင်းထူမတ်ရှာလေသည်။

ခမည်းတော် ရှေ့မှောက်တွင် ကျွန်ုပ် ဒူးတုပ်ထိုင်သည်။

ရွှေဆင်းတုတော်ကို ခမည်းတော်ထံသို့ မြှောက်ချီပေးသည်။ ခမည်းတော်သည် အကြောပြိုင်းပြိုင်းရှိသော လက်အစုံတို့ဖြင့် လက်အုပ်ချီမိုးကာ နဖူးထိပ်ထက်၌ ကြာပဒုံဖူးငုံစေသည်။

"ဤရွှေဆင်တုဘုရားကိုခမည်းတော်အတွက် သားတော်သွန်းထုယူဆောင်ခဲ့ပါပြီ ခမည်းတော်ဘုရား၊ ခမည်းတော် ပေးသနားခဲ့တဲ့ သက်မုနလွန်၊ ရပယ်၊ ဟန်ဗိုလ်ကျွန်သုံးရွာ တို့ကိုလဲ ဤဘုရားမှာ သားတော်ပေးလှူအပ်ပါပြီ။ အနုမောဒနာ ပြုတော်မူပါတော့ ခမည်းတော်ဘုရား..."

"..........."

ကျွန်ုပ်၏ အသံမှာ တိုးညှင်းတုန်ယင်နေသည်။ ခမည်းတော်ကို လျှောက်ထားသံတော်ဦး တင်နေစဉ်အတွင်း မျက်လွှာအစုံကိုလည်း ချထားမိသည်။ မျက်လွှာအစုံတို့ကို ဖွင့်၍မကြည့်။ အကယ်၍ မျက်လွှာပင့်ကာ ဖွင့်ကြည့်ပါက ခမည်းတော်၏ အိုခြင်း နာခြင်း ဖိစီးသော ရုပ်သွင်ကို မြင်ရမည်။ ထို့အပြင် ကျွန်ုပ်ကိုယ်တိုင်၏ မျက်ဝန်းအိမ်မှ မျက်ရည်များလည်း ဆည်မတန့်နိုင် လိမ့်ဆင်းသွား ကြလိမ့်မည်ပင်။

"သာဓု–သာဓု–သာဓု"

အက်ကွဲတိုးတိမ်သော ခမည်းတော်၏ အနုမောဒနာပြုသံသည် ဤစက်ရာခန်းဆောင်၊ ဤနန်းတော်၊ ဤကျုံးမြို့ရိုး၊ ဤအရိမဒ္ဒနပူရ ဤတမ္ပဒီပမှတစ်ဆင့် ဤလောက စကြဝဠာအပြင်သို့ ကျူးရင့်ရိုက်ခတ်သွားလေမည်သာ။

သာဓုအနုမောဒနာ ပြုပြီးနောက်မှ ခမည်းတော်နှင့် ကျွန်ုပ် မျက်လုံးချင်း ဆုံမိကြသည်။ ရီဝေဖွဲ့သီသော မျက်လုံးအိမ်အဝန်းများ၌

မျက်ရည်တို့ဖွဲ့ထွန်းလျက်။ အို ခမည်းတော်၏ ရုပ်သွင်သည် ကျွန်ုပ် မျက်လုံးများမှာလည်း ဝိုးတဝါးမပီ ရှိလွန်းလှပါတကား။

အပြန်အလှန် စူးစိုက်မိနေသော ဤအကြည့် နှစ်ခုတို့သည် ဖြစ်ရပ်ပေါင်းများစွာ၊ ကာလပေါင်းများစွာ၊ စကားလုံးပေါင်းများစွာ၊ ဝေဒနာပေါင်းများစွာတို့ကို အပြန်အလှန်ပင် သယ်ဆောင်ပြီးကြပေပြီ။

ချစ်ခင်မြတ်နိုးခြင်း၊ ခွင့်လွှတ်နားလည်ခြင်း၊ ထောက်ထား ကြင်နာခြင်းတို့သည် မျက်ရည်တို့ရစ်ဖွဲ့ ယှက်ဝန်းသော ဤမျက်လုံး နှစ်စုံတို့မှ အပြန်အလှန် ကွန့်မြူးပို့ဆောင်နေကြပေပြီ။

ရွှေဆင်းတုတော်၏ အောက်တစ်ဘက်တစ်ချက်၌ ရှိကြလေကုန် သော အဖနှင့် သားတို့သည် နှလုံးသွေးချင်း တစ်သားတည်းဖြစ်ကြပေ ပြီ။ ခမည်းတော်၏ မေတ္တာကရုဏာကို ကျွန်ုပ်၏ နှလုံးသည်းပွတ်မှ ခံစားရသလို အလားတူပင် ကျွန်ုပ်၏ မြတ်နိုးကြင်နာမှုကိုလည်း ခမည်းတော် နှလုံးသည်းပွတ်မှ ခံစားနေရပြီဟု ကျွန်ုပ် နားလည်လိုက် သည်။

စကားတွေ အများကြီး ပြောစရာလိုတော့။ အတိတ်ကို တူးဆွ သော၊ ဆင်ခြင်သုံးသပ်သော၊ နောင်တလိမ်းကျံသော စကားလုံးတွေဖြင့် နှုတ်ခံတွင်းတို့ကို လှုပ်ရှားစရာမလိုတော့။

အဆင်သင့် ယူဆောင်လာခဲ့သော ရွှေကရားကို ခမည်းတော် ရှေ့သို့ တိုးရွှေ့ပေးလိုက်သည်။ အဆင်သင့် ပင့်ဆောင်ထားခဲ့သော ဆရာတော်သခင် မဟာထေရ်၊ ဆရာတော်သခင် မောဂ္ဂလိ ပုတ္တတိဿ ထေရ်၊ ဆရာတော်သခင် သုမေဓပဏ္ဍိတ်၊ ဆရာတော် သခင်ဗြဟ္မပါလ၊ ဆရာတော်သခင် ဗြဟ္မဒိဝ၊ ဆရာတော်သခင် သောန၊ ဆရာတော်သခင် သဃ်သေနာဝရပဏ္ဍိတ်။ ခုနစ်ပါးသော ဆရာတော်ကြီးများရှေ့မှောက်၌ ခမည်းတော်သည် ရွှေကရားဖြင့် ရေစက်သွန်းချလေသည်။

*     *     *

**ရတနာပုံစာအုပ်တိုက်**

ခမည်းတော်ကြီးသည် အရိမဒ္ဒနပူရထီးနန်း၌ စိုးစံခဲ့သည်မှာ နှစ်ဆယ့်ရှစ်နှစ် ရှိခဲ့ပေပြီ။ ခမည်းတော်၏ သက်တော်မှာလည်း ခုနစ်ဆယ်ကျော်ခဲ့ပေပြီ။ နာမကျန်း ပြင်းစွာရှိလေသော ခမည်းတော်၏ နောက်ဆုံးကာလများတွင် ကျွန်ုပ်ခမည်းတော်အတွက် ဘာကို လုပ်ပေးနိုင်သနည်းဟု အခါခါ ဆင်ခြင်ခဲ့လေသည်။

"မြေးကား အရင်း၊ သားက အဖျားဖြစ်ရလေပြီ"ဟု နာကျင်စွာ ညည်းတွားခဲ့လေသော ခမည်းတော်။ ဓမ္မဒဿီ ဆရာတော်ထံတွင် သားနှင့်မယားတို့အပေါ် မိမိကျေးဇူးတုန့် ကုန်စင်မပြုနိုင်ခဲ့ဟု ရေစွတ်လျှောက်ထားခဲ့လေသော ခမည်းတော်။ တူရွှင်းတောင်ခြေ၊ ဘေးမဲ့တော၊ ရေကန်သာ၊ ပိဋကတ်တိုက်ကိုဆောက်လျက် ကျွန်ုပ်အား ပို့ဆောင်ပေးခဲ့လေသော ခမည်းတော်။ ဗုဒ္ဓမြတ်စွာအရှင်၏ တရားဒေသနာတော်တို့၌ ယဉ်ပါးလေ့ကျက် မြတ်နိုးတွယ်ဖက်စေတတ်အောင် ထိန်းကျောင်းပေးခဲ့လေသော ခမည်းတော်...။

သား၏ အငြိုငြင်ကို တိတ်ဆိတ် တုံ့ပြန်မဲ့ ခံယူလျက် သားအပေါ် ချစ်သော မေတ္တာတို့ကို ပွင့်လင်းစွာ မဖွင့်ဟသာ။ အရာရာတွင် ဝံ့စားကြွားရွှား ရှိခဲ့သလောက် သားအပေါ် မဝံ့မစား အုံ့နွေးခံစားခဲ့ရရှာသော ဤခမည်းတော်ကြီး၏ အနာတရ နှလုံးသားကို မည်သို့ ကုစားရပါမည်နည်း...။

သူကား အိုမင်းရှာလေပြီ။ လူပ်ရှားပြောင်းလဲမှုတွေနှင့်အတိပြီးသော သူ၏ ရှင်သန်မှု ဘဝဖြစ်စဉ်ကြီး တစ်လျှောက်လုံးကို သလွန်ညောင်စောင်းထက်တွင် မလှုပ်မရှေ့ လဲလျောင်းရင်းဖြင့်သာ ဆင်ခြင်သုံးသပ်နိုင်တော့သည့် အချိန်သို့ ရောက်ပေပြီ။ သူသည် ခရီးရှည်ကြီးတစ်ခုကို လျှောက်လှမ်း ထွက်ခွာတော့မည်။ သူ့ခြေအစုံတို့သည် သူ့ထံမှာ ရှိနေစေကာမူ အခြားတစ်ပါးသော အရပ်ဒေသသို့ လှမ်းအံ့တပြင်ပြင် ရှိနေလေပြီ။

မယ်မယ့်စကားများကို နားဝဆတ်ဆတ် ကြားလာရသည်။

"မယ်မယ့်မှာ ပစ္စည်းဉစ္စာအနေနဲ့ ဒါပဲ ပိုင်တာမို့ ဒါတွေကိုပဲ

သားကို အမွေပေးနိုင်ခဲ့တယ်။ ဒါပေမယ့် ဒီလောက်ပဲ ပေးနိုင်ခဲ့တဲ့အတွက် မယ်မယ် ဝမ်းမနည်းဘူး။ သားမှာ မယ်မယ့်ဆီက အဖိုးမဖြတ်နိုင်တဲ့ အမွေရဖို့ရှိတယ်”

မယ်မယ့်ဆီက အဖိုးမဖြတ်နိုင်တဲ့ အမွေရဖို့ ရှိတယ်...။

မယ်မယ့်ဆီက အဖိုးမဖြတ်နိုင်တဲ့ အမွေရဖို့ ရှိတယ်...။

အဖိုးမဖြတ်နိုင်သော အမွေ။ အဘယ်နည်း။

မယ်မယ့်ထံတွင် ရှိလေသော နှလုံးသား။ နားလည်ခြင်း၊ စာနာခြင်း၊ ခွင့်လွှတ်ခြင်း၊ ကြင်နာခြင်း၊ ထောက်ထားခြင်း၊ ကျေးဇူးသိခြင်း၊ ကြည်လင်ခြင်း၊ နူးညံ့ခြင်း၊ ငြိမ်းအေးခြင်း၊ နက်ရှိုင်းခြင်း။ အို...မယ်မယ့် အမွေတွေ။

မွေးကျေးဇူး။ ကျွေးကျေးဇူးတို့အတွက်လည်းကောင်း၊ အခြားအခြားသော အကြောင်းခြင်းရာများစွာတို့အတွက် လည်းကောင်း၊ ခမည်းတော်မင်းကြီးအား ကျေးဇူးတရား ပူဇော်ရန်၊ ခမည်းတော်မင်းကြီး၏နှလုံးအိမ်မှ ပူပန်သောက ကြွင်းသမျှတို့ကို ပူဇော်ရန် မည်သို့လုပ်ဆောင်ရမည်ကို တွေ့ရှိခဲ့ပေပြီ။

ရွှေဆင်းတု တစ်ဆူသွန်းလုပ်လျက်...။

◆ ◆ ◆

# ( ၃၃ )

မယ်မယ် ပေးခဲ့သည့် ရတနာများကိုထုခွဲကာ ဂူဘုရားတစ်ဆူကို ကျွန်ုပ် တည်ခဲ့သည်။ မြင်းကပါအရပ်တွင် တည်သော ထိုဂူဘုရားတွင် ရွှေအထွတ်တင်သည်။ ထို့နောက် ခမည်းတော် ရေစက်သွန်းခဲ့သော ရွှေဆင်းတု ဘုရားရုပ်ပွားတော်အား ဂူဘုရားတွင် ဌာပနာခဲ့သည်။

ဂူကို အင်္ဂတေပန်းများ၊ ဆေးရေး ပန်းချီများဖြင့် အထူးထူး တင့်တယ်အောင် အပြောက်အမွမ်းများ ပြုစေခဲ့သည်။ အရှေ့ဘက် မျက်နှာ အာရုံခံ မုခ်လှည့်ထားသော ဤဂူဘုရား၌ တိုက်မကို လေးထောင့် ကျကျတည်စေသည်။ အမိုးဆင်ခြေလျှော ပစ္စယာ အဆင့်ဆင့်ထက်တွင် ကွမ်းထောင်များ ထုလုပ်သည်။ ဂူအတွင်း မည်းမှောင်မနေစေရန်လည်း ကျောက်ဆစ် မှန်ကူကွက် လေသာပြတင်းများ တပ်ဆင်စေလိုသည်။

အတွင်းပိုင်းတိုက်မ၌ ဆင်းတုတော်ကြီးတစ်ဆူကို ထုလုပ်စေခဲ့ သည်။ မုခ်ကုန်းစကြံပတ်လည်နံရံများ မုခ်ကပ်များမှ ပန်းတမော့ ကျောက်ဆစ်လက်ရာ ဆင်းတုတော်များကိုလည်း ကြည်ညိုဖွယ်လက်ရာ

ကောင်းများဖြစ်စေရန် ကျွန်ုပ်ကိုယ်တိုင် ကြပ်မတ် စီစဉ်ခဲ့သည်။

ထို့အပြင် ဘုရားဖူးတို့၏ သဒ္ဓါကို နှိုးဆော်နိုင်စေရန် အာရုံခံ မုခ်ကုံးနှင့် နံရံများ၌ လည်းကောင်း၊ အတွင်းစင်္ကြံပတ်လမ်းနံရံများ၌ လည်းကောင်း၊ ဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်ကွက်နိပတ်ဝင်များကို နံရံ ပန်းချီဖြင့် သရုပ်ဖော်စေခဲ့သည်။ နံရံပန်းချီများ အောက်ခြေ၌မူ အရိမဒ္ဒနပူရပြည်သားတို့ အရေးမေ့ အဖတ်မေ့နေပြီဖြစ်သည့် မွန် စာပေများကို ရေးခိုင်းလိုက်သည်။

အပြောက်အမွမ်းများဖြင့်အတိပြီးသော ဤဘုရားကိုအရိမဒ္ဒနပူရသားတို့က ဂူပြောက်ကြီးဘုရားဟု ခေါ်ကြသည်။

ဘိုးတော် အနိရုဒ္ဓဒေဝမင်းကြီး၏ ရွှေစည်းခုံ၊ ခမည်းတော် မင်းကြီး၏ အာနန္ဒာနှင့် ဘေးကြီးဘိုးကြီးများ တည်ထားခဲ့သည့် အခြားအခြားသော ပုထိုးစေတီ၊ လိုဏ်ဂူကြီးများ၏ ကြီးကျယ်မြင့်မားမှု ခမ်းနားထည်ဝါမှုတို့အကြားတွင် ကျွန်ုပ် တည်သော မြင်းကပါရွာမှ ဤဂူပြောက်ကြီး ဘုရားစေတီသည် အထုအထည် အလုံးအရပ် ပမာဏအားဖြင့် သေးငယ်ကောင်းသေးငယ်နေပေမည်။

သို့သော် ဤဂူပြောက်ကြီးဘုရား၏အမြုတေသန္ဓေတွင် ကိန်းဝပ်လေသော သဒ္ဓါတရားနှင့် ကိုင်းညွှတ် သက်ဝင်မှုတို့သည်ကား တမ္ဗဒီပမြေပေါ်ရှိ ပုထိုးစေတီအပေါင်းနှင့် တပ်တူမနည်း ရှိချေသည်။

ဂူပြောက်ကြီးဘုရားကို တည်ထားပြီးစီးလုနီးအချိန်မှာပင် ကျွန်ုပ်သည် ကျောက်စာထွင်းပညာရှင်များကို ခေါ်ယူစုရုံး စေလိုက်သည်။ ကျွမ်းကျင်လိမ္မာကြသော ပညာရှင်များက ကျွန်ုပ်၏ အမိန့်ကို တက်ကြွစွာ ငံ့လင့်နေကြစဉ် ကျွန်ုပ် ပြောလိုက်သည်။

“လေးမျက်နှာ ကျောက်စာမှာ လေးဘာသာနဲ့ ကျောက်စာထွင်းထုရမယ်”

အံ့ဩသယောင် သူတို့၏ မျက်နှာများကို ကြည့်ရင်း ပြုံးမိလေသည်။

“မွန်၊ မြန်မာ၊ ပျူ၊ ပါဠိ လေးဘာသာနဲ့ ထွင်းဖော်ရမယ့် စာတွေကို

ကျွန်ုပ်ပေးပါမယ်။ အမှန်တော့ ကျောက်သားပြင်ပေါ်မှာ စူးဆောက်တွေနဲ့ ထွင်းဖော်မယ့် ဒီကျောက်စာဟာ ကျွန်ုပ်ရဲ့ နှလုံးသားပေါ်မှာ ရေးထိုးလိုက်ခြင်းပဲ ဖြစ်ပါတယ်”

* * *

ကျောက်ဆစ်ပညာရှင်တို့၏ ကျောက်ဆစ်ထုသံ၊ ကျောက်စာထွင်းသံတို့သည် ကျွန်ုပ်၏ ရင်ထဲသို့ သိမ်မွေ့စွာ ဝင်ရောက်လာနေကြသည်။

တတောက်တောက်အသံတို့သည်လောကကိုတိုင်တည်နေသော ဥဒါန်းကျူးသံပင် ဖြစ်ချိမ့်မည်။ ကျောက်သားကျောက်ပြင်ပေါ်၌ ပါဠိ၊ ပျူ၊ မွန်၊ မြန်မာ အက္ခရာစာလုံးတို့ ရိပ်ရိပ်ပြေးပြေး ပေါ်လာကြသည်။ အကယ်၍ကား ကျောက်သားကျောက်ပြင်ပေါ်မှာ သာမက ကျွန်ုပ်၏ နှလုံးသားပေါ်မှာ ထွင်းထုစီကုံးနေခြင်းပင်။

“သီရိ ဘုရားရှင်အား ရှိခိုးပါ၏။ ဘုရားသခင် သာသနာ အနှစ်တစ်ထောင့်ခြောက်ရာနှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးသောအခါ ဤအရိမဒ္ဒနပူရမည်သော ပြည်၌ သီရိတြိဘုဝနာဒိတျ ဓမ္မရာဇာသည် မင်းဖြစ်၏။ ထိုမင်း၏ မိဖုရားတစ်ယောက်ကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုမိဖုရား၏သားကား ရာဇကုမာရမည်၏။ ထိုမင်းသည် ကျွန်သုံးရွာကို ထိုမိဖုရားအားပေး၏။ ထိုမိဖုရားကွယ်လွန်သောအခါ ထိုမိဖုရားတန်ဆာ အလုံးနှင့် ထိုကျွန်သုံးရွာတို့ကို ထိုရာဇကုမာရမည်သော မိဖုရား သားအား မင်းပေးတုံ၏”

တတောက်တောက်မြည်သံနှင့်အတူ ကျွန်ုပ်၏ နှလုံးသား အပြင်ထက်၌ အက္ခရာများ ဆက်လက်ပေါ်လာကြသည်။

“ထိုမင်းနှစ်ဆယ့်ရှစ်နှစ် မင်းမူပြီး၍ ထိုမင်းသေလုနီးပါးနာသောအခါ ထိုရာဇကုမာရမည်သော မိဖုရားသားသည် မိမိကိုမွေးသော မင်းကြီး၏ ဂုဏ်ကျေးဇူးများကို အောက်မေ့လျက် ရွှေဘုရားတစ်ဆူပြုပြီးလျှင် သွား၍ မင်းကြီးအားဆက်ကာ ဤသို့လျှောက်၏။

“ဤရွှေဘုရားကို ဖခင့်အဖို့ အကျွန်ုပ်ပြု၏။ အကျွန်ုပ်အား ဖခင်

ပေးသော ကျွန်သုံးရွာကို ဤဘုရားအား အကျွန်ုပ် ပေး၏။ ဖခင် အနုမောဒနာ ပြုပါလော့"

ထိုအခါမင်းကြီးသည် နှစ်ခြိုက်ဝမ်းမြောက်လျက် ကောင်းစွ ကောင်းစွ ဟူ၍ သာခုခေါ်၏။ ထိုအခါ ငါတို့ ဆရာသခင်မဟာထေရ်၊ ဆရာသခင် မောဂ္ဂလိပုတ္တတိဿထေရ်၊ ဆရာသခင် သုမေဓပဏ္ဍိတ်၊ ဆရာသခင်၊ ဗြဟ္မပါလ၊ ဆရာသခင် ဗြဟ္မဒိဝ၊ ဆရာသခင်သောန၊ ဆရာသခင် သဃ်သေနာဝရပဏ္ဍိတ် ထိုသခင်တို့ မျက်မှောက်၌ မင်းကြီးသည် ရေသွန်း၏။

ထို့နောက် ထိုရာဇကုမာရမည်သော မိဖုရားသားသည် ထို ရွှေဘုရားကိုယူပြီး ဌာပနာ၍ ဤရွှေအထွတ်မူသော ဂူကိုပြု၏။

ဤဂူဘုရားကို လှူသောအခါ သက်မုနလွန်တစ်ရွာ၊ ရပါယ် တစ်ရွာ၊ ဟန်ဗိုလ်တစ်ရွာ၊ ထိုကျွန်သုံးရွာအားလုံးကိုယူ၍ ဤဂူ၌ ဌာပနာ သော ရွှေဘုရားအား ရေသွန်းကာ ဤသို့ ဆုတောင်း၏။

"ဤငါ့အမှုသည် သဗ္ဗညုတဉာဏ်ရအံ့သောအကြောင်း ဖြစ်စေ သတည်း။ ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့အဆွေ လည်းကောင်း၊ သူတထူးသည်လည်းကောင်း ဤဘုရားအား ငါပေး သော ကျွန်ကို အနှိပ်အစက်ပြုမူကား မေတ္တေယျ မြတ်စွာဘုရားကို မဖူးရစေသတည်း"

◆ ◆ ◆

# ( ၃၄ )

သရပါတံခါးမှထွက်လိုက်ချိန်တွင် အရဏ်၏ ရွှေရောင်ဖျော့ဖျော့ အလင်းတန်းများက အရိမဒ္ဒနပူရပေါ်သို့ ရှင်းသန့်စွာ ဖြာကျနေဆဲပင် ရှိသေးသည်။

လမ်းမအတိုင်း မြင်းကိုအသားကျစီးလာခဲ့သော ကျွန်ုပ်၏နောက် မလှမ်းမကမ်းမှ ငရွှေရစ်လည်း မြင်းတစ်စီးနှင့် လိုက်ပါလာသည်။ တမ္ပဒီပသည် ချမ်းမြေ့စွာ အိပ်စက်ခဲ့သော ညဉ့်မှ လွန့်လူးနိုးထစပင် ရှိနေသေးသည်။ အကျွန်ုပ်တို့၏ မြင်းခွာသံများသည် ကျောက်စရစ် မြေနီလမ်းပေါ်တွင် သိုသပ်စွာ ထွက်ပေါ်နေကြသည်။

တမာနှင့် ထနောင်းနံ့တို့ ယစ်ထုံသော လေပြည်အေးကို မြတ်နိုးစွာ ရှူရှိုက်လိုက်မိသည်။

အလုံးစုံသော ပြုဖွယ်အမှုတို့ကို ပြုခဲ့ပြီးပေပြီ။

သက်တော်ခုနစ်ဆယ့်ရှစ်နှစ်အရွယ် ခမည်းတော်မင်းကြီးလည်း ကံတော်ကုန်ခဲ့ရှာပြီ။ အစ်မတော် ရွှေအိမ်သည်လည်း သားအလောင်းစည်သူအား ပိုမိုထက်မြက်ပြည့်ဝသော မင်းကောင်းမင်းမြတ်တစ်ပါး

ဖြစ်အောင် ချမ်းမြေ့စွာ မွေးမြူထိန်းကျောင်းပေးနေသည်။

အရိမဒ္ဒနပူရ မြေပေါ်မှာလည်း အထူးထူးသော ပုထိုးစေတီ လိုဏ်ဂူဘုရားတို့ကို မြင့်မြင့်မားမား တည်ထားကိုးကွယ်နေကြလေပြီ။ ထေရဝါဒ သာသနာတော်ကြီးသည် သောသောပူသော တတ္တဒေသဟု ခေါ်ကြသည့် ဤမြေပေါ်ဝယ် ချမ်းမြေ့သော အမြိုက်တို့ဖြင့် မြင့်မြတ်စွာ လွှမ်းခြုံနေပေပြီ။ တမ္ဗဒီပတိုင်းကြီး၏အထက် ကောင်းကင်ယံဝယ် ဆည်းလည်းသံများ၊ ထိုးစည်သံများ၊ ခေါင်းလောင်းသံများ ညံမစဲရှိချေပြီ။

အလုံးစုံသော ပြုဖွယ်တို့ကို ပြုပြီးသည့်နောက်ဝယ် ကျွန်ုပ်အဖို့ တစ်ခုတည်းသာ ကျန်လေတော့သည်။

"နောင်မင်း အဲဒီကို တကယ်သွားတော့မှာလား"ဟု ကျွန်ုပ်၏ လက်ကို တင်းကြပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ရင်း မေးခဲ့သော အလောင်းစည်သူအား ကျွန်ုပ်ပြုံး၍ ခေါင်းညိတ်ပြခဲ့သည်။

သရပါမှထွက်ခဲ့ပြီး အစဉ်အတိုင်း မြင်းကို အသားကျနှင်ခဲ့ကာ ထန်းတောများနှင့် ခင်တန်းတာရိုးများ၊ တောင်ပူစာလေးများကို ဖြတ်ခဲ့သည်။ တစ်ခုသော တောင်ကုန်းငယ်ကလေး၏အခြေသို့ ရောက်သော အခါ ကျွန်ုပ် မြင်းပေါ်မှ ဆင်းသည်။ ကျွန်ုပ်၏မြင်းကို ကုန်းနှီးတန်ဆာနှင့်တကွ ငရွှေရစ်အား ပေးလိုက်သည်။

"ငရွှေရစ် မင်းကို ကျွန်ုပ်ရဲ့ မြင်းပေးမယ်လို့ ကတိရှိခဲ့တယ်။ အခုချိန်ကစပြီး ရာဇကုမာရရဲ့ မြင်းကို မင်းပိုင်ပြီ။ မင်းဆက်လုပ် ရမှာက ဒီကနေ လှည့်ပြန်ဖို့ပဲ"

ငရွှေရစ်၏ အံ့သြဝမ်းသာမှု၊ ထို့နောက် ကြေကွဲဝမ်းနည်းမှုတို့ ရိုက်ခတ်လာသော မျက်လုံးများကို ကျွန်ုပ် ကျောခိုင်းလိုက်သည်။

တောင်ကုန်းငယ်လေးကို ခြေကျင်ခရီးဖြင့် ဖြတ်ကျော်ရမည်။

ဤတောင်၏တစ်ဘက်တွင် လျှိုတစ်ခုကို ထပ်မံဖြတ်ကျော်ရဦးမည်။

လျှိုဖြတ်ပြီးလျှင် တူရွင်းတောင်ခြေရင်း တောစပ်သို့ရောက်သည်။

**ရတနာပုံစာအုပ်တိုက်**

ထိုတောအုပ်ကို ထပ်မံဖြတ်ကျော်။ တူရွင်းတောင်၏ အခြားတစ်ဘက်သော မျက်နှာအရပ် ဟိုမှာဘက် တောင်ခြေရင်းတွင်... သားငှက်တိရစ္ဆာန်တို့ ပျော်မြူးရာ ဘေးမဲ့တောရှိသည်။ ကြာမျိုးငါးပါးတို့ဖြင့် တင့်တယ်သော ရေကန်ရှိသည်။

ထိုဘေးမဲ့တော ထိုရေကန်သာအနီးမှ...

ပိဋကတ်တိုက်သည်...

ကျွန်ုပ်ကို စောင့်ကြိုလျက် ရှိနေလေသည်။

ချစ်ဦးညို

■